ရန်ကုန်တိုင်း၊ သင်္ဃန်းကျွန်းမြို့နယ်၊ သုဝဏ္ဏမြို့။

စစ်ကိုင်း စာသင်တိုက်

# ကမ္မာ ကမ္မသင်တန်း



သာသနာ - ၂၅၅၁ ကောဇာ - ၁၃၆၉ ခရစ် - ၂၀၀၈



စစ်ကိုင်းမြို့ ၊ စစ်ကိုင်းတောင်ရိုး

“ဆဋ္ဌသံဂါယနာ ဩဝါဒါစရိယ . သံဃမဟာနာယက


နိုင်ငံတော်ဝိနယဓရ . အဂ္ဂမဟာပဏ္ဍိတ”

စကုမှော်ဆရာတော်ကြီး

ရန်ကုန်တိုင်း၊ သင်္ဃန်းကျွန်းမြို့နယ်၊ သုဝဏ္ဏမြို့၊

# စစ်ကိုင်းစာသင်တိုက်

# ကမ္မာကမ္မသင်တန်း



သာသနာ-၂၅၅၁ ကောဇာ-၁၃၆၉ ခရစ်-၂၀၀၇

သာသနာတော်ထွန်းကားပြန့်ပွားရေး
အမှတ် ၂၇၅၃၄
ရက်စွဲ ၂၆-၁၁-၁၀
သုတေသနစာကြည့်တိုက်

**ဘဒ္ဒန္တ ဇမ္ဗွာနန္ဒ**

အဂ္ဂမဟာပဏ္ဍိတ

**နိုင်ငံတော်သံဃမဟာနာယကအဖွဲ့**

ဗတိုသံဃ ဝန်ဆောင်

**စစ်ကိုင်းစာသင်တိုက်၊ သုဝဏ္ဏ၊ သယ်နှီးကျွန်းမြို့နယ်**

သာသနာရေးဦးစီးဌာန၊ ညွှန်ကြားရေးမှူး ဦးဇာနည်ဝင်း
(မှတ်ပုံတင်အမှတ် ၀၃၀၄၃/၀၂၄၀၅)က ပုံနှိပ်ထုတ်ဝေပါသည်။

ကမ္ဘာကမ္ဘသင်တန်း

# မာတိကာ


| ခဉ် | အကြောင်းအရာ | စာမျက်နှာ |
|---|---|---|
| ♣။ | နိဒါန်း ♣ ဝိနည်းပညတ်ရခြင်းအကျိုး | က |
| ♣။ | အကျိုးဆယ်ပါးကား | က |
| ♣။ | ထေရဝါဒ နှင့် မဟာယာန | ခ |
| ♣။ | ဒုတိယသင်္ဂါယနာကင်/'ယာန'အစပွါယ် | င |
| ♣။ | ဗောဓိ သုံးမျိုး | စ |
| ♣။ | ယတိ မှ ယာန | ဆ |
| ♣။ | အခက်အခဲကြုံရ,ကျောင်းထိုင်ဘုန်းကြီးဘဝ | ဈ |
| ♣။ | မယုံမရှိနဲ့ကိုယ်တွေ့ | ဈ |
| ♣။ | ကျော်နက ရှင်ပြု | ဋ |
| ♣။ | သိပါလျက် အလုပ်ခက် | ဍ |
| ♣။ | အမှန်မကြိုက် အမြန်ကြိုက် | ဏ |
| ♣။ | ဆရာတော်၏ထေရုပ္ပတ္တိ ♣ မွေးဖွားခြင်း | ထ |
| ♣။ | ရှင်အဖြစ်/ရဟန်းအဖြစ်သို့ရောက်ရှိခြင်း | ထ |
| ♣။ | စာပေသင်ယူခြင်း/စာမေးပွဲများအောင်မြင်ခြင်း | ဒ |
| ♣။ | စာပေပို့ချခြင်းနှင့်တာဝန်များထမ်းဆောင်ခြင်း | ဓ |
| ♣။ | ပြုစုရေးသားခဲ့သောကျမ်းများ | န |
| ♣။ | သာသနာဆိုင်ရာ ဘွဲ့တံဆိပ်ဆက်ကပ်ခံရခြင်း | ပ |
| ♣။ | အများကြည်ညိုလေးစားမှုကိုခံရခြင်း | ဖ |

ကမ္မာကမ္မသင်တန်း

# မာတိကာ


| ခဉ် | အကြောင်းအရာ | စာမျက်နှာ |
|---|---|---|
| ၁။ | ရတနတ္တယဿ ပူဇံ သဗ္ဗကိစ္စေသု ပုဗ္ဗကိစ္စံ | ၁ |
| ၂။ | တရားတော်ရှိခိုးပုံ | ၃ |
| ၃။ | သံဃာတော်ရှိခိုးပုံ | ၄ |
| ၄။ | ဆရာအားရှိခိုးပုံ | ၄ |
| ၅။ | ဆုတောင်း | ၄ |
| ၆။ | ပုံတော်မကြည့်နဲ့ဂုဏ်တော်ကြည့် | ၅ |
| ၇။ | ရှေးဆရာတော်ကြီးများနည်း | ၇ |
| ၈။ | ငယ်ဆရာကအဓိက | ၇ |
| ၉။ | ဓမ္မာစရိယ စာဖတ်တတ်ရုံရှိ | ၈ |
| ၁၀။ | ဆရာကို ရှိမခိုး | ၈ |
| ၁၁။ | ကမ္မာကမ္မ သင်တန်း | ၉ |
| ၁၂။ | ကျောင်းထိုင်အင်္ဂါ | ၁၀ |
| ၁၃။ | ဥပဇ္ဈာယ်ဆရာ မလုပ်ရ | ၁၀ |
| ၁၄။ | ရှင်ပြုပေးပုံ | ၁၁ |
| ၁၅။ | သံဃာကို ပန်ကြား | ၁၂ |
| ၁၆။ | တစပဉ္စက ကမ္မဋ္ဌာန်း | ၁၃ |
| ၁၇။ | သုမန သာမဏေ | ၁၃ |
| ၁၈။ | ဆံရိတ်ရခြင်းအကြောင်း | ၁၃ |
| ၁၉။ | လူနံ့ပျောက်စေရန် | ၁၄ |
| ၂၀။ | သင်္ကန်းဝတ်ပေး | ၁၄ |

ကမ္ဘာကမ္ဘသင်တန်း

# မာတိကာ


| စဉ် | အကြောင်းအရာ | စာမျက်နှာ |
| --- | --- | --- |
| ၂၁။ | သရဏဂုံပေး | ၁၅ |
| ၂၂။ | ဗုဒ္ဓနုဗုဒ္ဓ(၁၀)ပါးပါဠိနှင့် မြန်မာလို | ၁၅ |
| ၂၃။ | ကံပျက် (၄) ပါး | ၁၅ |
| ၂၄။ | သာစကပါဠိ | ၁၅ |
| ၂၅။ | သာစကအနက် | ၁၆ |
| ၂၆။ | ကံမပျက် | ၁၆ |
| ၂၇။ | ဥဘတောသုဒ္ဓိ | ၁၆ |
| ၂၈။ | သရဏဂုံပေးနည်း | ၁၇ |
| ၂၉။ | နိဂ္ဂဟိတ | ၁၇ |
| ၃၀။ | နည်းရှေ့လျှင်လွယ် | ၁၈ |
| ၃၁။ | မကာရန္တသရဏဂုံပေးနည်း | ၁၉ |
| ၃၂။ | သီလပေး | ၁၉ |
| ၃၃။ | ထူးခြားပုံ | ၂၀ |
| ၃၄။ | ဥပဇ္ဈာယ်ယူ | ၂၁ |
| ၃၅။ | ရဟန်းလောင်းဆုံးမခမ်း | ၂၁ |
| ၃၆။ | အမည်မည့်ပုံ | ၂၂ |
| ၃၇။ | ရဟန်းလောင်းနှင်ထုတ်ပုံ | ၂၃ |
| ၃၈။ | သမ္မုတိဉတ် | ၂၄ |
| ၃၉။ | အပြင်ဆုံးမပုံ | ၂၅ |
| ၄၀။ | အနာကြီး (၅) မျိုး | ၂၆ |

ကမ္ဘာကမ္ဘသင်တန်း

# မာတိကာ


| ခန်း | အကြောင်းအရာ | စာမျက်နှာ |
|---|---|---|
| ၄၁။ | လူသားဟုတ်/မဟုတ်စသည် | ၂၆ |
| ၄၂။ | ဤနေရာမှာ သင်ပေးပါ | ၂၇ |
| ၄၃။ | အမည်ပေး / အမှာစကား | ၂၈ |
| ၄၄။ | ဩသာရဏာဉာတ် | ၂၉ |
| ၄၅။ | ပဉ္စင်းအဖြစ်တောင်းပန် | ၂၉ |
| ၄၆။ | ပုစ္ဆနဉာတ် | ၃၀ |
| ၄၇။ | ရဟန်းလောင်းမေးပုံ | ၃၁ |
| ၄၈။ | ရဟန်းလောင်းဆုံးမခမ်းအကျဉ်းကတော့ ပြီးပြီ။ | ၃၂ |
| ၄၉။ | "ကုဋ္ဌံ"ပုဒ်ဝါကျဖြန့်ပုံ | ၃၂ |
| ၅၀။ | ပုရိသောသိ– စသည် | ၃၃ |
| ၅၁။ | ဗဟုသုတ=ပညတ်ရပုံအဖုံဖုံ | ၃၃ |
| ၅၂။ | ဥပဇ္ဈာယ်ယူ | ၃၃ |
| ၅၃။ | သပိတ်၊သင်္ကန်းကြားပုံ | ၃၃ |
| ၅၄။ | အပြင်ထုတ်ဆုံးမရပုံ | ၃၄ |
| ၅၅။ | ဗျတ္တ ပဋိဗလ ပုဂ္ဂိုလ် | ၃၄ |
| ၅၆။ | သမ္မုတိညတ်ထားပုံ | ၃၄ |
| ၅၇။ | ပဉ္စာဗာဓဝတ္ထု | ၃၅ |
| ၅၈။ | တိရစ္ဆာနဂတဝတ္ထု | ၃၅ |
| ၅၉။ | နဂါးဘာဝမစွန့်ခြင်း | ၃၆ |
| ၆၀။ | ပုရိသောသိ–စသည် / ရာဇဘဋမျိုးဝတ္ထု | ၃၆ |

ကမ္ဘာကမ္ဘသင်တန်း

# မာတိကာ


| ခန်း | အကြောင်းအရာ | စာမျက်နှာ |
|---|---|---|
| ၆၁။ | ရာဟုလာ၀တ္ထု | ၃၇ |
| ၆၂။ | ပရိပုဏ္ဏဝိသတိ | ၃၈ |
| ၆၃။ | အသက်(၁၉)နှစ်၊(၃)လ | ၃၈ |
| ၆၄။ | ဝါထပ်ရက်ငင်ယူပုံ | ၃၈ |
| ၆၅။ | သုံးနှစ်တစ်ကြိမ် ဝါထပ် | ၃၉ |
| ၆၆။ | (၇)လဖွား+(၈)လဖွား | ၃၉ |
| ၆၇။ | (၁၈)နှစ်နဲ့(၉)လ | ၃၉ |
| ၆၈။ | (၉)လလွယ်(၁၀)လဖွား | ၃၉ |
| ၆၉။ | ပဋိသန္ဓေခန်းလာတဲ့အတိုင်း | ၄၀ |
| ၇၀။ | ကောနာမောသိ | ၄၀ |
| ၇၁။ | တောင်းပန်ရပုံ | ၄၁ |
| ၇၂။ | ရဟန်းခံကိစ္စ | ၄၁ |
| ၇၃။ | ဉာတ်ပါဠိ+ကမ္မဝါစာပါဠိ | ၄၁ |
| ၇၄။ | နိဂမနပါဠိ+အနက် | ၄၂ |
| ၇၅။ | ဉာတ်ပါဠိအနက် | ၄၂ |
| ၇၆။ | ကမ္မဝါပါဠိအနက် | ၄၃ |
| ၇၇။ | နိဂမန အနက် | ၄၄ |
| ၇၈။ | ကမ္မဝါစာအနက်ပြီး၏။ | ၄၄ |
| ၇၉။ | ရဟန်းဖြစ်ချိန်ပြောကြားခြင်း | ၄၅ |
| ၈၀။ | မိရာလေးမျိုးတို့တွင် (၁)ဆွမ်းဟူသောမိရာ | ၄၅ |

ကမ္ဘာကမ္ဘသင်တန်း

## မာတိကာ


| ခဉ် | အကြောင်းအရာ | စာမျက်နှာ |
|---|---|---|
| ၈၁။ | (၂)သက်န်း–ဟူသောမှီရာ | ၄၆ |
| ၈၂။ | (၃)ကျောင်း–ဟူသောမှီရာ | ၄၆ |
| ၈၃။ | (၄)ဆေး–ဟူသောမှီရာ | ၄၇ |
| ၈၄။ | အကရဏီယလေးပါး | ၄၇ |
| ၈၅။ | (၁)ပထမအကရဏီယ | ၄၈ |
| ၈၆။ | (၂)ဒုတိယအကရဏီယ | ၄၈ |
| ၈၇။ | (၃)တတိယအကရဏီယ | ၄၉ |
| ၈၈။ | (၄)စတုတ္ထအကရဏီယ | ၅၀ |
| ၈၉။ | တောင်းပန် | ၅၁ |
| ၉၀။ | သြဝါဒကထာ | ၅၂ |
| ၉၁။ | ရဟန်းရက်ချုပ် (သာသနာဝင်မှတ်တမ်း) | ၅၂ |
| ၉၂။ | ရဟန်းရက်ချုပ်(ပုံစံ) | ၅၃ |
| ၉၃။ | ကမ္မဝါအဖတ်သင် | ၅၄ |
| ၉၄။ | ဥဒယ, ဗယ–ကမ္မဋ္ဌာန်း | ၅၅ |
| ၉၅။ | တစ်လုံးမှားက အကုန်မှား | ၅၆ |
| ၉၆။ | ဗျတ္တ ပဋိဗလ | ၅၇ |
| ၉၇။ | အရကျက်ပူဇော် | ၅၈ |
| ၉၈။ | ကမ္မဝါသည် သာသနာ၏အသက် | ၅၈ |
| ၉၉။ | ကမ္မဝါစာအစွမ်းထက် | ၅၉ |
| ၁၀၀။ | ကမ္မဝါကိုင်ပုံ | ၆၀ |

*ကမ္ဘာကမ္ဘာသင်တန်း*

# မာတိကာ


| ခဉ် | အကြောင်းအရာ | စာမျက်နှာ |
| --- | --- | --- |
| ၁၀၁။ | ပုဒ်မှားလျှင် ကံပျက် | ၆၀ |
| ၁၀၂။ | အသံမှား | ၆၁ |
| ၁၀၃။ | 'ညတ်'မည်ပုံ | ၆၁ |
| ၁၀၄။ | 'ကမ္ဘဝါစာ'မည်ပုံ | ၆၁ |
| ၁၀၅။ | 'အနုဿာဝန'မည်ပုံ | ၆၁ |
| ၁၀၆။ | ကမ္ဘဝါဖတ်ပုံနည်းမျိုးစုံ | ၆၁ |
| ၁၀၇။ | အကြိမ်များလေဘုန်းကြီးလေ | ၆၂ |
| ၁၀၈။ | 'ဒုလ္လဘ'လည်း(၃)ကြိမ် | ၆၂ |
| ၁၀၉။ | ဆရာကောင်းမှတပည့်ကောင်း | ၆၃ |
| ၁၁၀။ | အဓိပ္ပါယ်ရှင်းလင်းချက် (မျိုးစေ့မမှန်-ပင်မသန်) | ၆၃ |
| ၁၁၁။ | ရဟန်းလောင်းတစ်ပါး | ၆၅ |
| ၁၁၂။ | ရဟန်းလောင်း(၂)ပါး | ၆၅ |
| ၁၁၃။ | ရဟန်းလောင်း(၃)ပါး | ၆၅ |
| ၁၁၄။ | ဥပဇ္ဈာယ်မှာတစ်ပါးသာ | ၆၅ |
| ၁၁၅။ | ငဲ့ဖတ်နည်း | ၆၆ |
| ၁၁၆။ | ဒွန်တွဲဖတ်နည်း | ၆၆ |
| ၁၁၇။ | မအပ်သောနည်း | ၆၆ |
| ၁၁၈။ | ကံထပ်မင်္ဂလာ သတိပြုစရာ | ၆၆ |
| ၁၁၉။ | အသီးသီးငဲ့ဖတ် | ၆၇ |
| ၁၂၀။ | ဒွန်ကမ္ဘဝါစာ၌နိဂ္ဂဟိတန္တနည်း | ၆၇ |

ကမ္မာကမ္မသင်တန်း

# မာတိကာ


| ခဉ် | အကြောင်းအရာ | စာမျက်နှာ |
|---|---|---|
| ၁၂၁။ | ဝိမုတ္တနည်း | ၆၇ |
| ၁၂၂။ | ဗဟုဝုစ်ဖတ်နည်း | ၆၈ |
| ၁၂၃။ | အထူးသတိထားရမည့်အချက် | ၆၈ |
| ၁၂၄။ | သာဓကပေါင်ဦ | ၆၈ |
| ၁၂၅။ | သံဃာအချင်းချင်းကံမပြုကောင်း | ၆၉ |
| ၁၂၆။ | သာမဏေသည် သံဃာမဟုတ် | ၆၉ |
| ၁၂၇။ | ပဂ္ဂဟကံ, နိဂ္ဂဟကံ | ၇၀ |
| ၁၂၈။ | သမုတိနှင့်ကံပြုပုံ | ၇၀ |
| ၁၂၉။ | ပါဠိတော်အတိုင်းလိုက်နာကြ | ၇၁ |
| ၁၃၀။ | ရဟန်းလောင်း(၁၀)ပါးတစ်ပြိုင်နက်ရဟန်းခံ | ၇၁ |
| ၁၃၁။ | အဓမ္မသမဂ္ဂကံ | ၇၂ |
| ၁၃၂။ | သမ္မုဟုလ(၂)မျိုး | ၇၂ |
| ၁၃၃။ | ကမ္မဝါ(၂)ပါး၊(၃)ပါးဖတ်လာပုံ | ၇၂ |
| ၁၃၄။ | အဓမ္မဝဂ္ဂကံ | ၇၃ |
| ၁၃၅။ | အပါး(၆၀)ရဟန်းခံ | ၇၄ |
| ၁၃၆။ | ပညာရှိ သတိဖြစ်ခဲ | ၇၄ |
| ၁၃၇။ | သစ်ပင်အောက်ရဟန်းခံ | ၇၆ |
| ၁၃၈။ | သိမ်ထဲက သစ်ပင် | ၇၆ |
| ၁၃၉။ | ဒုလ္လဘအတွက် ကံပျက် | ၇၇ |
| ၁၄၀။ | ရှေးထုံးပယ်တော့လွဲ | ၇၇ |

# မာတိကာ


| စဉ် | အကြောင်းအရာ | စာမျက်နှာ |
|---|---|---|
| ၁၄၁။ | ဝဂ္ဂသံဃာ(၅)မျိုး | ၇၈ |
| ၁၄၂။ | ရဟန်းဖြစ်ခြင်းအင်္ဂါ(၅)ပါး | ၇၈ |
| ၁၄၃။ | ရဟန်းအပြား(၈)ပါး | ၇၉ |
| ၁၄၄။ | ဟေဝိဘိက္ခု | ၇၉ |
| ၁၄၅။ | သရဏဂမဏူပသမ္ပဒါ | ၈၀ |
| ၁၄၆။ | ဩဝါဒပဋိဂ္ဂဏူပသမ္ပဒါ | ၈၀ |
| ၁၄၇။ | ပဉှဗျာကရဏူပသမ္ပဒါ | ၈၀ |
| ၁၄၈။ | အဋ္ဌဝါစိကူပသမ္ပဒါ | ၈၀ |
| ၁၄၉။ | ဉတ္တိစတုတ္ထကမ္မူပသမ္ပဒါ | ၈၁ |
| ၁၅၀။ | အဋ္ဌဂရုဓမ္မပဋိဂ္ဂဟဏူပသမ္ပဒါ | ၈၁ |
| ၁၅၁။ | ဒူတေနူပသမ္ပဒါ | ၈၁ |
| ၁၅၂။ | ဉတ္တိစတုတ္ထရဟန်းသာရှိ | ၈၁ |
| ၁၅၃။ | "ရဟန်းခံ၊ ကမ္မဝါ"–အခန်း ဒါလောက်ဆိုတော်လောက်ပြီ။ | ၈၁ |
| ၁၅၄။ | သိမ်အခန်း | ၈၂ |
| ၁၅၅။ | အဝိပ္ပဝါသ၊သီမာသမ္မုဟန်နကမ္မဝါစာပါဠိ | ၈၂ |
| ၁၅၆။ | အဝိပ္ပဝါသ၊သီမာသမ္မုဟန်နကမ္မဝါစာအနက် | ၈၂ |
| ၁၅၇။ | သမာနသံဝါသ၊သမာသမ္မုဟန်နကမ္မဝါစာပါဠိ | ၈၃ |
| ၁၅၈။ | ၎င်းအနက် | ၈၃ |
| ၁၅၉။ | မြေသန့်မင်္ဂလာ | ၈၅ |
| ၁၆၀။ | အစီအစဉ် | ၈၆ |

ကမ္ဘာကမ္ဘသင်တန်း

# မာတိကာ

| စဉ် | အကြောင်းအရာ | စာမျက်နှာ |
| --- | --- | --- |
| ၁၆၁။ | မဟာသိမ်ကြီးများ | ၈၇ |
| ၁၆၂။ | သိမ်နှုတ်ပုံ နည်းမျိုးစုံ | ၈၉ |
| ၁၆၃။ | သိမ်နှုတ်ပုံ လက်ာ | ၉၀ |
| ၁၆၄။ | ရှေးဆရာတော်ကြီးများ လက်ာ | ၉၁ |
| ၁၆၅။ | ၁။ ညောင်စောင်းပတ္တိနှုတ်နည်း | ၉၁ |
| ၁၆၆။ | ၂။ သမပတ္တိနှုတ်နည်း | ၉၁ |
| ၁၆၇။ | ၃။ ကိုးဌာနနှုတ်နည်း | ၉၂ |
| ၁၆၈။ | ၄။ ပျားပန်းစုတ်နှုတ်နည်း | ၉၂ |
| ၁၆၉။ | ၅။ ပျားကြီးစွဲနှုတ်နည်း | ၉၂ |
| ၁၇၀။ | ၆။ ထောင့်တန်းနှုတ်ပုံ | ၉၃ |
| ၁၇၁။ | ၇။ ကြက်ခြေခတ်နှုတ်ပုံ | ၉၃ |
| ၁၇၂။ | ၈။ ရင်ဘောင်တန်းနှုတ်ပုံ | ၉၃ |
| ၁၇၃။ | ၉။ ယက်ကန်းခတ်နှုတ်ပုံ | ၉၄ |
| ၁၇၄။ | ၁၀။ မြင့်မိုရ်တက်နှုတ်ပုံ | ၉၄ |
| ၁၇၅။ | ၁၁။ မြင့်မိုရ်ဆင်းနှုတ်ပုံ | ၉၄ |
| ၁၇၆။ | ၁၂။ ခရုပတ်နှုတ်ပုံ | ၉၅ |
| ၁၇၇။ | ၁၃။ ပုရွက်ကြောင်းနှုတ်ပုံ | ၉၅ |
| ၁၇၈။ | ၁၄။ အဋ္ဌသီမန္တရိကနှုတ်ပုံ | ၉၅ |
| ၁၇၉။ | ၁၅။ သီမန္တရိကပရိက္ခေပနှုတ်ပုံ | ၉၆ |
| ၁၈၀။ | ၁၆။ (၅)ဌာနနှုတ်ပုံ | ၉၆ |

## ကမ္ဘာကမ္ဘသင်တန်း

# မာတိကာ


| စဉ် | အကြောင်းအရာ | စာမျက်နှာ |
|---|---|---|
| ၁၈၁။ | ၁၇။ လူးလာပြန်ခေါက်နှုတ်ပုံ | ၉၆ |
| ၁၈၂။ | ၁၈။ လကျာ်ရစ်နှုတ်ပုံ | ၉၇ |
| ၁၈၃။ | ၁၉။ ဒေါင့်တန်းစပ်နှုတ်ပုံ | ၉၇ |
| ၁၈၄။ | ♣ မှတ်ချက် ♣ | ၉၇ |
| ၁၈၅။ | သိမ်သမုတ်ပုံ | ၁၀၀ |
| ၁၈၆။ | သမာနသံဝါသသိမာသမုတိကမ္မဝါစာပါဠိ | ၁၀၁ |
| ၁၈၇။ | သမာနသံဝါသသိမာသမုတိကမ္မဝါစာအနက် | ၁၀၁ |
| ၁၈၈။ | အဝိပ္ပဝါသ သိမာသမ္မုတိ ကမ္မဝါစာပါဠိ | ၁၀၃ |
| ၁၈၉။ | အဝိပ္ပဝါသ သိမာသမ္မုတိ ကမ္မဝါစာအနက် | ၁၀၃ |
| ၁၉၀။ | သိမ်သမုတ်ပုံ အစီအစဉ် | ၁၀၄ |
| ၁၉၁။ | အခမ်းအနား အစီအစဉ် | ၁၀၅ |
| ၁၉၂။ | အဆောင်အယောင်များ | ၁၀၈ |
| ၁၉၃။ | သိမ်သမုတ် | ၁၀၉ |
| ၁၉၄။ | နိမိတ်(၈)ပါး | ၁၀၉ |
| ၁၉၅။ | ရေနိမိတ်ထားပုံ | ၁၁၀ |
| ၁၉၆။ | နိမိတ်စောင့်ချထား | ၁၁၁ |
| ၁၉၇။ | နိမိတ်ကြားပုံ | ၁၁၁ |
| ၁၉၈။ | ကြိုယာထည့် မကြားရ | ၁၁၂ |
| ၁၉၉။ | ပါဠိသက်သက်, ရေနိမိတ်ကြားပုံ | ၁၁၂ |
| ၂၀၀။ | ♣မှတ်ချက် ♣ | ၁၁၃ |

ကမ္ဘာကမ္ဘသင်တန်း

# မာတိကာ


| ခဉ် | အကြောင်းအရာ | စာမျက်နှာ |
|---|---|---|
| ၂၀၁။ | အနီးကြား+အဝေးကြား | ၁၁၃ |
| ၂၀၂။ | မြန်မာဘာသာသက်သက် ရေနိမိတ်ကြားပုံ | ၁၁၄ |
| ၂၀၃။ | ♣ မြန်မာလို– | ၁၁၅ |
| ၂၀၄။ | ပါဠိ+မြန်မာ–မိဿက ကြားပုံ | ၁၁၅ |
| ၂၀၅။ | ဝိသုံဂါမသိမ် | ၁၁၇ |
| ၂၀၆။ | ဝိသုံဂါမ–ကံပြုရ | ၁၁၈ |
| ၂၀၇။ | ဝိသုံဂါမ နှင့် ဗဒ္ဓသိမ် | ၁၁၈ |
| ၂၀၈။ | ဗဒ္ဓသိမ်+အဗဒ္ဓသိမ် | ၁၁၉ |
| ၂၀၉။ | အဗဒ္ဓသိမ်အပြား | ၁၁၉ |
| ၂၁၀။ | နိဿယသိမ်+နိဿိတသိမ် | ၁၁၉ |
| ၂၁၁။ | သဘာဂသိမ်+ဝိသဘာဂသိမ် | ၁၁၉ |
| ၂၁၂။ | ဗဒ္ဓသိမ်အပြား | ၁၂၀ |
| ၂၁၃။ | ခဏ္ဍသိမ် | ၁၂၁ |
| ၂၁၄။ | ပကတိဂါမသိမ်+ဝိသုံဂါမသိမ် | ၁၂၁ |
| ၂၁၅။ | ဂါမခေတ်သာ ပကတိဂါမဖြစ် | ၁၂၁ |
| ၂၁၆။ | ကံပျက်သည် | ၁၂၃ |
| ၂၁၇။ | ဝိသုံဂါမဖြစ်ပုံ | ၁၂၃ |
| ၂၁၈။ | 'ဝိသုံဂါမ' ပေးပုံပါဠိ+အနက် | ၁၂၄ |
| ၂၁၉။ | နယ်သိမ်းသိမ် | ၁၂၅ |
| ၂၂၀။ | နယ်သိမ်းသမုတ်ပုံ | ၁၂၆ |

ကမ္ဘာ့ကမ္ဘာ့သင်တန်း

# မာတိကာ


| စဉ် | အကြောင်းအရာ | စာမျက်နှာ |
|---|---|---|
| ၂၂၁။ | ဝိနည်းတော်လာ'ဂါမ'နှင့် ဝေါဟာရခေါ်'ဂါမ' | ၁၂၇ |
| ၂၂၂။ | ဂါမခေတ်,ဒိုင်နယ်,အုပ်စု | ၁၂၇ |
| ၂၂၃။ | နယ်သတ်မှတ်ပုံ | ၁၂၈ |
| ၂၂၄။ | နယ်သိမ်းရန်မလွယ် | ၁၂၉ |
| ၂၂၅။ | မျက်စေ့လည် သိမ်ပျက် | ၁၂၉ |
| ၂၂၆။ | လယ်ကွင်းမှာ အာဂန္တု | ၁၃၁ |
| ၂၂၇။ | ဆန္ဒမယူလို့ သိမ်ပျက် | ၁၃၁ |
| ၂၂၈။ | သံဃာမသိမ်း၍သိမ်ပျက် | ၁၃၂ |
| ၂၂၉။ | ဆုံးဖြတ်ချက် | ၁၃၃ |
| ၂၃၀။ | ဗလိ လဘန္တိ | ၁၃၄ |
| ၂၃၁။ | နယ်သာပဓာန | ၁၃၅ |
| ၂၃၂။ | ဂရုကကိုလိုက်နာ | ၁၃၅ |
| ၂၃၃။ | ဆန္ဒဆောင်ပုံ | ၁၃၆ |
| ၂၃၄။ | ဆန္ဒကြားပုံ | ၁၃၆ |
| ၂၃၅။ | ဟတ္ထပါသ်ရောက်မှ ဆန္ဒအောင် | ၁၃၇ |
| ၂၃၆။ | သိမ်အပြင်ထွက်ကြား | ၁၃၇ |
| ၂၃၇။ | ဒီနည်းအတိုင်း | ၁၃၈ |
| ၂၃၈။ | သိမ်အပြင် အယူများ | ၁၃၉ |
| ၂၃၉။ | ဆန္ဒသိုး၍ မအောင်မြင် | ၁၄၀ |
| ၂၄၀။ | သံကွင်းဆက်ကြားနည်း | ၁၄၀ |

# မာတိကာ


| စဉ် | အကြောင်းအရာ | စာမျက်နှာ |
|---|---|---|
| ၂၄၁။ | မကြားသော်လည်းအောင် | ၁၄၀ |
| ၂၄၂။ | အဗဒ္ဓသိမ် | ၁၄၀ |
| ၂၄၃။ | သတ္တဗ္ဘန္တရသိမ် | ၁၄၁ |
| ၂၄၄။ | သတ္တဗ္ဘန္တရသိမ်ဆိုသည်မှာ | ၁၄၂ |
| ၂၄၅။ | သိမ်ပိုင်းခြားပုံ | ၁၄၂ |
| ၂၄၆။ | ကံပြုရိုက်၌သာ သိမ်ဖြစ်ပုံ | ၁၄၃ |
| ၂၄၇။ | ဥဒကုက္ခေပသိမ် | ၁၄၃ |
| ၂၄၈။ | မြစ်၏အင်္ဂါ | ၁၄၄ |
| ၂၄၉။ | ဥဒကုက္ခေပသိမ်ပြုလုပ်ပုံ | ၁၄၅ |
| ၂၅၀။ | ဥဒကုက္ခေပသိမ်ဆိုတာ(ရေသိမ်ဆိုတာ) | ၁၄၅ |
| ၂၅၁။ | သိမ်ပိုင်းခြားပုံ | ၁၄၅ |
| ၂၅၂။ | သွားနေသောလှေ,သဘော်တို့၌ကံမပြုကောင်း | ၁၄၆ |
| ၂၅၃။ | ဥဒကုက္ခေပသိမ်ပုံစံဥပမာ | ၁၄၇ |
| ၂၅၄။ | ဥတ်တစ်သိမ်+ကမ္ဗဝါတစ်သိမ် | ၁၄၈ |
| ၂၅၅။ | ၄တ်+သစ်ပင်၌ ကြိုးမချည်ရ | ၁၄၈ |
| ၂၅၆။ | ဆည်၌ကံမပြုကောင်း | ၁၄၉ |
| ၂၅၇။ | ရေမရှိသောမြစ်၌ ကံပြုကောင်းပုံ | ၁၄၉ |
| ၂၅၈။ | 'ဇာတဿရအိုင်'ဆိုသည်မှာ | ၁၅၀ |
| ၂၅၉။ | ကံပြုနိုင်ပုံ | ၁၅၀ |
| ၂၆၀။ | ရေတွင်းရေကန်ပြုလုပ်က ကံမပြုရ | ၁၅၁ |

ကမ္ဘာကမ္ဘသင်တန်း

# မာတိကာ


| ခဉ် | အကြောင်းအရာ | စာမျက်နှာ |
| --- | --- | --- |
| ၂၆၁။ | ဥဒကုကွေ့ပ၏မိုရာ | ၁၅၁ |
| ၂၆၂။ | သိမ်ပမာဏ | ၁၅၂ |
| ၂၆၃။ | ကံပြုဆဲမှသာသိမ်ဖြစ် | ၁၅၃ |
| ၂၆၄။ | သိမ်ဆောက်ထား | ၁၅၃ |
| ၂၆၅။ | ရေ့,သဲ–ပစ်စရာ လို/မလို | ၁၅၄ |
| ၂၆၆။ | သိမ်တစ်လုံးစာ–ခြားရမည် | ၁၅၄ |
| ၂၆၇။ | ထိုးဝါးမျောလို့သိမ်ပျက် | ၁၅၅ |
| ၂၆၈။ | ပါသာဒသိမ် | ၁၅၅ |
| ၂၆၉။ | သိမ်နှုတ်ရမည် | ၁၅၆ |
| ၂၇၀။ | ဦးဆောင်သမုတ်ခဲ့ | ၁၅၆ |
| ၂၇၁။ | စာရှာကြည့်ရ | ၁၅၇ |
| ၂၇၂။ | သိမ်တော့မကျွတ်,ကြမ်းကျွတ် | ၁၅၇ |
| ၂၇၃။ | မြေကိုနှုတ်ရသည် | ၁၅၈ |
| ၂၇၄။ | မကြဲ့ဖူးလို့ပျိုဒူးတုံ | ၁၅၉ |
| ၂၇၅။ | ချမ်းအေး–ပါသာဒသိမ် | ၁၅၉ |
| ၂၇၆။ | ဒုတိယ+တတိယသိမ် | ၁၆၀ |
| ၂၇၇။ | နိမိတ်အစိက | ၁၆၀ |
| ၂၇၈။ | ခေတ်မီးကြိုးမအပ် | ၁၆၁ |
| ၂၇၉။ | ဆောင့်ကြောင့်ထိုင်ဖတ် | ၁၆၁ |
| ၂၈၀။ | ဥက္ကာငြိုက်–ယုပုံ | ၁၆၁ |

ကမ္ဘာကမ္ဘသင်တန်း

# မာတိကာ

| စဉ် | အကြောင်းအရာ | စာမျက်နှာ |
|---|---|---|
| ၂၈၁။ | သုံးပါးဒေသနာကြားပုံ | ၁၆၂ |
| ၂၈၂။ | ဥပုသ်ပြုပုံ | ၁၆၃ |
| ၂၈၃။ | သုံးပါးပါရိသုဒ္ဓိပြုပုံ | ၁၆၃ |
| ၂၈၄။ | နှစ်ပါး'ပါရိသုဒ္ဓိ'ပြုပုံ | ၁၆၄ |
| ၂၈၅။ | 'ဉာတ်မထားဘဲပြုနိုင်ပုံ' | ၁၆၄ |
| ၂၈၆။ | 'အဓိဋ္ဌာန်ဥပုသ်'ပြုပုံ | ၁၆၄ |
| ၂၈၇။ | ဟတ္ထပါသ်အပြား | ၁၆၅ |
| ၂၈၈။ | ပဝါရဏာပြုပုံ | ၁၆၅ |
| ၂၈၉။ | ဆန္ဒပေး | ၁၆၅ |
| ၂၉၀။ | ပဝါရဏာပေး | ၁၆၅ |
| ၂၉၁။ | သံဃပဝါရဏာပြုပုံ | ၁၆၆ |
| ၂၉၂။ | သံဃဉာတ် | ၁၆၆ |
| ၂၉၃။ | မထေရ်ကြီး ပဝါရဏာပြုပုံ | ၁၆၆ |
| ၂၉၄။ | သမာနဝဿိကပြုပုံ | ၁၆၆ |
| ၂၉၅။ | (၄)ပါး'ဉာတ်'ထားပုံ | ၁၆၇ |
| ၂၉၆။ | (၃)ပါး'ဉာတ်'ထားပုံ | ၁၆၇ |
| ၂၉၇။ | (၂)ပါး'ပဝါရဏာ'ပြုပုံ | ၁၆၇ |
| ၂၉၈။ | (၁)ပါး'အဓိဋ္ဌာန်ပဝါရဏာ'ပြုပုံ | ၁၆၈ |
| ၂၉၉။ | 'ဝါဆိုရပုံ'(ပုရိမဝါ+ပစ္ဆိမဝါ) | ၁၆၈ |
| ၃၀၀။ | 'သစ္စာပန်း' | ၁၆၈ |

ကမ္ဘာကမ္ဘသင်တန်း

# မာတိကာ

| ခဉ် | အကြောင်းအရာ | စာမျက်နှာ |
|---|---|---|
| ၃၀၁။ | ' ဝါပန်ပုံ ' | ၁၆၉ |
| ၃၀၂။ | မဟာဝါ အဋ္ဌကထာ | ၁၆၉ |
| ၃၀၃။ | ပဝါရဏာဥပုသ်ပြုပုံ | ၁၆၉ |
| ၃၀၄။ | ကထိန်ခင်းပုံအစီအစဉ် | ၁၇၀ |
| ၃၀၅။ | (၁)သင်္ကန်းအလှူခံ | ၁၇၁ |
| ၃၀၆။ | (၂)ပုဂ္ဂိုလ်ရွေးချယ် | ၁၇၁ |
| ၃၀၇။ | (၃)ဉာတ်သင်္ကန်း | ၁၇၁ |
| ၃၀၈။ | (၄)ပစ္စုဒ္ဒိုရ်ပြု | ၁၇၁ |
| ၃၀၉။ | (၅)ဝိကပ္ပနာနှင့်ပရိက္ခာရစောဠ | ၁၇၂ |
| ၃၁၀။ | ပရိက္ခာရစောဠအဓိဋ္ဌာန်တင်ပုံ | ၁၇၂ |
| ၃၁၁။ | (၆)ကပ္ပဗိန္ဒုထိုး+အဓိဋ္ဌာန်တင် | ၁၇၂ |
| ၃၁၂။ | (၇)ကထိန်ခင်း+တိုက်တွန်း | ၁၇၂ |
| ၃၁၃။ | (၈)အနုမောဒနာပြုပုံ | ၁၇၃ |
| ၃၁၄။ | ကထိန်အာနိသင်(၅)ပါး | ၁၇၃ |
| ၃၁၅။ | အနေကဇာတင်နည်း | ၁၇၄ |
| ၃၁၆။ | ဝိနည်းဆောင်ရဟန်းတို့၏မှု | ၁၇၄ |
| ၃၁၇။ | သုတ္တန်ဆောင်ရဟန်းတို့၏မှု | ၁၇၄ |
| ၃၁၈။ | အဘိဓမ္မာဆောင်ရဟန်းတို့၏မှု | ၁၇၅ |
| ၃၁၉။ | ဝိနည်းဆောင်မှုအတိုင်းတင် | ၁၇၅ |
| ၃၂၀။ | ကျောင်းကို တာဝကာလိကအပ်နည်း | ၁၇၅ |

ကမ္မာကမ္မသင်တန်း

# မာတိကာ

| ခဉ် | အကြောင်းအရာ | စာမျက်နှာ |
|---|---|---|
| ၃၂၁။ | ဒွိသန္တကပြုလုပ်နည်း | ၁၇၆ |
| ၃၂၂။ | (တနည်း)ဒွိသန္တကပြုလုပ်နည်း | ၁၇၆ |
| ၃၂၃။ | မတသန္တက | ၁၇၆ |
| ၃၂၄။ | ဝိဿာသဂ္ဂါဟယူနည်း | ၁၇၇ |
| ၃၂၅။ | ပဗ္ဗာဇနိယကမ္မဝါစာဖတ် | ၁၇၇ |
| ၃၂၆။ | အိမ်သူအိမ်သားများကိုမေးပုံ | ၁၇၇ |
| ၃၂၇။ | အရှည်မေးပုံ= | ၁၇၈ |
| ၃၂၈။ | "အမိန့်ပြန်"– | ၁၇၈ |
| ၃၂၉။ | ပဗ္ဗာဇနိယကမ္မဝါစာပါဠိ | ၁၇၈ |
| ၃၃၀။ | အနန္တရာယိကကမ္မဝါစာပါဠိ | ၁၈၀ |
| ၃၃၁။ | အစိဋ္ဌာန်ချက် | ၁၈၁ |
| ၃၃၂။ | ကျေးဇူးတင်လွှာ | ၁၈၂ |


## မာတိကာပြီး၏



ရန်ကုန် တိုင်း၊ သဃ်န်းကျွန်းမြို့နယ်၊ သုဝဏ္ဏမြို့၊
စစ်ကိုင်းစာသင်တိုက်ကြီး၏ ပဓာန နာယကဆရာတော်

**ဘဒ္ဒန္တ ဓမ္မာနန္ဒ**

'အဂ္ဂမဟာပဏ္ဍိတ'



နိုင်ငံတော်သံဃာမဟာနာယကဥက္ကဋ္ဌ မကွေးဆရာတော်ကြီးမှ
စစ်ကိုင်းဆရာတော်အား "နိုင်ငံတော်သီးခြား ဝိနည်းမိုရ်"
ပေးအပ်ချီးမြှောက်တော်မူပုံ



နိုင်ငံတော်သံဃမဟာနာယက ဥက္ကဋ္ဌ ဆရာတော်ဘဒ္ဒန္တ သောဘိတထေရ်နှင့် ဆရာတော်များ
သယ်န်းကျွန်းမြို့နယ်၊ အရှေ့ခြမ်း မလွန်ဆန်လှူပူဇော်ပွဲ



အညာဒေသ ရှင်ပြုပွဲ "ရှင်လောင်းလှည့်ပုံ"



ရှင်ပြုပွဲ "ရှင်လောင်းလှည့်ရာ၌ အမျိုးသမီးများ"



မောင်
ရှင်
လောင်း
က
လေး
များ




နား
သ
နား
ထွင်း
မယ်
လေး
များ




ပုဂံဝင်းမှလှပျိုဖြူတစ်ဦး



နားသနားထွင်းမယ်လေး



ရှင်ပြုပွဲ "မဏ္ဍာပ်" ရှေ့
"ဝေါစီး - မောင်ရှင်လောင်း"



"မဏ္ဍာပ်" ရှေ့
"ရွှေလှည်းယာဥ်စီး
နားထွင်းသူလေး"



စစ်ကိုင်းဆရာတော်မှ "သရဏဂုံ သီလပေးပုံ"





ရဟန်းလောင်းအား ဆုံးမလမ်းညွှန်ပုံ



ဉတ္တိစတုတ္ထကမ္မဝါစာကံဆောင်ပုံ



သိမ်ညောင်စောင်းကွက်ချနေပုံ




သိမ်ပနက်တိုင်ရိုက်နေပုံ



သိမ် "သိမန္တရ" နုတ်နေပုံ



ဆရာတော် ဘဒ္ဒန္တ ဝဏ္ဏသီရိ (အဂ္ဂမဟာပဏ္ဍိတ)
သိမ်နိမိတ်ကြားနေပုံ နှင့်



သိမ် အောင် ဩဘာစာ
ဖတ်ကြားနေပုံ



သိမ်အောင်မြင်ကျောင်းအောင်စည်အောင်မောင်းတီးပုံ



နိုင်ငံတော်သံဃနာယက "ဗဟိုဝန်ဆောင်" ဘိုကလေးဆရာတော်ကြီး
ဘဒ္ဒန္တကုန္တ ကြီးမှူး၍ သိမ်နိမိတ်တိုင် စိုက်ထူပုံ



ကထိန်ခင်းရာ၌ "ဥတ္တိ ဒုတိယ ကမ္မဝါစာ" ဖြင့် သင်္ကန်းပေးပုံ



၁၃၆၀ (၁၉၉၈) ခုနှစ်၊ ဝါဆိုသံဃာ (၂၉၈) ပါး အမှတ်တရ

## ရဟန်းတော်များ ကြီးပွားခြင်းအကြောင်း

ရဟန်းကိစ္စ, နှစ်ခုရှိ, လုလ္လသိပ်သည်း,
ဟိတ်ဟန်နည်း၍, ပစ္စည်းမသို,
ဝန်မတို(စိတ်မတို), ခင်ပျို ကြီးပွားကြောင်း။

၁။ ဂန္ထဓုရ, ဝိပဿနာဓုရ – တစ်ခုခုလုပ်ရခြင်း၊
၂။ လုလ္လဝီရိယအားကြီးရခြင်း၊
၃။ မာန်မာနမရှိ,ဟိတ်ဟန်နည်းရခြင်း၊
၄။ ပစ္စည်းများသိုမှီးမထားရခြင်း၊
၅။ မနာလိုဝန်တိုခြင်း,စိတ်တိုခြင်း–မရှိရခြင်း။

## သိမ်ကျောင်းအတွက်တိုက်တွန်းချက်

****************************************

၁။ သာသနာပြုလို မျှားလူဗိုလ် သိမ်ကိုအစိက လှူဒါန်းကြ။

၂။ သိမ်မရှိလျှင် ရဟန်းပင် ပြုချင်ပါလှ ပြုမရ။

၃။ ရဟန်းသံဃာ ဆိတ်သုဉ်းပါ သာသနာကွယ်ရ မြဲမှုချ။

၄။ ဗုဒ္ဓသာသနာ ကွယ်သောခါ သုံးဖြာကုသလ ပြုမရ။

၅။ ထိုကြောင့်သာသနာ တည်လိုပါမူ ကြည်ဖြူသဒ္ဓါ
ထက်သန်စွာပြင့် မဟာသိမ်ကြီး အပြီးတိုင်မြောက်
ဆုံးခန်းရောက်အောင် ကျိုးမျှော်ထောက်ရှု ပေါင်းစုညီညာ
ပေးလှူပါလော့။

## နိဒါန်း

## ဝိနည်းပညတ်ရခြင်းအကျိုး

ဒသ ခေါ ဥပါလိ အတ္တဝသေ ပဋိစ္စ တထာဂတေန
သာဝကာနံ သိက္ခာပဒံ ပညတ္တံ၊ ပါတိမောက္ခံ ဥဒ္ဒိဋ္ဌံ။

ဥပါလိ.......... ဆယ်ပါးသော အကျိုးအာနိသင်တို့ကို အကြောင်းပြု၍ ငါဘုရားသည် တပည့်သားတို့အား ဝိနည်းသိက္ခာပုဒ်ကို ပညတ်အပ်၏၊ ပါတိမောက်ကို ပြအပ်၏။

### အကျိုးဆယ်ပါးကား

၁။ သံဃသုဋ္ဌုတာယ–သံဃာတော်တို့၏ ကောင်းစေခြင်းအကျိုး၊
၂။ သံဃဖာသုတာယ–သံဃာတော်တို့၏ချမ်းသာစေခြင်းအကျိုး၊
၃။ ဒုမ္မင်္ကူနံ ပုဂ္ဂလာနံ နိဂ္ဂဟာယ – သီလမရှိကုန်သောပုဂ္ဂိုလ်တို့ကို နှိမ်နင်းခြင်းအကျိုး၊
၄။ ပေသလာနံ ဘိက္ခူနံ ဖာသုဝိဟာရာယ–သီလကို ချစ်မြတ်နိုးကုန်သောရဟန်းတို့အားချမ်းသာစွာနေရခြင်းအကျိုး၊
၅။ ဒိဋ္ဌဓမ္မိကာနံ အာသဝါနံ သံဝရာယ – မျက်မှောက်ဖြစ်ကုန်သော အာသဝေါတရားတို့ကိုစောက်ရှောက်ခြင်းအကျိုး၊
၆။ သမ္ပရာယိကာနံ အာသဝါနံ ပဋိဃာတာယ–တမလွန်ဖြစ်ကုန်သောအာသဝေါတရားတို့ကိုပယ်ဖျောက်ခြင်းအကျိုး၊
၇။ အပ္ပသန္နာနံ ပသာဒါယ–မကြည်ညိုကုန်သေးသော သူတို့ကို ကြည်ညိုစေခြင်းအကျိုး၊
၈။ ပသန္နာနံ ဘိယျောဘာဝါယ–ကြည်ညိုကုန်ပြီးသောသူတို့ကို လွန်စွာကြည်ညိုစေခြင်းအကျိုး၊

## နိဒါန်း

၉။ သဒ္ဓမ္မဋ္ဌိတိယာ–သူတော်ကောင်းတရားတည်စေခြင်းအကျိုး၊
၁၀။ ဝိနယာနုဂ္ဂဟာယ–ဝိနည်းတရားတော်ကို ချီးမြှောက်ခြင်း
အကျိုး–ဤဆယ်ပါးတည်း–ဟု အရှင်ဥပါလိလျှောက်ထား
သဖြင့် ဘုရားရှင်ကဟောကြားတော်မူပါသည်၊(ဒသင်္ဂုတ္တရ)

ဘုရားရှင်၏ တပည့်သား သာဝကတို့သည် ပညတ်တော်မူအပ်သော ဝိနည်းသိက္ခာပုဒ်တော်နှင့်အညီ (ဝါ) စည်းကမ်း–ဥပဒေနှင့်အညီ အတတ်နိုင်ဆုံးစောင့်ရှောက် ထိမ်းသိမ်းလိုက်နာကျင့်သုံးနေထိုင်ကြမှသာလျှင်...

"ဝိနယော ဌိတေ သာသနံ ဌိတံ၊
ဝိနယော နာမ သာသနဿ အာယု"

ဆိုသည့်အတိုင်းသာသနာတော်ကြီးအရှည်သဖြင့်တည်တံ့ခိုင်မြဲမှာဖြစ်ပါသည်။

### ထေရဝါဒ နှင့် မဟာယာန

ဘုရားရှင်၏ပညတ်ချက်သိက္ခာပုဒ်များသည်အကျိုးတရား (၁၀)ပါးကို ရည်ရွယ်၍ပညတ်တော်မူခြင်းကြောင့်အလွန်ကောင်းသောပညတ်ချက်များဖြစ်ခဲ့ကြသည်။ သို့သော် "ပုထုဇ္ဇနော–ဥမ္မတ္တကော" ပုထုဇဉ်တို့ဟာ အရူးလိုဘဲ၊ အပြင်စိတ်ဓာတ်ကကောင်းမှန်းသိသော်လည်း အနုသယဖုံးလွှမ်းခံရသော အတွင်းစိတ်ဓာတ်မှကားမကောင်း–ဟုပြောင်းပြန်ယူဆချင်ကြလေသည်။

ထို့ကြောင့်–ဘုရားရှင်က 'ဝိကာလဘောဇနေသိက္ခာပုဒ်'ကို ပညတ်တော်မူတဲ့အခါ ဘဒ္ဒါလိရဟန်းက. .'ညစာမစားရပါက

## နိဒါန်း

သာသနာတော်မှာ ဆက်လက်နေနိုင်ပါ့မလား " ဟု သံသယဖြစ်ပါကြောင်းလျှောက်ထားပုံ(မဇ္ဈိမပဏ္ဏာသ+ဘဒ္ဒါလိသုတ်) အရှင်ဥဒါယီမထေရ်က ညစာသည် လူသားများအတွက် အကောင်းဆုံးအစာဖြစ်သောကြောင့် ထိုညစာမစားရ ဟုပညတ် သောအခါ လွန်စွာစိတ်မချမ်းမသာဖြစ်ရကြောင်းလျှောက်ထားပုံ၊ (မဇ္ဈိမပဏ္ဏာသ,လဋုကိကောပမသုတ်)

အချို့သော ပုထုဇဉ်ရဟန်းတော်များက ဤမျှကောင်း မွန်သောပညတ်တော်များအပေါ်တွင် အပြစ်မြင်ခဲ့ကြသည်။ ဘုရားရှင်၏ပညတ်တော်(သိက္ခာပုဒ်)များကား ကျွဲဆိုး၊နွားဆိုး တို့ကို ချည်နှောင်ထားသောကြိုးနှင့်တူသည်။ ကျွဲဆိုး၊နွားဆိုး တို့သည်ကြိုးဖြင့်ဖွဲ့ချည်ထားသောကြောင့် သွားချင်ရာမသွားရ၊ စားချင်ရာမစားရ၊အကျဉ်းအကြပ်ကြုံခဲ့ကြသည်။ ရဟန်းတော် များ၌လည်း သိက္ခာပုဒ်တည်းဟူသော ကြိုးဖြင့် နှောင်ဖွဲ့ထား ခြင်းကြောင့်အကျဉ်းအကြပ်ကြုံကြရသည်။ ထိုအကျဉ်းအကြပ် ဘေးမှလွတ်ကင်းရန် သိက္ခာပုဒ်များကို ခွါချရလျှင် ကောင်းမည်ဟုယူဆခဲ့ကြသည်။ သို့သော် ထိုစဉ်က ရဟန္တာ ပညာရှိကြီးများက ထိန်းချုပ်ထားခဲ့ကြသောကြောင့် ပထမသင်္ဂါယနာ တင်ချိန်၌ ထိုအယူအဆများသည် အလွန်ငုပ်၍ နေသေးသည်။ ခေါင်းမဖော်နိုင်ခဲ့ပါ။

သာသနာနှစ် တစ်ရာရောက်သောအခါမှ (ဒသဝတ္ထုက) ခေါ်တဲ့အယူအဆလွဲမှားမှုမျိုးကြီး(၁၀)မျိုး ထင်ရှားဖြစ်ပေါ်လာခဲ့ ပေတော့သည်။ ၄င်း(၁၀)မျိုးကား---

## နိဒါန်း

၁။ သိင်္ဂိလောဏကပ္ပ= သားချိုးဗူးဖြင့်ဆောင်ထားသော ဆားကို နေ့စဉ်စားသုံးသော်လည်း အာပတ်မသင့်။
၂။ ဒွိင်္ဂုလကပ္ပ = မွန်းလွဲနေရိပ် လက်နှစ်သစ်လွန်သည် အထိ ဆွမ်းစား၍ အာပတ်မသင့်။
၃။ အာဝါသကပ္ပ= သိမ်ကြီးအတွင်းတစ်ချိန်တည်းကံ,ခွဲပြုလျှင် အပ်၏။
၄။ အနုမတိကပ္ပ= ကြိုတင်ဆန္ဒမပေးဘဲ နောက်မှဆန္ဒပေးသော် လည်း ကံပြု၍အပ်၏။
၅။ အာစိဏ္ဏကပ္ပ= ဆရာဖြစ်သူပြုဘူးသမျှပြုအပ်သည်။
၆။ ဂါမန္တရကပ္ပ=ရွာတစ်ပါးသို့သွားရန်ကိစ္စရှိပါက အတိရိတ်ဝိနည်း ကံမပြုသောဆွမ်း စားအပ်သည်။
၇။ အမထိတကပ္ပ= ဒိန်ချဉ်အဖြစ်သို့ရောက်သော နို့ကို အတိရိတ် ဝိနည်းကံမပြုဘဲစားအပ်သည်။
၈။ ဇဠောဂီ= သေရည်အနုကိုသောက်အပ်သည်။
၉။ အဒသကံနိသီဒနံ= အမြိတ်မပါသောနိသီဒိုင်အပ်သည်။
၁၀။ဇာတရူပရဇတ=ရွှေငွေဒင်္ဂါးပိုက်ဆံခံယူအပ်သည်။
ဤ(၁၀)မျိုးသည်ဝဇ္ဇီတိုင်းသားရဟန်းများ၏အယူဝါဒဖြစ်သည်။

ရာဇဗြိုဟ်ပြည်ရှင်'သုသုနာဂ'မင်းသည်ဝဇ္ဇီတိုင်းသားရဟန်းများ၏ (ဒသဝတ္ထုက)ကိုထောက်ခံအားပေးသဖြင့်ဝဇ္ဇီတိုင်းသားရဟန်းများသည် မင်း၏အားပေးထောက်ခံမှုကိုရသောကြောင့် ထို(၁၀)ပါးသော "အဓမ္မမှု"တို့ကို ပြောင်ပြောင်တင်းတင်းပြုလုပ်ခဲ့ကြသည်။

## နိဒါန်း

## ဒုတိယသင်္ဂါယနာတင်

ထိုဒသဝတ္ထုကြနင့်ပတ်သက်၍ သံဃာများအယူအဆကွဲပြားကြသောကြောင့် ဒုတိယသင်္ဂါယနာတင်ကြရသည်။ တင်သောနှစ်မှာ သာသနာနှစ်တစ်ရာ၊ ဝေသာလီပြည်၊ ကာလာသောကမင်း အမှီပြု၍ အရှင်ယသမထေရ်ကြီးမှူးလျက် ရဟန္တာ(၇၀၀)ဖြင့်ထေရဝါဒသင်္ဂါယနာတင်ခဲ့ကြသည်။

မဟာယာနဂိုဏ်းက မဟာသံဃိတိဂိုဏ်းဟု သမုတ်ပြီး ကောသမ္ဗီပြည်၌ ရဟန်းတော်ပေါင်းတစ်သောင်းကြီးမှူးလျက် မဟာသံဃိကသင်္ဂါယနာဟုအမည်တပ်ပြီး စင်ပြိုင်သင်္ဂါယနာတင်ပွဲပြုလုပ်ကြသည်။

မဟာသံဃိကသင်္ဂါယနာတင်သော ရဟန်းတော်များက တစ်သောင်းရှိပြီး၊ထေရဝါဒသင်္ဂါယနာတင်သောရဟန်းတော်များက ရဟန္တာ(၇၀၀)သာရှိသောကြောင့်မဟာသံဃိတိဂိုဏ်းကို'မဟာယာန' ထေရဝါဒကို 'ဟီနယာန' ဟုခေါ်ဝေါ်ခြင်းဖြစ်သည်။

## ' ယာန ' အဓိပ္ပါယ်

(ယန္တိ ဧတေနာတိ ယာနံ) ဧတေန – ထိုယာဉ်ရထားဖြင့်၊ ယန္တိ–သွားကုန်၏၊ ဣတိ– ထို့ကြောင့်၊ ယာနံ– ယာဉ်မည်၏။ ရထားစသော ယာဉ်အားလုံးရ၏။

ဤယာဉ်ကား သစ္စာလေးပါးကိုသိရာ ဗောဓိနန်းသို့အရောက်လှမ်းမည့် ယာဉ်ဖြစ်၏။

## နိဒါန်း

## ဗောဓိ သုံးမျိုး

၁။ သမ္မာသမ္ဗောဓိ = မဖောက်မပြန် ကိုယ်တိုင်သိသောဘုရားရှင်တည်းဟူသော "ဗောဓိ" ။

၂။ ပစ္စေကဗောဓိ = အသီးအခြားပွင့်သော ပစ္စေကဗုဒ္ဓါတည်းဟူသော "ဗောဓိ" ။

၃။ သာဝကဗောဓိ= ဘုရားရှင်ဟောသည့်အတိုင်းသစ္စာလေးပါးကိုသိသော" အဂ္ဂသာဝက + မဟာသာဝက + ပကတိသာဝက"ဟူသော "သာဝကဗောဓိ"။

ထိုဗောဓိနန်းသို့ အရောက်လှမ်းရမည့်ယာဉ်တို့သည်

(၁) မဟာယာန = မြတ်သောယာဉ်၊

(၂) ဟီနယာန= ယုတ်သောယာဉ်-ဟု(၂)မျိုးရှိ၏။

ထို(၂)ပါးတို့တွင် သမ္မာသမ္ဗောဓိ -ဘုရားကြီး၏အဖြစ်သို့ရောက်အောင် စီးနင်းကျင့်ကြံသောယာဉ်ကား "မဟာယာန" မြတ်သောယာဉ်။

ပစ္စေကဗောဓိ+သာဝကဗောဓိ-မျှလောက်သာစီးနင်းကျင့်ကြံသောယာဉ်ကား"ဟီနယာန"ယုတ်သောယာဉ်-ဟုယူဆကြသည်။

မဟာယာနဂိုဏ်းကား- ပစ္စေကဗောဓိ + သာဝကဗောဓိ-အဖြစ်မျှနှင့်နိဗ္ဗာန်ဝင်သူများ မဟုတ်ကြ။ အားလုံး'သမ္မာသမ္ဗောဓိ' ဘုရားကြီးဆုပန်သော ဘုရားလောင်း(ဗောဓိသတ္တ-ဗုဒ္ဓကုံရ) ချည်းဖြစ်ကြ၍ ---

## နိဒါန်း

ဟီနယာနဂိုဏ်းကား- ဗောဓိသုံးပါးအနက် တစ်ပါးပါး ဖြင့်ကျွတ်တမ်းဝင်မည့်သူများဖြစ်ကြသောကြောင့်၊ မဟာသံဃိတိ ဂိုဏ်းသားများက 'သမ္မာသမ္ဗောဓိ'ကျင့်စဉ်ကို ကျင့်သောကြောင့် မြတ်သော 'မဟာယာန' ဖြစ်သည်။

'ထေရဝါဒ' ကား- သာဝကကျင့်စဉ်ကို ကျင့်သောကြောင့် ယုတ်သော'ဟီနယာန'ဖြစ်သည်ဟုနှိမ့်ချ၍ခေါ်ဝေါ်ကြခြင်းဖြစ်သည်။

စင်စစ်ကား - အရှင်မဟာကဿပမထေရ်ကြီးများမှစ၍ ဘုရားရှင်ဟောကြားတော်မူခဲ့သော သာမုက္ကံသိကတရားဒေသနာ တော်များကို ရဟန္တာမထေရ်ကြီးများအစဉ်အဆက်သင်္ဂါယနာတင် လာခဲ့သောစစ်မှန်သောဗုဒ္ဓဝါဒကို"ထေရဝါဒဗုဒ္ဓသာသနာ"ဟုခေါ်ဝေါ် ကြခြင်းဖြစ်ပေသည်။

## ယတိ မှ ယာန

ယတိပုဒ်သည်ရဟန်းဟောဖြစ်သည်၊ယတဓာတ်+ယုပစ္စည်း၊ ယုကိုအနပြု၊ ဓာတွန့်တ-ကိုချေ၊ အ-ဒီဃပြု၊ ယာနဖြစ်သည်။ ယတဓာတ်ကား အားထုတ်ခြင်းအနက်ကိုဟောပါသည်။

သံသရာဝဋ်မှလွတ်ကင်းအောင်အားထုတ်တတ်သောကြောင့် ယတိကိုရဟန်းဟုအနက်ပေးပါသည်။ဤနေရာ၌ ယာနသည်ရဟန်း ဟောဖြစ်သောကြောင့် ဝေသာလီသင်္ဂါယနာဂိုဏ်းသည်ရဟန်း(၇၀၀) မျှသာရှိ၍အရေအတွက်နည်းသောကြောင့်ဟီနယာန၊ကောသမ္ဗီသင်္ဂါယနာ ဂိုဏ်းသည်ရဟန်းတစ်သောင်းရှိ၍ရဟန်းအရေအတွက်များသောကြောင့် မဟာယာန -ဟုခေါ်ဝေါ်သည်။မည်သို့ပင်ဖြစ်စေ-

# နိဒါန်း

ယခုခေတ်ထေရဝါဒဂိုဏ်းကမိမိတို့ဂိုဏ်းကို 'ဟီနယာန' ခေါ်သည်ကိုမကြိုက်ကြပါ၊ဟီနယာနဂိုဏ်းသည်ထေရဝါဒဂိုဏ်းမဟုတ်၊ အခြားသံဃာဂိုဏ်းတစ်ခုဖြစ်သည်ဟု ယူဆကြပါသည်။
(ထီးချိုင့်တည်တောဆရာတော်၏ ထေရဝါဒနှင့်မဟာယာနရှင်းတမ်းမှမှီး၍)

ယခုလက်ရှိ မြန်မာပြည်ရဟန်းတော်များသည် ထေရဝါဒ ရဟန်းတော်များဖြစ်ကြသည်အားလျော်စွာ ဘုရားရှင်ပညတ်သော သိက္ခာပုဒ်တော်များကိုလိုက်နာကျင့်သုံးလုပ်ကိုင်ဆောင်ရွက်ရမှာ ဖြစ်ပါသည်။

"အနုဇာနာမိ ဘိက္ခဝေ တိဟိ သရဏဂမနေဟိ သာမဏေရ ပဗ္ဗဇ္ဇံ"–ဟူသောဘုရားရှင်၏ခွင့်ပြုတော်မူချက်နှင့်အညီ ထေရဝါဒ ဗုဒ္ဓသာသနာတော်၌ ရှင်သာမဏေများသည် သရဏဂုံတည်၍ ဆယ်ပါးသီလနှင့်(၇၅)ပါးသောကျင့်ဝတ်သိက္ခာပုဒ်,စုဒ္ဒသခန္ဓကဝတ်များ ကျင့်ကြလိုက်နာစောင့်ရှောက် ထိန်းသိမ်းနေထိုင်ကြကုန်လျှက် "သံသာရဝဋ္ဋဒုက္ခတော မောစနတ္ထာယ"ဟူသည်နှင့်အညီသံသရာဝဋ် ဆင်းရဲမှထွက်မြောက်ကျွတ်လွတ်ရန်အကျိုးငှါ ရှင်သာမဏေများ ပြုလုပ်ကြခြင်းဖြစ်သည်။

ထေရဝါဒရဟန်းတော်များမှာလဲ"အနုဇာနာမိ ဘိက္ခဝေ ဉတ္တိ စတုတ္ထေနကမ္မေန ဥပသမ္ပာဒေတုံ"ဟူသော ခွင့်ပြုချက်နှင့်အညီ ဉတ္တိစတုတ္ထကံဖြင့်ရဟန်းအဖြစ်သို့ရောက်ကြပြီး(၂၂၇)သွယ်သော သိက္ခာပုဒ်တော်များကို စောင့်ရှောက်ထိမ်းသိမ်းကြကုန်လျှက် ပရိယတ္တိ, ပဋိပတ္တိ, ပဋိဝေဓ–ဆိုတဲ့ထေရဝါဒဗုဒ္ဓသာသနာတော်ကြီးကို

နိဒါန်း

အရှည်သဖြင့်တည်တံ့ခိုင်မြဲစေရန် သာသနာ့ဝန်ထမ်းရှင်ရဟန်း ဆိုသည့်အတိုင်းသာသနာ့တာဝန်ကြီးကို ထမ်းဆောင်နေကြခြင်း ဖြစ်သည်။

## အခက်အခဲကြုံရ့ကျောင်းထိုင်ဘုန်းကြီးဘဝ

သာသနာ့တာဝန်ကိုထမ်းဆောင်ရတဲ့အခါ လွယ်သရောင် ရောင်နှင့် အလွန်ခက်လှပါတယ်၊ကျောင်းထိုင်ဘုန်းကြီးဖြစ်လာ တယ်ဆိုလျှင်ဘဲ ရှင်ပြု့ရဟန်းခံ-စတဲ့ကံကြီးကံငယ်ကိစ္စတွေရော၊ သာမူ+နာမုကိစ္စတွေရော ရင်ဆိုင်ရတော့ဒါပါဘဲ၊ စာသင်သားဘဝက အမှတ်မထင် ကျောင်းထိုင်ဘုန်းကြီးဘဝရောက်သွားတဲ့အခါကြတော့ စာတွေထဲမှာသာ ရှင်ပြုနည်း၊ ရဟန်းခံနည်းတွေသင်ခဲ့ရတာ။ လက်တွေ့ကလုပ်ဘူးတာမဟုတ်ဘူး၊ အရေးပေါ်ကိစ္စ ကြုံလာတဲ့ အခါမှာ ခြေမကိုင်မိ၊ လက်မကိုင်မိ၊ ဟိုရောင်ရောင် ဒီရောင်ရောင်- ရင်တွေတုံလာပြီးတော့ ဘာလုပ်လို့လုပ်ရမှန်းမသိဖြစ်ရပါတယ်၊ ဒါကြောင့် "စာတွေ့သာရှိ၍ လက်တွေ့မပါလျှင်အကျိုးနှင့်တူ၏"။ "လက်တွေ့သာရှိ၍စာတွေ့မပါလျှင်အကန်းနှင့်တူ၏" ဆိုသလို အကျိုးကဲ့သို့အခက်အခဲကြုံရပါတယ်

## မယုံမရှိနဲ့ကိုယ်တွေ့

'မယုံမရှိနဲ့ကိုယ်တွေ့' ဆိုတဲ့ ပုံပြင်ကလေးရှိတယ်၊ ရှေးကလမ်ဘေးမှာရေအိုးစင်လေးတခုရှိတယ်၊အဲဒီရေအိုးစင်ကလေး ရဲ့နံရံမှာ "နှုတ်ခမ်းမွေးရှိသောသူဆေးလိပ်မသောက်ရ"ဟုစာတမ်း လေးရေးထားတယ်၊ နှုတ်ခမ်းမွေးနဲ့လူတစ်ယောက်က---

## နိဒါန်း

ခရီးသွားရင်း ရေဆာဒါနဲ့ရေအိုးစင်ကိုရေသောက်သွားတော့ အဲဒီစာတန်းကလေးဖတ်ကြည့်ပြီး'ဘာဖြစ်လို့များဒီစာတန်းကလေးကို ရေးထားပါလိမ့်မလဲ'ဟုစဉ်းစားတွေးတောလို့နေသတဲ့တစ်နေ့ကြတော့ အလုပ်လုပ်ရင်း ဆေးလိပ်တိုကလေးကို မီးခြစ်ပြီးညှိလိုက်တဲ့ အခါ သူ့နှုတ်ခမ်းမွေးတွေ မီးလောင်သွားသတဲ့။ အဲဒီကျမှ သဘောပေါက်ပြီး "သြော်-ဒါ့ကြောင့် ဒီစာတန်းလေးရေးထားဒါကိုး" လို့ဆိုပြီး၊မြေဖြူခဲလေးယူခါ အထက်ကစာတန်းကလေးအောက်က "မယုံမရှိနဲ့ကိုယ်တွေ့"လို့ စာတန်းတစ်ခုဖြည့်ပြီး ရေးလိုက်သတဲ့။

ကိုယ်တွေ့ကြုံခဲ့ရပုံမှာ ၁၃၂၄ ခုနှစ်၊တပေါင်းလလောက်က မန္တလေးမှာအတူနေခဲ့တဲ့ ဘိုကလေးမြို့နယ်၊ ပေချောင်းကြီးကျေးရွာ၊ ဦးကေလာသ ထံ"ယခုနာမည်ကြီးနေတဲ့ဂန့်ဂေါ်တစ်ထောင်ဘုန်းကြီးထံ" သွားပြီးလည်ပါတယ်။အပြန်ဘိုကလေးမြို့၊စံကျောင်းမှာတည်းခို နေထိုင်စဉ် ဖိုးဒိကွဲသား၊ဦးဥတ္တမ+ ဦးဝါသဝတို့နှင့်ခင်မင်ရင်းနှီးပြီး ဖိုးဒိကွဲရွာမှာ စပေါင်းရှင်ပြုပွဲရှိသဖြင့် ရောက်ဖူးအောင် လိုက်ခဲ့ပါလို့ မော်တာနဲ့လိုက်သွားပါတယ်။ ဟိုရောက်တော့ ဦးဥတ္တမ-ကရွာထဲ သွားပြီး၊တကာ+တကာမတွေကို ညကျရင်ယခုကြွလာတဲ့'ဓမ္မာစရိယ-စစ်ကိုင်း' ဦးပဥ္စင်းလေးက-'တရားဟောမည်-တရားနာလာကြ' ပါလို့၊ကိုယ်မသိအောင် ကြော်ငြာထားလိုက်တယ်။ ညနေ ရောက်တော့ အသံချဲ့စက်ကြီးနဲ့ မဏ္ဍပ်ထဲကနေကြော်ငြာပါလေရော၊ အဲဒီအသံကြားမှ ဦးဥတ္တမဆီသွားပြီး၊"ဦးဇင်း-ဘာဖြစ်လို့ကြော်ငြာ တာလဲ? တပည့်တော်ကတရားမဟောတတ်ဘူး"လို့ပြောတော့

## နိဒါန်း

သူက–တဟဲဟဲနဲ့ရယ်ပြီးရွတ်တွတ်တွတ်၊နောက်တောက် တောက်နဲ့၊ 'ဦးဇင်း–မဟောတတ်လည်း သီလပေးပါ၊အနည်းငယ်၊ ဟိုပြောဒီပြော ဆယ့်ငါးမိနစ်မိနစ်နှစ်ဆယ်လောက်ပြောပါ။ ပြောပြီးတော့ဆင်းခဲ့ပါ၊ပြီးတော့ ဦးဝါသဝ–ကဆယ့်ငါးမိနစ်၊ မိနစ်နှစ်ဆယ်လောက်ပြောမယ်၊ ပြီးတော့ တပည့်တော်ကပြောမယ်၊ (၃)ပါးပြောလိုက်ရင် တစ်နာရီပြည့်တော့တော်ကြတာပေါ့'တဲ့။

သူကတော့ သူ့အစီအစဉ်နဲ့သူဟုတ်နေတာပေါ့၊ ဒီကဖြင့် အသံချဲ့စက်နဲ့အော်သံကြားကတည်းက'နလုံးတွေကတုံ၊ရင်တွေကခုန်' နေမထိ၊ထိုင်မထိ၊ ကျင်ကြီးစွန့်ရတော့မလိုလို၊ကျင်ငယ်စွန့်ရတော့ မလိုလို၊စိုးရိမ်ကြောင့်ကြ ပူပင်သောကတွေဖြစ်ပြီး အတော့ကိုအခက် အခဲဖြစ်ခဲ့ရပါတယ်။ ဓမ္မာစရိယ–ဆိုတဲ့ဘွဲ့ထည့်ပြီးကြေငြာထားတော့ 'ဂုဏ်နှင့်ဂုဏေး'မကိုက်ညီလျှင် အထင်အမြင်သေး၊ အကဲ့အရဲ့က ခံရပေလိမ့်ဦးမယ်ဟုအမျိုးမျိုးဟိုစဉ်းစား၊ဒီစဉ်းစားနဲ့မှောင်စကလည်း ပျိုးလာပြီ၊ ရှောင်တိမ်းလို့ကလည်းမရတော့ဘူး၊ ဘယ်တရားများ ဟောရကောင်းမလဲ ?လို့ကိုယ့်ကိုကိုယ်အားတင်းပြီး ရှေးဦးစွာ ငါးပါးသီလပေးမယ်၊ 'မဟာစည်ဆရာတော်ဘုရားကြီးထံ– နေခဲ့စဉ်က ကြားခဲ့တဲ့–သီလအနက်ပေးနည်းကို ပေးမယ်၊ ရှင်ပြုဆိုတော့ကြား

ဖူးတဲ့ "ရှင်ရာဟုလာဝတ္ထု " ကလေးကိုပြောမယ်၊ နောက်ဆုံး "အပ္ပမာဒေန သမ္ပာဒေထ"ကိုအနက်ပေးပြီး တရားသိမ်းမယ်လို့ ဟောမယ့်အစီအစဉ်လေးစိတ်ကူးကြံစီထားလိုက်ပါတယ်၊ည(၇)နာရီခွဲ တရားပွဲစရန် ကြေငြာထားပါတယ်၊ည(၇)နာရီလောက်ရောက်တော့

## နိဒါန်း

ဘုန်းကြီး(၂)ပါးကြွလာတာတွေ့ပါတယ်၊မေးကြည့်တော့ မနက်ဖန်အလှူတရားဟောပင့်ထားတဲ့ ဘုန်းကြီးဖြစ်နေတယ်၊ ဒါနဲ့အဲဒီဘုန်းကြီးကို လျှောက်ထားတောင်းပန်ပြီးတပည့်တော်တို့ အခက်အခဲဖြစ်နေပါသဖြင့် ညတရားဟောပေးပါရန် လျှောက်ထား ရပါသည်၊ လက်ခံတဲ့အခါကျမှ 'ဆို့နေတဲ့ အလုံးကြီး'ကျသွားပြီး၊ စိုးရိမ်ပူပန်မှုတွေ ငြိမ်းအေးသွားခဲ့ရပါတော့သည်။

## ကျော်နှင့်က ရှင်ပြု

၁၃၃၇-ခုနှစ်၊တပိုတွဲလမှာ ဘထွေးဘုန်းကြီး ဦးကုသလ ပျံလွန်တော်မူသဖြင့် စစ်ကိုင်းမြို့၊ဖြတရော်ရွာကိုပြန်သွားခဲ့ပါတယ်၊ ဘုန်းကြီးပျံပြီးလျှင် ကျောင်းအပ်ပွဲကျင်းပပြီးကျောင်းထိုင်ရမည်ဟု သက်ဆိုင်ရာဘုန်းကြီးများနှင့်တကာတကာမများက ပြောဆိုကြသဖြင့် စဉ်းစားခါ 'ငါ-ဆယ်နှစ်ဆယ်မိုး-ဓမ္မာစရိယပြီးအောင်သင်ခဲ့တာဟာ တောကနပ်ချေးတွဲလောင်းကလေးတွေကို ကကြီး၊ခကွေးသင်ပေးဖို့ မဟုတ်ဘူး၊မြို့စာသင်တိုက်ကြီးတွေ စာချဖို့သင်လာခဲ့တာ၊ဒီမှာဆက်ပြီး နေရင်တော့ရည်ရွယ်ချက်မအောင်မြင်ဘဲ,ရေတိမ်နစ်တော့မှာဘဲ' ဆိုပြီး ဘုန်းကြီးပျံပြီးထိအောင်မနေတော့ဘဲ နိဗ္ဗာန်ကျောင်းချပြီး ဘယ်သူမှမသိအောင် ဖြတရော်ရွာမှ ထွက်ပြေးခဲ့ရပါတယ်။

ရန်ကုန်မြို့ အလုံဇမ္ဗူရတနာပါဠိတက္ကသိုလ် ကျောင်းမှာ နေသော်လဲ ခြေရာပျောက်တဲ့အနေနဲ့ကျောင်းကိုမဝင်ဘဲ ဖျာပုံမြို့ စက်ရုံကျောင်းမှာ ဦးကောသလ္လရှိဒါနဲ့(ဦးကောသလ္လ ဆိုတာ ယခု မစိုးရိမ်တိုက်သစ်ဆရာတော်ဟုထင်ပေါ်ကျော်ကြားသောဆရာတော်

## နိဒါန်း

ဦးရာဇမေ့၏အစ်ကိုကြီးအရင်းဖြစ်ပါတယ်)ဖျာပုံသင်္ဘောစီးပြီး ဦးကောသလ္လဆီ တပတ်လောက်နေခဲ့ပါတယ်။ ဦးကောသလ္လ က တပည့်တော်ရဲ့ရဟန်းအမတွေ မော်လမြိုင်ကျွန်းမှာရှိတယ်၊သွားလည် ရအောင်ဆိုပြီးသင်္ဘောနဲ့မော်ကျွန်းကိုသွားကြပါတယ်၊မော်ကျွန်း(၁၂)လမ်း ရဟန်းအမအိမ်(၃)ရက်လောက်နေပြီးဦးကောသလ္လ က ဖျာပုံပြန်သွား ပါတယ်။ ကျော်နရွာ၊ဦးဣန္ဒာစာရဆီ သွားလိုဒါနဲ့ တုံးလကျောင်းမှာ နှစ်ရက်လောက်နေပြီး ဦးဇောတ–ကလိုက်ပို့ပေးလို့ ကျော်နရွာ၊ ဦးဣန္ဒာစာရကျောင်းရောက်သွားပါတယ်၊ တပတ်လောက်ကြာတော့ သူ့ကျောင်းမှာရှင်ပြုပွဲတစ်ခုပြုလုပ်ပါတယ်။

## သိပါလျှက် အလုပ်ခက်

အတီး,အမှုတ်,အက,အခုံတွေနဲ့ရွာထဲမှာ လှည့်ပြီးဘုန်းကြီး ကန်တော့ရန် ကျောင်းကိုလာကြပါတယ်။ ရှင်လောင်းတွေရော တကာ,တကာမတွေရောကျောင်းပေါ်ကိုတအုံးအုံးတရုံးရုံးနဲ့တက်လာ ကြပါတယ်၊ဦးဣန္ဒာစာရနှင့်၂ပါးအတူစကားတပြောပြောနဲ့ကျောင်းပေါ် ဘုရားရှေ့မှာထိုင်နေကြပါတယ်။ရှင်လောင်းတွေ၊တကာ,တကာမတွေ ရှေ့မှာရောက်လာတော့ဦးဣန္ဒာစာရဟာအကြံတွေအိုက်ပြီးဘာလုပ် ရမှန်းမသိဖြစ်နေပုံရတယ်၊ ဟိုနားသွားလိုက်,ဒီနားသွားလိုက်နဲ့ ကျောင်းထိုင်ဘုန်းကြီးဖြစ်လာတာကလဲလေးလလောက်ရှိသေးတယ် ဆိုတော့ အတွေ့အကြုံကလဲမရှိသေးဘူး၊ ပထမဆုံးစတွေ့တာ ဆိုတော့ စိုးရိမ်စိတ်တွေများပြီးအခက်အခဲဖြစ်နေဒါနဲ့တူပါတယ်၊ သိတော့သိတယ်၊ မလုပ်တတ်ဖြစ်နေတော့ အနားမှာလာထိုင်ပြီး

## နိဒါန်း

မြန်မာလိုမေးရင်းလူတွေသိမှာစိုးတော့ ---

"ကိံ ကမ္မံ ကရိဿာမိ ဘန္တေ"

ဦးပဉ္ဇင်း-တပည့်တော်ဘာလုပ်ရမှာလဲ ?လို့ ပါဠိလိုမေးပါတယ်။

'ပဉ္စမံ ပဉ္စသီလံ ဒေဟိ' ရှေးဦးစွာ ငါးပါးသီလပေး လိုက်ပါလို့ ပါဠိလိုပြောလိုက်တော့ ကဲ .ကဲ သီလယူရမှာတဲ့ အားလုံးသီလယူကြဆိုပြီး ငါးပါးသီလပေးပါတယ်။

သီလပေးပြီးနောက် ကိုယ့်ဘက်ကိုလှည့်ပြီး

'သီလံ ဒတွာ ပုန ကိံ ကရိဿာမိ'

သီလပေးပြီးရှေ့ဘာဆက်လုပ်ရဦးမှာလဲ ?လို့မေးပြန်ပါတယ်။

ဒါနဲ့ 'ပဉ္စမံ ကေသမဿုံ ဩဟာရာပေတွာ၊ ကာသာယာနိ ဝတ္ထာနိ အစ္ဆာရာပေတွာ' ရှေးဦးစွာ ဆံချ,သင်္ကန်းဝတ်ပေးရမယ် လို့ပြောလိုက်တော့လုပ်ရမည့်အစီအစဉ်ကို သိသွားပြီး သရဏဂုံ သီလပေးပုံအားလုံးဆက်လက်လုပ်တတ်သွားပါတော့သည်။

(မရိုးရိမ်၊ အလယ်တိုက်ကြီးမှာ ဦးရာဇဓမ္မ ဦးဆောင်၍ ပါဠိစကားပြောအသင်းကလေးဖွဲ့ထားပါတယ်။ဒါကြောင့်ပါဠိလို, အနည်းငယ်မတောက်တခေါက်ပြောတတ်နေကြဒါပါ။)

ဤကဲ့သို့ ကျောင်းထိုင်ဘုန်းကြီးဖြစ်ခါစမှာ အခက်အခဲကြုံရ ပါတယ်။ ဒီအတွေ့အကြုံများကို သခ်ိန်းစာယူပြီး ရဟန်းဘဝသို့ ရောက်လာတာနဲ့တစ်ပြိုင်နက်တည်း ကံကြီး,ကံငယ်ကိစ္စတွေကောင် မှချတွေ့ကြုံရတော့မယ်။တွေ့တဲ့အခါအနီးအနားမှာကျွမ်းကျင်လိမ္မာတဲ့ ထေရ်ကြီးဝါကြီးများရှိလျှင်တော်ပါရဲ့-မရှိခဲ့လျှင် ကြားဖူးနားဝနဲ့ အလွဲလွဲ အမှားမှားတွေလုပ်မိကြလျှင်ဖြင့် 'သာသနာတော်ကြီး'

## နိဒါန်း

ပျက်ဆီးတော့မှာဘဲ၊ ငါသာ ကိုယ့်ကျောင်းနဲ့ကိုယ် ဖြစ်လျှင်တော့ အခြေခံဖြစ်တဲ့ ကံကြီးကံငယ်ပြုလုပ်ဆောင်ရွက်ပုံကို သင်ပေးမှဘဲ–ဟု အကြံဖြစ်ခါ ဤကံကြီး,ကံငယ်သင်တန်းကို

၁၃၃၄–(၁၉၇၂)ခုနှစ်ကစပြီး အသစ်ရောက်လာတဲ့ ရှင်ရဟန်းအားလုံးကို သင်ပေးခဲ့ခြင်းဖြစ်ပါသည်။

### အမှန်မကြိုက် အမြန်ကြိုက်

ကံကြီး၊ကံငယ်ဆောက်ရွက်ပြုလုပ်တဲ့အခါမှာ–

"ဗျတ္တေန ဘိက္ခုနာ ပဋိဗလေန"ဟူသော ခွင့်ပြုတော်မူချက်နှင့်အညီ ရှင်ပြု၊ သရဏဂုံပေးသောအခါ 'ဥဘတောသုဒ္ဓိ'၊ရဟန်းခံပေးသောအခါ 'ကေတောသုဒ္ဓိ'–နှင့်ပြည့်စုံစေရန် ဗျတ္တ, ပဋိဗလ ရဟန်းတော်များလိုအပ်ပေသည်။

ယခုခေတ်မှာ မဟာယာနဂိုဏ်း၊ဝဇ္ဇိပုတ္တကရဟန်းတွေယူဆတဲ့ အာဝါသကပ္ပ–သိမ်ကြီးတစ်သိမ်ထဲမှာ ၃/၄–နေရာခွဲ၍ တစ်ပြိုင်နက် ရဟန်းခံပေးကြခြင်း၊ ရဟန်း(၁၀)ပါး၊ ကမ္မဝါစာဆရာ(၁၀)ပါးဖြင့် တစ်ပြိုင်နက် ရဟန်းခံကြခြင်း၊ ဒုလ္လဘတွေ လေးငါးဆယ် ကမ္မဝါ တစ်ကြိမ်တည်းဖတ်၍ ရဟန်းခံပေးခြင်းမျိုးများ၊ သိမ်နှုတ်နေလျှင် ပင်ပန်းသည်နှုတ်နေစရာမလို–ဟု၄င်း၊ အနွံတံတိုင်းအတွင်း တစ်နယ်ဖြစ်သောကြောင့် တံတိုင်းအတွင်းရှိ သံဃာများသိမ်း၍ သိမ်သမုတ်လျှင် ဖြစ်သည်ဟု၄င်း၊ ဂါမခေတ်အတွင်းရှိ သံဃာ အားလုံးမသိမ်းဘဲ ရွာငယ်တစ်ရွာထဲရှိသော သံဃာကိုသာ သိမ်း၍ သမုတ်လျှင်ဖြစ်သည်ဟု၄င်း၊အာစိဏ္ဏကပ္ပမျိုးများ အလွယ်တကူ ပြုလုပ်နေကြသည်–ဟုကြားသိရပါသည်။

## နိဒါန်း

ယခုခေတ်က ‘ အမှန်ကိုမကြိုက်၊ အမြန်ကိုကြိုက် ’သောခေတ်ဖြစ်နေသောကြောင့်“သံဃသုဋ္ဌု+သံဃဖာသု”စသောသိက္ခာပုဒ်ပညတ်ရခြင်းအကျိုးတရားများနှင့် ပြည့်စုံနိုင်ပါစေခြင်းငှာ ‘ထေရဝါဒဗုဒ္ဓသာသနာတော်’၌ မှန်ကန်သောကံကြီး၊ကံငယ်ပြုလုပ် ဆောင်ရွက်နည်းကို ဉာဏ်မှီသမျှ ရေးသားလိုက်ရပါသည်။

ဘဒ္ဒန္တဓမ္မာနန္ဒ
၁၇၊ ၈၊ ၂၀၀၇

စစ်ကိုင်းစာသင်တိုက်
Ph.01-563803

## စစ်ကိုင်းစာသင်တိုက်ကြီး၏ ပဓာနနာယကဆရာတော်
## ဘဒ္ဒန္တ ဓမ္မာနန္ဒ ၏ ထေရုပ္ပတ္တိအကျဉ်း

### ♣ မွေးဖွားခြင်း

ဆရာတော်လောင်းလျာကို စစ်ကိုင်းတိုင်း၊စစ်ကိုင်းမြို့နယ်၊ မအူပင်သာဒွန်းရွာနေ ခမည်းတော်ဦးပေါ်ရှန်+မယ်တော်ဒေါ်ငွေအေး တို့မှ (၁၂၉၇)ခုနှစ်၊ ဝါခေါင်လပြည့်ကျော်(၁၁)ရက်၊ စနေနေ့တွင် မိးရှုးသန့်စင် ဖွားမြင်ခဲ့ပါသည်။ မွေးချင်း(၈)ယောက်အနက် ဆဋ္ဌမမြောက် သားမြတ်ရတနာဖြစ်ပါသည်။ ငယ်နာမည်မှာ 'မောင်လှထူး'ဖြစ်သည်။

### ♣ သာမဏေအဖြစ်သို့ ရောက်ရှိတော်မူခြင်း

ဆရာတော်လောင်းလျာသည် (၁၄)နှစ်သားအရွယ်(၁၃၁၁) ခုနှစ်၊ နယုန်လဆန်း(၁၀)ရက်နေ့တွင် စစ်ကိုင်းမြို့၊ ဘော်ဂါရပ်၊ ဘော်ဂါကျောင်းဆရာတော်(ဦးရီးတော်သူ)ဘုန်းတော်ကြီးဦးကုသလ ထံ၌ ခမည်းတော်+မယ်တော်တို့၏ပစ္စယာနုဂ္ဂဟအထောက်အပံ့ဖြင့် ရှင်သာမဏေအဖြစ်သို့ ရောက်ရှိခဲ့ပါသည်။ ဘွဲ့အမည်မှာ– " ရှင်ဓမ္မာနန္ဒ " ဖြစ်ပါသည်။

### ♣ ရဟန်းအဖြစ်သို့ရောက်ရှိတော်မူခြင်း

(၁၃၁၆)ခုနှစ်၊နတ်တော်လပြည့်နေ့တွင်'နိုင်ငံတော်ဝိနည်းဓိုရ်, ဆဋ္ဌသင်္ဂါယနာ ဩဝါဒါစရိယ,အဂ္ဂမဟာပဏ္ဍိတ,စကုမော်ဆရာတော် ဘဒ္ဒန္တဥတ္တမ ကိုဥပဇ္ဈာယ်ပြု၍ ခမည်းတော် + မယ်တော်တို့၏ ပစ္စယာနုဂ္ဂဟကိုပင်ခံယူကာ စစ်ကိုင်းတောင်၊တောလေးထပ်ခဏ္ဍသိမ် တော်မြတ်၌ မြင့်မြတ်သော ရဟန်းအဖြစ်သို့ရောက်ရှိခဲ့ပါသည်။

**✤စာပေသင်ယူခြင်းနှင့် စာမေးပွဲများအောင်မြင်တော်မူခြင်း**

ဥပဇ္ဈာယ်ဆရာတော်ဖြစ်သော ဘော်ဂါကျောင်းဆရာတော်၊ ရွှေဘုံသာကျောင်းဆရာတော်၊ 'အဂ္ဂမဟာပဏ္ဍိတ' တောလေးထပ်စကုမေှာ်ဆရာတော်၊'အဂ္ဂမဟာပဏ္ဍိတ'ဓမ္မာစရိယချောင်ဆရာတော်၊ စသော ဆရာတော်များထံတွင် လူငယ်ဘဝတတ်သင့်တတ်ထိုက်သော လောကီလောကုတ္တရာ အခြေခံစာပေများကို ထုံးချွန်စွာသင်ယူတတ်မြောက်ခဲ့ပါသည်။

ဇေယျာသိမ်ပါဠိတက္ကသိုလ် ဘဒ္ဒန္တပညိန္ဒာဘိဝံသ၊ ဘဒ္ဒန္တအဂ္ဂဝံသာဘိဝံသ၊ ပဋ္ဌာန်းသိပ္ပံဆရာတော်၊ မန္တလေးမစိုးရိမ်တိုက်သစ်၊ နာယကဆရာတော်ဘဒ္ဒန္တသီရိန္ဒာဘိဝံသ၊မစိုးရိမ်တိုက်'အဘိဓဇမဟာရဋ္ဌဂုရု' ပဋ္ဌာန်းဆရာတော်ဘဒ္ဒန္တဝိသုဒ္ဓါဘိဝံသ၊ ဘဒ္ဒန္တကောဝိဒါဘိဝံသ၊ ရွှေရေးဆောင်ဆရာတော် ဘဒ္ဒန္တပဏ္ဍဝံသ စသော ကျမ်းတတ်အကျော်ဆရာတော်တို့ထံတွင် အထက်တန်း လောကုတ္တရာစာပေများကိုအပတ်တကုတ် ဆည်းပူးလေ့လာ သင်ယူခဲ့ရပါသည်။

ဆရာတော်လောင်းလျာသည် သာမဏေဘဝကပင် စစ်ကိုင်းမြို့၌ ကျင်းပသော 'အဘိဓမ္မာ'စာမေးပွဲ၌'ပထမဆင့်'+'တတိယဆင့်' တို့ကိုလည်းကောင်း၊'ဝိနယာဓိက'စာမေးပွဲ၌'ဒုတိယဆု'ကိုလည်းကောင်း၊နိုင်ငံတော်အစိုးရက ကျင်းပသော ပထမငယ်,ပထမလတ်, ပထမကြီးစာမေးပွဲများကိုလည်းကောင်း၊အဆင့်ဆင့်အောင်မြင်တော်မူခဲ့ပြီး၊ (၁၃၂၃)ခုနှစ်တွင်"ဓမ္မာစရိယ"စာမေးပွဲကိုအောင်မြင်တော်မူသဖြင့် "သာသနဓဇ ဓမ္မာစရိယ"ဘွဲ့ကို ရရှိတော်မူခဲ့ပါသည်။

## ♣ စာပေပို့ချခြင်းနှင့် သာသနာ့တာဝန်များ ထမ်းဆောင်တော်မူခြင်း

ဆရာတော်သည် စစ်ကိုင်းမြို့၊စစ်ကိုင်းတောင်တောလေးထပ်ကျောင်း၌ ပညာဆည်းပူးနေစဉ် သာမဏေဘဝကပင် အဘိဓမ္မာသင်တန်းနှင့်အစိုးရ ပထမငယ်,ပထမလတ်တန်းများကို ဆရာတော်ကြီး၏ တာဝန်ပေးချက်အရ သင်ပြပို့ချပေးခဲ့ရပါသည်။ မန္တလေး–မစိုးရိမ်တိုက်၌ 'ရူပသိဒ္ဓိနှင့်ယမက' ကျမ်းများကိုလည်းကောင်း၊ ရန်ကုန်မြို့၊ဓမ္မာရုံတနာပါဠိတက္ကသိုလ်၊ ပုသိမ်မြို့၊သာသနာ့ရံသီပါဠိတက္ကသိုလ်၊ ကျုံမငေးမြို့၊အုန်းပင်ကျောင်းစာသင်တိုက်တို့၌ ပရိယတ္တိစာပေများကိုလည်းကောင်း သင်ပြပို့ချပေးခဲ့ရပါသည်။

ရန်ကုန်တိုင်း၊သာကေတမြို့နယ်၌ မဟာဂန္ဓာရုံကျောင်းတိုက်ကိုတည်ထောင်၍ ပရိယတ္တိစာပေများပို့ချခဲ့ခြင်း၊ သဃ်္ဃန်းကျွန်းမြို့နယ်၊ရန်ကုန်သစ်ရပ်ကွက်၌ သာသနာ့ပါလစာသင်တိုက်ကို တည်ထောင်၍ ပရိယတ္တိစာပေများပို့ချခဲ့ခြင်းတို့ကိုလည်း ဆောင်ရွက်တော်မူခဲ့ပါသည်။

(၁၃၃၄)ခုနှစ်သို့ရောက်သောအခါရန်ကုန်တိုင်း၊သဃ်္ဃန်းကျွန်းမြို့နယ်၊သုဝဏ္ဏမြို့၊နှင်းဆီကုန်း(က)ရပ်ကွက်၌"စစ်ကိုင်းစာသင်တိုက်"ကို ဓနိမိုးထရံကာ သံဃာတော်(၁၅)ပါးဖြင့် စတင်တည်ထောင်၍ ပရိယတ္တိစာပေများကိုသင်ကြားပို့ချစောင့်ရှောက်ခဲ့သည်မှာ ယခုနှစ်တွင် တပည့်သံဃာတော်(၃၅၀)ကျော်အထိ တိုးတက်အောင်မြင်ခဲ့ပါသည်။

ဆရာတော်သည် သိမ်(၁၄)လုံးကိုဦးဆောင်၍ သိမ်သမုတ်ခဲ့ခြင်း၊သဃ်္ဃန်းကျွန်းမြို့နယ်၊ပထမပြန်စာမေးပွဲ ကြီးကြပ်ရေး–

ကော်မတီဥက္ကဋ္ဌတာဝန်ကိုလည်းကောင်း၊ သင်္ဃန်းကျွန်းမြို့နယ်၊ဝိနည်းစာပြန်ပွဲကျင်းပရေးကော်မတီဥက္ကဋ္ဌတာဝန်ကိုလည်းကောင်း၊ အစိုးရ ဓမ္မာစရိယစာမေးပွဲ ဩဝါဒါစရိယ အဖြစ်လည်းကောင်း၊ သင်္ဃန်းကျွန်းမြို့နယ်အရှေ့ခြမ်း၊ မလွန်ဆန်လှူအသင်းထောက်၏ ဩဝါဒါစရိယအဖြစ်လည်းကောင်း၊ သုဝဏ္ဏမြို့၊မြို့ဦးစေတီတော် ဩဝါဒါစရိယဆရာတော်အဖြစ်လည်းကောင်း ဆောင်ရွက်ခဲ့ပါသည်။

ဆရာတော်သည် ကျောင်းဆောက်ခြင်း၊လမ်းတံတားများပြုပြင်တည်ဆောက်ခြင်းများကိုဆောင်ရွက်တော်မူခဲ့ပါသည်။

ပထမအကြိမ်၊မြို့နယ်သံဃနာယကအဖွဲ့အတွင်းရေးမှူးအဖြစ်လည်းကောင်း၊ ဒုတိယအကြိမ်၊မြို့နယ်သံဃနာယကအဖွဲ့ ဒုတိယဥက္ကဋ္ဌအဖြစ်လည်းကောင်း၊သံဃသမုတိအဖြစ်လည်းကောင်း၊စတုတ္ထအကြိမ်၊ ယခုလက်ရှိ 'နိုင်ငံတော်ဗဟိုသံဃာ့ဝန်ဆောင်'အဖြစ်လည်းကောင်း၊ဆောင်ရွက်တော်မူဆဲဖြစ်ပါသည်။ (၁၉၉၈)ခုနှစ်မှစ၍ နိုင်ငံတော်သံဃဝိနိစ္ဆယအဖွဲ့တာဝန်ကိုလည်းကောင်း၊ နိုင်ငံတော်စိစစ်ရေးအဖွဲ့ အကျိုးဆောင်တာဝန်ကိုများကိုလည်းကောင်း၊ဆောင်ရွက်တော်မူခဲ့ပါသည်။

## ♣ ပြုစုရေးသားခဲ့သောကျမ်းများ

ဆရာတော်သည် တပည့်စာသင်သားများအတွက်–

(၁) ဝတ္တဘဏကစာအုပ်၊ (၂) ပဗ္ဗဇ္ဇာဒိဒီပကစာအုပ်၊

(၃) စစ်ကိုင်းစာသင်တိုက်ကြီး၏ "သိမ်သမိုင်း"စာအုပ်နှင့်၊

(၄) (ယခု) ကမ္မာကမ္မသင်တန်းစာအုပ်တို့ကိုရေးသားပြုစုတော်မူခဲ့ပါသည်။

## ♣ သာသနာတော်ဆိုင်ရာ ဘွဲ့တံဆိပ်တော်များ ဆက်ကပ်ခံရခြင်း၊

ဆရာတော်သည် စစ်ကိုင်းစာသင်တိုက်ကြီးကို(၁၃၃၄)ခုနှစ်မှ စ၍ တည်ထောင်တော်မူပြီး အခြေပြုမူလတန်းမှအစိုးရဓမ္မာစရိယ တန်းအထိ တပည့်သံဃာ(၃၅၀)ကျော်တို့အား နေ့ဝါညဝါများပို့ ချလျှက် ကျောင်းတိုက်ကြီး၏ ပဓာနနာယကတာဝန်များကိုထမ်း ဆောင်နေခြင်းများကြောင့် မန္တလေးမြို့၊'ပရိယတ္တိသာသနဟိတ' အသင်းကြီးက (၁၃၆၀)ပြည့်နှစ်၊တပိုတွဲလဆန်း(၁၄)ရက်နေ့တွင် "ပရိယတ္တိသာသနဟိတဓရဂုဏာဝိသိဋ္ဌ"ဘွဲ့တံဆိပ်တော် ချီးမြှင့် ဆက်ကပ်ခြင်းကို ခံယူခဲ့ပါသည်။

အနှစ်(၄၀)ကျော်တိုင် ပရိယတ္တိစာပေများပို့ချခြင်း၊ ဘက်စုံ သာသနာပြုလုပ်ငန်းများကို စိတ်အားထက်သန်စွာ ဆောင်ရွက်တော် မူခြင်း၊ သီလ၊သမာဓိ၊ပညာဂုဏ်တို့နှင့်ပြည့်စုံခြင်း၊ဂဏာစရိယဂုဏ်၊ ဂန္ထဓုရာဝဟဂုဏ်၊ပရိယတ္တိဝိသာရဒဂုဏ်၊သံဃဂဏာဝိရောစနဂုဏ်၊ လဇ္ဇီပေသလ သိက္ခာကာမ-စသောဂုဏ်တို့နှင့်ပြည့်စုံတော်မူခြင်းတို့ ကြောင့် ပြည်ထောင်စုမြန်မာနိုင်ငံအစိုးရ၊နိုင်ငံတော်အေးချမ်းသာယာ ရေးနှင့်ဖွံ့ဖြိုးရေးကောင်စီမှ သက္ကရာဇ်,၁၃၆၁(၂၀၀၀,ပြည့်)ခုနှစ်တွင် "အဂ္ဂမဟာဂန္ထဝါစကပဏ္ဍိတ" ဘွဲ့တံဆိပ်တော်ကိုလည်းကောင်း၊

ဆရာတော်သည် ပရိယတ္တိ+ပဋိပတ္တိလုပ်ငန်းများတွင်တစိုက် မတ်မတ် ကြိုးစားဆောင်ရွက်တော်မူခြင်း၊ အရပ်လေးမျက်နှာမှ စာသင်သား သံဃာတော်အပါး(၃၅၀)ကျော်တို့အား နေ့ညမပြတ် စာပေပို့ချခြင်း၊ ကျောင်းတိုက်ကြီးအား စနစ်တကျ ကွပ်ကဲအုပ် ချုပ်တော်မူနိုင်ခြင်း၊ တပည့်ဒါယကာ+ဒါယိကာမများအား ကုသိုလ်

တရားပွဲများစေရန်သွန်သင်ဆုံးမတော်မူနိုင်ခြင်းများကြောင့် ပြည်ထောင်စုမြန်မာနိုင်ငံအစိုးရ၊ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီက · သက္ကရာဇ်,၁၃၆၅(၂၀၀၄)ခုနှစ်တွင် "အဂ္ဂမဟာပဏ္ဍိတ" ဘွဲ့တံဆိပ်တော်ကိုလည်းကောင်း၊ ဆက်ကပ်လှူဒါန်းခြင်းကို ခံယူရရှိတော်မူခဲ့ပါသည်။

♣ တပည့်သာဝက'ဒါယကာ–ဒါယိကာမ'အားလုံးတို့၏ ကြည်ညိုလေးစားခြင်းကိုခံယူရရှိတော်မူခြင်း၊

ဆရာတော်ကြီးသည် တပည့်သံဃာများကိုပြုစုပျိုးထောင်ရာတွင် **"အတိတ်မှ ဘယ်လိုရေစက်ဝင်ရှိခဲ့သောမှ မိမိ၏အရိပ်အောက်ကို ရောက်လာသောအခါ ကောင်းလျှင်ကျေနပ်သည်၊ကောင်းအောင်လည်း ပြုပြင်မည်၊ မိမိကိုမှီခိုနေသော တပည့်သာဝကများသာ သနားတော်တွင် ပျော်အောင်မွေးမြူမည်"**–ဟူသောခံယူချက်များဖြင့် တပည့်သာဝကတို့အပေါ်တွင် သည်းခံခြင်း၊ဆရာ,တပည့်–ဟူ၍မခွဲခြားဘဲသာသနာ့ညီအကို–ဟူသောခံယူချက်ဖြင့် တန်းတူဆက်ဆံခြင်း၊မေတ္တာစေတနာကြီးမားခြင်း၊'သံဃာ့လာဘ်လာဘကိုသံဃာတော်တို့အား,အပြည့်အဝခံစားစေခြင်း၊တပည့်သံဃာများ၏ အာဂန္တုရဟန်း၊လူငယ်သည်များကို မိမိညှော်သည်ပမာ တာဝန်ယူ၍ညှော်ဝတ်ကျေခြင်း၊လူမျိုးမရွေး၊ ဘာသာမရွေး၊ကြီးငယ်မရွေး၊ဆင်းရဲချမ်းသာမရွေး၊ဂုဏ်ထူးရှိ/မရှိ မရွေးဘဲ၊ ဆင်းရဲသူများ၊ရာထူးနိမ့်သူများ၊ကလေးသူငယ်များ၏ အားကိုယုံကြည်ချစ်ခင်လေးစားခြင်းကို ခံယူရရှိတော်မူပါသည်။

## ကမ္ဘာကမ္ဘသင်တန်း [၁]

## နမော တဿ ဘဂဝတော အရဟတော သမ္မာသမ္ဗုဒ္ဓဿ

"ရတနတ္တယဿ ပူဇံ သဗ္ဗကိစ္စေသု ပုဗ္ဗကိစ္စံ"

ရတနတ္တယဿ–ရတနာသုံးပါးအပေါင်းအား၊ ပူဇံ–ပူဇော်ရခြင်းသည်၊ သဗ္ဗကိစ္စေသု–အလုံးစုံသောကိစ္စတို့၌၊ ပုဗ္ဗကိစ္စံ–ရှေးဦးစွာပြုသင့်ပြုထိုက်သောပုဗ္ဗကိစ္စပါပေတည်း။

လောကီရေးနှင့်ပတ်သက်တဲ့စီးပွါးရေး၊ကြီးပွါးရေး၊လူမှုရေးဘဲပြုလုပ်ပြုလုပ် လောကုတ္တရာနဲ့ပတ်သက်တဲ့ ဂန္ထဓုရ ဝိပဿနာဓုရဖြစ်တဲ့စာသင်ခြင်း၊တရားအားထုတ်ခြင်းဘဲပြုလုပ်ပြုလုပ်ရတနာသုံးပါးကိုမမေ့ကောင်းဘူး၊ ရှေးဦးစွာပြုလုပ်ရမည့်အမိကကျတဲ့ ပုဗ္ဗကိစ္စဖြစ်ပါတယ်။

အဲဒါကြောင့်ဒီသင်တန်းသင်တဲ့အခါမှာလည်း ရတနာသုံးပါး ဆရာသမားများကိုရှိခိုးကြရမှာဖြစ်ပါတယ်၊ ကျမ်းပြုတဲ့ ကျမ်းပြုဆရာတော်ကြီးများကတော့ စာတတ်ပေတတ်အကျော်အမော် ဆရာတော်ကြီးများဖြစ်တော်မူကြသောကြောင့် ရတနတ္တယ ပဏာမဂါထာတော်များ သီကုံးဖွဲ့နွဲ့ပြီးရတနာသုံးပါးဆရာသမားများကိုပူဇော်တော်မူကြပါတယ်။

ကိုယ်တော်တို့ တပည့်တော်တို့ကတော့တသီးတခြားဂါထာတို့ဖြင့်မဖွဲ့နွဲ့ မသီကုံးတတ်တဲ့အတွက် အများရှိခိုးနေကြဖြစ်တဲ့ နမော တဿဂါထာတော်ဖြင့်ရှိခိုးကြရမှာဖြစ်ပါတယ်။ နမော တဿ ဂါထာတော်ကြီးဟာငါတို့ကလေးတည်းကရနေတာပဲ၊စာအုပ်တွေရဲ့မျက်နှာဖုံးခေါင်းစည်းမှာအမြဲပါနေတာပဲ၊တွေ့နေရတာပဲဆိုပြီးအထင်မသေးကြပါနဲ့။နမောတဿ–ဟာဒီဂေါတမဘုရားလက်ထက်မှာသာ ရှိခိုးတာမဟုတ်ပါဘူး၊ရှေးဘုရားအဆူဆူလက်ထက်မှာလည်း ဒီနမော တဿ–ဂါထာဖြင့်ရှိခိုးခဲ့ကြတဲ့သာဓကတွေအများကြီးရှိပါတယ်၊ဒါတွင်မကသေးဘူး၊နမော တဿ ဂါထာတော်ကြီးဟာ သာတာဂိရိနတ်မင်း၊အသုရိန်နတ်မင်း၊စတုမဟာရာဇ်နတ်မင်း၊သိကြားမင်း၊ဗြဟ္မာမင်းဆိုတဲ့နတ်မင်းကြီးငါးဦးရှိခိုးတဲ့ဂါထာတော်ကြီးလို့ယုံကြည်ကြပြီးအမြဲတမ်းရှိခိုးပုတီးစိပ်ရွတ်ဖတ်သရဇ္ဈာယ်ခြင်းကို

ပြုလုပ်ကြလျှင် ဘေးရန်ကင်းကွာ ကျန်းမာချမ်းသာပြီး လောကီ လောကုတ္တရာအကျိုးတိုးပွါးစေနိုင်သည်ဟုယုံကြည်ကြသဖြင့် ကျမ်းစာအုပ်တွေမှာပဲဖြစ်စေ၊အခမ်းအနားကျင်းပပွဲတွေမှာပဲဖြစ်စေ၊အရာဌာနတိုင်းမှာ နမောတဿဂါထာတော်ကြီးကို ဦးထိပ်မှာပန်ဆင်ရှိခိုးကန်တော့ပြီးမှ လိုအပ်သောကိစ္စများကိုဆက်လက်ဆောင်ရွက်လေ့ရှိကြပါတယ်။

ဘာဖြစ်လို့လဲဆိုတော့နမောတဿဂါထာတော်ထဲမှာပါတဲ့ဘဂဝါဂုဏ်တော်၊အရဟံဂုဏ်တော်၊သမ္မာသမ္ဗုဒ္ဓဂုဏ်တော်ဤဂုဏ်တော်သုံးပါးဖြင့် ဘုရားရှင်၏အနန္တဂုဏ ဂုဏ်တော်တွေအားလုံးအကျုံးဝင်ပြီးသားဖြစ်သွားသောကြောင့်၊အဓိကအကျဆုံး၊အထိရောက်ဆုံး၊အထက်မြက်ဆုံး၊ အကောင်းဆုံးဘုရားရှိခိုးဂါထာဖြစ်ပါတယ်ဒါကြောင့်ရှေးရှေးဘုရားရှင်များ လက်ထက်မှ ယခုတိုင်အောင်စဉ်ဆက်မပြတ် အရာဌာနတိုင်းမှာ နမောတဿဂါထာဖြင့် ရှေးဦးစွာပန်ဆင်ရှိခိုးကန်တော့ခြင်းအမှုပြုလုပ်လျှက်ရှိကြပါတယ်။အခုလည်း တပည့်တော်တို နမောတဿ ဖြင့် ရှိခိုးရမှာဖြစ်ပါတယ်။

ဘုရားရှိခိုးတဲ့အခါမှာ ပေါ့ပေါ့တန်တန် ဝတ်ကျေတန်းကျေ သဘောမျိုးနဲ့ရှိမခိုးပါနဲ့၊စိတ်ထဲကအာရုံပြုပြီး ဥတ္တမင်္ဂခေါ်တဲ့ဦးထိပ်ပေါ် ဘယ်ပခုံး ညာပခုံးပေါ်ရှေ့မျက်နှာတဲ့တဲ့မှ သက်တော်ထင်ရှားရှိတဲ့ ဘုရားရှင်ကိုယ်တော်မြတ်ကြီး မားမားမတ်မတ်ကြွရောက်တော်မူလာပြီး "အပ္ပမာဒေန ဘိက္ခဝေသမ္ပါဒေထ " ချစ်သားတို့- ပရိယတ္တိသဒ္ဓမ္မ၊ ပဋိပတ္တိသဒ္ဓမ္မ၊ပဋိဝေဓသဒ္ဓမ္မ-ဆိုတဲ့သဒ္ဓမ္မသုံးဖြာသာသနာတော်ကြီးကို မမေ့လျော့ မပေါ့မတန်သော သတိတရားဖြင့် အနှစ်များမြောင်ရှည် မြင့်ကြာအောင် "သာသနာပြုရစ်ကြကုန်လော့"ဟုမိမိတို့ရဲ့မျက်နှာကို လက်ညှိုးတော်နဲ့ထိုးပြီး တာဝန်တရပ်လွှဲအပ်ညွှန်ကြားတော်မူနေတဲ့ ပုံကိုနှလုံးသွင်းလျှက် ယုံယုံကြည်ကြည်, လေးလေးစားစား,မြတ်မြတ် နိုးနိုး လက်အုပ်ချီမိုး၍ ပင့်ဆောင်ရှိခိုး ကန်တော့ရမှာ ဖြစ်ပါတယ်။

ဘုရားရှင်ပေးတော်မူတဲ့ တာဝန်ကြီးကိုလည်း သာသနာ့ဝန်ထမ်းရှင်+ရဟန်းပီပီ မမိုတ်မသုန် အရိုးကြေကြေ၊ အရေခန်းခန်း သာသနာ့အန္တရာယ် ရန်စွယ်ဟူသမျှကို ချေမှုန်းတိုက်ဖျက် အောင်ပွဲခံအနိုင်ယူ သာသနာ့အလံထူမယ်လို့-ယုံကြည်မှု-သဒ္ဓါ,ထက်သန်မှု-စေတနာ၊ အားထုတ်မှု-ဝီရိယ၊ ဆင်ခြင်မှု-သတိပညာတို့ဖြင့် မိမိအပေါ်ကျရောက်လာတဲ့ တာဝန်ကို မခိုမကပ် မြင့်မြတ်သောစိတ်ထားဖြင့် ဘုရားစကားနားထောင်၊ဘုရားမျက်နှာကိုအမြဲတမ်းကြည့်ပြီး တာဝန်ကိုထမ်းဆောင်ကြမှသာလျှင် "ဗုဒ္ဓသာသနံ စိရံ တိဋ္ဌတု" သာသနာတော်ကြီးအရှည်သဖြင့်တည်တံ့ခိုင်မြဲနေမှာဖြစ်ပါတယ်။

အေးဒါကြောင့် ဘုရားရှင်ရဲ့ မနှိုင်းယှဉ်နိုင်သောဂုဏ်တော်ကျေးဇူးတော်များကို အာရုံပြုပြီး အားလုံးဆောင့်ကြောင့်ထိုင်လက်အုပ်ချီပြီး "နမော တဿ"သုံးကြိမ် ရွတ်ဆို၍ ကန်တော့ကြ။

အနက်ချပေးမယ်၊တေးကြ၊လိုက်ဆိုကြ။ အရဟတော-ဗြဟ္မာနတ်,လူ-သုံးဘုံသူတို့၏ ကြည်ဖြူကော်ရော် ပူဇော်အထူးကို ခံတော်မူထိုက်ထသော၊ သမ္မာသမ္ဗုဒ္ဓဿ-အလုံးစုံသောတရားတို့ကို မဖောက်မပြန် သယမ္ဘူဉာဏ်ဖြင့် မိမိအလိုလို ကိုယ်တော်တိုင်သိတော်မူပြီးထသော၊ တဿ ဘဂဝတော-ဘုန်းတော်ခြောက်စုံ တန်ခိုးဂုဏ်နှင့်ပြည့်စုံတော်မူသော ထိုမြတ်စွာဘုရားအား၊ မေ-အကျွန်ုပ်၏၊(ဝါ-ခန္ဓာငါးတန် ရုပ်နှင့်နာမ်ကို ငါဟုသမုတ် အကျွန်ုပ်၏)နမော-လက်ဆယ်ဖြာထိပ်မှာမိုး၍ ရိုသေမြတ်နိုး ရှိခိုးခြင်းသည်၊ အတ္ထု-ဖြစ်ပါစေသတည်း။(ဝါ-ဖြစ်ပါစေသား၊ ဝါ-ဖြစ်ပါစေခလို။)

## တရားတော် ရှိခိုးပုံ

အရဟတော(ပ)ထသော၊သမ္မာသမ္ဗုဒ္ဓဿ-ထသော၊ တဿ ဘဂဝတော-ထို-သည်၊ဒေသိတဿ-ဟောကြားတော်မူအပ်သော၊ ဓမ္မဿ-မဂ်လေးတန်,ဖိုလ်လေးတန်,နိဗ္ဗာန်,ပရိယတ္တိဟုဆိုအပ်သော ဆယ်ပါးသောတရားတော်မြတ်အား၊မေ-၏၊နမော-သည်၊အတ္ထု-တည်း။

## စစ်ကိုင်းစာသင်တိုက်
## သံဃာတော်ရှိခိုးပုံ

အရဟတော-(ပ)-ထသော၊သမ္မာသမ္ဗုဒ္ဓသ-(ပ)-ထသော၊ တဿဘဂဝတော-ထို-၏၊သာဝကသ-တပည့်သားဖြစ်တော်မူသော၊ သံဃဿ-မဂ္ဂဋ္ဌာန်လေးယောက်ဖလဋ္ဌာန်လေးယောက် ဟုဆိုအပ်သော ရှစ်ယောက်သောအရိယာသံဃာနှင့်ယှဉ်မျက်မှောက်ရှိသမ္မုတိသံဃာတော် အရှင်မြတ်များအား၊မေ-(ပ)၏၊နမော(ပ)သည်၊အတ္ထု-(ပ)-တည်း။

## ဆရာအားရှိခိုးပုံ

အရဟတော-(ပ)မှထိုက်ထသော၊ သမ္မာသမ္ဗုဒ္ဓဿ-(ပ) သိတော်မူပြီးထသော၊တဿဘဂဝတော-ထိုမြတ်စွာဘုရား၏၊သာဝ ကဿ-တပည့်သားဖြစ်တော်မူသော၊အာစရိယဿ-တနပဲ့ပြင်သွန်သင် ပေးတတ် ဆရာတော်အရှင်မြတ်အား၊ မေ-ငါဟုသမုတ် အကျွန်ုပ်၏၊ (ဝါ)မအောင်သေးခင် အောင်ကြွေးတင်၍ အောင်မြင်လိုကြောင်း အောင်ဆုတောင်း၍ အောင်ကြောင်းမင်္ဂလာအဖြာဖြာကိုလွန်စွာလိုရှိ တပည့်တော်၏၊ နမော-(ပ)သည်၊အတ္ထု-(ပ)သတည်း။

## ဆုတောင်း

ဣမိနာပုညကမ္မေန-ဤသို့ဘုရား၊တရား၊သံဃာ၊ဆရာသမား တို့အားရှိခိုးရသော ကောင်းမှုကံစေတနာကြောင့်၊ အနာယာသေန- အန္တရာယ်မရှိသဖြင့်၊အနုပဒ္ဒဝေန-ဘေးရန်မရှိသဖြင့်၊ အရောဂေန- အနာရောဂါမရှိသဖြင့်၊သုခေန-ချမ်းသာသဖြင့်၊အနာကုလေန,အနှောက် အယှက်မရှိသဖြင့်၊အာရာဘန္တော-အားထုတ်ဆဲဖြစ်သော၊အယံဂန္ထော,ဤ ကျမ်းသည်၊သိဃံ,လျင်မြန်စွာ၊သမိဇ္ဈတု,ပြီးစီးအောင်မြင်ပါစေသတည်း။

ရှင်ရဟန်းတွေကတော့ မိဘများကိုရှိခိုးစရာမလိုတော့ဘူး၊ လူတွေကရှိခိုးလိုတယ်ဆိုရင်အရဟတော-(ပ)ထသော၊ သမ္မာသမ္ဗုဒ္ဓဿ (ပ)ထသော၊တဿဘဂဝတောထိုမြတ်စွာဘုရား၏၊သာဝကာနံ-တပည့် သားများဖြစ်ကြကုန်သော၊မာတာပိတူနံ-မိခင်ဖခင်ကျေးဇူးရှင်တို့အား၊ နမော-ရှိခိုးပါ၏-ဟုရှိခိုးပါ ။

*ကမ္ဘာကမ္ဘသင်တန်း* ၅

## *ပုံတော်မကြည့်နဲ့ဂုဏ်တော်ကြည့်*

ဘုရားရှိခိုးတဲ့အခါမှာလည်း ရှိခိုတတ်ဘို့အရေးကြီးတယ်၊ ကျောက်ဆင်းတု၊ကြေးဆင်းတု၊သစ်သားဆင်းတုတော်များနဲ့ ရွှေတိဂုံစေတီတော်၊ဆူးလေစေတီတော်၊ ဗိုလ်တစ်ထောင်စေတီတော်စတဲ့– ရုပ်ပုံနဲ့စေတီတော်တွေကို ရွှေတွေဝင်းနေဒါကြည့်ပြီးကြည်ညိုဖွယ်ကောင်းတယ်၊ကြည်ညိုလိုက်တာဆိုပြီးထိုင်ရှိခိုးနေကြတယ်။

အဲဒါဘုရားရှိခိုးဒါမဟုတ်သေးဘူး၊ ဆင်းတုနဲ့စေတီကိုရှိခိုးနေဒါ။ ဥပမာ–ဆင်းတုတော်ကိုရှိခိုးတော့မယ်ဆိုလျှင်ဆင်းတုတော်ကိုကြည့်ပြီး စိတ်ထဲမှာနှလုံးသွင်းလိုက်ပါ၊ ဒီဆင်းတုတော်ပုံဟာ သက်တော်ထင်ရှားရှိတဲ့ဘုရားရှင်ကိုယ်တော်မြတ်ကြီးရဲ့ပုံတော်–အဆင်းတော်ကိုယ်စားထုလုပ်ထားတဲ့ရုပ်ပွားဆင်းတုတော်ဘဲ၊သက်တော်ထင်ရှားမြတ်ဘုရားဟာ လောကကြီးမှာ ဘယ်သူနဲ့မှ မတူသောကြောင့် မနှိုင်းယှဉ်နိုင်သောကြောင့် လူ့လောကမှာ အမြတ်ဆုံး ဩဇာအာဏာ ဂုဏ်ရှိန်အဝါ အကြီးဆုံးဖြစ်တဲ့လူမင်းတွေ၊ နတ်လောကမှာ အကြီးဆုံးဖြစ်တဲ့ သိကြားမင်းနတ်မင်းတွေ၊ ဗြဟ္မာလောကမှာ တန်ခိုးအကြီးဆုံးဖြစ်တဲ့ ဗြဟ္မာမင်းကြီးတွေကိုယ်တိုင်ဘုရားရှင်ကို ဖူးတွေ့လိုက်ရဒါနဲ့ တပြိုင်နက်ထဲ ဦးနှိမ်ဒူးတုပ်ဝပ်ပြားပြီး"နမော ဗုဒ္ဓဿ၊နမော ဗုဒ္ဓဿ"ဟု ပါးစပ်ကရေရွတ်ခါ ရှိခိုးခြင်းအမှုကိုပြုလုပ်ကြရပေတယ်။

လူမင်းနတ်မင်းဗြဟ္မာမင်းတွေကဘာပြုလို့ရှိခိုးကြသလဲဆိုလျှင် သူတို့ထက်သာလွန်တဲ့ သီလဂုဏ်၊သမာဓိဂုဏ်၊ပညာဂုဏ်၊ဝိမုတ္တိဂုဏ် ဝိမုတ္တိဉာဏဒဿနဂုဏ်တော်တွေနဲ့ ပြည့်စုံနေလို့ရှိခိုးကြခြင်းဖြစ်တယ်။ ကိုယ်တော်တို့ဘုရားရှိခိုးတဲ့အခါမှာလဲဘဲ အမှတ်တမဲ့ မဖြစ်စေဘဲ ငါတို့ဘုရားဟာသာမန်မဟုတ်ဘူး လူမင်း၊နတ်မင်း၊ ဗြဟ္မာမင်းတွေရှိခိုးခြင်းထိုက်တဲ့ ပူဇော်ခြင်းထိုက်တဲ့ အတုမရှိတဲ့အရဟံအစရှိတဲ့ဂုဏ်တော်အပေါင်းနှင့်ပြည့်စုံတော်မူတဲ့ဘုရားရှင်ပါလားလို့ ဂုဏ်တော်များကိုအာရုံပြု၍ရှိခိုးရမယ်။ အဲဒါမှဘုရားရှိခိုးတတ်တာပါ။

ရွှေတိဂုံစေတီကြီး ရွှေတွေဝင်းနေဒါကြည့်ပြီးရှိခိုးနေကြတာဟာ ရှိခိုးတတ်တာမဟုတ်သေးဘူး၊ ဘုရားရှိခိုးပါဆို စေတီရှိခိုးနေလို့ ဘုရားကိုစေတီကွယ်တယ်လို့ပြောကြဒါ(ဘုရားကို စေတီကွယ်တယ်၊ တရားကို ဓမ္မကထိကကွယ်၊ သံဃာကိုဘုန်းကြီးကွယ်သတဲ့)

တရားနာတဲ့အခါပဋ္ဌာန်းနာတဲ့အခါတရားအားထုတ်တဲ့အခါတွေ မှာလဲဘဲသန္နိဋ္ဌိက,အကာလိက,ဧဟိပဿိကစတဲ့တရားဂုဏ်တော်တွေ နှလုံးမသွင်းပဲနဲ့ဘယ်ဓမ္မကထိက ကိုယ်တော်ကအဟောကောင်းတယ် ဘယ်ပဋ္ဌာန်းရွတ်တဲ့ကိုယ်တော်ကအသံကောင်းတယ်၊ဘယ်သူ့တရားအား ထုတ်နည်းကမှ ကောင်းတယ်စသည်ဖြင့် ပုဂ္ဂိုလ်ကို ချီးမြှောက်နေ ကြလို့ ဘုရားဟောတဲ့တရားတွေ မထင်ရှားပဲ ကွယ်သွားတယ်၊ အဲဒါကြောင့် တရားကိုဓမ္မကထိကကွယ်တယ်–လို့ပြောကြတာ။

ဘုန်းကြီးရဟန်းရှိခိုးတဲ့အခါမှာလဲဘဲသုပ္ပဋိပန္နတာစတဲ့ သံဃာ့ဂုဏ်တော်များကို အာရုံပြုပွါးများဆင်ခြင်နှလုံးသွင်း၍ရှိခိုးရမယ်၊ အခုရှိခိုးရမယ့်ကိုရင် ဦးပဉ္စင်းဘုန်းကြီးဟာသာမန်ပုဂ္ဂိုလ်တွေမဟုတ်ဘူး ငါတို့ထက် အကျင့်သီလအားဖြင့်၎င်း၊ အားထုတ်မှုသမာဓိအားဖြင့်၎င်း၊ ဆင်ခြင်သိမြင်မှုပညာအားဖြင့်၎င်း၊ ကောင်းစွာကျင့်ကြံအားထုတ်သော အားဖြင့်သာလွန်တော်မူကြတယ်၊ဖြောင့်မှန်သောသဘောရှိတော်မူကြတယ်၊ အဲ့ဒီဂုဏ်တွေနဲ့ပြည့်စုံတဲ့၊သာသနာ့တာဝန်ထမ်းဆောင်တော်မူကြတဲ့ သံဃာတော်များကိုရှိခိုးမယ်ဆိုပြီး သံဃာဂုဏ်တော်များကိုအာရုံပြု နှလုံးသွင်း၍ ရှိခိုးရမယ် အဲဒီလိုမဟုတ်ဘဲ ဒါက–ငါ့ကိုရင်၊ငါ့ဦးပဉ္စင်း၊ ငါ့ဘုန်းကြီးဆိုတဲ့ ပုဂ္ဂိုလ်တွေကိုရှိခိုးနေရင် ရှိခိုးရာမရောက်ဘူး။ သံဃဂုဏ်အာရုံမပြုဘဲရှိခိုးနေကြလို့သံဃာကို ဘုန်းကြီးကွယ်တယ်လို့ ပြောဒါ။အဲဒါကြောင့်ရှိခိုးတဲ့အခါမှာ ဘုရား၊တရား၊သံဃာ၊ဆရာသမား၊ မိဘများရဲ့ဂုဏ်ကျေးဇူးကိုအာရုံပြု၍ရှိခိုးရမှာဖြစ်သောကြောင့် ပုံတော်ကို မကြည့်နဲ့ဂုဏ်တော်ကိုကြည့်ဟု ရှေးဆရာတော်ကြီးများက ဆုံးမတော် မူခဲ့ကြဒါဖြစ်တယ်။

ကမ္ဘာကမ္ဘသင်တန်း
## ဈေးဆရာတော်ကြီးများနည်း

အခုလဲ ရှေးဆရာတော်ကြီးများနည်းအတိုင်း(နမောတဿ)တစ်ပုဒ် တဂါထာတည်းဖြင့် ဘုရား၊တရား၊သံဃာ၊မိဘ၊ဆရာအားလုံးရှိခိုးတဲ့နည်းကို အဂ္ဂမဟာပဏ္ဍိတ ဆဋ္ဌသင်္ဂါယနာသြဝါဒစရိယနိုင်ငံတော်ဝိနည်းဓိုရ်ရှစ်ကိုင်းမြို့ မိမိ၏ဥပဇ္ဈာယ်ဆရာတော်ဖြစ်သော တောလေးထပ်စကုမော်ဆရာတော်ကြီးထံ စာတက်စဉ်ချပေးသောနည်းအတိုင်း မှတ်သား၍နောင်လာနောက်သားအာစရိယပရမ္ပရဆရာတပည့်စဉ်ဆက်သိစေခြင်းငှာသင်ကြားပေးရခြင်းဖြစ်ပါတယ်။
သု,စိ,ပု,ဘာ,ဝိ,လိ,သိ,ဓာ,ဆိုတဲ့အတိုင်းမှတ်သားထားကြပေါ့။

## ငယ်ဆရာကအဓိက

ဆရာသမားကိုရှိခိုးတဲ့အခါမှာ ငယ်စဉ်တောင်ကျေးကလေး ဘဝ ကကြီး၊ခကွေး၊မှမသိသေးတဲ့အရွယ်မှစပြီးသိအောင်သင်ပေးတဲ့ငယ်ဆရာမှစ၍ ယခုသင်ကြားပေးနေတဲ့ စာချ၊စာသင်၊ဆရာများတိုင်အောင် ဆရာများရဲ့သီလဂုဏ်၊သမာဓိဂုဏ်၊ပညာဂုဏ်၊ကိုအာရုံပြု၍ရှိခိုးကြရမှာဖြစ်ပါတယ်။ ရေးတတ်၊ဖတ်တတ်၊တဲ့တပည့်များကိုသင်ပေးရတဲ့ဆရာများကတော့မခက်လှပါဘူး။စာမေးပွဲ အောင်ချင်လျှင် ဒီစာတွေကျက်၊ဒီစာတွေရေးမှတ်လို့နည်းပေးလိုက်၊ရှင်းပြလိုက်တယ်ဆိုလျှင်ပြီးတာပါဘဲ။

မရေးတတ်၊မဖတ်တတ်၊ဘာမှမသိသေးခင်ကသင်ပေးရတဲ့– တောက ငယ်ဆရာတွေဟာတကယ်စဉ်းစားကြည့်လေလေ၊ကျေးဇူးကြီးလေလေဘဲ။ အဲဒီငယ်ဆရာတွေရဲ့ကျေးဇူးဟာဆပ်လို့မကုန်နိုင်အောင်ကျေးဇူးကြီးမားလှပါတယ်၊ အေး–ဒါကြောင့်ငယ်ဆရာက'ပထမအဓိက'၊ကြီးဆရာက'ဒုတိယ'အနေနဲ့ကျေးဇူးဆပ်သောအားဖြင့် ဆရာသမားများကို ရှိခိုးကြရဒါဖြစ်တယ်၊မြို့ကနေတောကို ပြန်သွားတဲ့အခါ လှူဖွယ်ပစ္စည်းပါသည်ဖြစ်စေ၊ မပါသည်ဖြစ်စေ၊ ရှေးဦးစွာဆရာသမားကိုကန်တော့ကြ၊ ဆရာသမားများက ငါ့တပည့်လေးတွေ

သိတတ်တယ်ဟဲ့-ဆိုပြီးအလွန်ဝမ်းမြောက်ကြတယ် ။

## ဓမ္မာစရိယ စာဖတ်တတ်ရဲ့လား

ဒီလိုဆရာရဲ့ကျေးဇူးကို သိတတ်အောင်ပြောနေရဒါက အကြောင်းမဲ့ပြောနေဒါမဟုတ်ပါဘူး။ငါရဟန်း(၅)ဝါလောက်တုန်းက မုံရွာ၊ဘုတလင်မြို့နယ်၊မောင်းထောင်ရွာကြီးကို ယခုကျောင်းထိုင်နေတဲ့ ဦးဣန္ဒာစာရ ကအလည်ခေါ်တာနဲ့ယွန်းဆက်ကျောင်းကိုလိုက်သွားပါတယ်၊ဆရာတော်ကြီးကိုသွားပြီးဦးချကြတော့ ဆရာတော်ကြီးက ဘာစာမေးပွဲတွေအောင်ပြီးပြီလဲ?ဘယ်အတန်းရောက်ပြီလဲ?လို့မေးပါတယ်။တပည့်တော် ဓမ္မာစရိယစာမေးပွဲဖြေထားပါတယ်ဘုရားလို့လျှောက်တော့ မင်းတို့ခေတ်ဓမ္မာစရိယတွေက စာတောင်မဖတ်တတ်ဘူးတဲ့၊အဲသလိုဆိုပြီး၊အဲဒီဘီရိုထဲကစာအုပ်တစ်အုပ်ယူလိုက်စမ်းတဲ့၊တွေ့တဲ့စာအုပ်ကိုယူလိုက်ပါတယ်၊ အဲဒီပါဠိတော်ကို မြန်မာပြန်စမ်းတဲ့၊တစ်ခါမှမတွေ့ဘူး၊မမြင်ဘူးတဲ့ ဆရာတော်ကြီးက အခုလိုရိုင်းလိုက်တော့ ဘုမသိ၊ဘမသိ ကြောက်ကြောက်လန့်လန့်နဲ့ စာမျက်နှာကိုလှန်ပြီးကြည့်လိုက်တော့ ပါစိတ်ပါဠိတော်စာအုပ်ဖြစ်နေတယ်၊ဒါနဲ့ မြန်မာလိုပြန်ပြီးပြလိုက်တယ်၊ တချို့အနက်မထင်တဲ့ပုဒ်ကိုတော့ မှန်းသန်းကျော်ကျက်ပြီးတစ်မျက်နှာနီးပါးပြန်ပြလိုက်တယ်၊ အဲဒီတော့ ပြုံးပြုံးကြီးလုပ်ပြီး တော်တော့-တဲ့၊ အင်း...မင်းစာတော့ နဲနဲဖတ်တတ်သားဘဲတဲ့၊ရှေးဆရာတော်ကြီးများဟာ ပါဠိ၊အဋ္ဌကထာ၊ဋီကာကျွမ်းကျင်တော်မူကြပါတယ်။

## ဆရာကို ရှိမခိုး

ဆက်လက်ပြီး ဆရာတော်ကြီးက ငါ့တပည့်တွေ ဗဟုသုတဖြစ်အောင်လို့ မန္တလေးမြို့၊စာသင်တိုက်ကြီးတွေကိုပို့ပေးထားတယ်၊ မန္တလေးကို တစ်နှစ်၊နှစ်နှစ်နေပြီး အငယ်တန်း၊အလတ်တန်းလေးတွေအောင်လာခဲ့ကြတယ်၊ သူတို့ကိုသူတို့ အထင်ကြီးပြီး ငါ့ကျောင်းကို

ပြန်လာတော့ (ငါ့ကိုတောင်ရှိမခိုးကြတော့ဘူး)။ မင်းတို့ယခုခေတ်လူတွေက ဆရာသမားရဲ့ကျေးဇူးကို သိတတ်တဲ့သူအလွန်ရှားတယ်၊ ဒါနဲ့ မဖြစ်တော့ဘူးဆိုပြီး မန္တလေးမှာမထားတော့ဘဲ ပြန်ခေါ်ထားရတယ်-ဟု ဆရာတော်ကြီးဦးရာဇိန္ဒ ကဝမ်းနည်းစရာ၊စိတ်မချမ်းသာစရာ အမိန့်ရှိတော်မူလိုက်တယ်၊ အဲသလို ဆရာသမားများဝမ်းနည်းစရာ၊စိတ်မချမ်းသာစရာများမဖြစ်ရလေအောင် ငယ်ဆရာများရဲ့အပေါ် အထင်အမြင်သေးမှုမှရှောင်ကြဉ်ပြီး ကျေးဇူးတရားကိုအထူးသိစေလို၍ ပြောပြနေရခြင်းဖြစ်ပါတယ်။

(ဆရာ ကာပြန် ၊ အာခေါင် လုံစုံး-မဖြစ်ကြပါစေနဲ့)

# ကမ္ဘာကမ္ဘ သင်တန်း

ကမ္ဘာကမ္ဘ-ဆိုတာ "ကံကြီး+ကံငယ်"လို့အဓိပ္ပါယ်ရတယ်။ ဖလာဖလံ-သစ်သီးကြီးငယ်၊ ဝဇ္ဇာဝဇ္ဇံ-အပြစ်ကြီးအပြစ်ငယ်-ဟုဆိုသလိုပါပဲ။ မြတ်စွာဘုရားသာသနာမှာ နေမယ်ဆိုလျှင် မကြာမီမှာကျောင်းထိုင်ဘုန်းကြီးများဖြစ်ကြလိမ့်မည်။ အဲဒီအခါ ပထမဆုံးပရိတ်ရွတ်၊ရှင်ပြု၊ရဟန်းခံ၊ကမ္မဝါဖတ်စတဲ့ကိစ္စတွေတွေ့ကြရမှာဖြစ်တယ်။ကျောင်းထိုင်ဘုန်းကြီးဖြစ်ခါစဆိုတော့ အတွေ့အကြုံကလည်းမရှိသေးဘူး၊ ဟိုယောင်ယောင် ဒီယောင်ယောင်နဲ့ အေး.....ဟိုဇာတ်ထဲကလို- ဟော့ကောင်၊ မင်းအလုည့်ကျပြီ၊ထွက်-ထွက်ဆိုတော့ အိပ်ချင်မူးတူးနဲ့ တွေ့ရာခေါင်းစွပ်ပြီးထွက်သွားတယ်၊ကန့်လန့်ကာရှေ့ရောက်တော့ ကိုယ်စွပ်လာတဲ့ခေါင်းက နတ်ခေါင်းမှန်းမသိ၊ဘီလူးခေါင်းမှန်းမသိ ယောင်တောင်တောင်နဲ့ နတ်စကားပဲပြောရတော့မလိုလို၊ ဘီလူးကြိမ်းဘဲကြိမ်းရတော့မလိုလို-အဲသလိုပဲ ကျောင်းထိုင်ဘုန်းကြီးဖြစ်ခါစမှာ ကိုယ့်ကိုကိုယ် နတ်လိုလို၊ဘီလူးလိုလို၊ဖြစ်တတ်တယ်၊ ဒါကြောင့် သံဃာမစုံခင် စာဝါတွေမကောက်သေးခင်

ကံကြီး+ကံငယ်ဆောင်ပုံပြုလုပ်တတ်အောင် တစ်လသင်တန်း ပေးရတယ် ။

## ကျောင်းထိုင်အင်္ဂါ

ဆယ်ဝါပြည့်တင်း ၊ ဝိဘင်းနှစ်ဖြာ ၊ ကမ္မာကမ္မ ၊
ခန္ဓကပုဒ် ၊ နာမ်ရုပ်ပိုင်ပိုင် ၊ ဟောပြနိုင် ၊
ကျောင်းထိုင်ငါးအင်္ဂါ ။

ကျောင်းထိုင်မယ်ဆိုလျှင် ကျောင်းထိုင်ဘုန်းကြီးအင်္ဂါငါးပါးနဲ့ ညီရတယ်။

(၁) ဆယ်ဝါပြည့်ရခြင်း ၊
(၂) ဘိက္ခုပါတိမောက်၊ ဘိက္ခုနီပါတိမောက်နှစ်ပါးနားလည်ရခြင်း၊
(၃) ကံကြီး+ကံငယ်ပြုလုပ်တတ်ခြင်း ၊
(၄) ခန္ဓကဝတ်နားလည်ရခြင်း ၊
(၅) နာမ်ရုပ်ပိုင်ပိုင်ဟောပြနိုင်ခြင်း ။

ဤအင်္ဂါငါးပါးနှင့်ပြည့်စုံမှကျောင်းထိုင်ဘုန်းကြီးဖြစ်တယ် ။

ဆယ်ဝါမရသေးဘဲနဲ့ ကျောင်းထိုင်လျှင်ကျောင်းစောင့်အဖြစ်နဲ့ ဆရာတော်ကြီးများ၏ ဩဝါဒခံယူပြီးနေရတယ်။

## *ဥပဇ္ဈာယ်ဆရာ မလုပ်ရ*

ဆယ်ဝါ၊ဆယ်ဝါအထက်လည်းဖြစ်၊ ဝိနည်းသိက္ခာပုဒ်၌လည်း ကျွမ်းကျင်လိမ္မာတဲ့ရဟန်းမှသာလျှင် ဥပဇ္ဈာယ်ဆရာ ပြုလုပ်၍ရဟန်းခံပေးရမည်ဖြစ်ကြောင်း ဝိနည်းမဟာဝါ၊ စာမျက်နှာ(၇၅)၌ ဝင်္ကန္တပုဏ္ဏား၏သား အရှင်ဥပသေန ရဟန်းသည် ရဟန်း(၂)ဝါသာရသေးလျက်အတူနေတပည့်ကို ရဟန်းခံပေးမှုကိုအကြောင်းပြုပြီး --- "အနုဇာနာမိ ဘိက္ခဝေ ဒသဝဿေန ဝါ အတိရေကဒသဝဿေန ဝါ ဥပသမ္ပါဒေတုံ "ဟုပညတ်တော်မူခဲ့ခြင်းဖြစ်ပါတယ် ။

ဆယ်ဝါ၊ဆယ်ဝါကျော်မှသာလျှင် နိဿျည်းဆရာပြုလုပ်ခြင်း၊ သာမဏေတို့ကိုလုပ်ကျွေးစေခြင်းများကိုလည်း ဆက်လက်ခွင့်ပြုတော်မူပါတယ်။ ဆယ်ဝါမပြည့်သေးလျှင် ဥပဇ္ဈာယ်ပြုလုပ်၍ ရဟန်းခံပေးလို့မရသေးပါဘူး။ ဆယ်ဝါပြည့်သော်လည်း ဝိနည်းသိက္ခာပုဒ်ကို မကျွမ်းကျင်လျှင်ဥပဇ္ဈယ်ဆရာမပြုလုပ်ရတဲ့အကြောင်းဟောထားပါတယ်။

## ရှင်ပြုပေးပုံ

ဤရှင်ပြုပေးပုံအစီအစဉ်ကတော့ ရာဟုလာ ဝတ္ထုမှာလာတဲ့အတိုင်း ရာဟုလာ–က "ဒါယဇ္ဇံ သမဏ ဒေဟိ၊ဒါယဇ္ဇံ သမဏ ဒေဟိ"လို့ ဘုရားရှင်ထံ နောက်ကလိုက်လာပြီး"ရဟန်းကြီး၊အမွေပေးပါ၊ ရဟန်းကြီး အမွေပေးပါ"ဟုတစာစာနဲ့အမွေလိုက်တောင်းနေသဖြင့် ကျောင်းရောက်တဲ့အခါ အရှင်သာရိပုတ္တရာ ကိုခေါ်ပြီး ချစ်သား–သာရိပုတ္တရာ၊ ရာဟုလာ–ကအမွေတောင်းနေတယ်၊လောကီအမွေမပေးဘူး၊ လောကုတ္တရာအမွေပေးမယ်၊ ရှင်ပြုပေးလိုက်–လို့ဘုရားရှင်က အမိန့်ရှိတော့ အရှင်သာရိပုတ္တရာက ဘယ်လိုရှင်ပြုပေးရမှာပါလဲ? ဘုရား–လို့လျှောက်ထားတဲ့အခါ ဘုရားရှင်က– "ပဌမံ ကေသမဿုံ ဩဟာရာပေတွာ"စသည်ဖြင့်ရှင်ပြုပေးပုံ အစီအစဉ်ကိုဟောကြားပါတယ် ။

(၁) ဆံ၊မုတ်ဆိတ်ကို ပယ်ရိတ်ပေးရမည်။

(၂) သင်္ကန်းကို ဝတ်ရုံပေးရမည်။

(၃) သရဏဂုံ ပေးရမည်။

"အနုဇာနာမိ ဘိက္ခဝေ ဣမေဟိ တီဟိ သရဏဂမနေဟိ သာမဏေရ ပဗ္ဗဇ္ဇံ" ဟုခွင့်ပြုပညတ်တော်မူပါသည်။

ဤခွင့်ပြုချက်အရ–အရှင်သာရိပုတ္တရာက ဥပဇ္ဈာယ်ပြုလုပ်ပေးသည်။ အရှင်မဟာမောဂ္ဂလာန်က ဆံချ၊သင်္ကန်းဝတ်၊သရဏဂုံပေးပါသည်။ အရှင်မဟာကဿပက ဩဝါဒပေးပါသည်။ မဟာဝါ၊ နှာ(၁၁၆)

ရှင်ပြုတဲ့အခါ အဲဒီအင်္ဂါသုံးပါးနဲ့ညီမှ ရှင်ဖြစ်ပါတယ်၊ဆံ-မုတ်ဆိတ်မပယ်ဘဲ၊ ကတုံးမတုံးဘဲ လူတွေကဲ့သို့ ဆံပင်ရှည်ကြီးတွေနဲ့လည်း ရှင်ပြုမပေးရဘူး။ ကတုံးတုံးရမယ်၊ ကတုံးတုံးတဲ့အခါမှာ ဥပဇ္ဈာယ်ဆရာကိုယ်တိုင်သော်၎င်း၊ တစ်ယောက်ယောက်သော်၎င်း၊ တုံးလို့ရပါတယ်။ ကတုံးတုံးပြီးလာခဲ့ရင်လည်းရပါတယ် ။

## သံဃာကို ပန်ကြား

တစ်နေ့သောအခါ ကမ္ဗာရဘဏ္ဍုအမည်ရှိတဲ့ ရွှေပန်းထိမ်၏သားတစ်ယောက်သည် မိဘများနှင့်အစဉ်မပြေဖြစ်၍ အိမ်မှထွက်ပြေးလာပြီး ကျောင်းသို့သင်္ကန်းဝတ်လိုကြောင်းလျှောက်ထားသဖြင့် သံဃာတော်များက ရဟန်းခံပေးထားလိုက်ပါတယ်။မိဘများက ကျောင်းသို့လိုက်လာပြီး'အရှင်ဘုရားတို့-တပည့်တော်တို့၏သား ကမ္ဗာရဘဏ္ဍုအမည်ရှိတဲ့ သူငယ်တစ်ယောက်ကျောင်းမှာရှိပါသလားဘုရား?'လို့လိုက်ပြီးရှာဖွေမေးမြန်းကြတဲ့အခါ'မရှိဘူး၊မရှိဘူး'နဲ့ဖြေကြပါတယ်၊ တကယ်တော့ ရဟန်းတွေက ကိုယ့်ကျောင်းမှာ ကိုယ်တရားအားထုတ်ပြီးနေကြသဖြင့် မသိကြလို့-'မသိဘူး'လို့ဖြေကြတာပါပဲ။ဟိုကျောင်းဒီကျောင်းရှာဖွေတော့ တွေ့သွားပါတယ်၊တွေ့သွားတဲ့အခါကြတော့ 'သာကီဝင်မင်းသားရဟန်းတွေဟာ အရှက်မရှိဘူး၊သီလမရှိဘူး၊လိမ်လည်ပြီးပြောဆိုကြတယ်'ဟုကဲ့ရဲ့ရှုတ်ချကြသောကြောင့် ဘုရားရှင်အားလျှောက်ထားသဖြင့် ဘုရားရှင်က"အနုဇာနာမိ ဘိက္ခဝေ သံဃံ အပလောကေတုံ ဘဏ္ဍုကမ္မာယ"(၁၀၇)"ဆံချ၊ကတုံးတုံးပြီးလျှင်ကျောင်းတိုက်ရှိသံဃာများပန်ကြားရမည်"ဟုပညတ်တော်မူသည်။

ယခုခေတ် အောက်ပြည်၊အောက်ရွာတွေမှာ- 'သံဃမဇ္ဈေ ပဝေသနံ အာပုစ္ဆာမိ'ဟုဆို၍ ရှင်လောင်းသွင်းကြတယ်။

ယခုခေတ် ရှင်ပြု၊ရဟန်းခံတွေကတော့ ရှင်လောင်းလှည့်ခါဓာတ်စက်တွေနဲ့ဆူညံအော်ဟစ်နေတာဆိုတော့ သိပြီးသားလို့ဖြစ်နေပါတယ်၊ ဟိုကျောင်း၊ဒီကျောင်းအလှူပင့်တော့ ပိုပြီးသိတာပေါ့။

## တစပဥ္စက ကမ္မဋ္ဌာန်း

ရှင်လောင်းကလေးတွေကို တစ်ပတ်၊နှစ်ပတ်လောက်ကြိုတင်ပြီး သကာ်နီးတောင်း၊သရဏဂုံ၊ဆယ်ပါးသီလ၊တစပဥ္စကကမ္မဋ္ဌာန်းများကို သင်ပေးထားရမယ်၊(၃၂)ပါးသော ကောဋ္ဌာသအားလုံး သင်ပေးနိုင်လျှင် ပိုကောင်းတာပေါ့။အကုန်လုံးမတတ်နိုင်လည်း "အတ္ထိ ဣမသ္မိံ ကာယေ ကေသာ လောမာ နခါ ဒန္တာ တစော–ဤတစပဥ္စက ကမ္မဋ္ဌာန်းကို ပါဠိ၊မြန်မာသင်ပေးပြီး ငါ, ငါ့ကိုယ်–ဟုစွဲလမ်းနေတဲ့ အတ္တတုံး, အတ္တခဲကြီးကို ဆံပင်၊မွေးညှင်းစသော(၃၂)ကောဋ္ဌာသဖြင့် တစ်ခုခြင်း တစ်ခုခြင်း ခွဲစိတ်ပြလိုက်လျှင် ငါဆိုတဲ့ အတ္တကောင်ကြီး၊အတ္တတုံး, အတ္တခဲကြီးဟာ အစိပ်စိပ်အမွှာမွှာဖြစ်ပြီးရှာမတွေ့တော့ဘူး၊အဲသလို အတ္တပျောက်အောင်ရှုတဲ့နည်းကို "တစပဥ္စကကမ္မဋ္ဌာန်း" ဟုဆိုလိုပါသည်။ ခေါင်းပေါ်ကဆံပင်ကို ဓားဖြင့်ရိတ်ချလိုက်တဲ့အခါ အနိစ္စ–အမြဲမရှိ၊ ဒုက္ခ–ဆင်းရဲ၏၊ရွံရှာဖွယ်ဖြစ်၏၊အနတ္တ–အစိုးမရ–ဟုရှုလိုက်တာနဲ့ တစ်မဂ်၊တစ်ဖိုလ်ကိုရနိုင်သည်။ဒီဘဝမရသော်လည်း ပါရမီဉာဏ်ရင့် သန်ပါတယ်။

### သုမန သာမဏေ

အရှင်အနုရုဒ္ဓါ၏တပည့် စူဠသုမနသာမဏေလေးဟာ (၇)နှစ်သားအရွယ်ကလေးနဲ့ပင် ဆံရိတ်ရင်းကမ္မဋ္ဌာန်းရှုနေတာ ခေါင်းက ဆံပင်လည်းကုန်ရော ရဟန္တာဖြစ်သွားတယ်လို့ ဓမ္မပဒသုမနဝတ္ထုမှာ ဟောထားတာတွေ့ရတယ်။ သံကိစ္စသာမဏေ၊ သောပါကသာမဏေ၊ ပဏ္ဍိတသာမဏေ၊ ရေဝတသာမဏေ၊ သုခသာမဏေလေးတွေလည်း ရဟန္တာသာမဏေလေးတွေပါပဲ။

### ဆံရိတ်ရခြင်းအကြောင်း

ဆီလိမ်းခြင်း၊ ခေါင်းလျှော်ရခြင်း၊ ခေါင်းဖြီးရခြင်း၊ ပြုပြင် ရခြင်းစတဲ့ ဗာဟိရကိစ္စတွေနည်းစေခြင်းငှာ ဆံရိတ်၊ကတုံးတုံးရသည်။

## လူနံ့ပျောက်စေရန်

ရှင်လောင်းဘဝက သနပ်ခါး၊ပေါင်ဒါ၊မိတ်ကပ်၊ခေါင်းလိမ်းဆီ-စသည်များချယ်သပြင်ဆင်ထားသဖြင့် ထိုအနံ့များပျောက်စေရန်နနွင်းမှုန့်၊နံ့သာမှုန့်တို့ဖြင့် ပွတ်တိုက်၍ ရေချိုးပေးရသေးသည် ။

## သင်္ကန်းဝတ်ပေး

ဆံရိတ်ပြီးလျှင် ရှင်ကျင့်ဝတ်မှာပါရှိတဲ့အတိုင်း'သကလ ဝဋ္ဋ' စသည်ဖြင့် ဥပဇ္ဈာယ်ဆရာ့ထံ သင်္ကန်းအပ်၊သင်္ကန်းတောင်းခြင်းကိစ္စပြုလုပ်ရသည် ။

ဘိက္ခုနာ ဟိ သဟတ္ထေနဝါ အာဏတ္တိယာဝါ ဒိန္နမေဝ ကာသာဝံ ဝဋ္ဋတိ၊ အဒိန္နံ န ဝဋ္ဋတိ ။ (မဟာဝါ၊ဋ္ဌ၊-၂၅၀)

ရှင်သာမဏေလောင်းသည် မိမိပိုင်ဆိုင်သော ကိုယ်ပိုင်သင်္ကန်းဖြစ်စေကာမူ ဥပဇ္ဈာယ်ဆရာထံမအပ်ဘဲ မဝတ်ကောင်း၊ ဥပဇ္ဈာယ်ဆရာထံသင်္ကန်းအပ်၍ ဥပဇ္ဈာယ်ဆရာက ပေးမှသာဝတ်ကောင်းသည်။

(အနက်) ဟိ-သစ္စ-မှန်၏၊ ဘိက္ခုနာ-ဥပဇ္ဈာယ်ဆရာရဟန်းသည်၊ သဟတ္ထေနဝါ-မိမိလက်ဖြင့်၎င်း၊ အာဏတ္တိယာဝါ-ရဟန်း၊သာမဏေကိုစေခိုင်းသဖြင့်၎င်း၊ ဒိန္နမေဝ-ပေးအပ်သည်သာလျှင်ဖြစ်သော၊ ကာသာဝံ-သင်္ကန်းသည်၊ ဝဋ္ဋတိ-အပ်၏ ။အဒိန္နံ- ဥပဇ္ဈာယ်ဆရာကိုယ်တိုင်မပေးအပ်သောသင်္ကန်းသည်၊န ဝဋ္ဋတိ-မအပ် ။

တချို့ဘုန်းကြီးများက သကလ ဝဋ္ဋ-စသော သင်္ကန်းအပ်၊သင်္ကန်းတောင်းသည် ပါဠိတော်မှာတိုက်ရိုက်မပါလို့ လုပ်စရာမလိုဟုပယ်ကြသတဲ့။ ပါဠိ၊အဋ္ဌကထာ၊ဋီကာတို့ကို ကျွမ်းကျင်လိမ္မာတော်မူကြတဲ့ ရှေးဆရာတော်ကြီးများ စီစဉ်ချမှတ်ထားတဲ့ ရှင်ကျင့်ဝတ်မှုကိုမပယ်ကောင်းဘူးတဲ့၊ ရှင်ကျင့်ဝတ်မှုသည် ပေါရာဏာစရိယ ယထာဘူတ ဂရုကဖြစ်ကြောင်း(ညောင်ရမ်း၊ ဝိနိစ္ဆယပေါင်းချုပ်)၌အကျယ်ဆုံးဖြတ်ထားပေသည် ။

## သရဏဂုံပေး

ရှင်ပြုတဲ့အခါမှာ သရဏဂုံပေးတဲ့နေရာမှာ အရေးကြီးဆုံးဘဲ။ သရဏဂုံမပီလျှင် 'ကိုရင်'မဖြစ်ဘူး၊ ဆရာ+တပည့်နှစ်ဦးစလုံးပီရမှာ။ ဆရာကသာ ပီပြီး၊ တပည့်က မပီ၊ တပည့်ကသာ ပီပြီး၊ဆရာက မပီလျှင်လည်း 'ကိုရင်'မဖြစ်ဘူး၊ ပီတယ်ဆိုတာ သဒ္ဒါနည်းအရ-ဗျဉ္ဇနဗုဒ္ဓိ(၁၀)ပါးနှင့်အညီဌာန်၊ကရိုဏ်း၊ပီပီသသဆိုတတ်တာကိုပြောဒါ။

## ဗျဉ္ဇနဗုဒ္ဓိ(၁၀)ပါး

(၁)သိထိလ၊ (၂)ဓနိတ၊ (၃)ဒီဃ၊ (၄)ရဿ၊ (၅)ဂရု၊ (၆)လဟု၊ (၇)သမ္ဗန္ဓ၊ (၈)ဝဝတ္ထိတ၊ (၉)ဝိမုတ္တ၊ (၁၀)နိဂ္ဂဟိတ ။

## မြန်မာလို

(၁)လျော့လျော့၊ (၂)ပြင်းပြင်း၊ (၃)ရှည်ရှည်၊ (၄)တိုတို၊ (၅)လေးလေး၊ (၆)ပေါ့ပေါ့၊ (၇)အစပ်၊ (၈)အဖြတ်၊ (၉)အဖွင့်၊ (၁၀)အပိတ် ။ဤ(၁၀)ပါးကို ဌာန်၊ကရိုဏ်းနှင့်အညီရွတ်ဆိုရမယ်။

## ကံပျက် (၄) ပါး

သိထိလကို ဓနိတ၊ ဓနိတကို သိထိလ၊ ဝိမုတ္တ-ကို၊နိဂ္ဂဟိတ၊ နိဂ္ဂဟိတ-ကို ဝိမုတ္တ၊လွဲမှားပြီးရွက်ခဲ့လျှင်ရှင်ပြုပေးရာ၌ ရှင်သာ မထေ အစစ်မဖြစ်၊ ရဟန်းခံကမ္မဝါဖတ်ရာ၌လည်း ရဟန်းမဖြစ်၊ ကံပျက်သည်၊အလွန်အရေးကြီးသည် သတိထားကြမပေါ့ကြနဲ့။

## သာဓက

ဣတိ သိထိလေ ကာတဗ္ဗေ ဓနိတံ၊ ဓနိတေ ကာတဗ္ဗေ
သိထိလံ ဝိမုတ္တေ ကာတဗ္ဗေ နိဂ္ဂဟိတံ နိဂ္ဂဟိတေ၊
ကာတဗ္ဗေ ဝိမုတ္တန္တိ၊ ဣမာနိ စတ္တာရိ ဗျဉ္ဇနာနိ အန္တော
ကမ္မဝါစာယ ကမ္မံ ဒူသေန္တိ။

ဣမာနိ ဟိ ဆဗျဉ္ဇနာနိ ကမ္မံ နကောပေန္တိ။

(ပရိဝါ -၄၄)

(အနက်)

ဣတိ–ဤသို့၊သိထိလေ–လျော့လျော့ရွက်ခြင်းကို၊ကာတဗ္ဗေ–ပြုအပ်လျက်၊ဓနိတံ-ပြင်းပြင်းရွတ်ခြင်း၊ဓနိတေ–ပြင်းပြင်းရွတ်ခြင်းကို၊ကာတဗ္ဗေ–လျက်၊သိထိလံ–လျော့လျော့ရွတ်ခြင်း၊ဝိမုတ္တေ–ကရိုဏ်းကိုလှစ်၍ရွတ်ခြင်းကို၊ကာတဗ္ဗေ–လျက်၊နိဂ္ဂဟိတံ–ကရိုဏ်းကိုနှိပ်၍ရွတ်ခြင်း၊နိဂ္ဂဟိတံ–ကရိုဏ်းကိုနှိပ်၍ရွတ်ခြင်းကို၊ကာတဗ္ဗေ–လျက်၊ဝိမုတ္တံ၊နှုတ်ခမ်းကိုဖွင့်၍ရွတ်ခြင်း၊ ဣကိ–ဤသို့၊ စတ္တာရိ–လေးပါးကုန်သော၊ဗျဉ္ဇနာနိ–အက္ခရာတို့သည်၊အန္တောကမ္မဝါစာယ–ကမ္မဝါစာ၏အတွင်း၌၊ ကမ္မံ–ကံကို၊ ဒူသေန္တိ–ပျက်စေတတ်ကုန်၏။

## ကံမပျက်

ဟိသစ္စံ–မှန်၏၊ ဆ–ခြောက်ပါးကုန်သော၊ ဣမာနိဗျဉ္ဇနာနိ–ဤဒီဃ,ရဿ,ဂရု,လဟု,သမ္ဗန္ဓ,ဝဝတ္ထိတအက္ခရာတို့သည်၊အန္တောကမ္မဝါစာယ–ကမ္မဝါစာ၏အတွင်း၌၊ ကမ္မံ–ကံကို၊ နကောပေန္တိ–မပျက်စေတတ်ကုန်။

## ဥဘတောသုဒ္ဓိ

ရဟန်းခံရာ၌ ကမ္မဝါဆရာဘက်က ညတ်၊ကမ္မဝါစာကို ၄ခါန်၊ကရိုဏ်းပီပြင်စွာ ရွတ်ဖတ်တတ်တယ်ဆိုလျှင် ရဟန်းဖြစ်တော့သည်။

(ဧကတောသုဒ္ဓိ)

ရှင်ပြုပေးသောအခါ၌ ဆရာ၊တပည့်နှစ်ဦးစလုံးပီသမှ ရှင်ဖြစ်သောကြောင့်(ဥဘတောသုဒ္ဓိ)ဟုဆိုသည်။

သာမဏေရ ပဗ္ဗဇ္ဇာ ပန ဥဘတော သုဒ္ဓိယာဝ ဝဋ္ဋတိ၊ နော ဧကတော သုဒ္ဓိယာ ။ (မဟာဝါ၊၄၊၂၅၀)

တသ္မာ ဥပသမ္ပဒါယ သစေ အာစရိယော ဥတ္တိဒေါသဥ္စေဝ ကမ္မဝါစာဒေါသဥ္စ ဝဇ္ဇေတွာ ကမ္မံ ကရောတိ သုကတံ ဟောတိ။

(အနက်)ပန–ထိုမှတပါး၊သာမဏေရပဗ္ဗဇ္ဇာ–ရှင်၏အဖြစ်သည်၊ဥဘတောသုဒ္ဓိယာဝ–ဆရာ၊တပည့်နှစ်ဦးစလုံးမှန်ကန်စွာရွတ်ဆိုခြင်း၏စင်ကြယ်ခြင်းဖြင့်သာလျှင်၊ ဝဋ္ဋတိ–အပ်၏၊ ဧကတောသုဒ္ဓိယာ–

တစ်ဦးတည်းမှန်ကန်စွာရွတ်ဆိုတတ်ခြင်း၏စင်ကြယ်ခြင်းဖြင့်၊ နော၀ဋ္ဋတိ-မအပ် ။

တသ္မာ-ထို့ကြောင့်၊ ဥပသမ္ပဒါယ-ပဉ္စင်းခံရာ၌၊ အာစရိယော-ကမ္မဝါဆရာသည်၊ ဥတ္တိဒေါသဉ္စ ၀-ဉတ်၏အပြစ်ဒေါသကိုငှင်း၊ ကမ္မဝါစာဒေါသဥ္စ-ကမ္မဝါစာ၏အပြစ်ဒေါသကိုငှင်း၊ ဝဇ္ဇေတွာ-ကြဉ်၍၊ ကမ္မံ-ကံကို၊ သစေကရောတိ-အကယ်၍ပြုငြားအံ့၊ သုကတံ-ကောင်းသောပြုခြင်းသည်၊ ဟောတိ-ဖြစ်၏။

## သရဏဂုံပေးနည်း

ရှင်သာမဏေလောင်းကို သရဏဂုံပေးတဲ့အခါ နှစ်နည်းရှိတယ်၊ (၁)နိဂ္ဂဟိတန္တပေးနည်း၊(၂)မကာရန္တပေးနည်း-အဲဒီနှစ်နည်းမှာ- -

ဗုဒ္ဓံ သရဏံ ဂစ္ဆာမိ။

ဓမ္မံ သရဏံ ဂစ္ဆာမိ။

သံဃံ သရဏံ ဂစ္ဆာမိ၊

ဒုတိယမ္ပိ ။လ။ တတိယမ္ပိ ။လ။

ဒီနည်းဟာ နိဂ္ဂဟိတန္တသရဏဂုံပေးနည်းဘဲ။အထူးအဆန်းတော့ မဟုတ်ပါဘူး၊ ဒီသရဏဂုံပါဠိကိုဘဲ ရွတ်ဖတ်နေကြတာပါဘဲ။သင်္ကန်းဝတ်ပေးတဲ့အခါမှာတော့ သိထိလ၊ဓနိတ၊ဝိမုတ္တ၊နိဂ္ဂဟိတ၊ရှ္ဍန်၊ကရိုဏ်းကျကျနန ပီပီပြင်ပြင် ပေးတတ်ရမှာဖြစ်ပါတယ် ။

သရဏဂုံပါဠိထဲမှာပါတဲ့(ဓ)အက္ခရာ၊(ဆ)အက္ခရာ၊(ဃ)အက္ခရာ၊(ဓ)အက္ခရာတွေဟာ ဓနိတအက္ခရာတွေဖြစ်လို့ အသံပြင်းပြင်းလုံ့လဝီရိယစိုက်ရွတ်ပြီး ကျန်တဲ့အက္ခရာတွေကတော့ သိထိလအက္ခရာတွေဖြစ်သောကြောင့် ရွတ်ရိုးရွတ်စဉ် သာမန်အသံလျော့လျော့ရွတ်ရုံပါဘဲ။ ဆရာသမားတွေ သင်ထားလို့သိပြီးသားတွေဖြစ်နေပါတယ်။

## နိဂ္ဂဟိတ

ပါဠိထဲမှာပါတဲ့ ဒ္ဓံ၊ ဏံ၊ မ္မံ၊ ဏံ၊ သံ၊ ဃံ၊ ဏံ-အက္ခရာတွေဟာ နိဂ္ဂဟိတအက္ခရာတွေပါဘဲ။ အဲဒီနိဂ္ဂဟိတ်အက္ခရာတွေရွတ်တဲ့

အခါမှာ ဗုဒ္ဓံ သရဏံ ဂစ္ဆာမိ။ဟူသောပုဒ်တို့ကို တစ်ပုဒ်ချင်း မဖြတ်မရပ်ဘဲ တဆက်ထည်း အသံကိုဆွဲပြီး ဗုဒ္ဓံ ဟူသော သရဏံ ဟူသော နိဂ္ဂဟိတန္တပုဒ်ကိုနှုတ်ခမ်းနှစ်ဘက်ထိအောင်နှုတ်ခမ်းကိုပိတ်၍ နာသိကဌာန်၌ဖြစ်သောနှာခေါင်းသံထင်အောင်နှာခေါင်းမှညှင်းညှင်း သာသာ လေထွက်အောင်ရွတ်ဆိုရမှာဖြစ်တယ်။

## နည်းရလျှင်လွယ်

ဒီနေရာမှာကိုယ်တော်တို့ကို သိထိလ ဓနိတ ဌာန် ကရိဏ်း ပယက် တွေသဒ္ဒါနည်းအတိုင်းပြောနေရင်ပိုပြီးရှုတ်ထွေးကုန်မယ်။ အသံနေအသံထားကို သံစဉ်အတိုင်းလိုက်ဆိုတာကလွယ်တယ်။

## ချပေးမယ် အသံတူအောင်လိုက်ဆိုကြ။

ဗုဒ္ဓံ သရဏံဂစ္ဆာမိ ဓမ္မံ သရဏံဂစ္ဆာမိ သံဃံ သရဏံဂစ္ဆာမိ ဒု တ တုတယ် ချပေးတဲ့အတိုင်းကိုယ့်နေရာရောက်တဲ့အခါမှာလဲ ထပ်ခါထပ်ခါလေ့ကျင့်ပေးပါ။တစ်ပါးနှင့်တစ်ပါးအသံနေအသံထား မှန်မမှန်တလှည့်စီရွတ်စမ်းကြည့်ကြပါ၊ ဒ္ဓံ၊ တို့ ယံ တို့ ဆိုလျှင် ဓနိတသံနာသိကသံနှစ်မျိုးလုံးပီအောင်ရွတ်ရတာဆိုတော့မလွယ်လှဘူး ရွတ်ဖတ်ပုံ ရွတ်ဖတ်နည်းရရင်တော့လဲလွယ်ပါတယ် နိဂ္ဂဟိတ်ရွတ်ပုံကို (ပရိဝါ–ဌ)၌ " နိဂ္ဂဟိတန္တိ ယံ ကရဏာနိ နိဂ္ဂဟိတွာ အဝိဿဇ္ဇေတွာ အဝိဝဋေန မုခေန အနုနာသိကံ ကတွာ ဝတ္တဗ္ဗံ" ဟုပြထားတယ်။ ယံဗိန္ဒု–အကြင်ဗိန္ဒုကို၊ကရဏာနိ–ဌာန်ကရိဏ်းတို့ကို၊နိဂ္ဂဟိတွာ– နှိပ်၍၊အဝိဿဇ္ဇေတွာ–ဌာန်ကရိဏ်းကိုမစွန့်မူ၍၊အဝိဝဋေန–မဖွင့်သော (ဝါ) နှုတ်ခမ်းခြင်းထိအောင် ပိတ်ထားသော၊ မုခေန–ခံတွင်းဖြင့် အနုနာသိကံ–နာသိကဌာန်၌ဖြစ်သည်ကို၊ ကတွာ–ပြု၍၊ ဝတ္တဗ္ဗံ– ရွတ်ဆိုအပ်၏။ တံဗိန္ဒု–ထိုဗိန္ဒုသည်၊ နိဂ္ဂဟိတန္တိ+နိဂ္ဂဟိတံ နာမ- နိဂ္ဂဟိတ်မည်၏။

ဌာန်ကရိဏ်းကိုနှိပ်၍ဟုဆိုရာ၌ 'ဒ္ဓ' အက္ခရာ၏ ဒန္တဌာန်၊ ဏ အက္ခရာ၏ မုဒ္ဓဌာန်တို့ကိုအဓိကမထားဘဲစဉ်းငယ်သာထင်စေပြီး–

နာသိကဋ္ဌာန်ကို အမိကပေါ်လွင်ထင်ရှားအောင် ဦးစားပေး ရွတ်ဆိုခြင်းကိုဆိုလိုသည်။

## မကာ ရန္တသရဏာဂုံ ပေးနည်း

ဗုဒ္ဓမ် သရဏမ် ဂစ္ဆာမိ ၊
ဓမ္မမ် သရဏမ် ဂစ္ဆာမိ ၊
သံဃမ် သရဏမ် ဂစ္ဆာမိ ။

ဤမကာရန္တရွက်ဆိုရာ၌ ဗုဒ္ဓမ်၌စဉ်းငယ်၊သရဏမ်၌စဉ်းငယ်၊ ဖြတ်ရပ်၍ နှုတ်ခမ်းခြင်းထိအောင်မပိတ်ဘဲနှုတ်ခမ်းကိုဖွင့်၍ သိထိလ၊ ဓနိတဋ္ဌာန်ကရိုဏ်းပီသအောင် ရွတ်ဆိုရမှာဖြစ်တယ်။အခုရွတ်ရိုးရွတ် စဉ်ရွတ်နေကြတာဟာ ဤမကာရန္တလိုရွတ်နေကြတာဖြစ်တယ်။ဓ- သ-ဃ-အက္ခရာတို့ကို ဓနိတဖြစ်အောင်ပြင်းပြင်းလေးရွတ်လိုက်လျှင် ပြီးတာပါဘဲ၊သိတ်မခက်ပါဘူး လိုက်ပြီးဆိုကြ။

ဗုဒ္ဓမ် သရဏမ် ဂစ္ဆာမိ ၊
ဓမ္မမ် သရဏမ် ဂစ္ဆာမိ ၊
သံဃမ် သရဏမ် ဂစ္ဆာမိ ။

အမှန်ကတော့ နိဂ္ဂဟိတန္တ ကဆက်ပြီး နာသိကသံပါအောင် ရွတ်ရတယ်၊မကာရန္တ**ကဏ္ဍာ**ဖြတ်ရပ်ပြီး နာသိကသံမပါအောင်ရွတ်ရ တယ်၊အခုသင်ပေးထားတဲ့အတိုင်းလေ့ကျင့်ထားရုံပါဘဲ။

ဗုဒ္ဓမ် သရဏမ် ဂစ္ဆာမိတိ ဧဝံ ဝိစ္ဆိန္ဒိတွာ မကာရန္တာနိဝါ ကတွာ ဒါတဗ္ဗာနိ။ (မဟာဝါ ၄-၂၅၁)

ဗုဒ္ဓမ် သရဏမ် ဂစ္ဆာမိတိ- ဗုဒ္ဓမ် သရဏမ် ဂစ္ဆာမိ ဟူ၍- ဧဝံ-ဤသို့၊ ဝိစ္ဆိန္ဒိတွာ-ဖြတ်၍၊ မကာရန္တာနိဝါ-မအက္ခရာအဆုံးရှိ သည်ကိုလည်း၊ ကတွာ-ပြု၍၊ ဒါတဗ္ဗာနိ-ပေးအပ်ကုန်၏။

## သီလပေး

အနုဇာနာမိ ဘိက္ခဝေ သာမဏေရာနံ ဒသ သိက္ခာပဒါနိ။

ဟူသောခွင့်ပြုချက်အရသရဏဂုံဖြင့်ရှင်အဖြစ်သို့ရောက်ပြီး သော်လည်း အာဘိသမာစာရိက ဝတ်ကိုဖြည့်ကျင့်စေရန် သရဏဂုံပေး ပြီးနောက် ဆယ်ပါးသီလကိုဆက်ပြီးပေးရပါတယ်။

အာဘိသမာစာရိကံ ပရိပူရေန္တေန ဒသဝိဓေ သီလေသာဝကံ သိက္ခိတဗ္ဗံ။

## ထူးခြားပုံ

သရဏဂုံပေးတဲ့အခါမှာ ဗုဒ္ဓံ သရဏံ ဂစ္ဆာမိ စသည်ဖြင့် ပါဠိလို သိထိလ ဓနိတ ၄ွာန် ကရိုဏ်း ပီပြင်စွာပေးမှ ရှင်သာမဏေ ဖြစ်တယ်၊ဘုရားကိုကိုးကွယ်ပါ၏လို့မြန်မာလိုသင်ပေးလျှင်ရှင်သာမဏေ မဖြစ်ဘူး။

ပါဏာတိပါတာ ဝေရမဏီ သိက္ခာပဒံ သမာဒိယာမိ။စသည် ဖြင့်(၁၀)ပါးသီလပေးတဲ့အခါ ရှင်လောင်းလေးတွေက ပါဠိလိုမဆို တတ်ဘူးဆိုရင်တော့ မြန်မာဘာသာလို သူတပါးအသက်ကိုသတ် ခြင်းမှ ရှောင်ကြဉ်ပါ၏ စသည်ဖြင့်သင်ပေးလို့ရပါတယ်။တရုတ် ကုလားဖြစ်ရင်လဲ တရုတ်စကား ကုလားစကား စသည်ဖြင့်သင်ပေး လို့ရပါတယ်။သရဏဂုံနဲ့သီလပေးပုံ အဲသလိုထူးပါတယ်။

တသ္မာ တာနိ ပါဠိယံ အာဂတနယေန ဥဂ္ဂဟေတုံ အသက္ကောန္တဿ ယာယ ကာယစိဘာသာယ အတ္တဝသေနပိ အာစိက္ခိတုံ ဝဋ္ဋတိ။ (မဟာဝါ၊ ၄ ၊၂၅၂)

တသ္မာ–ထို့ကြောင့်၊ တာနိ–ထိုဆယ်ပါးသီလတို့ကို၊ ပါဠိယံ– ပါဠိ၌၊ အာဂတနယေန–လာသောနည်းဖြင့်၊ဥဂ္ဂဟေတုံ–သင်ယူခြင်းငှါ၊ အသက္ကောန္တဿ–မစွမ်းနိုင်သောသူအား၊ ယာယကာယစိဘာသာယ– အကြင်အမှတ်မရှိသောဘာသာဖြင့်၊ အတ္တဝသေနပိ–အနက်၏အစွမ်း ဖြင့်လည်း၊ အာစိက္ခိတုံ–သင်ကြားခြင်းငှါ၊ ဝဋ္ဋတိ–သင့်၏ ။

တကယ်ကတော့ ရှင်လောင်းလေးတွေကို တစ်ပတ်၊နှစ်ပတ် ကြိုပြီးသင်ထားဒါဟာ အကောင်းဆုံးပါဘဲ ။

## ဥပဇ္ဈာယ်ယူ

သရဏဂုံသီလပေးပြီးတယ်ဆိုလျှင် ဥပဇ္ဈာယ်ဆရာတော်ထံ (ဥပဇ္ဈာယော မေ ဘန္တေ ဟောဟိ)ဟုသုံးကြိမ်ဆို၍ ဥပဇ္ဈာယ်ယူရတယ်။ တချို့ကဥပဇ္ဈာယ်မယူလည်းရတယ်ဆိုပြီး မယူကြဘူးတဲ့။ ဥပဇ္ဈာယ်က အဓိကဘဲ။ မယူလို့မဖြစ်ဘူး၊ ယူရမှာပေါ့(မဟာဝါ၊၄)

ယသ္မာ ပန ဥပဇ္ဈာယ မူလကာ ပဗ္ဗဇ္ဇာစ ဥပသမ္ပဒါစ၊ ဥပဇ္ဈာယော ဝ တတ္ထ ဣဿရော ။

ပန–ဆက်၍ဆိုဦးအံ့၊ ယသ္မာ–အကြင်ကြောင့်၊ ပဗ္ဗဇ္ဇာစ–ရှင်သာမဏေ၏အဖြစ်သည်၄င်း၊ဥပသမ္ပဒါစ–ရဟန်း၏အဖြစ်သည်၄င်း၊ ဥပဇ္ဈာယမူလကာ–ဥပဇ္ဈာယ်ဆရာလျှင်အကြောင်းရင်းရှိ၏၊ တတ္ထ–ထိုရှင်ရဟန်းပြုရာ၌၊ ဥပဇ္ဈာယော ဝ–ဥပဇ္ဈာယ်ဆရာသည်သာလျှင်၊ ဣဿရော–အစိုးရ၏ ။

ဒီ အဋ္ဌကထာ စကားအရရှင်ဖြစ်စေ၊ရဟန်းဖြစ်စေ–ဥပဇ္ဈာယ်ယူရမှာဖြစ်ပါတယ်၊ပါဠိတော်အဋ္ဌကထာ ဋီကာများနဲ့အညီစိစဉ်ရေးသားထားတဲ့ ရှေးဆရာတော်ကြီးများ၏ရှင်ကျင့်ဝတ်နှင့်အညီ၊တိတိကျကျ–လိုက်နာလုပ်ဆောင်ခြင်းဟာအကောင်းဆုံးပါဘဲ၊လိုလဲမကောင်းဘူး၊ပိုလဲမကောင်းဘူး၊ဥပမာ–'အဟံ ဘန္တေ တိသရဏေန သဟ'ကိုသုံးကြိမ်ပေးရမှာ၊တစ်ကြိမ်ထဲပေးဒါမျိုး၊ဒုတိယမ္ပိ၊တတိယမ္ပိ၊ဗုဒ္ဓံ သရဏံ ဂစ္ဆာမိ–လို့ပေါင်းပြီးပေးတာမျိုးတွေ့ရတယ်၊သိပ်မကြာပါဘူး၊အဲဒါမျိုးတွေအတုမခိုးကြပါနဲ့။ ဖျက်ပစ်တာနဲ့တူတယ်။ ရှင်ပြုပုံကတော့ဒီလောက်ဆိုတော်လောက်ပါပြီ။ *(ရှင်ပြုပုံပြီး၏)*

## ရဟန်းလောင်းဆုံးမခမ်း

ရဟန်းဖြစ်လာတယ်ဆိုလျှင် ရဟန်းလောင်းဆုံးမစာကိုလဲရအောင်လုပ်ပေးထားရမယ်၊ကိုယ်တော်တို့က၊အလတ်တန်း၊အကြီးတန်းမွေ့စရိယတန်းတွေဆိုတော့ အထင်ကြီးပြီး ရဟန်းလောင်းဆုံးမပေးတော်မူပါလို့ လျှောက်ထားတတ်တယ်။ ကိုယ်က ရမထားရင်–

၂၁၃၁၄

အရက်ကွဲတတ်တယ် အခုခေတ်က ဒုလ္လဘရဟန်းခံတွေက ပေါပါဘိနဲ့ တကွေ့မတွေ့ရင်၊တကွေ့တော့တွေ့မှာသေချာတယ်၊ကိုယ်ခံ ပညာလေးရှိထားမှ စာတတ်ပေတတ်ဆရာတော်ကြီးများလို အကျယ် တဝင့် မလုပ်တတ်သော်လဲ အဖြစ်ကလေး၊ရွက်ကြမ်းရေကျိုလောက် တော့လုပ်တတ်ရမယ်။

## အမည်မည့်ပုံ

ဥာတ်ကမ္မဝါစာ၊ဖတ်တဲ့အခါ၊ရဟန်းလောင်း၏ဘွဲ့၊ဥပဇ္ဈာယ် ဆရာ၏ဘွဲ့အတိုင်းဖတ်လျှင် အခက်၊အခဲဖြစ်တတ်သောကြောင့်၊ရဟန်း လောင်းကို နာဂ၊ ဥပဇ္ဈာယ်ဆရာကို တိဿ-ဟုအမည်မှည့်ရသည်။

ဥာတ်ကမ္မဝါစာရွတ်ဖတ်ရာ၌ လွယ်ကူပါစေခြင်းအကျိုးငှာ ရဟန်းလောင်း၏အမည်ဟောင်းကိုဖျောက်၍ 'နာဂ' ဟုမှည့်ပါ၏၊ ရဟန်းလောင်းကလည်း မိမိ၏အမည်ကို 'နာဂ' ဟုမှတ်တော်မူပါ၊ သံဃာတော်အရှင်မြတ်တို့ကလဲ ရဟန်းလောင်း၏အမည်ကို 'နာဂ'၊ ဟုမှတ်တော်မူကြပါကုန်ဘုရား။

ဥာတ်ကမ္မဝါစာရွတ်ဖတ်ရာ၌ လွယ်ကူပါစေခြင်းအကျိုးငှာ ဥပဇ္ဈာယ်ဆရာတော်၏ အမည်ဟောင်းကိုဖျောက်၍'တိဿ'ဟုမှည့် ပါ၏ဥပဇ္ဈာယ်ဆရာတောဘုရားကလဲ မိမိ၏အမည်ကို 'တိဿ'ဟု မှတ်တော်မူပါဘုရား၊ရဟန်းလောင်းနှင့်သံဃာတော်အရှင်မြတ်များကလဲ ဥပဇ္ဈာယ်ဆရာတော်ဘုရား၏အမည်ကို'တိဿ'ဟုမှတ်တော်မူကြပါ ကုန်ဘုရား။

ပဌမံ ဥပဇ္ဈံ ဂါဟာပေတဗ္ဗော။ (မဟာဝါ-၄-၁၃၀)
ပဌမံ-ရှေးဦးစွာ၊ဥပဇ္ဈံ-ဥပဇ္ဈာယ်ဆရာကို၊ဂါဟာပေတဗ္ဗော-ယူစေ အပ်၏။ဣတိဝစနတော-ဤသို့သုံးလူထွဋ်တင်ဘုရားရှင်ကိုယ်တော် မြတ်ကြီးသည်မြွက်ဟထုတ်ဖေါ်ဟောကြားတော်မူအပ်သည်အဖြစ်ကြောင့်

အာဂုသောနာဂ–ငါ့ရှင်ပဥ္စင်းလောင်း၊တွံ–သင်သည်၊ပထမံ–ရှေးဦးစွာ၊ဥပဇ္ဈံ–ဥပဇ္ဈာယ်ဆရာကို(ဝါ–အပြစ်ကြီးအပြစ်ငယ်အသွယ်သွယ်ကို သွန်သင်ပေးတတ်ဥပဇ္ဈာယ်ဆရာမြတ်ကို)ဂဏှ ဂဏှာဟိ–ကြည်ကြည်နူးနူးဂါရဝအထူးဖြင့်ယူလိုက်ပေဦးလော့။

ဥပဇ္ဈာယော မေ ဘန္တေ ဟောဟိ။ (သုံးကြိမ်)

ဥပဇ္ဈံ ဂါဟာပေတွာ ပတ္တစီဝရံ အာစိက္ခိတဗ္ဗံ။

ဥပဇ္ဈံ–ဥပဇ္ဈာယ်ဆရာကို၊ ဂါဟာပေတွာ–ယူစေပြီး၍၊ ပတ္တစီဝရံ–သပိတ်တစ်လုံး သုံးထည်သောသင်္ကန်းကို၊ အာစိက္ခိတဗ္ဗံ–ပြောကြားအပ်၏။ ဣတိဝစနတော–ဤသို့သုံးလုထွင်ငြင်(ပ)ကြောင့်၊ ပတ္တစီဝရံ–သပိတ်တစ်လုံး သုံးထည်သောသင်္ကန်းကို၊ အာစိက္ခိဿံ–အာစိက္ခိဿာမိ–ပြောကြားပေအံ့။

အယံ တေ ပတ္တော။

အယံပတ္တော–ဤသပိတ်သည်၊တေ–သင်ငါ့ရှင်ပဥ္စင်းလောင်း၏၊ ပတ္တော–ကိုယ်ပိုင်သပိတ်ဟူ၍မှတ်။

အယံ သံဃာဋိ။

အယံသံဃာဋိ–ဤဒုကုဋ်သင်္ကန်းကြီးသည်၊တေ–သင်ငါ့ရှင်ပဥ္စင်းလောင်း၏၊ သံဃာဋိ–ကိုယ်ပိုင်ဒုကုဋ်သင်္ကန်းကြီးဟူ၍မှတ်။

အယံ ဥတ္တရာသင်္ဂေါ။

အယံဥတ္တရာသင်္ဂေါ–ဤကိုယ်ဝတ်ကေစီသည်၊တေ–သင်ငါ့ရှင်ပဥ္စင်း လောင်း၏၊ ဥတ္တရာသင်္ဂေါ–ကိုယ်ပိုင်ကိုယ်ဝတ်ကေစီဟူ၍မှတ်။

အယံ အန္တရဝါသကော။

အယံ အန္တရဝါသကော–ဤခါးဝတ်သင်းပိုင်သည်၊တေ–သင်ငါ့ရှင်ပဥ္စင်းလောင်း၏၊အန္တရဝါသကောကိုယ်ပိုင်ခါးဝတ်သင်းပိုင်ဟူ၍မှတ်။

ရဟန်းလောင်းကို နှင်ထုတ်ပုံ

"ဂစ္ဆ အမုမှိ ဩကာသေ တိဋ္ဌာဟိ။"

(သံဃာအလယ်မှာ ဆုံးမသောအခါ ရဟန်းလောင်းများက ကြောက်ရွံ့တုန်လှုပ်ပြီး မဖြေတတ်သောကြောင့် အပြင်ထုတ်ပြီးဆုံးမခြင်းဖြစ်သည်။)

အာဂုသောနာဂ-ငါ့ရှင်ပဥ္စင်းလောင်း၊တွံ-သင်သည်၊ ဂစ္ဆ-ဣန္ဒြေချုပ် နောက်သို့ဆုတ်၍ လက်အုပ်ချီခါ ထသွားလိုက်ပါဦးလော့၊ ဂန္ဓာ-သွားပြီး၍၊ အမှုမို ဩကာသေ-သံဃာဘောင်မှ ဟတ္ထပါတ်ကင်းကွာ ဤအမည်ရှိသောနေရာ၌၊ တိဋ္ဌာဟိ-တစောင်းတစိပြောင်းမကြည့်ဘဲ ခြေစုံဟတ်၍ ရပ်တည်နေဦးလော့၊ အဟံ-ငါသည်၊တံ-သင့်ကို၊ အနုသာသိတုံ-သွန်သင်ညွှန်ပြ ဆိုဆုံးမခြင်းငှါ၊ တတ္ထ-ထိုသင်ရှိရာအရပ်သို့၊ အာဂစ္ဆိဿာမိ-ဆက်ဆက်မသွေ လိုက်လာခဲ့ပေဦးအံ့ ။ (တသ္မာ-ထို့ကြောင့်၊ တွံ-သင်သည်၊ ဂစ္ဆ-ဣန္ဒြေချုပ် နောက်သို့ဆုတ်၍ လက်အုပ်ချီခါ ထသွားလိုက်ပါဦးလော့။)

## သမ္မုတိဉတ်

သုဏာတု မေ ဘန္တေ သံဃော နာဂေါ အာယသ္မတော တိဿဿ ဥပသမ္ပဒါပေက္ခော ယဒိ သံဃဿ ပတ္တကလ္လံ အဟံ နာဂံ အနုသာသေယျံ ။

ဘန္တေ-အရှင်ဘုရားတို့၊ မေ-အကျွန်ုပ်၏၊ ဝစနံ-စကားကို၊ သုဏာတု-နာတော်မူလော့၊ နာဂေါ-ရဟန်းလောင်းသည်၊ အာယသ္မတော-တိဿဿ-အရှင်တိဿ၏ (ဝါ-ကို)(ဥပါဒါယ-အကြောင်းပြု၍) ဥပသမ္ပဒါပေက္ခော-ပဥ္စင်းအဖြစ်ကိုငဲ့၏။(ဝါ-ပဥ္စင်းဖြစ်လို၏။) သံဃဿ-သံဃာတော်အား၊ ပတ္တကလ္လံ-လျှောက်ပတ်သောအခါကာလသည်၊ ယဒိ သိယာ-အကယ်၍ရှိငြားအံ့၊ ဧဝံသတိ-ဤသို့ရှိသော်၊ အဟံ- အကျွန်ုပ်သည်၊ နာဂံ- ရဟန်းလောင်းကို၊ အနုသာသေယျံ-ဆုံးမပေတော့အံ့ ။

(ရဟန်းလောင်းဆုံးမတဲ့အခါ အနက်မလိုပါ။သိအောင်ရေးလိုက်ခြင်းဖြစ်သည်)

## အပြင်ဆုံးမပုံ

သုဏာသိ နာဂ အယံ တေ သစ္စကာလော ဘူတကာလော ယံ ဇာတံ၊တံ သံဃမဇ္ဈေ ပုစ္ဆန္တေ သန္တံ အတ္ထီတိ ဝတ္တဗ္ဗံ။ အသန္တံ နတ္ထီတိ ဝတ္တဗ္ဗံ၊ မာ ခေါ ဝိတ္ထာယိ မာ ခေါ မင်္ကု အဟောသိ၊

နာဂ–နာဂအမည်ရှိသော ရှင်ပဥ္စင်းလောင်း၊ တွံ–သင်သည်၊ သုဏာသိ–နားစေ့စေ့ထောင်၊(ဝါ–အာရုံတပါးစိတ်မသွားဘဲ သတိရှေ့ဆောင် နားစေ့စေ့ထောင်) အယံ ကာလော– ဤအခါသည်ကား၊ တေ–သင်၏၊သစ္စကာလော–အမှန်ကိုသာ ပြောဆိုရမည့်အခါပေတည်း၊ ဘူတကာလော–အဟုတ်ကိုသာ ပြောဆိုရမည့်အခါကာလပေတည်း။

နာဂ–နာဂအမည်ရှိသော ရှင်ပဥ္စင်းလောင်း၊(ဝါ–ဝတ္ထု၊ကမ္မဝါ, ဆရာ,သိမ်,ဥတ်,ပရိသတ်,ကြောင့်ရအပ်လေကြောင်း ငါ့ရှင်ပဥ္စင်းလောင်း) တေ–သင်၏၊ သရီရေ–ကိုယ်ခန္ဓာ၌၊(ဝါ)စက်ဆုပ်ရွံ့ရှာ မသတိစရာ ကိုယ်ခန္ဓာ၌၊ ယံ–အကြင်ကုဋ္ဌ,ဂဏ္ဍ–စသောအနာမျိုးသည်၊ ဇာတံ–ရှိသည်ဖြစ်ငြားအံ့၊ တံ–ထိုဖြစ်ဖြစ်သမျှ သဘာဝကို၊ သံဃမဇ္ဈေ–သံဃာ၏အလယ်၌၊ လဒ္ဒ သမ္မုတိကေ–သမ္မုတိရသောရဟန်းသည်၊ ပုစ္ဆန္တေ–မေးသည်ရှိသော်၊ သန္တံ–ထင်ရှားရှိသည်ဖြစ်အံ့၊(ဝါ)ထင်ရှားရှိသည်ကို၊ အတ္ထီတိ–ရှိပါ၏ဘုရားဟူ၍၊ တယာ–သင်သည်၊ ဝတ္တဗ္ဗံ–လျှောက်ထားပြောဆိုအပ်၏၊(ဝါ)လျှောက်ထားပြောဆိုရပေလိမ့်မည်။ အသန္တံ–ထင်ရှားမရှိသည်ဖြစ်အံ့၊(ဝါ)ထင်ရှားမရှိသည်ကို၊ နတ္ထီတိ–မရှိပါ–ဘုရားဟူ၍၊ တယာ–သင်သည်၊ ဝတ္တဗ္ဗံ–လျှောက်ထားပြောဆိုအပ်၏၊(ဝါ)လျှောက်ထားပြောဆိုရပေလိမ့်မည်။ မာ ခေါ ဝိတ္ထာယိ–ရွံ့တီးရွံ့တို ကြောက်သလိုနှင့် ကိုယ်ကိုတုန်လှုပ်မပြုလင့်၊ မာခေါ–မင်္ကုအဟောသိ–မျက်ခွက်မျက်နှာ မသာမယာ မရှိလင့်။

## အနာကြီး (၅) မျိုး

ဧဝံ တံ ပုစ္ဆိသုန္တိ သန္တိ တေ ဧဝရူပါ အာဗာဓာ။ ကုဋ္ဌံ, ဂဏ္ဍော, ကိလာသော, သောသော, အပမာရော ။

(အနက်) ဧဝံ-ဤသို့၊ တံ-သင့်ကို၊ လဒ္ဓသမ္ပဒတိကာ-သမ္ပဒတိ ရသောရဟန်းတော်တို့သည်၊ ပုစ္ဆိသုန္တိ- မေးမြန်းကြကုန်လတ္တံ့။ ကိံပုစ္ဆိသုန္တိ-အဘယ်သို့မေးမြန်းကြကုန်လတ္တံ့နည်းဟူမူကား၊အာဝုသော နာဂ-နာဂအမည်ရှိသော ရှင်ပဥ္စင်းလောင်း၊ တေ-သင်၏၊ သရီရေ-ကိုယ်ခန္ဓာ၌၊ ဧဝရူပါ-ဤသို့သဘောရှိကုန်သော၊ပဉ္စ-ငါး ပါးကုန်သော၊ အာဗာဓာ-အနာမျိုးတို့သည်၊ သန္တိ-ရှိကုန်သလော။

တေ-သင်၏၊ သရီရေ-ကိုယ်ခန္ဓာ၌-

၁။ ကုဋ္ဌံ-နူနာသည် ၊ အတ္ထိ-ရှိသလော ။

၂။ ဂဏ္ဍော-ထွင့်မြင်းအနာ,အိုင်းအမာသည် ၊ အတ္ထိ-ရှိသလော ။

၃။ ကိလာသော-တင်းတိပ်,ပွေး,ညှင်း,ခရုသင်းစသောအနာမျိုးသည် အတ္ထိ-ရှိသလော ။

၄။ သောသော-ခရုရုပ်ချောင်းဆိုးပန်းနာမျိုးသည်(ဝါ)ချောင်းဆိုးသွေးပါ တီဘီရောဂါမျိုးသည်၊ အတ္ထိ-ရှိသလော ။

၅။ အပမာရော-သတိမေ့မူး ထွန့်ထွန့်လူးရတတ်သည့် ဝက်ရူး, ကြက်ရူးစသောအနာမျိုးသည် ၊ အတ္ထိ-ရှိသလော ။

ဧဝံ-ဤသို့၊ ပုစ္ဆိသုန္တိ- မေးမြန်းကြကုန်လတ္တံ့။

(ဤနေရာမှာ ဖြေပုံဖြေနည်းသင်ပေးပါ၊ အသင့်ရဲ့ခန္ဓာကိုယ်မှာ နူနာရောဂါရှိသလော?လို့မေးတဲ့အခါမှာ နတ္ထိ ဘန္တေ-မရှိပါဘုရား လို့ဖြေရမယ်-စသည်ဖြင့်အနာကြီး(၅)မျိုးကိုမေးတဲ့အခါ နတ္ထိဘန္တေ လို့ဖြေရပုံကို သင်ပေးပါ။)

## လူသားဟုတ်/မဟုတ်စသည်

မနုဿောသိ၊ ပုရိသောသိ၊ ဘုဇိဿောသိ၊ အဏဏောသိ၊ နသိ ရာဇဘဋောသိ၊ အနုညာတောသိ၊ မာတာပိတူဟိ၊ ပရိပုဏ္ဏ-

ဝိသတိဝသောသိ၊ ပရိပုဏ္ဏံ တေ ပတ္တစိဝရံ ။

(အနက်) အာဝုသော နာဂ–ငါ့ရှင်ပဥ္စင်းလောင်း၊တွံ–သင်သည်၊

၁။ မနုဿော–လူသားစင်စစ်သည်၊ အသိ–ဖြစ်ပါ၏လော။

၂။ ပုရိသော–ယောကျ်ားစင်စစ်သည်၊ အသိ–ဖြစ်ပါ၏လော။

၃။ ဘုဇိဿော–တော်လှန်မင်းစစ် သူ့ကျွန်အဖြစ်မှလွတ်သည်၊ အသိ–ဖြစ်ပါ၏လော။

၄။ အဏဏော–မြီကြွေးမတင် သန့်ရှင်းစင်သည်၊အသိ–ဖြစ်ပါ၏လော။

၅။ ရာဇဘဋော–မင်းထံခစား မင်းယောကျ်ားသည်၊ နအသိ–မဖြစ်ဘဲရှိပါ၏လော။

၆။ မာတာပိတူဟိ–မိခင်ဖခင်တို့သည်(ဝါ)မြင့်မိုရ်တောင်ဦး မကကြူးသည့် ကျေးဇူးအရှင် မွေးသမိခင်၊မွေးသဖခင်တို့သည်၊ အနုညာတော အနုးအညွှတ် ခွင့်လွတ်အပ်သည်၊ အသိ–ဖြစ်ပါ၏လော။

၇။ ပရိပုဏ္ဏဝိသတိဝဿော–ပဋိသန္ဓေတည်သည်မှစ၍ အသက်(၂၀) ပြည့်ဖြိုးကြွယ်သည် ၊ အသိ–ဖြစ်ပါ၏လော။

၈။ တေ–သင့်အား၊ ပတ္တစိဝရံ–သပိတ်တစ်လုံး၊ သုံးထည်သော သင်္ကန်းသည်၊ ပရိပုဏ္ဏံ–ပြည့်စုံပါ၏လော။

ဝေ–ဤသို့၊လဒ္ဓ သမ္မုတိကာ–သမ္မုတိရသောရဟန်းတို့သည်၊ ပုစ္ဆိဿန္တိ–မေးမြန်းကြကုန်လတ္တံ့။

## ဤနေရာမှာလည်း သင်ပေးပါ

(အသင်ဟာ လူသားစင်စစ်ဖြစ်သလားလို့မေးရင် အာမ ဘန္တေ–လို့ဖြေရမည်စသည်ဖြင့်သင်ပေးပါ ပရိသတ်များ၍ အချိန်ရ လျှင် နာဂ ဝတ္ထု ရာဇဘတ ဝတ္ထု–ကိုပြောနိုင်သည်။)

## အပည်မေး

ကိံ နာမောသိ၊ ကောနာမော တေ ဥပဇ္ဈာယော။

(အနက်)အာဂုသောနာဂဒေါ်ရှင်ပဥ္စင်းလောင်း၊တွဲသင်သည်၊ ကိံ နာမော-အဘယ်အမည်ရှိသည်၊ အသိဖြစ်သနည်း၊ဧဝံ ဤသို့၊ ပုစ္ဆိသန္တိ-မေးမြန်းကြကုန်လတ့်၊ဧဝံပုစ္ဆန္တေသု-ဤသို့မေးမြန်းကြကုန်သည်ရှိသော်။

အဟံ ဘန္တေ နာဂေါနာမာတိ၊ အဟံ ဘန္တေ နာဂေါနာမ-ဟူ၍၊ တယာ-သင်သည်၊ ဝတ္တဗ္ဗံ-လျှောက်ထားပြောဆိုအပ်၏။ (အသင်၏အမည်ကိုအဘယ်လို့ခေါ်သလဲလို့မေးရင်တပည့်တော်၏ အမည်သည်နာဂအမည်ရှိပါ၏ဘုရားဟူ၍ဖြေဆိုရမည်ဟုသင်ပေး) တေ-သင်၏၊ ဥပဇ္ဈာယော- ဥပဇ္ဈာယ်ဆရာသည်၊ကောနာမော-အဘယ်အမည်ရှိပါသနည်း၊ ဧဝံ-ဤသို့၊ ပုစ္ဆိသန္တိ-မေးမြန်းကြကုန်လတ့်၊ ဧဝံ ပုစ္ဆန္တေသု-ဤသို့မေးမြန်းကြကုန်သည်ရှိသော်၊ ဥပဇ္ဈာယော မေ ဘန္တေ အာယသ္မာ တိဿ-ထေရော နာမာတိ ဥပဇ္ဈာယော မေ ဘန္တေ အာယသ္မာ တိဿ-ထေရော နာမ-ဟူ၍ တယာ-သင်သည်၊ ဝတ္တဗ္ဗံ-လျှောက်ထားပြောဆိုအပ်၏။

(အသင်၏ ဥပဇ္ဈာယ်ဆရာ၏ အမည်ကား ဘယ်လို့ခေါ်သလဲ လို့မေးရင် ဘုရားတပည့်တော်၏ ဥပဇ္ဈာယ်ဆရာ၏ အမည်ကား သက်တော်ရာကျော်ရှည်တော်မူလတ့်သော အရှင်တိဿမထေရ် -အမည်ရှိပါ၏ဘုရားဟူ၍ လျှောက်ထားရမည်ဟု သင်ပေး။)

## အမှာစကား

န ဘိက္ခဝေ ကေတော အာဂန္တဗ္ဗံ- ဟုလာရှိသည်နှင့်အညီ ဒေါ်ရှင်ပဥ္စင်းလောင်း အသင်နှင့် ငါ သံဃာ၏အလယ်သို့အတူမသွား ကောင်း၊ထိုသို့အတူမသွားကောင်းသောကြောင့် ဤနေရာ၌ ခဏ ခေတ္တရပ်တည်နေခဲ့ဦးလော့။- ဉတ် ကမ္မဝါစာဖြင့် -

ခေါ်လိုက်သောအခါမှဆက်ဆက်မသွေလိုက်လာခဲ့ဦးလော့။

## ဩသာရဏာဉတ်

သုဏာတု မေ ဘန္တေ သံဃော နာဂေါ အာယသ္မတော တိဿဿ ဥပသမ္ပဒါပေက္ခော အနုသိဋ္ဌော သော မယာ၊ ယဒိ သံဃဿ ပတ္တကလ္လံ၊ နာဂေါ အာဂစ္ဆေယျ။

(အနက်)ဘန္တေ-အရှင်ဘုရားတို့၊ သံဃော-သံဃာတော်သည် မေ-အကျွန်ုပ်၏၊ ဝစနံ-စကားကို၊ သုဏာတု-နာတော်မူလော၊ နာဂေါ-နာဂအမည်ရှိသောပဉ္စင်းလောင်းသည်၊အာယသ္မတော တိဿဿ-အရှင်တိဿအား ဝါ-အရှင်တိဿကို၊ ဥပါဒါယ- အကြောင်းပြု၍၊ ဥပသမ္ပဒါပေက္ခော-ပဉ္စင်းအဖြစ်ကိုငဲ့၏၊ဝါ-ပဉ္စင်းခံလို၏၊ မယာ-အကျွန်ုပ်သည်၊ သော-ထိုပဉ္စင်းလောင်းကို၊ အနုသိဋ္ဌော-ဆုံးမအပ်ပြီ၊သံဃဿ-သံဃာတော်အား၊ ပတ္တကလ္လံ-လျှောက်ပတ်သောအခါရှိသောကာလသည်၊ယဒိသိယာ-အကယ်၍ဖြစ်ငြားအံ့၊နာဂေါနာဂအမည်ရှိသောပဉ္စင်းလောင်းသည်၊ အာဂစ္ဆေယျ-လာရာ၏၊ အာဂစ္ဆာဟိ-လာလော့။

(ရဟန်းလောင်းကိုထားခဲ့၍ မိမိကသံဃာဘောင်သို့ပြန်လာပြီး မထေရ်ကြီးများကိုဦးချ၍ ၎င်းဉာတ်ပါဠိဖြင့်ခေါ်ရမည်အနက်ပေးစရာမလိုပါ။)(ရဟန်းလောင်းရောက်လာသောအခါ ရဟန်းလောင်းကိုလဲ မထေရ်ကြီးများကို ရှိခိုးခိုင်းပါ၊တချို့ကလဲ 'ဘိက္ခုနံ ပါဒေ ဝန္ဒာပေတွာ'အရ ဆရာတော် သံဃာတော်အရှင်သူမြတ်တို့ဘုရား၊အရှင်ဘုရားတို့၏ခြေတော်အစုံကြာပဒုံကို ရှိခိုးပါ၏ဘုရားလို့ ရဟန်းလောင်းကို လိုက်ဆိုစေပြီး ရှိခိုးခိုင်းကြသည်။ဂရုဂါဝရ ဖြစ်ပါသည်။)

## ပဉ္စင်းအဖြစ်တောင်းပန်

သံဃံ ဘန္တေ ဥပသမ္ပဒံ ယာစာမိ၊

ဥလ္လုမ္ပတု မံ ဘန္တေ သံဃော အနုကမ္ပံ ဥပါဒါယ။

ဒုတိယမ္ပိ ဘန္တေ သံဃံ ဥပသမ္ပဒံ ယာစာမိ၊
ဥလ္လုမ္ပတု မံ ဘန္တေ သံဃော အနုကမ္ပံ ဥပါဒါယ။
တတိယမ္ပိ ဘန္တေ သံဃံ ဥပသမ္ပဒံ ယာစာမိ၊
ဥလ္လုမ္ပတု မံ ဘန္တေ သံဃော အနုကမ္ပံ ဥပါဒါယ။

ဘန္တေ-အရှင်ဘုရားတို့၊ သံဃံ-သံဃာတော်ကို၊ ဥပသမ္ပဒံ-ရဟန်းပဥ္စင်းအဖြစ်ကို၊ ယာစာမိ-တောင်းပန်ပါ၏။ ဘန္တေ-အရှင်ဘုရားတို့၊ မံ-အကျွန်ုပ်ကို၊ အနုကမ္ပံ-အစဉ်သနားခြင်းကို၊ ဥပါဒါယ-အကြောင်းပြု၍၊ ဥလ္လုမ္ပတု-ဥဒ္ဓရတု-ယုတ်နိမ့်သောရှင်သာမဏေအဖြစ်မှထုတ်နုတ်၍ မြင့်မြတ်သောရဟန်းပဥ္စင်းအဖြစ်သို့ ပို့ဆောင်ကယ်တင်တော်မူပါဘုရား။

ဘန္တေ-အရှင်ဘုရားတို့၊ ဒုတိယမ္ပိ-နှစ်ကြိမ်မြောက်လည်း၊ သံဃံ-သံဃာတော်ကို-(ပ)-ဥလ္လုမ္ပတု-ဥဒ္ဓရတု-မည်းညစ်သောအကုသိုလ်အဘို့မှထုတ်နုတ်၍ ဖြူစင်သောကုသိုလ်အဘို့၌တည်ပါစေဘုရား။

ဘန္တေ-အရှင်ဘုရားတို့၊ တတိယမ္ပိ-သုံးကြိမ်မြောက်လည်း၊ သံဃံ-သံဃာတော်ကို-(ပ)-ဥလ္လုမ္ပတု-ဥဒ္ဓရတု-သံသရာတည်းဟူသောဝဲဩဃရေအယာဉ်မှထုတ်နုတ်၍ နိဗ္ဗာန်တည်းဟူသောကြည်းကုန်းထက်သို့ပို့ဆောင်ကယ်တင်တော်မူပါဘုရား။

(ဤအတိုင်း ပါဠိ အနက် သင်ပေးပါ)

## ပုစ္ဆနဥာတ်

သုဏာတု မေ ဘန္တေ သံဃော၊ အယံ နာဂေါ အာယသ္မတော တိဿဿ ဥပသမ္ပဒါပေက္ခော၊ ယဒိ သံဃဿ ပတ္တကလ္လံ၊ အဟံ နာဂံ အန္တရာယိကေ ဓမ္မေ ပုစ္ဆေယျံ။

ဘန္တေ-တို့၊ သံဃော-သည်၊ မေ-၏၊ ဝစနံ-ကို၊ သုဏာတု-လော့၊ အယံနာဂေါ-သည်၊ အာယသ္မတော တိဿဿ-ကို၊ ဥပါဒါယ-၍၊ ဥပသမ္ပဒါပေက္ခော-၏၊ သံဃဿ-အား၊ ပတ္တကလ္လံ-ကံသည်၊ ယဒိ သိယာ-အံ့၊ အဟံ-သည်၊ နာဂံ-ကို၊ အန္တရာယိကေ-အန္တရာယ်-

ဖြစ်ကုန်သော၊ဓမ္မ–တရားတို့ကို၊ပုစ္ဆေယျ–မေးမြန်းပေအံ့။(အနက်မလို)

ရဟန်းလောင်းမေးပုံ

သုဏာသိ နာဂ အယံ တေ သစ္စကာလော ဘူတကာလော၊ (အနက်တူသည်) ယံ ဇာတံ တံ ပုစ္ဆာမိ၊ သန္တံ အတ္ထီတိ ဝတ္တဗ္ဗံ၊အသန္တံ နတ္ထီတိ ဝတ္တဗ္ဗံ။

အာဝုသော နာဂ–ငါ့ရှင်ပဉ္စင်းလောင်း၊ တေ–သင်၏၊ သရီရေ–ကိုယ်ခန္ဓာ၌၊ ယံ–အကြင်ကုဋ္ဌ ဂဏ္ဍာ စသောအနာမျိုးသည်၊ ဇာတံ–ရှိသည်ဖြစ်ငြားအံ့၊ တံ–ထိုဖြဂ်သမျှသဘာဝကို၊ ပုစ္ဆာမိ–ငါမေးအံ့၊ သန္တံ–ထင်ရှားရှိသည်ဖြစ်အံ့၊ အတ္ထီတိ–ရှိပါ၏ဘုရားဟူ၍၊ တယာ–သင်သည်၊ ဝတ္တဗ္ဗံ–လျှောက်ထားပြောဆိုအပ်၏၊ အသန္တံ–ထင်ရှားမရှိသည်ဖြစ်အံ့၊ နတ္ထီတိ–မရှိပါဘုရားဟူ၍၊ တယာ–သင်သည်၊ဝတ္တဗ္ဗံ–လျှောက်ထားပြောဆိုအပ်၏။

သန္တိ တေ ဧဝရူပါ အာဗာဓာ၊ ကုဋ္ဌံ၊ ဂဏ္ဍော၊ ကိလာသော၊ သောသော၊ အပမာရော ။

တေ–သင်၏၊သရီရေ–ကိုယ်ခန္ဓာ၌၊ပဉ္စ–ငါးပါးကုန်သော၊အာဗာဓာ–အနာမျိုးတို့သည်၊သန္တိ–ရှိကုန်၏။ တေသု–ထိုအနာကြီးငါးမျိုးတို့တွင်–

၁။ ကုဋ္ဌံ–နူနာသည်၊ အတ္ထိ–ရှိသလော။(နတ္ထိ ဘန္တေ–ဟုဖြေခိုင်းပါ)

၂။ ဂဏ္ဍော–သည်၊ အတ္ထိ–လော။ (နတ္ထိ ဘန္တေ–ဟုဖြေခိုင်းပါ)

၃။ ကိလာသော–သည်၊ အတ္ထိ–လော။ (နတ္ထိ ဘန္တေ–ဟုဖြေခိုင်းပါ)

၄။ သောသော –သည်၊ အတ္ထိ–လော။ (နတ္ထိ ဘန္တေ–ဟုဖြေခိုင်းပါ)

၅။ အပမာရော–သည်၊ အတ္ထိ–လော။ (နတ္ထိ ဘန္တေ–ဟုဖြေခိုင်းပါ)

မနုဿောသိ (လ) ပရိပုဏ္ဏံ တေ ပတ္တစီဝရံ ။

တွံ–သင်သည်၊မနုဿော–လူသားစင်စစ်သည်၊အသိ–ဖြစ်ပါ၏လော။
(အာမ ဘန္တေ–ဟုဖြေခိုင်းပါ)

ကိံ နာမောသိ၊ တွံ-သင်သည်၊ ကိံ နာမော-အဘယ်အမည် ရှိသည်၊ အသိ-ဖြစ်ပါသနည်း?

အဟံ ဘန္တေ နာဂေါ နာမ။

တပည့်တော်၏ အမည်သည် နာဂအမည်ရှိပါ၏ဘုရား။(ဟုသင်ပေးပါ)

ကော နာမော တေ ဥပဇ္ဈာယော ။

တေ-သင်၏၊ ဥပဇ္ဈာယော-ဥပဇ္ဈာယ်ဆရာသည်၊ ကောနာမော-အဘယ် အမည်ရှိပါသနည်း?

ဥပဇ္ဈာယော မေ ဘန္တေ အာယသ္မာ တိဿထေရော နာမ။

တပည့်တော်၏ ဥပဇ္ဈာယ်ဆရာတော်သည် သက်တော်ရာကျော် ရှည်တော်မူလတ္တံ့သောအရှင်တိဿမထေရ်ဖြစ်ပါ၏ဘုရား(အဖြေခိုင်းပါ)

*ရဟန်းလောင်းဆုံးမခမ်းအကျဉ်းကတော့ ပြီးပြီ။*

---

ယခုခေတ်ကတော့ အကျဉ်းဘဲ ဆုံးမကြပါတယ်၊ ဝိနည်းငယ် လေးစောင်မှာတဲ့ ဆရာတော်ဦးဗုဓ်-မူ၊ ပခုက္ကူဆရာတော်ကြီးရေးသား ထားတဲ့ 'သိမာဝိနိစ္ဆယ'-မူ၊ နိုင်ငံတော်သံဃမဟာနာယက ဥက္ကဋ္ဌ မြင်းခြံဆရာတော်ကြီးရေးသားထားတဲ့ 'ဝိနိစ္ဆယ ဗဟုသုတ'မူများကို လည်းကြည့်ကြပါ။စုံစုံလင်လင်ပါပါတယ်။ကြိုက်တဲ့နည်းသုံးရဒါပေါ့။

## "ကုဋ္ဌ"ပုဒ်ဝါကျဖြန့်ပုံ

အာဂုသော နာဂ တေ သရီရေ ကုဋ္ဌံ အတ္ထိ၊ ဣတိ ဇဝံ တံ လဒ္ဓသမ္မုတိကာ ပုစ္ဆိဿန္တိ ဇဝံ ပုစ္ဆန္တေသု တေ သရီရေ ကုဋ္ဌံ သစေ အတ္ထိ ဇဝံသတိ ၊ အတ္ထိ ဘန္တေတိ တယာ ဝတ္တဗ္ဗံ၊ သစေ နတ္ထိ၊ နတ္ထိ ဘန္တေတိ တယာ ဝတ္တဗ္ဗံ။

(အနာကြီး(၅)မျိုးဖြန့်လေ)

ကမ္မာကမ္မသင်တန်း ၃၃

ပုရိသော သိ– စသည်

အာဂုသော နာဂ တွံ ပုရိသော အသိ၊ ဧဝံ တံ လဒ္ဓသမ္မုတိကာ ပုစ္ဆိသန္တိ ဧဝံ ပုစ္ဆန္တေသု တွံ ပုရိသော သစေ အသိ ဧဝံသတိ ၊ အာမ ဘန္တေတိ တယာ ဝတ္တဗ္ဗံ၊တွံ ပုရိသော သစေ နအသိ၊ န အမှိ ဘန္တေတိ တယာ ဝတ္တဗ္ဗံ။

ရှေးကတော့ဤလိုဝါကျဖြင့်ဆုံးမကြတယ်။

## ဗဟုသုတ

### ပညတ်ရပုံအဖုံဖုံ

ရဟန်းလောင်းဆုံးမခမ်းမှာပါတဲ့ဆုံမပုံတွေဟာ တကြိမ်တခါ တည်း ပညတ်တာမဟုတ်ပါဘူး အကြောင်းပေါ်လာတိုင်း ပေါ်လာ တိုင်း အကြိမ်ကြိမ် ပညတ်တော်မူရပါတယ် ဗဟုသုတဖြစ်စေရန် အကျဉ်းလိုရင်းကလေတွေပြောပြမယ် အကျယ်ကိုတော့ ဝိနည်းမဟာဝါ မှာကြည့်ကြပါ။

### ဥပဇ္ဈာယ်ယူ

ဥပဇ္ဈာယ်ဆရာဆုံးမ မည့်သူမရှိဘဲ ရဟန်းပြုလာကြသဖြင့် ဝတ်ပုံ၊စားပုံ၊နေထိုင်ပုံ၊ဆွမ်းခံသွားပုံစသည် ကြည်ညိုဘွယ်မဖြစ်၍ လူတိုင်းကဲ့ရဲ့သောကြောင့် ဘုရားရှင်က–

အနုဇာနာမိ ဘိက္ခဝေ ဥပဇ္ဈာယံ ။(နာ–၅၆–၅၇)

န ဘိက္ခဝေ အနုပဇ္ဈာယကော ဥပသမ္ပါဒေ တဗ္ဗော၊ ယော ဥပသမ္ပါဒေယျ အာပတ္တိဒုက္ကဋဿ-ဟု။(၁၂၄)

ပညတ်တော်မူသည်။

### သပိတ်၊သင်္ကန်းကြားပုံ

သပိတ်၊သင်္ကန်းမရှိသူ၊ သူများ၏ သပိတ်၊သင်္ကန်းကို ခေတ္တ ခဏငှါး၍ ရဟန်းခံသူများဖြစ်ပေါ်လာသောကြောင့် ကိုယ်ပိုင်သပိတ် သင်္ကန်း မရှိသူကိုရဟန်းခံမပေးရဟု– ပညတ်တော်မူသည် ။

န ဘိက္ခဝေ အပတ္တစီဝရတော ဥပသမ္ပါဒေတဗ္ဗော ၊ ယော ဥပသမ္ပါဒေယျ အာပတ္တိဒုက္ကဋဿ။(၁၂၅)

## အပြင်ထုတ်ဆုံးမရပုံ

ရဟန်းတွေမှာ အနာကြီးငါးမျိုးစသော(၁၃)ပါးသော၊ပဗ္ဗဇ္ဇ-အန္တရာယ်တွေဖြစ်ပေါ်လာသောကြောင့် ရဟန်းခံသောအခါ အန္တရာယ်များရှိ၊မရှိ မေးစိစစ်ရန်(တေရသ အန္တရာယိကေ ဓမ္မေ ပုစ္ဆိတုံ)ဟုငင်း။ ကြိုတင်ဆုံးမထားခြင်းမရှိဘဲမေးသဖြင့် ရဟန်းလောင်းတွေ ကြောက်ရွံ့ မပြေတတ်သောကြောင့်(ပဌမံ အနုသာသိတွာ ပစ္ဆာ အန္တရာယိကေ ဓမ္မေ ပုစ္ဆိတုံ)ဟုငင်း။ (၁၃၀)

တဖန် သံဃာတော်များအလည် ဆုံးမရာ၌ ကြောက်ရွံ့ပြီး မပြေတတ်ပြန်သောကြောင့်-

အနုဇာနာမိ ဘိက္ခဝေ ဧကမန္တံ အနုသာသိတွာ သံဃမဇ္ဈေ-အန္တရာယိကေ ဓမ္မေ ပုစ္ဆိတုံ-ဟုငင်း၊ပညတ်တော်မူ၍ သံဃာ့ဘောင်မှ ဟတ္ထပါသ်လွတ်ရာ အပြင်တနေရာထုတ်ပြီး ဆုံးမရခြင်းဖြစ်သည်။

## ဗျတ္တ ပဋိဗလ ပုဂ္ဂိုလ်

ဆုံးမတဲ့အခါမှာလဲ မလိမ္မာ၊မကျွမ်းကျင်တဲ့ ပုဂ္ဂိုလ်များက ဆုံးမသဖြင့် ရဟန်းလောင်းတွေမှာ ကြောက်လန့်မပြေတတ်ဘဲဖြစ်နေပြန်သောကြောင့်-

အနုဇာနာမိ ဘိက္ခဝေ ဗျတ္တေန ဘိက္ခုနာ ပဋိဗလေန-အနုသာသိတုံ-ဟုပညတ်တော်မူသည်။

## သမ္မုတိညာတ်ထားပုံ (၁၃၁)

တဖန် သမုတိမရသောရဟန်းတော်များက ဆုံးမသောကြောင့် "အနုဇာနာမိ ဘိက္ခဝေ သမ္မတေန အနုသာသိတုံ"ဟူသောပညတ်ချက်အရ သမုတိညာတ်ထားရသည်။

## ပဥ္စမပါစိတ္တိယ

မာဂဓတိုင်းမှာ၊ထိုအချိန်ကာလတုန်းက အနာကြီးငါးမျိုးရောဂါတွေအဖြစ်များတယ်၊အဲဒီအနာကြီးတွေကို ဆရာဇီဝက–ကုလျှင်ပျောက်ပါတယ်၊အမျိုးသားတစ်ယောက်နုနာရောဂါဖြစ်တော့ ဆရာဇီဝကကိုဆေးကုပေးရန်တောင်းပန်ပါတယ်၊ဆရာဇီဝက–ကနန်းတွင်းသူနန်းတွင်းသားများနဲ့ရဟန်းသံဃာတော်များသာကုသတဲ့အကြောင်းပြောတော့အဲဒီအမျိုးသားက ငါ့အနာရောဂါဆေးကုရအောင်ရဟန်းဝတ်မယ်၊အနာပျောက်လျှင်လူထွက်မယ်–အကြံနဲ့ရဟန်းဝတ်တယ်၊ဆရာဇီဝကထံဆေးကုတယ်၊သူ့ရောဂါပျောက်တော့လူထွက်သွားတယ်၊ဒီအကြောင်းကိုဆရာဇီဝကသိတော့ စိတ်မကောင်းဖြစ်ပြီးရဟန်းခံပေးတဲ့ရဟန်းတွေကိုကဲ့ရဲ့ပြစ်တင်လျှက် အနာကြီးငါးမျိုးရှိတဲ့သူကို ရဟန်းခံမပေးရန်ဘုရားရှင်အားလျှောက်ထားသဖြင့် "န ဘိက္ခဝေ ပဉ္စဟိ အာဗာဓေဟိဖုဋ္ဌော ပဗ္ဗာဇေတဗ္ဗော၊ ယော ပဗ္ဗာဇေယျ အာပတ္တိ ဒုက္ကဋဿ"ဟုပညတ်သည်။(၁၀၃)

## တိရစ္ဆာနဂတဝတ္ထု

မနုဿောသိ–လူသားဟုတ်/မဟုတ်–မေးရတဲ့အကြောင်းမှာနဂါးတစ်ကောင်လူယောင်ဖန်ဆင်း၍ရဟန်းပြုရန်တောင်းပန်သဖြင့်ရဟန်းများက လူသားအစစ်မှတ်၍ရဟန်းပြုပေးလိုက်ကြလေသည်။တောကျောင်းတစ်ကျောင်းမှာ လူသားရဟန်းနှင့်အတူနေထိုင်ကြလျှက်တစ်နေ့သောအခါ လူသားရဟန်းလေးက မနက်စောစောထပြီးအပြင်ထွက်စင်္ကြံလျှောက်နေစဉ် နဂါးရဟန်းလေးက အိပ်ပျော်သွားသဖြင့်နဂါးပြန်ဖြစ်သွားပြီး ကျောင်းကလေးတစ်ကျောင်းလုံးအခွေဖြင့်ပြည့်နေလေသည်။

လူသားရဟန်းလေးက ကျောင်းထဲဝင်ရန်တံခါးတွန်းလိုက်သောအခါကျောင်းတစ်ကျောင်းလုံးမြွေအခွေကြီးနှင့်ပြည့်နေသည်ကိုတွေ့မြင်ရသောကြောင့်ကြောက်လန့်ပြီး'မြွေကြီးမြွေကြီး'ဟုအော်ဟစ်လိုက်–

သောအခါ နဂါးလေးကနိုးပြီး ရဟန်းအသွင်ဖန်ဆင်းကာထိုင်နေတာတွေ့ကြရသဖြင့် 'အသင်၊ဘယ်သူလဲ'လို့မေးမြန်းကြသောအခါ 'တပည့်တော်၊နဂါးပါဘုရား'ဟုဖြေသောကြောင့် ရဟန်းတော်များက အကျိုးအကြောင်းမြတ်စွာဘုရားကိုလျှောက်ထားကြသောကြောင့်ဘုရားရှင်က နဂါးကလေးအားတရားဟောတော်မူသဖြင့်နဂါးကလေးလည်း စိတ်နှလုံးမချမ်းမသာမျက်ရည်များကြလျက် နဂါးပြည်သို့ပြန်သွားလေသည်။ ဤဝတ္ထုကိုအကြောင်းပြုပြီး---

"တိရစ္ဆာနဂတော ဘိက္ခဝေ အနုပသမ္ပန္နော န ဥပသမ္ပာဒေတဗ္ဗော၊ ဥပသမ္ပန္နော နာသေတဗ္ဗော"ဟုပညတ်တော်မူသည်။ (၁၂၀)

## နဂါးဘာဝမစွန့်ခြင်း

၁။မေထုန်မှီဝဲသောအခါ နဂါးဘာဝပြန်ဖြစ်ခြင်း၊

၂။အိပ်ပျော်သောအခါ နဂါးဘာဝပြန်ဖြစ်ခြင်း၊

၃။အရေလဲသောအခါ နဂါးဘာဝပြန်ဖြစ်ခြင်း၊

၄။သေသွားသောအခါ နဂါးဘာဝပြန်ဖြစ်ခြင်း၊

## ပုရိသောသိ-စသည်

တစ်ယောက်သောပဏ္ဍုက်သည် ရဟန်းပြုပြီး၊ရဟန်းငယ်တို့ကိုဖျက်ဆီးသောကြောင့်ပဏ္ဍုက်များရဟန်းခံမပေးရန်ပညတ်သည်။(၁၁၉)

ကျွေးယူ၍ကျွေးမဆပ်နိုင်သောယောကျ်ားသည် ထွက်ပြေးပုန်းရှောင်ပြီးရဟန်းဝတ်နေသဖြင့် ကျွေးရှင်များက ကျွေးတောင်းကြသောကြောင့် ပညတ်ရသည်။ (နှာ-၁၀၆)

အရိုင်းအစေကျွန်တစ်ယောက်သည် အိမ်မှထွက်ပြေး၍ရဟန်းဝတ်နေသောအခါ အိမ်ရှင်တွေတွေ့မြင်၍ကဲ့ရဲ့သောကြောင့်ကျွန်ကိုရဟန်းပြုမပေးရန် ပညတ်သည်။ (နှာ-၁၀၇)

## ရာဇဘဋ ဝတ္ထု

ဗိမ္ဗိသာရမင်းအုပ်ချုပ်သော မာဂဓတိုင်း၊ပစ္စန္တရာစ်အရပ်၌-

သူပုန်သောင်းကြမ်းသူတွေထကြွသောင်းကြမ်းသဖြင့်ဗိမ္ဗိသာရမင်းက စစ်သူကြီးအမတ်တို့ကို သူပုန်ရန်နှိမ်နင်းခိုင်းသောအခါ ထင်ရှားသော စစ်ဗိုလ်မှူးသူရဲကောင်းတွေကိုလွှတ်၍ နှိမ်နင်းခိုင်းပါတယ်၊ အဲဒီ စစ်ဗိုလ်မှူးသူရဲကောင်းတွေဟာ သူများအသက်သတ်ရဒါအကုသိုလ် များတယ်၊ကုသိုလ်ရအောင် ရဟန်းဝတ်မယ်ဆိုပြီး စစ်မတိုက်ဘဲနှင့် ရဟန်းဝတ်ကြတယ်။

အမတ်ကြီးတွေသိရှိသောအခါ ရဟန်းခံပေးသောရဟန်းများကို ကဲ့ရဲ့ရှုံ့ချပြီး ဗိမ္ဗိသာရမင်းကြီးကိုသံတော်ဦးတင်သောအခါဗိမ္ဗိသာရမင်း ကြီးက မင်းခစားယောကျ်ားတွေကို ရဟန်းခံပေးတဲ့ရဟန်းတွေဟာ တရားဥပဒေအရ အဘယ်အပြစ်ရှိသလဲ?ဆုံးဖြတ်စေ–ဟုအမိန့်ရှိပါ တယ်။ တရားသူကြီး, အမတ်ကြီးများက–

၁။ ဥပဇ္ဈာယ်ဆရာအား ဦးခေါင်းဖြတ်အပ်၏၊

၂။ ကမ္မဝါဆရာအား လျှာကိုဖြတ်အပ်၏၊

၃။ ဂိုဏ်း,ကာရကသံဃာအား နံရိုးကိုချိုးအပ်၏–ဟုဆုံးဖြတ်သဖြင့် ဗိမ္ဗိသာရမင်းကြီးက မြတ်စွာဘုရားထံသွားပြီး သာသနာမကြည်ညိုတဲ့ မင်းလက်ထက်ဖြစ်ခဲ့လျှင် အပြစ်အနည်းငယ်မျှဖြင့် ရဟန်းတွေကို ညှင်းဆဲနှိပ်စက်အဖျက်ဆီးခံရပါလိမ့်မည်ဘုရား၊ နောင်မင်းခစား– ယောကျ်ားများအား ရဟန်းခံမပေးပါစေနဲ့ဘုရား–ဟုလျှောက်ထား သောကြောင့်–"န ဘိက္ခဝေ ရာဇဘဋ္ဌော ပဗ္ဗာဇေတဗ္ဗော၊ ယော– ပဗ္ဗာဇေယျ၊အာပတ္တိ ဒုက္ကဋဿ"ဟုပညတ်တော်မူသည်။(၁၀၃၊၁၀၄)

## ရာဟုလာဝတ္ထု

ရာဟုလာသတို့သားလေးက မြတ်စွာဘုရားထံ အမွေတောင်း သောအခါ လောကီအမွေမပေးဘဲ လောကုတ္တရာအမွေပေးလိုသော ကြောင့် ရှင်သာရိပုတ္တရာကိုခေါ်တော်မူ၍ 'သာရိပုတ္တရာ၊ရာဟုလာ သတို့သားကလေးကို ရှင်ပြုပေးလိုက်'ဟုအမိန့်ရှိသဖြင့် ရှင်ပြုပေး လိုက်လေသည်။ရာဟုလာကလေးရှင်ပြုပေးခြင်းကိုအကြောင်းပြုပြီး–

သုဒ္ဒေါဓနမင်းကြီးက မိဘများခွင့်မပြုတဲ့သားသမီးများကို ရှင်ရဟန်းပြုမပေးရန် တောင်းပန်လျှောက်ထားသောကြောင့် –

ဘုရားရှင်က –

"န ဘိက္ခဝေ အနနုညာတော မာတာပိတူဟိ ပုတ္တော ပဗ္ဗာဇေတဗ္ဗော၊ ယော ပဗ္ဗာဇေယျ၊ အာပတ္တိ ဒုက္ကဋဿ"မိဘခွင့်မပြုသူကို ရှင်ရဟန်းမပြုရ–ဟုပညတ်သည်။ (နှာ–၁၁၆)

## ပရိပုဏ္ဏဝီသတိ (နှာ–၁၂၉)

အရှင်ကုမာရကဿပသည် ပဋိသန္ဓေရက်နှင့်တကွ အသက်နှစ်ဆယ်ရှိသည်ဖြစ်၍ ပဉ္စင်းခံခြင်းကိုအကြောင်းပြု၍ပဋိသန္ဓေမှစ၍အသက်နှစ်ဆယ်ပြည့်လျှင် ရဟန်းခံလို့ရကြောင်း "အနုဇာနာမိ ဘိက္ခဝေ ဂဗ္ဘဝီသံ ဥပသမ္ပါဒေတုံ" ဘိက္ခဝေ–ရဟန်းတို့၊ဂဗ္ဘဝီသံ–ပဋိသန္ဓေရက်နှင့်တကွအသက်နှစ်ဆယ်ပြည့်သောသူကို၊ဥပသမ္ပါဒေတုံ–ပဉ္စင်းခံပေးခြင်းငှါ၊အနုဇာနာမိ–ခွင့်ပြုတော်မူ၏–ဟုပညတ်၏။

## အသက်(၁၉)နှစ်၊(၃)လ

အမိဝမ်းတိုက်၌ ပဋိသန္ဓေတည်နေကြပုံဟာ မတူကြဘူး၊ (၇)လဖွား၊(၈)လဖွား၊(၉)လ(၂၄)ရက်ဖွားလို့သုံးမျိုးရှိတယ်၊ယခုခေတ် (၁၉)နှစ်နဲ့(၃)လရဟန်းခံကြတယ်ဆိုတာ ပဋိသန္ဓေရက်(၉)လ(၂၄)ရက်နှင့်(၁၉)နှစ်(၃)လပေါင်းလိုက်တဲ့အခါ အသက်(၂၀)နဲ့(၂၄)ရက်ဖြစ်တယ်၊ဒါကြောင့်(၁၉)နှစ်(၃)လရဟန်းခံလို့ရတယ်လို့ဆိုကြဒါ။

## ဝါထပ်ရက်ငင်ယူပုံ

(က) (၇)လဖွားဆိုလျှင်(၁၉)နှစ်(၃)နှင့်ပေါင်းတော့(၁၉)နှစ်နဲ့ (၁၀)လရှိတယ်၊(၂)လလိုနေတယ်။

(ခ) (၈)လဖွားဆိုလျှင်(၁၉)နှစ်(၃)နှင့်ပေါင်းတော့(၁၉)နှစ်နဲ့ (၁၁)လရှိတယ်၊(၁)လလိုနေတယ်။ (၁၂)လပြည့်အောင်ဝါထပ်ရက်ငင်နဲ့ ယူရတယ်။

## သုံးနှစ်တစ်ကြိမ် ဝါထပ်

သုံးနှစ်ပြည့်လျှင် ဝါထပ်တော့ ဝါဆိုလတစ်လပိုလာတယ်၊ အသက်(၁၈)နှစ်ရှိလျှင်(၆)လပိုလာတယ်။အဲဒီ(၆)လလုံးယူလို့မရသေးဘူး၊ရက်မစုံလတွေတစ်နှစ်မှာ(၆)လရှိတယ်၊(၆)လဆိုတော့ တစ်နှစ်မှာ(၆)ရက်လျှော့နေတယ်၊အသက်(၁၉)နှစ်ပြည့်လျှင်(၁၁၄)ရက်လျှော့သွားပြီ၊ ရက်(၃၀)ရှိမှတစ်လတင်းတင်းပြည့်တာမို့(၁၁၄)ရက်ကိုလဖွဲ့လိုက်လျှင် (၃)လနဲ့(၂၄)ရက်ဖြစ်တယ်၊ဝါထပ်လို့ပိုတဲ့(၆)လထဲကိုရက်မစုံ(၃)လ (၂၄)ရက်နှုတ်လိုက်တော့(၂)လနဲ့(၆)ရက်ဘဲအသားတင်ကျန်တော့တယ်။

## (၇)လဖွား

(၇)လဖွားမှာ အသက်က(၁၉)နှစ်နဲ့(၃)လ၊ပဋိသန္ဓေက(၇)လ၊ ဝါထပ်ရက်ငင်က(၂)လနဲ့(၆)ရက်ပေါင်းလိုက်တော့ အသက်(၂၀)နဲ့ (၆)ရက်ဖြစ်သွားတယ်။

## (၈)လဖွား

(၈)လဖွားဆိုလျှင် အသက်(၂၀)နဲ့(၁)လ၊(၆)ရက်ဖြစ်သွားတာ ပေါ့။ဒါကြောင့်ရှေးဆရာတော်ကြီးများကအသက်(၁၉)နှစ်နဲ့(၃)လဆို လျှင်'ရဟန်းခံ'လို့ရကြောင်း ဆုံးဖြတ်တော်မူခဲ့ကြဒါဖြစ်တယ်။

## (၁၈)နှစ်နဲ့(၉)လ

တချို့က အသက်က(၁၈)နှစ်နဲ့(၉)လ၊ပဋိသန္ဓေက(၇)လ၊ဝါထပ် လက(၆)လပေါင်းလျှင်(၂၀)ဖြစ်တယ်လို့ယူကြသေးသတဲ့၊အဲဒီနည်းကို တော့ဆရာတော်ကြီးများက လက်မခံကြပါ၊ဗဟုသုတအဖြစ်သာပြော ပြလိုက်တာပါ၊မလုပ်ကြနဲ့။

## (၉)လလွယ်(၁၀)လဖွား

ပထမံ ကလလံ ဟောတိ၊ ကလလံ ဟောတိ အဗ္ဗုဒံ။
အဗ္ဗုဒါ ဇာယတေ ပေသိ၊ ပေသိ နိဗ္ဗတ္တတေ ဃနော။
ပဉ္စ ပသာခါ ဇာယန္တိ၊ ကေသာလောမာနခါပိစ။

## ပဋ္ဌိသန္ဓေခန်းလာတဲ့အတိုင်း

(၁)ကလလရေကြည်က–၇–ရက်၊(၂)အဗ္ဗုဒ–၇–ရက်၊(၃)ပေသိ–၇–ရက် (၄)ဃဏက–၇–ရက်၊ (၅)ခက်မငါးဖြာ–၇–ရက်၊ (၆)ဇရာ–၇–ရက်၊ (၇)စက္ခုက–၇–ရက်၊ (၈)သောတက–၇–ရက်၊(၉)ဃာနက–၇–ရက်၊ (၁၀)ဇိဝှါက–၇–ရက်၊(ကာယ+ဘာဝ+ဝတ္ထုက ကလလသတ္တာဟနှင့် အတူဖြစ်ခဲ့လို့ ကာယကိုမယူရဘူး) ဇိဝှါအထိရက်ပေါင်း(၇၀)၊(၂)လ နဲ့(၁၀)ရက်ဖြစ်သွားပြီ။ အဲဒီနောက် ကေသာ–၇–ရက်၊လောမာ–၇ ရက်စသည်ဖြင့်(၃၂)ကောဋ္ဌာသမှာ ရက်ပေါင်း(၂၂၄)ရက်၊ (၇)လနဲ့ (၁၄)ရက်ဖြစ်တယ်၊(၂)လ(၁၀)ရက်နဲ့(၇)လ(၁၄)ရက်ပေါင်းလိုက်တော့ (၉)လနဲ့(၂၄)ရက်ဖြစ်တယ်၊အဲဒါကြောင့် "(၉)လလွယ်(၁၀)လဖွား" လို့ပြောကြဒါ၊ဘုရားလောင်းများမှာတော့ ဤအတိုင်းဖွားမြင်တယ်။

ယခုခေတ်လူတွေမှာ ပဋိသန္ဓေဘယ်နစ်လနေမှန်းမသိတော့ မှန်းဆပြီးလုပ်နေကြရဒါပေါ့၊(၁၉)နစ်နဲ့(၅)လဆိုလျှင်တော့အသေးစိပ် တွက်နေစရာမလိုတော့ဘူး၊ အကောင်းဆုံးပါဘဲ။

## ကောနာမောသိ

ရဟန်းခံကမ္မဝါစာဖတ်တဲ့အခါမှာ ရဟန်းလောင်း၏အမည်ရင်း ဥပဇ္ဈာယ်ဆရာ၏ အမည်ရင်းဖြင့်ဖတ်ရပါတယ်။ တစ်နေ့သောအခါ အရှင်မဟာကဿပ က ညီတော်အာနန္ဒာကိုခေါ်ပြီး တပည့်ရဟန်း လောင်းကိုရဟန်းခံမည်၊ကမ္မဝါဖတ်ပါ–ဟုအမိန့်ရှိသောအခါ မိမိဆရာ ၏အမည်ရင်းဖြစ်သော ပိပ္ပလိ–ဆိုတဲ့အမည်ကိုဖတ်ရမှာမဖတ်ဝံ့သဖြင့် ဘုရားရှင်အားလျှောက်ထားရာ ဘုရားရှင်က ဆရာ၏အမည်ကိုတိုက် ရိုက်မခေါ်ရဲ,မဖတ်ရဲလျှင်'ကဿပ'ဆိုတဲ့အနွယ်အမည်ဖြင့်ဖတ်ရန်။

"အနုဇာနာမိ ဘိက္ခဝေ ဂေါတ္တေနပိ အနုသာဝေတုံ"ဟုပညတ် တော်မူသည်။ (နာ–၁၂၉) ဖတ်လို့လွယ်ကူစေရန် ရဟန်းလောင်းကို "နာဂ"၊ ဥပဇ္ဈာယ်ဆရာကို"တိဿ"ဟုအမည်မှည့်၍ကမ္မဝါစာဖတ်ကြ ခြင်းဖြစ်သည်။

## ကမ္မာကမ္မသင်တန်း

## တောင်းပန်ရပုံ

တစ်နေ့သောအခါ ရဟန်းတစ်ပါးသည် ရဟန်းခံပြီး၍မကြာမြင့်မီရဟန်းတို့အားမလျှောက်ပတ်သောအကျင့်ကိုပြုကျင့်သဖြင့်တခြားရဟန်းတို့က ဝိနည်းတော်နှင့်မညီသဖြင့် မပြုကျင့်ရန်ပြောကြသောအခါ တပည့်တော်က လိုလိုချင်ချင် ရဟန်းပြုပေးပါ-ဟုတောင်းပန်ခဲ့ဒါမဟုတ်ဘူး၊အရှင်ဘုရားတို့သဘောနဲ့ရဟန်းပြုပေးလို့၊ရဟန်းပြုခဲ့ရဒါပါ၊ဆုံးမစရာမလိုဘူး-ဟုကဲ့ရဲ့ပြစ်တင်ပြောဆိုသောကြောင့် -

"အနုဇာနာမိ ဘိက္ခဝေ ယာစိတေန ဥပသမ္ပာဒေတုံ'- ရဟန်းပြုပေးရန် တောင်းပန်သောရဟန်းကိုသာ ရဟန်းပြုပေးရန်" ပညတ်တော်မူသည်။ (နာ-၇၂)

## ရဟန်းခံကိစ္စ

ဤကဲ့သို့ တောင်းပန်လျှောက်ထားပြီးလျှင် သံဃာတော်များရှေ့၌ ရဟန်းလောင်းကိုလက်အုပ်ချီဆောင့်ကြောင့်ထိုင်စေလျှက်'ကမ္မဝါ' ဖြင့်ရဟန်းခံပေးရမည်။

'ဉတ္တိစတုတ္ထ၊ ဥပသမ္ပဒကမ္မဝါစာ' (နာ-၁၃၂)

## ဉာတ်ပါဠိ

သုဏာတု မေ ဘန္တေ သံဃော၊ အယံ နာဂေါ အာယသ္မတော တိဿဿ ဥပသမ္ပဒါပေက္ခော၊ ပရိသုဒ္ဓေါ အန္တရာယိကေဟိ ဓမ္မေဟိ၊ ပရိပုဏ္ဏဿ ပတ္တစီဝရံ၊ နာဂေါ သံဃံ ဥပသမ္ပဒံ ယာစတိ၊ အာယသ္မတာ တိဿေန ဥပဇ္ဈာယေန၊ ယဒိ သံဃဿ ပတ္တကလ္လံ၊ သံဃော နာဂံ ဥပသမ္ပာဒေယျ၊ အာယသ္မတာ တိဿေန ဥပဇ္ဈာယေန၊ ဧသာ ဉတ္တိ ။

## ကမ္မဝါစာပါဠိ

♣ သုဏာတု မေ ဘန္တေ သံဃော၊ အယံ နာဂေါ အာယသ္မတော တိဿဿ ဥပသမ္ပဒါပေက္ခော၊ ပရိသုဒ္ဓေါ အန္တရာယိကေဟိ ဓမ္မေဟိ၊ ပရိပုဏ္ဏဿ ပတ္တစီဝရံ၊ နာဂေါ သံဃံ ဥပသမ္ပဒံ ယာစတိ၊

အာယသ္မတာ တိဿေန ဥပဇ္ဈာယေန၊ သံဃော နာဂံ ဥပသမ္ပာဒေတိ ၊ အာယသ္မတာ တိဿေန ဥပဇ္ဈာယေန၊ ယဿာ- ယသ္မတော ခမတိ၊ နာဂဿ ဥပသမ္ပဒါ အာယသ္မတာ တိဿေန ဥပဇ္ဈာယေန၊ သော တုဏှဿ၊ ယဿ နက္ခမတိ၊ သော ဘာသေယျ။

ဒုတိယမ္ပိ ဧတမတ္ထံ ဝဒါမိ။ ♣ သုဏာတု မေ ---

တတိယမ္ပိ ဧတမတ္ထံ ဝဒါမိ။ ♣ သုဏာတု မေ ---

## နိဂမနပါဠိ

ဥပသမ္ပန္နော သံဃေန နာဂေါ အာယသ္မတာ တိဿေန ဥပဇ္ဈာယေန၊ ခမတိ သံဃဿ၊ တသ္မာ တုဏှီ၊ ဧဝမေတံ ဓာရယာမိ။

## အနက်

ရဟန်းခံတဲ့အခါမှာ အနက်ကတော့ မလိုပါဘူး၊ကမ္မဝါစာရဲ့ အနက်အဓိပ္ပါယ်ကို သိအောင်လို့အနက်ကိုသင်ပေးနေရဒါပါ၊အနက် အဓိပ္ပါယ်သိထားမှကောင်းတယ်။

## ဉာတ်ပါဠိအနက်

ဘန္တေ-အရှင်ဘုရားတို့၊သံဃော-သံဃာတော်သည်၊မေ-တပည့် တော်၏၊ဝစနံ-စကားကို၊သုဏာတု-နားဆင်တော်မူလော့၊ဝါ-နားဆင် တော်မူပါဘုရား။ အယံ နာဂေါ-ဤနာဂသည်၊ အာယသ္မတော- တိဿဿ-အရှင်တိဿ၏၊ ဥပသမ္ပဒါပေက္ခော-မြင့်မြတ်သောရဟန်း ပဥ္စင်းအဖြစ်ကို ရှင့်သူပါတည်း၊ ဝါ-ရဟန်းလောင်းပါတည်း။ အန္တရာယိကေဟိ-အန္တရာယ်ကိုပြုတတ်ကုန်သော၊ ဓမ္မေဟိ-သဘော တရားတို့မှ၊ ပရိသုဒ္ဓေါ-သန့်ရှင်းစင်ကြယ်ပါပြီ၊ အဿ-ထိုရဟန်း လောင်းအား၊ ပတ္တစီဝရံ-သပိတ်သင်္ကန်းသည်၊ ပရိပုဏ္ဏံ-ပြည့်စုံပါပြီ၊ နာဂေါ-နာဂသည်၊ အာယသ္မတာ တိဿေန-အရှင်တိဿမည်သော၊ ဥပဇ္ဈာယေန-ဥပဇ္ဈာယ်ဆရာဖြင့်၊ သံဃံ-သံဃာတော်ကို၊ ဥပသမ္ပဒံ- မြင့်မြတ်သောရဟန်းပဥ္စင်းအဖြစ်ကို၊ယာစတိ -တောင်းပန်ထား---

တောင်းပန်ပါ၏။

သံဃဿ–သံဃာတော်၏၊ကမ္မံ–ဥပသမ္ပဒကံသည်၊ပတ္တကလ္လံ–လျှောက်ပတ်သောအခါရှိသည်၊ယဒိ သိယာ–အကယ်၍ဖြစ်ငြားအံ့။ (ဧဝံ သတိ–ဤသို့ဖြစ်ခဲ့သည်ရှိသော်) သံဃော–သံဃာတော်သည်၊ နာဂံ–နာဂကို၊ အာယသ္မတာ တိဿေန–အရှင်တိဿမည်သော၊ ဥပဇ္ဈာယေန–ဥပဇ္ဈာယ်ဆရာဖြင့်၊ ဥပသမ္ပာဒေယျ–မြင့်မြတ်သောရဟန်းပဉ္စင်းအဖြစ်သို့ရောက်စေရာ၏၊ (ဝါ)ရဟန်းပြုပေးရာ၏။ ဧသာ–ဤသည်ကား၊ ဉတ္တိ–သံဃာတော်ကိုသိစေခြင်းပါတည်း။ ။

## ကမ္မဝါပါဠိအနက်

ဘန္တေ–အရှင်ဘုရားတို့၊ သံဃော–သံဃာတော်သည်၊မေ–တပည့်တော်၏၊(ဝစနံ–ပြောဆိုလျှောက်ထားသည့်စကားကို)သုဏာတု နားဆင်တော်မူပါလော့၊(ဝါ)နားဆင်တော်မူပါဘုရား။

အယံ နာဂေါ–ဤနာဂသည်၊ အာယသ္မတော တိဿဿ–အရှင်တိဿ၏၊ ဥပသမ္ပဒါပေက္ခော–မြင့်မြတ်သောရဟန်းအဖြစ်ကို ရှင့်သူပါတည်း၊(ဝါ)ရဟန်းလောင်းပါတည်း။

အန္တရာယိကေဟိ–အန္တရာယ်ကိုပြုတတ်ကုန်သော၊ဓမ္မေဟိ–သဘောတရားတို့မှ၊ ပရိသုဒ္ဓေါ–သန့်ရှင်းစင်ကြယ်ပါပြီ၊ အဿ–ထိုရဟန်းလောင်းအား၊ ပတ္တစီဝရံ–သပိတ်သင်္ကန်းသည်၊ ပရိပုဏ္ဏံ–ပြည့်စုံပါပြီ၊ နာဂေါ–နာဂသည်၊ အာယသ္မတာ တိဿေန–အရှင်တိဿမည်သော၊ ဥပဇ္ဈာယေန–ဥပဇ္ဈာယ်ဆရာဖြင့်၊ သံဃံ–သံဃာတော်ကို၊ ဥပသမ္ပဒံ–မြင့်မြတ်သောရဟန်းပဉ္စင်းအဖြစ်ကို၊ ယာစတိ –ရှိသေပန်ထွာ လျှောက်ထားတောင်းပန်ပါ၏။

သံဃော–သံဃာတော်သည်၊ နာဂံ–နာဂကို၊ အာယသ္မတာ တိဿေန–အရှင်တိဿမည်သော၊ ဥပဇ္ဈာယေန–ဥပဇ္ဈာယ်ဆရာဖြင့်၊ ဥပသမ္ပာဒေတိ –မြင့်မြတ်သောရဟန်းပဉ္စင်းအဖြစ်သို့ရောက်စေပါ၏၊ (ဝါ)ရဟန်းပြုပေးပါ၏။

အာယသ္မတာ တိဿေန-အရှင်တိဿဟူသော၊ ဥပဇ္ဈာယေန-ဥပဇ္ဈာယ်ဆရာဖြင့်၊ နာဂဿ-နာဂ၏၊ ဥပသမ္ပဒါ-မြင့်မြတ်သောရဟန်းပဉ္စင်းအဖြစ်သို့ရောက်ခြင်းသည်၊ယဿာယသ္မတော-အကြင်အရှင်အား၊ ခမတိ-နှစ်သက်၏၊ သော-ထိုနှစ်သက်သောအရှင်သည်၊တုဏှီ-ဆိတ်ဆိတ်၊ အဿ-ဖြစ်ရာ၏၊(ဝါ)ဖြစ်ပါလော့။

ယဿာယသ္မတော-အကြင်အရှင်အား၊အာယသ္မတာ တိဿေန-အရှင်တိဿဟူသော၊ ဥပဇ္ဈာယေန-ဥပဇ္ဈာယ်ဆရာဖြင့်၊ နာဂဿ-နာဂ၏၊ ဥပသမ္ပဒါ-မြင့်မြတ်သောရဟန်း ပဉ္စင်းအဖြစ်သို့ရောက်ခြင်းသည်၊ နက္ခမတိ-မနှစ်သက်၊ သော-ထိုမနှစ်သက်သောအရှင်သည်၊ ဘာသေယျ-ငါမနှစ်သက်ဟုကန့်ကွက်ပြောဆိုရာ၏၊(ပြောဆိုပါလော့)

ဒုတိယမ္ပိ-နှစ်ကြိမ်မြောက်လည်း၊ဧတမတ္ထံ-ဤအနက်အဓိပ္ပါယ်ကို၊ ဝဒါမိ-ပြောဆိုလျှောက်ထားပါ၏။(ကမ္မဝါစာ-တူ၏)

တတိယမ္ပိ-သုံးကြိမ်မြောက်လည်း၊ဧတမတ္ထံ-ဤအနက်အဓိပ္ပါယ်ကို၊ ဝဒါမိ-ပြောဆိုလျှောက်ထားပါ၏။(ကမ္မဝါစာ-တူ၏)

## နိဂမန အနက်

သံဃေန-သံဃာတော်သည်၊ အာယသ္မတာ တိဿေန-အရှင်တိဿဟူသော၊ ဥပဇ္ဈာယေန-ဥပဇ္ဈာယ်ဆရာဖြင့်၊နာဂေါ-နာဂကို၊ ဥပသမ္ပန္နော-မြင့်မြတ်သောရဟန်း ပဉ္စင်းအဖြစ်သို့ရောက်စေအပ်ပါပြီ။

အာယသ္မတာ တိဿေန-အရှင်တိဿဟူသော၊ ဥပဇ္ဈာယေန-ဥပဇ္ဈာယ်ဆရာဖြင့်၊ နာဂဿ-နာဂ၏၊ ဥပသမ္ပဒါ-မြင့်မြတ်သောရဟန်းပဉ္စင်းအဖြစ်သည်၊သံဃဿ-သံဃာတော်အား၊ ယသ္မာ-အကြင့်ကြောင့်၊ ခမတိ-နှစ်သက်၏၊ တသ္မာ-ထို့ကြောင့်၊ တုဏှီ-ဆိတ်ဆိတ်၊အာသိ-ဖြစ်ပြီ၊ ဧဝံ-ဤသို့ဆိတ်ဆိတ်နေခြင်းကြောင့်၊ ဧတံ-ဤနှစ်သက်သည်၏အဖြစ်ကို၊(ဝါ)နှစ်သက်ကြောင်းကို၊ဓာရယာမိ-သိမှတ်ရပါ၏။

## ကမ္မဝါစာအနက်ပြီး၏။

## ရဟန်းဖြစ်ချိန်ပြောကြားခြင်း

တာဝ ဒေဝ ဆာယာ မေတဗ္ဗာ ဥတုပမာဏံ အာစိက္ခိတဗ္ဗံ၊ ဒိဝသဘာဂေါ အာစိက္ခိတဗ္ဗော သင်္ဂီတိ အာစိက္ခိတဗ္ဗာ။

တာဝဒေဝ–ရဟန်းဖြစ်ရာ ထိုခဏ၌သာလျှင်၊ဆာယာ–အရိပ်ကို၊ မေတဗ္ဗာ– နိုင်းယှဉ်တိုင်းတာအပ်၏၊ ဥတုပမာဏံ–ဥတုပမာဏကို၊ အာစိက္ခိတဗ္ဗံ–ပြောကြားအပ်၏၊ ဒိဝသဘာဂေါ–လ,ရက်,နေ့အဖို့ကို၊ အာစိက္ခိတဗ္ဗော–ပြောကြားအပ်၏၊သင်္ဂီတိ–အရိပ်,ဥတု,နေ့–ဟူသော အပေါင်းအစုကို၊ (ဝါ) ရဟန်းရက်ချုပ် သာသနာ့ဝင်မှတ်တမ်းကို၊ အာစိက္ခိတဗ္ဗာ–ပြောကြားထားအပ်၏။

စတ္တာရော နိဿယာ အာစိက္ခိတဗ္ဗာ။

စတ္တာရော–လေးပါးကုန်သော၊ နိဿယာ–မှီရာပစ္စည်းလေးပါးတို့ကို၊အာစိက္ခိတဗ္ဗာ–ပြောကြားအပ်ကုန်၏။

စတ္တာရိ အကရဏီယာနိ အာစိက္ခိတဗ္ဗာနိ။

စတ္တာရိ–လေးပါးကုန်သော၊အကရဏီယာနိ–မပြုကျင့်အပ်သည်တို့ကို၊အာစိက္ခိတဗ္ဗာနိ–ပြောကြားအပ်ကုန်၏။

## မှီရာလေးမျိုးတို့တွင်– (၁)ဆွမ်းဟူသောမှီရာ

အာဝုသော နဝက–ငါ့ရှင်ပဉ္စင်းသစ်၊ ပိဏ္ဍိယာလောပဘောဇနံ–သလုံးမြင်းခေါင်းဖြင့် လှည့်လည်၍ရအပ်သောဆွမ်းကို၊ နိဿာယ–အမှီပြု၍၊ ယာပဗ္ဗဇ္ဇာ-အကြင်ရဟန်း၏အဖြစ်သည်၊ ပဝတ္တာ–ဖြစ်၏၊ တတ္ထ–ထိုရဟန်း၏အဖြစ်၌၊ တေတယာ–သင်ပဉ္စင်းသစ်သည်၊ယာဝဇီဝံ–သိက္ခာပုဒ်တည်းဟူသော အသက်တည်နေသမျှကာလပတ်လုံး၊ ဥဿာဟော–ကျင့်ကြံကြိုးကုတ်အားထုတ်ခြင်းကို၊ ကရဏီယော–ပြုအပ်၏။

အတိရေကလာဘော–လာဘ်လာဘပေါ်များပါမူကား၊သံဃဘတ္တံ–သံဃာအားလုံးအားလှူသောဆွမ်း၄င်း၊ဥဒ္ဒေသဘတ္တံ–သံဃကိုယ်စားညွှန်း၍ရအပ်သောဆွမ်း၄င်း၊ နိမန္တနံ–ပင့်ဖိတ်အပ်သောဆွမ်း၄င်း၊

သလာကဘတ္တံ–စာရေးတံမဲကျသောဆွမ်း၄င်း၊ ပက္ခိကဘတ္တံ–လဆန်းပက္ခ,လဆုတ်ပက္ခ၌လှူသောဆွမ်း၄င်း၊ ဥပေါသထိကံ–ဥပုသ်နေ့၌လှူဒါန်းအပ်သောဆွမ်း၄င်း၊ ပါဋိပဒိကံ–ဥပုသ်ကျော်တက်အထွက်တစ်ရက်နေ့၌လှူအပ်သောဆွမ်း၄င်း၊ ဣမာနိပိ–ဤခုနစ်ပါးသောအတိရေကဆွမ်းတို့ကိုလည်း၊ သေဝိတဗ္ဗာနိ–သုံးဆောင်မှီဝဲအပ်ကုန်၏။ ( အာမ ဘန္တေ )

## (၂)သင်္ကန်း–ဟူသောမှီရာ

အာဝုသော နဝက–ငါ့ရှင်ပဥ္စင်းသစ်၊ ပံသုကူလစီဝရံ–ပံ့သကူသင်္ကန်းကို၊ နိဿာယ–အားကိုးသမှီ အမှီပြု၍၊ ယာပဗ္ဗဇ္ဇာ–အကြင်ရဟန်း၏အဖြစ်သည်၊ ပဝတ္တာ–ဖြစ်၏၊တတ္ထ–ထိုရဟန်း၏အဖြစ်၌၊ တေတယာ–သင်ပဥ္စင်းသစ်သည်၊ယာဝဇီဝံ–သိက္ခာပုဒ်တည်းဟူသောအသက်တည်နေသမျှကာလပတ်လုံး၊ဥဿာဟော–ကျင့်ကြံကြိုးကုတ်အားထုတ်ခြင်းကို၊ ကရဏီယော–ပြုအပ်၏။

အတိရေကလာဘော–လာဘ်လာဘပေါ်များပါမူကား၊ ခေါမံ–ခေါမတိုင်းဖြစ်သင်္ကန်း၄င်း၊ကပ္ပါသိကံ–ဝါချည်သင်္ကန်း၄င်း၊ကောသေယျံ–ပိုးချည်သင်္ကန်း၄င်း၊ ကမ္ဗလံ–သားမွေးသင်္ကန်း၄င်း၊ဝါ–သကလပ်သင်္ကန်း၄င်း၊သာဏံ–ပိုက်ဆံလျှော်ချည်သင်္ကန်း၄င်း၊ဘင်္ဂံ–ဘန်ချည်သင်္ကန်း၄င်း၊ဝါ–ခေါမစသောချည်ငါးမျိုးဖြင့်ရောစွဲယှက်အပ်သောသင်္ကန်း၄င်း၊ ဣမာနိပိ–ဤသင်္ကန်းတို့ကိုလည်း၊သေဝိတဗ္ဗာနိ–သုံးဆောင်မှီဝဲအပ်ကုန်၏။ ( အာမ ဘန္တေ )

## (၃)ကျောင်း–ဟူသောမှီရာ

အာဝုသော နဝက–ငါ့ရှင်ပဥ္စင်းသစ်၊ ရုက္ခမူလသေနာသနံ–သစ်ပင်တည်းဟူသောကျောင်းကို၊ နိဿာယ–အားကိုးသမှီ အမှီပြု၍၊ ယာပဗ္ဗဇ္ဇာ–အကြင်ရဟန်း၏အဖြစ်သည်၊ ပဝတ္တာ–ဖြစ်၏၊တတ္ထ–ထိုရဟန်း၏အဖြစ်၌၊ တေတယာ–သင်ပဥ္စင်းသစ်သည်၊ယာဝဇီဝံ–သိက္ခာပုဒ်တည်းဟူသော အသက်တည်နေသမျှကာလပတ်လုံး၊–

ဥဿာဟော–ကျင့်ကြံကြိုးကုတ်အားထုတ်ခြင်းကို၊ ကရဏီယော–ပြုအပ်၏။

အတိရေကလာဘော–လာဘ်လာဘပေါများပါမူကား၊ဝိဟာရော–လေးဘက်မိုးသောကျောင်း၎င်း၊ အဍ္ဎယောဂေါ–နှစ်ဘက်မိုးသော–ကျောင်း၎င်း၊ပါသာဒေါ–ပြာသာဒ်ပေါက်သောကျောင်း၎င်း၊ဟမ္မိယံ–အုဋ္ဌ်တိုက်ကတုံး၎င်း၊ဂုဟာ–လိုဏ်ဂူ၎င်း၊ဣမေပိ–ဤကျောင်းတို့ကို၎င်း၊ သေဝိတဗ္ဗာ–မှီဝဲအပ်ကုန်၏။ ( အာမ ဘန္တေ )

## (၄)ဆေး–ဟူသောမှီရာ

အာဝုသော နဝက–ငါ့ရှင်ပဥ္စင်းသစ်၊ ပုတိမုတ္တဘေသဇ္ဇံ–နွားကျင်ငယ်တည်းဟူသောဆေးကို၊နိဿာယ–အားကိုးသမှူ အမှီပြု၍၊ ယာပဗ္ဗဇ္ဇာ–အကြင်ရဟန်း၏အဖြစ်သည်၊ ပဝတ္တာ–ဖြစ်၏၊တတ္ထ–ထိုရဟန်း၏အဖြစ်၌၊ တေတယာ–သင်ပဥ္စင်းသစ်သည်၊ယာဝဇီဝံ–သိက္ခာပုဒ်တည်းဟူသော အသက်တည်နေသမျှကာလပတ်လုံး၊–ဥဿာဟော–ကျင့်ကြံကြိုးကုတ်အားထုတ်အပ်၏။

အတိရေကလာဘော–ရှေးဘုန်းရှေးကံရှိ၍လာဘ်လာဘပေါများပါမူကား၊ သပ္ပိ–ထောပတ်၎င်း၊ နဝနီတံ–ဆီဦး၎င်း၊တေလံ–ဆီ၎င်း၊ မဓု–ပျား၎င်း၊ ဖာဏိတံ–တင်လဲ၎င်း၊ဣမာနိပိ–ဤဆေးတို့ကိုလည်း၊ သေဝိတဗ္ဗာနိ–မှီဝဲအပ်ကုန်၏။ ( အာမ ဘန္တေ )

## အကရဏီယလေးပါး

အခါတစ်ပါးရဟန်းတို့ခရီးသွားကြသောအခါ ရဟန်းခံပြီးစ ရဟန်းသစ်ကလေးကို နောက်မှာထားခဲ့ပြီးသွားကြသဖြင့် လမ်းမှာ မယားဟောင်းနဲ့တွေ့၍ မေထုန်မှီဝဲခြင်းအမှုပြုလုပ်သောကြောင့်"ပထမ ပါရာဇိက"သိက္ခာပုဒ်လွန်ကြူးသည်ကိုအကြောင်းပြုပြီး–––

"အနုဇာနာမိ ဘိက္ခဝေ ဥပသမ္ပဒေတ္တာ ဒုတိယံ ဒါတုံ၊စတ္တာရိစ အကရဏီယာနိ အာစိက္ခိတုံ"ဟုပညတ်တော်မူသည်။ (နှာ၊၉–၁၃၄)

ဘိက္ခဝေ–ရဟန်းတို့၊ ဥပသမ္ပဒေတ္တာ–ရဟန်းခံပေးပြီး၍၊–

ဒုတိယံ–အဖေါ်ရဟန်းကို၊ဒါတုံစ–ပေးထားခြင်းငါ်ငင်း၊စတ္တာရိ–လေးပါးကုန်သော၊အကရဏီယာနိ–မပြုကောင်းသောပါရာဇိကလေးပါးတို့ကို၊အာစိက္ခိတုံစ–ပြောကြားထားခြင်းငါ်ငင်း၊အနုဇာနာမိ–ငါခွင့်ပြု၏

ဒါကြောင့်ရဟန်းသစ်ကို ပါရာဇိကလေးပါးသိအောင်ပြောထားရသည်။

## (၁)ပထမအကရဏီယ

အာဝုသောနဝက–ငါ့ရှင်ပဥ္စင်းသစ်၊ဥပသမ္ပန္နေန–ရဟန်းအဖြစ်သို့ရောက်ပြီးသော၊ ဘိက္ခုနာ–ရဟန်းသည်၊အန္တမသော–ယုတ်သောအပိုင်းအခြားအားဖြင့်၊ တိရစ္ဆာနဂတာယပိ–တိရစ္ဆာန်မ၌သော်လည်း၊ မေထုနောဓမ္မော–မေထုန်အကျင့်ကို၊ နပဋိသေဝိတဗ္ဗော–မမှီဝဲအပ်။ ယောဘိက္ခု–အကြင်ရဟန်းသည်၊မေထုနံဓမ္မံ–မေထုန်အကျင့်ကို၊ပဋိ–သေဝတိ–မှီဝဲငြားအံ့၊အသမဏော–ရဟန်းမဟုတ်သည်၊အသကျပုတ္တိယော–သာကီဝင်မင်းသားဘုရားသားတော်မဟုတ်သည်၊ဟောတိဖြစ်၏။

သေယျထာပိနာမ–ဥပမာမည်သည်ကား၊သီသစ္ဆိန္နော–ဦးခေါင်းပြတ်ပြီးသော၊ ပုရိသော–ယောကျ်ားသည်၊ တေန–ထိုပြတ်ပြီးသောဦးခေါင်းနှင့်၊သရီရဗန္ဓနေန–ကိုယ်ကိုတဖန်ဆက်စပ်ပြန်သဖြင့်၊ဇီဝိတုံ–အသက်တဖန် ရှင်ပြန်ခြင်းငှါ၊အဘဗ္ဗောသေယျထာပိ–မထိုက်သကဲ့သို့၊ဧဝမေဝ–ဤအတူသာလျှင်၊ဘိက္ခု–ရဟန်းသည်၊သမာနော–ဖြစ်လျက်၊မေထုနံဓမ္မံ–မေထုန်အကျင့်ကို၊ပဋိသေဝိတွာ–မှီဝဲမိ၍၊အသမဏော–ရဟန်းမဟုတ်သည်၊ အသကျပုတ္တိယော–သာကီဝင်မင်းသားဘုရားသားတော်မဟုတ်သည်၊ဟောတိ–ဖြစ်၏။ တသ္မာ–ထို့ကြောင့်၊တံ–ထိုမေထုန်မှီဝဲမှုကို၊တေတယာ–သင်ပဥ္စင်းသစ်သည်၊ယာဝဇီဝံ–သိက္ခာပုဒ်ကိုယ်၌တည်သမျှကာလပတ်လုံး၊အကရဏီယံ–မပြုကျင့်အပ်။
( အာမ ဘန္တေ )

## (၂)ဒုတိယအကရဏီယ

ဥပသမ္ပန္နေ–ပဥ္စင်းဖြစ်ပြီးသော၊ဘိက္ခုနာ–ရဟန်းသည်၊–––

အန္တိမသော–အယုတ်ဆုံးအားဖြင့်၊တိဏသလာကံ–မြက်ဝါးခြမ်းစိပ်ကို၊ဥပါဒါယ–အစပြု၍၊အဒိန္နံ–အရှင်သည်ကိုယ်နှုတ်ဖြင့်မပေးအပ်သောသူတပါးဥစ္စာကို၊ထေယျသင်္ခါတံ–ခိုးယူလိုသောစိတ်ဖြင့်၊နအာဒါတဗ္ဗံ–မခိုးယူအပ်။

ယောဘိက္ခု–အကြင်ရဟန်းသည်၊ ပါဒံဝါ–တစ်မတ်ကိုင်၎င်း၊ပါဒါရဟံဝါ–တစ်မတ်တန်သောဥစ္စာကို၎င်း၊အတိရေကပါဒံဝါ–တစ်မတ်ထက်လွန်သောဘဏ္ဍာကို၎င်း၊အဒိန္နံ–အရှင်သည်ကိုယ်နှုတ်ဖြင့်မပေးဘဲ၊ထေယျသင်္ခါတံ–ခိုးယူလိုသောစိတ်အစုဖြင့်၊အာဒိယတိ–ခိုးယူငြားအံ့၊အသမဏော–ရဟန်းမဟုတ်သည်၊အသကျပုတ္တိယော–သာကီဝင်မင်းသားဘုရားသားတော်မဟုတ်သည်၊ဟောတိဖြစ်၏။

သေယျထာပိနာမ– ဥပမာမည်သည်ကား၊ ဗန္ဓနာ–အညှာမှ၊ပဝုတ္တော–ကြွေကြသော၊ပဏ္ဍုပလာသော–သစ်ရွက်ရော်သည်၊ဟရိတတ္တာယ–နောက်ထပ်တစ်ဖန်စိမ်းရှင်ပြန်ခြင်းငှါ၊အဘဗ္ဗောသေယျထာပိမထိုက်တန်သကဲ့သို့၊ဧဝမေဝ–ဤအတူသာလျှင်၊–––

ဘိက္ခု–ရဟန်းမြတ်သည်၊သမာနော–ဖြစ်လျက်၊ပါဒံဝါ–တစ်မတ်ကိုင်၎င်း၊ပါဒါရဟံဝါ–တစ်မတ်တန်သောဥစ္စာကို၎င်း၊အတိရေကပါဒံဝါ–တစ်မတ်ထက်လွန်သောဘဏ္ဍာကို၎င်း၊အဒိန္နံ–အရှင်သည်ကိုယ်နှုတ်ဖြင့်မပေးဘဲ၊ထေယျသင်္ခါတံ–ခိုးယူလိုသောစိတ်ဖြင့်၊အာဒိယတွာ–ခိုးယူမိ၍၊အသမဏော–ရဟန်းမဟုတ်သည်၊အသကျပုတ္တိယော–သာကီဝင်မင်းသားဘုရားသားတော်မဟုတ်သည်၊ဟောတိဖြစ်၏။တသ္မာ–ထို့ကြောင့်၊တံ–ထိုသူတပါးဥစ္စာခိုးယူခြင်းအမှုကို၊တေတယာ–သင်ပဉ္စင်းသစ်သည်၊ယာဝဇီဝံ–သိက္ခာပုဒ်ကိုယ်၌တည်သမျှကာလပတ်လုံး၊အကရဏီယံ–မပြုကျင့်အပ်။ ( အာမ ဘန္တေ )

## (၃)တတိယအကရဏီယ

အာဝုသောနဝက–ငါ့ရှင်ပဉ္စင်းသစ်၊ဥပသမ္ပန္နေန–ရဟန်းအဖြစ်သို့ရောက်ပြီးသော၊ ဘိက္ခုနာ–ရဟန်းသည်၊သဉ္စိစ္စ–သတ်လိုသော–

စေတနာနှင့်လုံ့လပြု၍၊ အန္တမသော–အယုတ်ဆုံးအားဖြင့်၊ ကုန္တကိပိလ္လိကံ–ခြပုံးပိုးရှုကို၊ဥပါဒါယ–အစပြု၍၊ပါဏော–သတ္တဝါကို၊ နဝေါရောပေတဗ္ဗော–မချအပ်၊ဝါ–မသတ်အပ်။

ယောဘိက္ခု–အကြင်ရဟန်းသည်၊အန္တမသော–အယုတ်အားဖြင့်၊ ဂဗ္ဘပါတနံ–ကိုယ်ဝန်သန္ဓေပျက်ကြွေလျောကျစေခြင်းကို၊ဥပါဒါယ–အစပြု၍၊ မနုဿဝိဂ္ဂဟံ–လူဇာတ်ဖြစ်သောသူ၏ ကိုယ်ကို၊ ဇီဝိတာ–ဇီဝိတိန္ဒြေမှ၊ဝေါရောပေတိ–ချပြားအံ့၊အသမဏော–ရဟန်းမဟုတ်သည်၊ အသကျပုတ္တိယော–သာကီဝင်မင်းသားဘုရားသားတော်မဟုတ်သည်၊ ဟောတိဖြစ်၏။

သေယျထာပိနာမ– ဥပမာမည်သည်ကား၊ဒွေဓာဘိန္နာ–နှစ်ခြမ်းဖြန်းဖြန်းကွဲလေပြီးသော၊ပုထုသိလာ–ကြီးစွာသောကျောက်တုံးသည်၊အပ္ပဋိသန္ဓိကာ–ပကတိအတိုင်းတစ်ဖန်စပ်ခြင်းမရှိသည်၊ ဟောတိသေယျထာပိ–ဖြစ်သကဲ့သို့၊ဧဝမေဝ–ဤအတူသာလျှင်–––

ဘိက္ခု–ရဟန်းသည်၊သမာနော–ဖြစ်လျှက်၊သဉ္စိစ္စ–စေ့ဆော်အားထုတ်၍၊မနုဿဝိဂ္ဂဟံ–လူဇာတ်ဖြစ်သောသူ၏ကိုယ်ကို၊ဇီဝိတာ–ဇီဝိတိန္ဒြေမှ၊ဝေါရောပေတွာ–သတ်မိချေ၍၊အသမဏော–ရဟန်းမဟုတ်သည်၊အသကျပုတ္တိယော–သာကီဝင်မင်းသားဘုရားသားတော်မဟုတ်သည်၊ဟောတိဖြစ်၏။ တသ္မာ–ထို့ကြောင့်၊တံ–ထိုသူတပါးအသက်သတ်ခြင်းအမှုကို၊တေတာယာ–သင်ပဉ္စင်းသစ်သည်၊ ယာဝဇီဝံ–သိက္ခာပုဒ်ကိုယ်၌တည်သမျှကာလပတ်လုံး၊အကရဏီယံ–မပြုကျင့်အပ်။

( အာမ ဘန္တေ )

## (၄)စတုတ္ထအကရဏီယ

အာဝုသောနဝက–ငါ့ရှင်ပဉ္စင်းသစ်၊ဥပသမ္ပန္နေန–ရဟန်းအဖြစ်သို့ရောက်ပြီးသော၊ ဘိက္ခုနာ–ရဟန်းသည်၊ဥတ္တရိမနုဿဓမ္မော–လူတို့၏ကုသိုလ်ကမ္မပထတရားဆယ်ပါးထက်လွန်မြတ်သောဈာန်မဂ်ဖိုလ်တရားကို၊နဥလ္လပိတဗ္ဗော–ဝါကြွားပါလွှားမပြောကြားအပ်။ –

ယောဘိက္ခု–အကြင်ရဟန်းသည်၊ပါပိစ္ဆော–ယုတ်မာသောအလိုဆိုးရှိသည်၊ဣစ္ဆာပကတော–အလိုဆိုးသည်နှိပ်စက်အပ်သည်၊ဟုတွာ–ဖြစ်၍၊အသန္တံ–မိမိ၌ထင်ရှားမရှိသော၊အဘူတံ–မဖြစ်ဘူးသော၊ဥတ္တရိ–မနုဿဓမ္မံ–လူတို့၏တရားထက်လွန်မြတ်သောတရားကို၊ဈာနံဝါ–ဈာန်ကိုငှင်း၊ဝိမောက္ခံဝါ–ဝိမောက္ခကိုငှင်း၊သမာဓိံဝါ–သမာဓိကိုငှင်း၊သမာပတ္တိံဝါ–သမာပတ်ကိုငှင်း၊ မဂ္ဂံဝါ–မဂ်ကိုငှင်း၊ ဖလံဝါ–ဖိုလ်ကိုငှင်း၊ ဥလ္လပတိ–ပြောကြားမိငြားအံ့၊ အသမဏော–ရဟန်းမဟုတ်သည်၊ အသကျပုတ္တိယော–သာကီဝင်မင်းသားဘုရားသားတော်မဟုတ်သည်၊ ဟောတိဖြစ်၏။

သေယျထာပိနာမ– ဥပမာမည်သည်ကား၊မတ္ထကစ္ဆိန္နော–လည်ဆစ်ပြတ်လေပြီးသော၊တာလော–ထန်းပင်သည်၊ပုနဝိရုဠှိယာ–တစ်ဖန်စိမ်းပင်ပြန့်ပွားခြင်းငှာ၊အဘဗ္ဗောသေယျထာပိ–မထိုက်သကဲ့သို့၊ဧဝမေဝ–ဤအတူသာလျှင်–––

ဘိက္ခု–ရဟန်းသည်၊သမာနော–ဖြစ်လျက်၊ပါပိစ္ဆော–ယုတ်မာသောအလိုဆိုးရှိသော၊ဣစ္ဆာပကတော–အလိုဆိုးသည်နှိပ်စက်အပ်သည်၊ဟုတွာ–ဖြစ်၍၊အသန္တံ–မိမိ၌ထင်ရှားမရှိသော၊အဘူတံ–မဖြစ်ဘူးသော၊ဥတ္တရိမနုဿဓမ္မံ–လူတို့၏ကုသိုလ်ကမ္မပထတရားဆယ်ပါးထက်လွန်မြတ်သောဈာန်မဂ်ဖိုလ်တရားကို၊ဥလ္လပိတွာ–ဝါကြွားပါလွှားပြောဆိုမိ၍၊(ဝါ)ပြောဆိုမိခြင်းကြောင့်၊ အသမဏော–ရဟန်းမဟုတ်သည်၊ အသကျပုတ္တိယော–သာကီဝင်မင်းသားဘုရားသားတော်မဟုတ်သည်၊ ဟောတိဖြစ်၏။ တသ္မာ–ထို့ကြောင့်၊တံ–ထိုဝါကြွားပြောဆိုခြင်းကို၊ တေတယာ–သင်ပဉ္စင်းသစ်သည်၊ ယာဝဇီဝံ–သိက္ခာပုဒ်ကိုယ်၌တည်သမျှကာလပတ်လုံး၊အကရဏီယံ–မပြုကျင့်အပ်။

( အာမ ဘန္တေ )

တောင်းပန်

ဆရာ့ဝတ်,တပည့်ဝတ်ပျက်ခဲ့လျှင် အာပတ်အပြစ်သင့်သော–

ကြောင့်အပြစ်အာပတ်မှလွတ်စေရန် တောင်းပန်ကြရသည်။

ဥပဇ္ဈာယ်ဆရာ,ကမ္မဝါဆရာ,ကာရကသံဃာတော်အရှင်သူမြတ်တို့ဘုရား။ အရှင်ဘုရားတို့အပေါ်၌ တပည့်တော်က ပြုသင့်ပြုထိုက်သောဝတ္တရားများရှိပါသည်ဘုရား။ ထိုဝတ္တရားများကို တပည့်တော်က မပြုမိခြင်းကို အရှင်ဘုရားများက ခွင့်လွတ်တော်မူကြပါဘုရား။

ထိုအတူ အရှင်ဘုရားများက တပည့်တော်၏အပေါ်၌ ပြုသင့်ပြုထိုက်သော ဝတ္တရားကိုလည်း အရှင်ဘုရားများက သာသနာ့ကိစ္စဆောင်ရွက်နေရသဖြင့် မပြုမိခြင်းကို ဘုရားတပည့်တော်ကလည်း ဝမ်းမြောက်ကျေနပ်ပါသည်ဘုရား ။

## ဩဝါဒကထာ

အဲဒီ တာဝဒေဝ ဆာယာ မေတဗ္ဗာ–စသောရဟန်းရက်ချုပ်မှတ်တမ်း၊ ကရဏီယ+အကရဏီယ–တို့ကတော့ မိမိတို့ကိုယ်တိုင် မပြောကြားဘဲဆရာတော်ကြီးတစ်ပါးပါးကို ဩဝါဒပေးပါရန်လျှောက်ထားလည်းရပါတယ်။

## ရဟန်းရက်ချုပ် (သာသနာဝင်မှတ်တမ်း)

လူ့လောကမှာတော့ အသက်ငယ်တဲ့သူက အသက်ကြီးတဲ့သူကို ရိုသေလေးစားရတဲ့အလေ့ရှိပါတယ်။ သာသနာတော်မှာတော့ သိက္ခာငယ်သူ၊ဝါငယ်သူက သိက္ခာကြီးသူ၊ဝါကြီးသူကို လက်အုပ်ချီခြင်း၊ ရှိခိုးခြင်း၊ အရိုအသေပြုခြင်း၊ လေးစားခြင်း၊ နေရာပေးခြင်းစသော ဝိနည်းကျင့်ဝတ်နှင့်အညီ လိုက်နာကျင့်သုံးနိုင်ရန် "ရဟန်းရက်ချုပ်"ကို တိတိကျကျမှတ်သားထားရန် မိန့်တော်မူရခြင်းဖြစ်ပါတယ်။

## ရဟန်းရက်ချုပ်(ပုံစံ)

သာသနာတော်နှစ်. . . .ခု၊ကောဇာသက္ကရာဇ်. . . .ခု၊ . . . . . .ဥတု၊လဆ ( )ရက်၊. . . . . . . . နေ့၊ အချိန်-( )နာရီ၊( )မိနစ်၊( )ဖဝါး၊( )ဖိလာအချိန်ဝယ် . . . . . တိုင်း၊. . . . မြို့နယ်၊. . . . . . .ကျောင်း ခဏ္ဍသိမ်အတွင်း၌. . . . . . . ကျောင်းဆရာတော်. . . . . အရှင်မြတ်ကြီးကို ဥပဇ္ဈာယ်ပြု၍. . . . . . .ဆရာတော်က အနုသာသကပြုလျှက်၊ကမ္မဝါဆရာနှင့်ကာရကသံဃာတော်( )ပါး တို့ကချီးမြှောက်တော်မူသဖြင့် ရဟန်းလောင်းရှင်. . . ..သည် . . . . .တိုင်း၊. . . . . မြို့နယ်၊. . . . . . .ရပ်/ရွာ၊ ရဟန်းဒါယကာ. . . . . . ၊ရဟန်းဒါယိကာမ. . . . . . တို့၏ပစ္စယာနုဂ္ဂဟကိုခံယူလျှက် မြင့်မြတ်သောရဟန်းအဖြစ်သို့ ရောက်သတည်း ။

ကမ္မဝါဆရာတော်များ

ပထမ ကမ္မဝါဆရာတော်များမှာ-

၁။ ၂။ ၃။

ဒုတိယ ကမ္မဝါဆရာတော်များမှာ-

၁။ ၂။ ၃။

တတိယ ကမ္မဝါဆရာတော်များမှာ-

၁။ ၂။ ၃။

ဤရဟန်းရက်ချုပ်နမူနာအတိုင်းကြိုက်သလိုမှတ်သားထားရမှာ ဖြစ်ပါတယ်။ -

ကျောင်းတိုက်တွေမှာ မူအမျိုးမျိုးနဲ့လုပ်ထားကြပါတယ်၊တပည့်တော်တို့ကျောင်းမှာလည်း လွယ်ကူအောင်မှတ်တမ်းစာအုပ်လုပ်ထားပါတယ်။

"အနုဇာနာမိ ဘိက္ခဝေ ဥပသမ္ပာဒေန္တေန စတ္တာရော နိဿယေ အာစိက္ခိတုံ" ။ (နှာ-၇၃)

ဘုရားလက်ထက်က ရာဇဂြိုဟ်ပြည်မှာ သံဃာတော်များပင့်ဖိတ်၍နေ့စဉ်နေ့တိုင်းမွန်မြတ်သောဆွမ်းခဲဖွယ်များဆက်ကပ်ကြပါတယ်၊ ပုဏ္ဏားတစ်ယောက်က–ငါလည်းသင်္ကန်းဝတ်လျှင် အေးအေးဆေးဆေး စားရမှာဘဲ–ဆိုပြီးသင်္ကန်းဝတ်ပါတယ်၊ သူလည်းသင်္ကန်းဝတ်ပြီးရော ဆွမ်းကျွေးပွဲတွေကလည်းပြီးဆုံးသွားပါတယ်၊ရဟန်းတွေက ဆွမ်းခံ စားရန်ပြောကြတော့ တပည့်တော်က–ငြိမ်းငြိမ်းကောင်းကောင်းစား ချင်လို့သင်္ကန်းဝတ်လာတာ ဆွမ်းခံပြီးမစားနိုင်ဘူး၊အရှင်ဘုရားတို့ ကျွေးရင်စားမယ်၊မကျွေးရင်မစားဘူး–ဟုပြောသဖြင့် ဘုရားရှင်အား လျှောက်ထားကြသဖြင့် ဘုရားရှင်က–ရဟန်းပြုလာလျှင် မှီရာကြီး လေးပါးပြောကြားရန်ပညတ်တော်မူသည်။

ဒီမှာတော့ သင်တန်းအနေနဲ့အကျဉ်းသိသာရုံပြောနေဒါပါ၊ ကိုယ်တော်တို့ ကိုယ်တိုင်အသုံးလိုလာတဲ့အခါမှာ 'ဝိနည်းမဟာဝါ' ပါဠိတော်ကိုကြည့်ကြပါ၊အကျယ်တဝင့်ပါပါတယ်။

## ကမ္မဝါအဖတ်သင်

ရဟန်းလောင်းဆုံးမခန်းကတော့ အဓိကမဟုတ်ပါဘူး၊ကိုယ့်ဟာကိုလေ့လာရင်ရပါတယ်၊အဓိကကတော့ ကမ္မဝါဖတ်တတ်ဖို့အရေးကြီးတယ်၊ကမ္မဝါက စာဖတ်သလိုသာမန်ဖတ်လို့မရပါဘူး၊ပုဒ်,ပါဌ်, အက္ခရာမှန်ကန်ရမယ်၊ ဗျဉ္ဇနဗုဒ္ဓိဆယ်ပါး,ဌာန်,ကရိုဏ်း,ပယတ်,မှန်မှန်ကန်ကန်ဖတ်တတ်ရမယ်၊မမှန်မကန်လွဲမှားပြီးရွတ်ဖတ်လျှင် ကံပျက်တယ်၊အဲဒီကံမအောင်မြင်တော့ဘူးဆိုလျှင် အဲဒီရဟန်းဟာ ရဟန်းမဖြစ်တော့ဘူး၊အဲဒါကြောင့်ကိုယ်တော်တို့ကိုကမ္မဝါအဖတ်သင်ပေးနေရဒါ။

### ကမ္မာကမ္မသင်တန်း

## ဥဒယ, ဗယ–ကမ္မဋ္ဌာန်း

ဘုရားရှင်ဟောကြားထားတဲ့ ပါဠိဒေသနာတော်ဟာ အလွန် သိတ်သည်းကျစ်လစ်တယ်၊အက္ခရာတစ်လုံးအမှားမခံဘူး၊အက္ခရာတစ်လုံး မှားတာနဲ့အနက်မှားသွားတယ်၊ အနက်မှားဒါနဲ့အဓိပ္ပါယ်မှားတယ်၊ အဓိပ္ပါယ်မှားဒါနဲ့အကျိုးသက်ရောက်မှုမရှိတော့ဘူး၊ ဆုတ်ယုတ်ပျက်စီး သွားတယ်။

ငါတို့ဘုရားလက်ထက်က ရဟန်းကြီးတစ်ပါးဟာ ဘုရားရှင်ထံ ဖူးမျှော်ကန်တော့ပြီး ကမ္မဋ္ဌာန်းတရားအားထုတ်လိုသဖြင့်ကမ္မဋ္ဌာန်းတ ရားတောင်းတယ်၊ ဘုရားရှင်ကိုယ်တော်မြတ်ကြီးက "ဥဒယ,ဗယ" ကမ္မဋ္ဌာန်းသင်ပေးလိုက်တယ်၊'ဥဒယ'–ဆိုဒါ=ဖြစ်ခြင်း၊'ဗယ'–ဆိုဒါ= ပျက်ခြင်း။ တေဘူမကသင်္ခါရသဘောတရားတွေဟာ ဖြစ်ပြီးလျှင်ပျက် တတ်တဲ့သဘောရှိတယ်၊ဖြစ်ပျက်ကိုရှုလို့သင်ပေးလိုက်ပါတယ်။ရဟန်း ကြီးလည်းကမ္မဋ္ဌာန်းတရားကိုသင်ယူပြီး၊ကမ္မဋ္ဌာန်းတရားကို ကြိုးစား အားထုတ်နေပါတယ်၊တစ်နေ့သောအခါ ဂင်္ဂါမြစ်၏အနီးသစ်ပင်ကြီး တစ်ပင်အောက်မှာ သစ်ပင်ကြီးကိုကျောပေးပြီး ဂင်္ဂါမြစ်ဖက်ကိုမျက်နှာ မူခါ 'ဥဒယ–ဗယ' 'ဥဒယ–ဗယ'နဲ့ကမ္မဋ္ဌာန်းရှုနေစဉ် သစ်ပင်ကိုင်းမှာ နားနေတဲ့ဗျိုင်းအောက်တစ်ကောင်က ရေစပ်မှာကူးနေတဲ့ငါးကလေးတွေ ကိုပျံတဲ့ပြီးဖမ်းသုတ်လိုက်ပါတယ်၊ အသံကြားလို့ကြည့်လိုက်တော့ ရေတွေက အထက်ဖြာတက်ပြီး ဗျိုင်းကကောင်းကင်ပျံတက်သွားဒါကို မြင်လိုက်ပါတယ်။

အဲဒါ ရေနဲ့ဗျိုင်းကိုမြင်လိုက်တဲ့အခါ နှလုံးသွင်းစီးဖြန်းနေတဲ့ 'ဥဒယ–ဗယ'ကမ္မဋ္ဌာန်းကိုမေ့ပျောက်ပြီး'ဥဒက–ဗက' 'ဥဒက–ဗက'လို့ အမှတ်မှားပြီးစီးဖြန်းနေပါတယ်။ တစ်လအားထုတ်လည်း ဉာဏ်စဉ်က မတက်၊နှစ်လအားထုတ်လည်း ဉာဏ်စဉ်ကမတက်၊တခြားရဟန်းတွေ မှာတော့ တရားထူးတွေရကြတယ်၊ငါ့မှာတော့ ဘာတရားထူးမှမရဘူး၊ ဘုရားရှင်ထံပြန်ပြီးလျှောက်ထားဦးမှဘဲဆိုပြီး ဘုရားရှင်ထံ––

လျှောက်ထားတယ်၊ဘုရားရှင်က အသင်ရဟန်းကြီးက ဘယ်ကမ္မဋ္ဌာန်းတရားတွေအားထုတ်နေဒါလည်းလို့ မေးတော်မူတဲ့အခါ 'ဘုရားရှင်ပေးလိုက်တဲ့'ဥဒက–ဗက'ကမ္မဋ္ဌာန်းကိုဘဲ နှလုံးသွင်းအားထုတ်နေပါတယ်ဘုရား–'လို့လျှောက်ထားတော့၊ ဘုရားရှင်က"ဟဲ့–မောဃပုရိသ၊ မဂ်ဖိုလ်မှအချီးအနှီးဖြစ်သောယောကျာ်း၊ ငါက'ဥဒယ–ဗယ'ကမ္မဋ္ဌာန်းကိုရှုမှတ်အားထုတ်ခိုင်းဒါ၊အသင်ရဟန်းကြီးက'ဥဒက–ဗက'လို့အမှားကိုရှုမှတ်နေဒါ၊ဘယ်လိုလုပ်ပြီးတရားထူးကိုရနိုင်မှာလဲ–ဟုဆုံးမတော်မူပြီး ပုဒ်,ပါဠိ,အက္ခရာသဒ္ဒါကိုနားမလည်လို့ အမှားအမှန်ကိုမသိတာ၊ အမှားအမှန်ကိုသိအောင် သဒ္ဒါကိုလေ့လာသင်ကြားကြဟု" 'အတ္တော အက္ခရသညာတော'သုတ်ကို ပရိဘာသာပြုတော်မူပါသည်။ (ကစ္စာယနဝဏ္ဏနာကျမ်းမှာ ပြဆိုပါသည်။)

## တစ်လုံးမှားက အကုန်မှား

'သဗ္ဗဝစနာနမတ္တော အက္ခရေဟေဝ သညာယတေ'–အလုံးစုံသောပါဠိတော်တို့၏အနက်ကို အက္ခရာတို့ဖြင့်သိမှတ်ရမယ်။ 'အက္ခရာဝိပတ္တိယံ ဟိ အတ္ထဿ ဒုန္နယတာ'–အက္ခရာတို့၏ဖောက်ပြန်ချွတ်ယွင်းလွဲမှားပြီးရွတ်ခဲ့သော် အနက်အဓိပ္ပါယ်မှာလည်း လိုရင်းမရောက်ဘဲ အသိခက်သွားတယ်၊ အဲဒါကြောင့်ပါဠိ,အက္ခရာတွေကိုမှန်အောင်ရွတ်ဖတ်တတ်ရမယ်၊ ဒီနေမှာကြည့်၊ ဘုရားရှင်က ရဟန်းကြီးကို'ဥဒယ–ဗယ'ကမ္မဋ္ဌာန်းကိုပေးလိုက်တာ(ပုဒ်ရင်းက–ဥဒယ–ဝယပေါ့၊ဝ–ကို ဗ–ပြုလိုက်တော့'ဥဒယ–ဗယ'ဖြစ်တယ်)။ရဟန်းကြီးကရေနဲ့ဗျိုင်းကိုမြင်ပြီး 'ဥဒက–ဗက'လို့အမှားကိုရှုနေတယ်၊အများကြီးမှားဒါမဟုတ်ဘူး၊(ယ)အက္ခရာနဲ့(က)အက္ခရာတစ်လုံးထဲပဲမှားနေဒါ။ ဒီတစ်လုံးထဲမှားပြီးရွတ်ဖတ်နေမိဒါနဲ့ 'ဥဒယ–ဗယ'=ဖြစ်ပျက်–ဆိုတဲ့အနက်အဓိပ္ပါယ်ကနေပြီး'ဥဒက–ဗက'=ရေဗျိုင်း–ဆိုတဲ့အနက်အဓိပ္ပါယ်ဖြစ်သွားတယ်၊ဘယ်လောက်ထိအောင်လွဲမှားသွားသလဲဆိုဒါ ကိုယ်တော်တို့ကြည့်ကြစမ်းပါ၊ ဒီရဟန်းကြီးဟာ ဘုရားရှင်ပေးတဲ့––

နည်းအတိုင်းမှန်မှန်ကန်ကန်အားထုတ်လျှင် တရားထူးရနိုင်တယ်၊မှားပြီးအားထုတ်နေလို့ တရားထူးမရဘဲဖြစ်နေဒါ။အဲဒါကြောင့်ပါဠိ,အက္ခရာကိုမှန်ကန်အောင်ရွတ်ဖတ်ကြရမယ်၊အက္ခရာတစ်လုံးမှားဒါနဲ့ အနက်အဓိပ္ပါယ်တွေမှားပြီး၊ရနိုင်တဲ့အကျိုးကျေးဇူးတွေလည်း အကုန်ဆုတ်ယုတ်ကုန်တယ်၊ဒါ့ကြောင့် ရဟန်းခံကိစ္စသည်တို့၌ ကမ္မဝါစာဖတ်တဲ့အခါ မှန်မှန်ကန်ကန်ဖတ်တတ်အောင်လို့ ကိုယ်တော်တို့ကိုသင်ပေးနေရဒါ။

## ဗျတ္တ ပဋိဗလ

'ဗျတ္တေန ဘိက္ခုနာ ပဋိဗလေန သံဃော ဉာပေတဗ္ဗော'

(နာ-၇၂၊မဟာဝါပါဠိ)

ဗျတ္တ ပဋိဗလ-ရဟန်းများသာ ကမ္မဝါဖတ်ရမည်။ဗျတ္တ ပဋိဗလ မဟုတ်သောရဟန်းများကမ္မဝါမဖတ်ရ။ဖတ်သော်လည်း ရဟန်းလောင်းမှာရဟန်းမဖြစ်။

'ဗျတ္တောနာမ ယဿ သာဋ္ဌကထံ ဝိနယပိဋကံ ဝါစုဂ္ဂတံ ပဝတ္တတိ' (ဝိ၊ဋ-၂၆၄)

အဋ္ဌကထာနှင့်တကွဝိနည်းပိဋကတ်ကိုနှုတ်တက်ရသောရဟန်းမျိုးကို ကျွမ်းကျင်လိမ်မာသော 'ဗျတ္တဘိက္ခု'ဟုဆိုသည်။

"ယဿ အန္တမသော ဣဒံ ဉတ္တိစတုတ္ထကမ္မဝါစာမတ္တမ္ပိ သုဂ္ဂဟိတံ ဟောတိ၊ ဝါစုဂ္ဂတံ ပဝတ္တတိ"

အထက်ကပြဆိုခဲ့တဲ့အတိုင်း အဋ္ဌကထာနှင့်တကွဝိနည်းပိဋကတ်ကိုနှုတ်တက်အာဂုံ မဆောင်နိုင်ခဲ့ဘူးဆိုလျှင် အယုတ်ဆုံးအားဖြင့် ဉတ္တိစတုတ္ထကမ္မဝါစာမျှလောက်ကိုကောင်းစွာသင်ထားခြင်းနှုတ်တက်အာဂုံဆောင်ထားခြင်းရှိသောရဟန်းသည်'ဗျတ္တဘိက္ခု'မည်တယ်လို့အဋ္ဌကထာဖွင့်ပြထားတယ်။

"ဗျဉ္ဇနံဝါ ပဒံဝါ ဟာပေတိ၊ အညထာဝါ ဝတ္တဗ္ဗံ အညထာ ဝဒတိ အယံ အပဋိဗလော" (ဋ-၂၆၅)-

ဠာန်း,ကရိုဏ်းမှန်ကန်အောင် မရွတ်ဆိုနိုင်သောရဟန်း၊အက္ခရာ တစ်လုံး၊ပုဒ်တစ်ပုဒ်စသည်ကျ–ကျန်–ကျော်ရွတ်သောရဟန်း၊သိထိလ ကို ဓနိတ၊ ဓနိတကိုသိထိလ–စသည်လွဲမှားရွတ်သောရဟန်းသည် 'အဂင္ဂိုဗလရဟန်း'မည်၏၊ ဌာန်း,ကရိုဏ်း,ပုဒ်,ပါဠ်,အက္ခရာမှန်ကန်စွာ ရွတ်ဆိုနိုင်သောရဟန်းသည် 'ပဋိဗလဘိက္ခု' မည်၏။ ဆိုလိုဒါက– ကမ္မဝါစာ၌ ကျွမ်းကျင်လိမ္မာသောရဟန်းသည်'ဗျတ္တ'၊ ဠာန်,ကရိုဏ်းကို ပီပြင်စွာရွတ်ဆိုနိုင်သောရဟန်းသည်'ပဋိဗလ'။ ဒါကြောင့် ရဟန်းခံတဲ့ အခါမှာ ဤအင်္ဂါနှစ်ပါးနှင့်ပြည့်စုံတဲ့ဆရာတော်များကို ရွေးချယ်ပင့် ဖိတ်၍ကမ္မဝါစာဖတ်စေရမယ်၊အဲဒါမှကံအောင်မြင်မယ်၊သတိထားကြပါ။

## အရကျက်ပူဇော်

အယုတ်ဆုံး ဉတ္တိစတုတ္ထကမ္မဝါစာမျှလောက်ကိုသင်ထား၊နှုတ် တက်အာဂုံဆောင်ထားတဲ့ရဟန်းသာလျှင်'ဗျတ္တရဟန်း'–ဟုအဋ္ဌကထာ ဆရာကဖွင့်ပြထားသောကြောင့် တပည့်တော်တို့ကျောင်းကို သံဃာ အသစ်တွေရောက်လာတယ်ဆိုလျှင် "ဥပသမ္ပဒကမ္မဝါစာ၊ ပဗ္ဗာဇနီယ– ကမ္မဝါစာ၊ သိမ်နှုပ်၊သိမ်သမုတ်ကမ္မဝါစာ"များကိုအရကျက်ခိုင်းပြီး ညဘုရားဝတ်တက်၊မေတ္တာပို့ပြီးတဲ့အခါ တစ်ညကိုကမ္မဝါတစ်စောင်စီ အစဉ်အတိုင်းရွတ်ဖတ်ပူဇော်တဲ့အလေ့အကျင့်လုပ်ထားဒါပါ။

## ကမ္မဝါသည် သာသနာ၏အသက်

ကိုယ်တော်တို့က ပြောချင်ပြောကြမှာပေါ့၊ ကမ္မဝါစာကိုကြည့် ပြီးဖတ်လျှင်ရဒါဘဲ၊ဘာဖြစ်လို့ကျက်နေရဒါလဲ၊ အပိုဘဲလို့–အပိုမဟုတ် ပါဘူး။ ဒီကမ္မဝါစာတွေက ဘုရားရှင်ကိုယ်တော်တိုင် အာဏာစက်ဖြင့် ခွင့်ပြုပညတ်တော်မူထားခဲ့တဲ့ ကမ္မဝါစာတွေဖြစ်တယ်၊ ထေရဝါဒ– ဗုဒ္ဓသာသနာမှာရှိနေတဲ့ ရဟန်းဟူသမျှဟာ 'ရာဓ' ရဟန်းကစ၍ ဒီဉတ္တိစတုတ္ထကမ္မဝါစာဖြင့် ရဟန်းဖြစ်လာကြဒါတွေချည်းဘဲ။ဒီကမ္မဝါ စာဖြင့်ရဟန်းဖြစ်ပြီး သောတာပန်၊သကဒါဂါမ်၊အနာဂါမ်၊ရဟန္တာဖြစ် သွားတဲ့ အရိယာရဟန်းတော်တွေလည်း မရေတွက်နိုင်ဘူး။

တိပိဋကရေ၊ သာသနာပိုင်စသော အကျော်အမော်ရဟန်းတော်တွေလည်း မရေတွက်နိုင်ပါဘူး၊ သာသနာတော်ကြီးတည်ရှိနေသမျှကာလပတ်လုံးရဟန်းတော်တွေရှိနေဦးမှာဘဲ။ အဲဒီရဟန်းဟူသမျှဟာဒီဉတ္တိစတုတ္ထကမ္မဝါစာဖြင့် ဖျတ္တ,ပဋ္ဌဗလ–ရဟန်းတော်များက သိမ်ထဲမှာ ရွတ်ဖတ်ပေးမှသာလျှင် ရဟန်းအဖြစ်သို့ရောက်နိုင်ကြတယ်။ တခြား အဘိဓမ္မာပိဋကတ်၊သုတ္တန်ပိဋကတ်၊ဝိနည်းပိဋကတ်–ပါဠိတော်တွေဘယ်လောက်ဘဲရွတ်ရွတ် ရဟန်းမဖြစ်နိုင်ပါဘူး။ ဒီကမ္မဝါစာဟာသာသနာတော်ရဲ့အသက်၊ တန်ကြေးအရှိဆုံး၊ ကျေးဇူးအများဆုံး–ဖြစ်လို့ ကိုယ်တော်တို့ကို အာဂုံဆောင်,အရကျက်ခိုင်းနေရဒါ၊ငါတို့အာဂုံဆောင်ထားတယ်–ဟဲ့–လို့ဂုဏ်ယူကြစမ်းပါ။

## ကမ္မဝါစာအစွမ်းထက်

ပြီးတော့လည်း ရှေးအစဉ်အလာကတော့ အိမ်တက်မင်္ဂလာပြုတဲ့အခါဖြစ်စေ၊ နှစ်ဆန်းတစ်ရက် ရပ်ထဲရွာထဲမှာကမ္မဝါဖတ်လိုတဲ့အခါဖြစ်စေ၊ဘေးအန္တရာယ်ကင်းလိုတဲ့အခါဖြစ်စေ–ဒီဥပသမ္ပဒံကမ္မဝါစာကိုဘဲ ဆရာတော်ကြီးတွေ ဖတ်ပေးတော်မူကြတယ်၊ ယခုတိုင်အညာအရပ်ဒေသ၊ တောရွာတွေမှာ ဖတ်တုန်းရှိသေးတယ်။ ရဟန်းခံကမ္မဝါစာနဲ့ အန္တရာယ်ကင်းနဲ့တခြားစီဘဲလို့ထင်စရာရှိတယ်၊ တပည့်တော်တို့လည်း ထင်မိဒါဘဲ။ ဒီလိုမဟုတ်ဘူး။

"ဓမ္မော လောကေ သမုပ္ပန္နော၊ သုခါယ သဗ္ဗပါဏိနံ"

'သတ္တဝါအားလုံးတို့၏ ဘေးရန်ကင်းကွာ ကျန်းမာချမ်းသာစေရန်အကျိုးငှာ၊ တရားတော်ပေါ်ထွန်းဖြစ်ပေါ်လာတာ'ပါ။

ဒီတရား၊ ဒီကမ္မဝါစာဖြစ်ပေါ်လာဖို့ရန် အလွယ်တကူဖြစ်လာတာမဟုတ်ဘူး၊ ဘုရားရှင်ဟာ လေးသင်္ချေနဲ့ကမ္ဘာတစ်သိန်းပါရမီဖြည့်ပြီးမှ သဗ္ဗညုတရွှေဉာဏ်တော်ရတော်မူလာဒါ။ ဒီဉာဏ်တော်ဖြင့်ဗုဒ္ဓဘာသိတဒေသနာတော်တွေ ဟောကြားထားဒါဖြစ်လို့ တရားဟူသမျှ အစွမ်းထက်တာချည်းဘဲ။ "ဓမ္မော ဟဝေ ရက္ခတိ ဓမ္မစာရိ"–

တရားကိုကျင့်ကြံအားထုတ်နှလုံးသွင်းနေတဲ့သူကို တရားက စောင့်ရှောက်တယ်"တဲ့။ ဒီရဟန်းခံကမ္မဝါစာလည်း ဘုရားရှင်ခွင့်ပြု ပညတ်တော်မူတဲ့တရားတော်ဖြစ်လို့ဘေးဥပါဒ်အန္တရာယ်ကင်းခြင်းနှင့် ကြီးပွားချမ်းသာခြင်းအကျိုးများကိုဖြစ်စေပါတယ်။ဒါကြောင့်ရှေးဆရာ တော်ကြီးများက ဒီကမ္မဝါစာကိုဖတ်တော်မူကြဒါဖြစ်တယ်။ပရိတ်တရား ပဋ္ဌာန်းတရားများလည်းအတူတူပါဘဲ၊ကမ္မဝါစာဟာ အရာရာမှာအသုံး ဝင်ပုံကို ပြောပြနေဒါပါ။

## ကမ္မဝါကိုင်ပုံ

ကိုယ်တော်တို့(၃)ပါးစီလာ ကမ္မဝါကိုကိုင်ပါ၊ဆောင့်ကြောင့် ထိုင်၊ဒူးနှစ်ဖက်ပေါ် တစ်ထောင်ဆစ်တင်ပါ၊ကမ္မဝါစာကို အထက်က ဖြစ်စေ,ဘေးကဖြစ်စေဆုပ်ပြီးမကိုင်နဲ့။ လက်မနဲ့လက်ညှိုးကြားထား ပြီးကမ္မဝါကိုကိုင်ပါ၊ဖြစ်သလိုကိုင်လို့မရဘူး။ စည်းစနစ်ရှိပါတယ်။ ကမ္မဝါဖတ်တဲ့အခါ (၃)ပါးအသံညှိပြီးဖြေးဖြေးဖတ်ပါ။ နောက်က ပြောခဲ့တဲ့အတိုင်းပုဒ်၊ပါဋ္ဌ်၊အက္ခရာတွေမမှားမကျန်စေနဲ့၊ဗျဥ္စနဗုဒ္ဓိဆယ်ပါး နဲ့လည်းညီရမယ်၊ ဌာန်၊ကရိုဏ်းလည်းပီရမယ်။

## ပုဒ်မှားလျှင် ကံပျက်

အခုကိုယ်တော်တို့ဖတ်နေဒါက·သုဏာတု–မေ–နဲ့သုဏာတု–က တစ်ပုဒ်၊တုမေ–ကတစ်ပုဒ်၊ကြားဖူးနားဝနဲ့ဖတ်နေကြဒါ၊ သုဏာတု– မေ–လို့၊သုဏာတု–တစ်ပုဒ်၊မေ–တစ်ပုဒ်ဖတ်ရမှာ၊ပုဒ်တွေမှားနေတယ်။ နောက်တစ်ပုဒ်က'အာယသ္မတော တိဿဿ ဥပသမ္ပဒါပေက္ခော'နဲ့ တိဿဿ ဥပသမ္ပဒါ–ပုဒ်တွဲပြီးဖတ်နေကြတယ်၊'အာယသ္မတော တိဿဿ. . ဥပသမ္ပဒါပေက္ခော'လို့ တိဿဿ–ပုဒ်မှာစဉ်းငယ်ရပ် ပြီး၊ဥပသမ္ပဒါပေက္ခော'လို့တွဲပြီးဖတ်ရမှာ။ ရှေးဆရာတော်ကြီးများက တော့ ကမ္မဝါဖတ်တဲ့အခါ သုဏာ. . .တုမေ–လို့ဖတ်လိုက်တာနဲ့ အဲဒီကိုယ်တော့်ရဲ့ကမ္မဝါစာကို ဆွဲယူပြီး၊တခြားကိုယ်တော်ကိုပြောင်း ပြီးအဖတ်ခိုင်းတယ်၊ အားမနာဘူး။ ပုဒ်တွေလွဲနေတော့ ရှေ့ဆက်–

ဖတ်လည်း အဲဒီကံမအောင်မြင်တော့ဘူး၊အဲဒါကြောင့်ဝိနည်းကို လေးစားသောအားဖြင့် ပုဂ္ဂိုလ်ကိုအားမနာဘူး။ သိထိလ၊ ခနိတ၊ နိဂ္ဂဟိတ၊ ဝိမုတ္တ-လွဲရင်လည်းကံပျက်တယ်။ သရဏဂုံတုန်းကသင်ပေးခဲ့တဲ့အတိုင်း အထူးဂရုစိုက်ပြီးလေ့လာကြပါ။ အရေးကြီးတယ်။

## အသံမှား

အသံမှားဖတ်တာတွေရှိသေးတယ်၊ ဥပသမ္ပဒါ-ကို သမ္ပဒါ-လို့'ပ-ကိုဗ-နဲ့၊ပေက္ခော-ကိုပက္ခော-လို့၊ဥပဇ္ဈာယေန-ကိုဥပြဇ္ဈာယေန-လို့၊ပဇ်-ကိုပြဇ်-လို့၊ ဒေယျ-ကို ဒေးယျ၊ သောဥတ္တိ-ကို အေးသာ၊ သောဘာသေယျ-ကို ဘာသေးယျ-လို့ ဝစ္စ(း)ပေါက်သံတွေနဲ့ဖတ်ကြတယ်၊ အသံမှားတယ်၊'ကံတော့မပျက်ဘူး'လို့ဆုံးဖြတ်တော်မူကြပါတယ်။ မမှားအောင်သတိထားကြရမယ်။

## 'ဉာတ်'မည်ပုံ

ဉာပနံ ဥတ္တိ၊ ဉာပနံ-သံဃာတော်တို့အားသိစေခြင်းတည်း၊ ဥတ္တိ-သံဃာတော်တို့အားသိစေခြင်း။

## 'ကမ္မဝါစာ'မည်ပုံ

'ကမ္မဿ ဝါစာ ကမ္မဝါစာ'- ကမ္မဿ-ကံ၏(ဝါ)ကံကို၊ ဝါစာ-ပြောဆိုကြောင်းဖြစ်သောစကားတည်း။ ကမ္မဝါစာ-ရဟန်းခံ-စသောကံကို ပြောဆိုကြောင်းဖြစ်သောစကား။

## 'အနုဿာဝန'မည်ပုံ

'အနုဿာဝိယတေ ဧတေနာတိ အနုဿဝနံ' -ဧတေန-ဤကမ္မဝါစာဖြင့်၊ အနုဿာဝိယတေ-အဖန်ဖန်ကြားသိစေအပ်၏၊ဉတ္တိ-တသ္မာ-ထိုသို့သံဃာတော်တို့အား အဖန်ဖန်သုံးကြိမ်တိုင်အောင်ကြားသိစေကြောင်းဖြစ်သောကြောင့်၊အနုဿဝနံ-အနုဿဝနမည်၏။

## ကမ္မဝါဖတ်ပုံနည်းမျိုးစုံ

ယခုခေတ် ရဟန်းခံကမ္မဝါစာဖတ်တဲ့အခါမှာ (၃)ပါး(၃)ပါး တွဲပြီးဖတ်ကြပါတယ်။ ရည်ရွယ်ချက်ကတော့- ဌာန်,ကရိုဏ်း--

ပုဒ်,ပါဠိ,အက္ခရာ၊ တစ်ပါးမပီလျှင်တစ်ပါးကတော့ပီမှာဘဲဆိုတဲ့ ရည်ရွယ်ချက်နဲ့ဖတ်ကြဒါပါဘဲ။ချောင်းဆိုးလို့ဖြစ်စေ၊တံတွေးမျိုလို့ဖြစ်စေ၊နောက်ကျနေလို့ရှေ့ကျော်ဖတ်တယ်ဆိုလျှင် ကံပျက်တယ်။ တစ်ပါးပါးက အစအဆုံးပီသမှန်ကန်တယ်ဆိုလျှင် ကံအောင်မြင်တယ်။ ဒါကြောင့် ကံဆောင်တဲ့အခါ ဗျတ္တ,ပဋိဗလ–ဆရာတော်ကြီးတွေကို ရွေးချယ်ပင့်ဆောင်ကြရတယ်၊တချို့အရပ်တွေမှာ ရဟန်းငယ်တွေ၊ တောထွက်တွေတွေ့နေရတယ်၊သတိထားကြပါ။

## အကြိမ်များလေဘုန်းကြီးလေ

တချို့အရပ်ဒေသနယ်တွေမှာ တစ်ပါးထဲဖတ်နည်း၊နှစ်ပါးတွဲဖတ်နည်း၊သုံးပါးတွဲဖတ်နည်းနဲ့ဖတ်ကြတယ်။(၁)ပါးထဲဖတ်နည်းမှာ သက်တော်ရှည်ဆရာတော်ကြီး(၃)ပါးရွေးချယ်၍(၁)ပါးစီ(၃)ကြိမ်ဖတ်ပါသည်။(၂)ပါးတွဲလည်း(၃)ကြိမ်၊(၃)ပါးတွဲလည်း(၃)ကြိမ်စီ(၉)ကြိမ်လောက်ဖတ်ကြပါသည်။ ဂုဏ်သိက္ခာကြီးမားတဲ့ဆရာတော်ကြီးများ ရဟန်းခံကမ္မဝါစာဖတ်ပေးခဲ့လျှင် အဲဒီရဟန်းဟာ ဘုန်းကံကြီးမား ထင်ပေါ်ကျော်ကြားတယ်လို့အယူအဆရှိကြတယ်။ ရဟန်းလောင်းက အရည်အချင်းရှိတယ်၊သာသနာတော်မှာကျေးဇူးများနိုင်တဲ့အလားအလာရှိတယ်ဆိုလျှင် ရဟန်းလောင်းကို ချီးမြှောက်သောအားဖြင့်(၅)ကြိမ်၊(၆)ကြိမ်ထက်မနည်းဖတ်တော်မူကြတယ်။ အညာအရပ်တွေမှာတော့ ရှေးမူမပျက် ယခုအထိသက်တော်ရှည်ထေရ်ကြီးဝါကြီးများပင့်ပြီးရပ်ဝေးရပ်နီးမှ လေးလေးစားစားကြွရောက်လျှက် ကံဆောင်အမှုကိုပြုလုပ်လျှက်ရှိသည်ကို တွေ့ရပါသေးသည်။

## 'ဒုလ္လဘ'လည်း(၃)ကြိမ်

အရင်နှစ်က စစ်ကိုင်းရောက်သွားလို့ ရဟန်းခံတဲ့အကြောင်း စပ်မိစပ်ရာပြောကြတော့ တပည့်တော်တို့ ရန်ကုန်မှာတော့ ငယ်ဖြူ ရဟန်းခံရင်တော့ ကမ္မဝါ(၃)ကြိမ်၊(၄)ကြိမ်စသည်ဖတ်ကြတယ်။ဒုလ္လဘ တွေရဟန်းခံရင်တော့ တစ်ကြိမ်ဘဲကမ္မဝါဖတ်ကြတယ်လို့ပြောတော့–

သိမ်ကျောင်းဘုန်းကြီးဦးကဝိန္ဒ ကတပည့်တော်တို့စစ်ကိုင်းမှာ တော့ ဒုလ္လဘရဟန်းခံလည်း(၃)ကြိမ်တော့ဖတ်တာဘဲဘုရား–တဲ့။ ဒုလ္လဘတွေက ခေတ္တခဏဝတ်တာဘဲဆိုပြီးခပ်ပေါ့ပေါ့နဲ့တစ်ကြိမ်ဖတ် ကြဒါပါ။တကယ်တော့ ဒုလ္လဘလည်းရဟန်းဘဲ လေးစားသင့်ဒါပေါ့၊ ဒီဒုလ္လဘတွေက အမြဲဖြစ်ချင်ဖြစ်သွားမှာ၊ရန်ကုန်မှာ ဒုလ္လဘတွေက များတော့ အချိန်အခါကြည့်လုပ်ကြဒါလည်းပါဒါပေါ့။ အညာမှာတော့ ဒုလ္လဘဝတ်တာရှားတယ်၊ကာလဒေသလည်းကွာဒါပေါ့။ဝိနည်းကတော့ လေးစားသင့်တယ်။

## ဆရာကောင်းမှတပည့်ကောင်း

ပဗ္ဗဇ္ဇာဟိ နာမေသာ ပဋိသန္ဓိဂဟဏသဒိသာ၊ယထာ မနုဿာ၊ ယတ္ထ ပဋိသန္ဓိံ ဂဏှန္တိ တေသံ ယေဝ ကုလာနံ အာစာရံ သိက္ခန္တိ၊ ဧဝံ ဘိက္ခုပိ (သာမဏေပိ) ယေသံ သန္တိကေ ပဗ္ဗဇန္တိ တေသံ ယေဝ အာစာရံ ဂဏှန္တိ။(သဠာယတနဝဂ္ဂသံယုတ်၊ အသီသဝဂ္ဂစတုတ္ထ)

သောပဗ္ဗဇ္ဇာနာမ–ဤရှင်,ရဟန်းပြုခြင်းမည်သည်၊ ပဋိသန္ဓိ– ဂဟဏသဒိသာ–အမိဝမ်း၌ပဋိသန္ဓေနေခြင်းနှင့်တူ၏၊မနုဿာ–လူတို့ သည်၊ယတ္ထယသ္မိံကုလေ–အကြင်အမျိုးအနွယ်၌၊ပဋိသန္ဓိံ–ပဋိသန္ဓေကို၊ ဂဏှန္တိ–ယူကြကုန်၏၊တေသံယေဝကုလာနံ–ထိုပဋိသန္ဓေယူရာဖြစ်သော အမျိုးအနွယ်တို့၏သာလျှင်၊အာစာရံ–အလေ့အကျင့်စရိုက်ကို၊သိက္ခန္တိ ယထာ–လေ့လာမှတ်သားသင်ကြားအတုယူကြကုန်သကဲ့သို့၊ဧဝံ–ဤ အတူ၊ဘိက္ခုပိ–ရဟန်းတို့သည်လည်းကောင်း၊(သာမဏေရာပိ–သာမ ဏေတို့သည်လည်းကောင်း)ယေသံ–အကြင်ဆရာဥပဇ္ဈာယ်ရဟန်းတို့၏ သန္တိကေ–အထံတော်၌၊ပဗ္ဗဇန္တိ–ရှင်,ရဟန်းပြုကြကုန်၏၊တေသံယေဝ– ထိုဆရာဥပဇ္ဈာယ်ရဟန်းတို့၏သာလျှင်၊အာစာရံ–အလေ့အကျင့်စရိုက် ကို၊ဂဏှန္တိ–ယူကြကုန်၏။

## အဓိပ္ပါယ်ရှင်းလင်းချက်(မျိုးစေ့မမှန်–ပင်မသန်)

သန်မာစည်ကားကြီးထွားသောအပင်မှဖြစ်သော အပွင့်––

အသီးတို့သည် ထွားကြိုင်းကြီးမား၍ အနှစ်သြဇာအရသာပြည့်ဝသကဲ့သို့ ထို့အတူ ဆရာဥပဇ္ဈာယ်ကောင်း၊မိဘကောင်းတို့မှ ဖြစ်ပေါ်မွေးဖွားလာသော တပည့်သားသမီးတို့သည်လည်း ဆရာမိဘတို့၏ အကျင့်အာစာရသို့လိုက်ကာ တပည့်ကောင်း၊သားသမီးကောင်းများဖြစ်လာကြပြီးလျှင် သာသနာ့အလယ်၊လောကအလယ်၌ တင့်တယ်ကာကြီးပွားတိုးတက်နိုင်ကြကုန်၏။ သာသနာတော်ကြီးကိုင်း၊လောကကြီးကိုင်း၊စောင့်ရှောက်နိုင်ကြလေကုန်၏။

ထို့ကြောင့် ကုသိုလ်ပါရမီအစအနကောင်းသော တပည့်ရဟန်းလောင်းများဖြစ်ခဲ့လျှင် တော်ကာလျှော်ကာ ဥပဇ္ဈာယ်ဆရာ၊ကမ္မဝါစာဆရာတို့ဖြင့် ရဟန်းခံမှုကိစ္စကို မပြုလုပ်ပါနှင့်။ မလွှဲသာ၍ ပြုလုပ်ခဲ့ပါလျှင်လည်း ဥပဇ္ဈာယ်ကောင်းများထံမှာ အပ်နှံ၍အမြန်သိမ်ထပ်ကြရမည်။

(၁)မျိုးစေ့မမှန်၊ ပင်မသန်က၊ ဖူးတံငုံကင်း၊ သီးနှံဖျင်း၏။
(၂)ဆရာမဟန်၊ အကျင့်တန်က၊ တပည့်ညံ့ဖျင်း၊ ဂုဏ်နံ့ကင်း၏။
(၃)မိဘမဟန်၊ အကျင့်တန်က၊ သားသမီးညံ့ဖျင်း၊အလိမ္မာကင်း၏။
(၄)မျိုးစေ့ကမှန်၊ ပင်ကသန်၊ ဖူးတံကားကား၊ အသီးထွား၏။

ဗာလပုတ္တောပိ ပဏ္ဍိတော ။ (နီတိဆရာ)

သူမိုက်၏ သားဖြစ်သော်လည်း ပညာရှိဖြစ်သေး၏။ တစ်ရာမှာတစ်ယောက်၊တစ်ထောင်မှာတစ်ယောက်လောက်တော့သူမိုက်၏ သားကလည်း ပညာရှိဖြစ်တတ်သေး၏-ဟု နီတိဆရာကဆိုသည်။ ဆရာမိဘကောင်းတို့၏ တပည့်သားသမီးများထဲမှလည်း တပည့်ဆိုး၊ သားသမီးဆိုးများဖြစ်တတ်သေး၏။

နိုင်ငံတော်သံဃာ့မဟာနာယက ဥက္ကဋ္ဌ မြင်းခြံဆရာတော် ဦးသောဘိတ အဘိဓဇမဟာရဋ္ဌဂုရု၏ ဗဟုသုတပကာသနီကျမ်းမှ လာသောအတိုင်းဖော်ပြပါသည်။

## ရဟန်းလောင်းတစ်ပါး

ရဟန်းလောင်းတစ်ပါးတည်း ရဟန်းခံရာ၌ကမ္မဝါဖတ်နည်း။ ဥပဇ္ဈာယ်ဆရာ(၁)ပါး၊ရဟန်းလောင်း(၁)ပါး၊ကမ္မဝါဆရာ-(၁)ပါး၊ (၂)ပါး၊(၃)ပါးဖတ်ကောင်းသည်။ (၃)ပါးထက်ပိုပြီးမဖတ်ကောင်း။

## ရဟန်းလောင်း(၂)ပါး

အရှင်မဟာကဿပအား ရဟန်းလောင်းနှစ်ပါးရှိခဲ့ရာ 'ငါအရင် ရဟန်းခံမယ်၊ငါအရင်ရဟန်းခံမယ်'ဟုအငြင်းအခုံဖြစ်သောကြောင့်ဘုရားရှင်ကိုလျှောက်ထားသဖြင့် ဘုရားရှင်က---

"အနုဇာနာမိ ဘိက္ခဝေ ဒွေ ဧကာနုဿာဝနေကာတုံ"ဟုရဟန်းလောင်းနှစ်ပါးတို့ကို တပြိုင်နက်ကမ္မဝါဖတ်၍ ရဟန်းခံပေးခြင်းတို့ကို ခွင့်ပြုတော်မူသည်။

## ရဟန်းလောင်း(၃)ပါး

နောက်တစ်ခါ များစွာသော မထေရ်တို့မှာ ရဟန်းလောင်းတွေ အများကြီးဖြစ်ပေါ်လာကြပြန်သဖြင့် ထို့အတူ'ငါအရင်ရဟန်းခံမယ်၊ ငါအရင်ရဟန်းခံမယ်'နဲ့အငြင်းအခုံဖြစ်ကြပြန်သောကြောင့် ဘုရားရှင်ကို လျှောက်ထားကြသဖြင့် ဘုရားရှင်က-

"အနုဇာနာမိ ဘိက္ခဝေ ဒွေတယော ဧကာနုဿာဝနေ ကာတုံ တဉ္စ ခေါ ဧကေန ဥပဇ္ဈာယေန၊ နတွေဝ နာနုပဇ္ဈာယေန"ဟု(မဟာဝါ-၁၂၉)

ရဟန်းလောင်း(၂)ပါး၊(၃)ပါးကိုတစ်ပြိုင်နက် ကမ္မဝါဖတ်၍ ရဟန်းခံပေးရန် ခွင့်ပြုတော်မူသည်။

## ဥပဇ္ဈာယ်မှာတစ်ပါးသာ

ရဟန်းလောင်း(၂)ပါး၊(၃)ပါးကိုတစ်ပြိုင်နက် ကမ္မဝါဖတ်၍ ရဟန်းခံပေးရန် ခွင့်ပြုသော်လည်း ဥပဇ္ဈာယ်ဆရာမှာတော့(၁)ပါးတည်းသာဖြစ်ရမယ်၊ (၂)ပါး၊(၃)ပါးစသည်ခွင့်မပြု။

(အနက်) ဘိက္ခုဝေ–ရဟန်းတို့၊ဒွေတယော–ရဟန်းလောင်းနှစ်ပါး၊သုံးပါးတို့ကို၊ဧကာနုဿာဝနေ–တစ်ပြိုက်နက်ကမ္မဝါစာရွတ်ဖတ်၍ရဟန်းခံပေးခြင်းတို့ကို၊ကာတုံ–ပြုခြင်းငှာ၊အနုဇာနာမိ–ငါဘုရားခွင့်ပြုတော်မူ၏။ တဉ္စခေါ–ထိုကမ္မဝါစာရွတ်မှုကိုပြုခြင်းကိုလည်း၊ဧကေနဥပဇ္ဈာယေန–ဥပဇ္ဈာယ်ဆရာတစ်ပါးဖြင့်သာလျှင်၊ အနုဇာနာမိ–ခွင့်ပြုတော်မူ၏။ နာနုပဇ္ဈာယေန–ဥပဇ္ဈာယ်ဆရာအသီးသီးဖြင့်၊နတွေဝ အနုဇာနာမိ–ခွင့်ပြုတော်မူသည်မဟုတ်သည်သာလျှင်တည်း။

## ငှဲ့ဖတ်နည်း

ဥပဇ္ဈာယ်ဆရာတစ်ပါး ရဟန်းလောင်း(၂)ပါး၊(၃)ပါးရှိခဲ့လျှင် ကမ္မဝါစာဆရာ(၂)ပါး၊(၃)ပါးက ကိုယ့်ရဟန်းလောင်းကိုယ်ငှဲ့ဖတ်လျှင်လည်းဖတ်ကောင်းသည်(ယခုခေတ် အသုံးနဲသည်)

## ဒွန်တွဲဖတ်နည်း

ဥပဇ္ဈာယ်ဆရာတစ်ပါးတည်းဝယ် ရဟန်းလောင်း(၂)ပါး၊(၃)ပါးရှိရာ၌ ဒွန်ကမ္မဝါစာနည်းအတိုင်း ဒွန်တွဲ၍လည်း ကမ္မဝါစာဖတ်၍ရဟန်းခံပေးကောင်းသည်။ (ယခုခေတ် အသုံးများသည်)

## မအပ်သောနည်း

'နတွေဝ နာနုပဇ္ဈာယေန'ဟုတားမြစ်ထားသောကြောင့်ဥပဇ္ဈာယ်ဆရာ(၂)ပါး၊(၃)ပါးရှိရာ၌ အသီးအသီးရဟန်းလောင်း(၂)ပါး၊(၃)ပါးတို့ကိုတစ်ပြိုက်နက်ကမ္မဝါရွတ်ဖတ်၍ရဟန်းခံပေးခြင်းငှါမအပ်။ရဟန်းခံမပေးကောင်း။ (ဒွန်ကမ္မဝါစာဖြင့်ဒွန်တွဲမဖတ်ကောင်း) ဥပဇ္ဈာယ်အသီးအသီးဖြစ်နေသောကြောင့်ဖြစ်သည်။

## ကံထပ်မင်္ဂလာ သတိပြုစရာ

ယခုခေတ် ပုနောပသမ္ပဒ သိမ်ထပ်၊ကံထပ်မင်္ဂလာပြုလုပ်ကြရာ၌ တကာ–တကာမများက မိမိတို့ကိုးကွယ်ကြည်ညိုသောဆရာတော်(၂)ပါး၊(၃)ပါးတို့ကို ကံထပ်မင်္ဂလာပြုလုပ်လေ့ရှိကြသည်။ --

ကမ္မဝါစာဖတ်တဲ့အခါ၌ 'နာဂ၊တိဿ'အမည်မှည့်ပြီး ဒွန်ကမ္မဝါစာဖြင့် ဒွန်တွဲပြီးတစ်ပြိုင်နက်ကမ္မဝါစာဖတ်၍ ကံဆောင်ပေးကြသည်ကို-တွေ့ရသည်။ မပြုလုပ်ကောင်းပေ၊ ဘာ့ကြောင့်လည်းဆိုတော့-ကံထပ်သောဆရာတော်များ၏ ဥပဇ္ဈာယ်ဆရာတော်များမှာ တခြားစီမတူသောကြောင့်ဖြစ်လေသည်။(သတိထားစရာလိုပေသည်)

## အသီးသီးငဲ့ဖတ်

ဥပဇ္ဈာယ်ဆရာက(၂)ပါး၊(၃)ပါး၊ ရဟန်းလောင်းကလည်း(၂)ပါး၊(၃)ပါးရှိခဲ့လျှင် ၁။ပထမဥပဇ္ဈာယ်ဆရာနှင့်ရဟန်းလောင်းကိုကမ္မဝါဆရာတစ်ပါး။ ၂။ဒုတိယဥပဇ္ဈာယ်ဆရာနှင့်ရဟန်းလောင်းကိုကမ္မဝါဆရာတစ်ပါး။ ၃။တတိယဥပဇ္ဈာယ်ဆရာနှင့်ရဟန်းလောင်းကိုကမ္မဝါဆရာတစ်ပါး။ ဤကဲ့သို့ အသီးအသီးကိုယ့်အတွဲနဲ့ကိုငဲ့ပြီး တစ်ပြိုင်နက်ဖတ်ပြီးရဟန်းခံပေးလျှင်အပ်ပေသည်။

ကံထပ်မင်္ဂလာပြုလုပ်သောအခါ၌လည်း (၂)ပါး၊(၃)ပါးဖြစ်ခဲ့လျှင်ဤပြဆိုခဲ့သောနည်းအတိုင်း အသီးအသီးငဲ့၍ဖတ်ရမည်။ ကံထပ်သောရဟန်းတစ်ပါးတည်းဖြစ်ခဲ့လျှင် 'နာဂ၊တိဿ'မှည့်ပြီးဖတ်နေကျဥပသမ္ပဒကမ္မဝါစာဖြင့်(အယံ နာဂေါ အာယသ္မတော တိဿဿဥပသမ္ပဒါပေက္ခော)စသည်ဖြင့်ဖတ်နေကျအတိုင်းဖတ်ရသည်။

## ဒွန်ကမ္မဝါစာ၌ နိဂ္ဂဟိတန္တနည်း

၁။အယံ စ နာဂေါ အယံ စ နာဂေါ အယံ စ နာဂေါ။

၂။အယံ နာဂေါစ အယံ နာဂေါစ အယံ နာဂေါစ။

ဤနည်းကား 'နိဂ္ဂဟိတန္တ'ဖတ်နည်း။

## ဝိမုတ္တနည်း

၁။အယဉ္စ နာဂေါ အယဉ္စ နာဂေါ အယဉ္စ နာဂေါ။

ဤနည်းကား 'ဝိမုတ္တ'ဖတ်နည်း။ဤနည်းကားရွတ်ဖတ်ရာ၌ အသံမပြင်ဘဲ ဖွင့်ပြီးဖတ်ရသောကြောင့်လွယ်ကူသည်။

## ဗဟုဝုစ်ဖတ်နည်း

ဥပဇ္ဈာယ်တစ်ပါးတည်း၌ ရဟန်းလောင်းက(၂)ပါး၊(၃)ပါး-တစ်ပြိုင်နက်ရဟန်းခံပေးရာ၌ အထက်ကပြဆိုခဲ့သောနည်းအတိုင်း ဒွန်တွဲ၍သော်၄င်း၊သို့မဟုတ်-'နာဂ၊တိဿ'ဟုအမည်မှည့်ပြီးလျှင်-

၁။သုဏာတု မေ ဘန္တေ သံဃော ဣမေ နာဂါ အာယသ္မတော တိဿဿ ဥပသမ္ပဒါပေက္ခာ-စသည်ဖြင့်'ဗဟုဝုစ်'ကမ္မဝါလာရှိသော အတိုင်းဗဟုဝုစ်နည်းဖြင့်၄င်းဖတ်ကောင်းသည်။ ဒွန်ဖတ်နည်းထက် ဤဗဟုဝုစ်ဖတ်နည်းက ပိုပြီးလွယ်ကူပေသည်။

## အထူးသတိထားရမည့်အချက်

၁။ရဟန်းခံရာ၌ ရဟန်းလောင်းကလည်း (၃)ပါးသာရှိရမည်၊ (၃)ပါးထက်မပိုရ။

၂။ကမ္မဝါဆရာကလည်း အများဆုံး(၃)ပါးသာ ဖတ်ရမည်၊ (၃)ပါးထက်မပိုရ။

## သာဓကပါဠိ

ယသ္မာ ပန တိဏ္ဏံ ဥဒ္ဓံ ကမ္မရဟာ န ဟောန္တိ၊ န ဟိ သံဃော သံဃဿ ကမ္မံ ကရောတိ။ (၄-၂ ၊၁၉၆)

(ဒုတိယသံဃဘေဒကသိက္ခာပုဒ်၊အဋ္ဌကထာ)

အနက်-

ပန-အဘို့တစ်ပါးကိုဆိုဦးအံ့၊ယသ္မာ-အကြင့်ကြောင့်၊တိဏ္ဏံ-သုံးပါးသောရဟန်းတို့၏၊ဥဒ္ဓံ-အထက်၌၊ကမ္မရဟာ-ကံထိုက်ကုန်သည်၊ နဟောန္တိ-မဖြစ်ကုန်။

ဟိသစ္စံ-မှန်၏၊သံဃော-သံဃာသည်၊သံဃဿ-သံဃာအား၊ ကမ္မံ-ကံကို၊ နကရောတိ-မပြု၊(တသ္မာ-ထို့ကြောင့်၊ကောဝါ ဒွေဝါ တယောဝါတိ-ကောဝါ ဒွေဝါ တယောဝါဟူ၍၊ဘဂဝတာ-မြတ်စွာဘုရားသည်၊ဝုတ္တံ-ဟောတော်မူအပ်ပြီ။

## သံဃာအချင်းချင်းကံမပြုကောင်း

သံဃာ,သံဃာချင်းကံမပြုကောင်းဘူး-ဆိုဒါက ရဟန်းလောင်းကလည်း(၄)ပါး၊(၄)ပါးအထက်ဖြစ်နေမယ်၊ကမ္မဝါဆရာကလည်း(၄)ပါး(၄)ပါးအထက်ဖြစ်နေမယ်ဆိုလျှင် သံဃာ,သံဃာချင်းဖြစ်နေသောကြောင့် ကံမပြုကောင်းဟုဆိုဒါဖြစ်တယ်။ဧကောဝါ ဒွေဝါ တယောဝါ တစ်ပါးသော်၎င်း၊နှစ်ပါးသော်၎င်း၊သုံးပါးသော်၎င်း၊ကံပြုကောင်းသည်၊ သုံးပါးထက်ကျော်လျှင်မပြုကောင်း။

"တိဏ္ဏံ ဥဒ္ဓံ န ကေနစိ အာကာရေန ဧကတော ဝဋ္ဋတိ၊ (ဝဇိရ-၄၄၁) တတော ဥဒ္ဓံ န ဝဋ္ဋတိ"(ဝဇိရ)။

'သုံးပါးထက်အလွန်ဖြစ်လျှင် မည်သည့်နည်းနှင့်မျှကံမပြုအပ်၊ ကံမပြုကောင်း'-ဟုဆိုလိုပေသည်။

န သဗ္ဗတ္ထ ဣမသ္မိံ အတ္ထဝိကပ္ပေ မတိဘေဒေါ အတ္ထိ(ဝဇိရ-၄၄၁)အားလုံးသော အဋ္ဌကထာ၊ဋီကာ၊ဂဏ္ဌိ၊အာစရိယဝါဒတို့၌ ရဟန်းလောင်း(၃)ပါးထက်မပိုရ၊ ကမ္မဝါစာ(၃)ပါးထက်မပိုရ-ဟူသောအဆုံးအဖြတ်သည် ကွဲပြားခြင်းမရှိတူညီကြ၏ဟုဆိုထားပေသည်။

စလင်းမဟာဝါဂဏ္ဌိ၌လည်း 'ဂရုက လဟုကေသု ဂရုကေဋ္ဌာ တဗ္ဗံ၊ဧဝံ ဝိနယလက္ခဏံ'ဟူသည်နှင့်အညီ ဝိနည်းအရာ၌ ဂရုကကို လေးစားထိုက်သောကြောင့် ရဟန်းလောင်း(၄)ပါး၊(၅)ပါးအစရှိသည်တို့ကို တစ်ပြိုင်နက် ရဟန်းမခံကြကုန်လင့်-ဟုလေးလေးနက်နက်မှာထားဆုံးဖြတ်ခဲ့ပါသည်။

## သာမဏေသည် သံဃာမဟုတ်

တချို့က သာမဏေသည် ရဟန်းမဖြစ်သေး၍ သံဃာမဟုတ်သေးပါ၊ထို့ကြောင့်ရဟန်းလောင်း(၄)ပါး၊(၅)ပါး၊(၁၀)ပါးစသည်ကို တစ်ပြိုင်နက်ရဟန်းခံကောင်းသည်ဟုကတ်သီးကတ်သတ်ယူကြသေးသတဲ့။ သာဓက။ ။ "လာဘံ ပန ဥပါဒါယ အန္တမသော ဧကောပိ အနုပသမ္ပန္နောပိ သံဃောတိ သင်္ချံ ဂစ္ဆတိ ကိရ" (ဝဇိရ-၁၂၀)-

သာမဲ-'ရှင်သာမဏေသည် သံဃာဟူသော အရေအတွက်သို့မရောက်ကြောင်း'ကိုပြသည်။

ရဟန်းလောင်းရှင်သာမဏေသည် ရဟန်းဖြစ်ရန်အချိန်အနည်းငယ်မျှသာလိုတော့သဖြင့် သံဃာတော်များနှင့်ဟတ္ထပါသ်စပ်၍ အတူတကွ နေပိုင်ခွင့်ရှိခြင်းသည်ပင်လျှင် ရဟန်းဟူသော အရေအတွက်သို့ရောက်နေပြီဟုထင်ရှားပေသည်။ ရဟန်းလောင်းမှတပါး ရှင်သာမဏေများသည် ဝဇ္ဇနီယပုဂ္ဂိုလ်များဖြစ်သောကြောင့် ဟတ္ထပါသ်မှအပြင်ပသို့နေရပေသည်၊ ဤကဲ့သို့ထူးခြားချက်ရှိသည်။ထို့ကြောင့်သံဃာသံဃာချင်း ကံမပြုကောင်းဟုဆိုသည်။

## ပဂ္ဂဟကံ, နိဂ္ဂဟကံ

သာသနာတော်၌ ကံပြုရာဝယ်- ၁။ချီးမြှောက်ခြင်းအားဖြင့်ပြုသောပဂ္ဂဟကံ၊ ၂။နှိပ်ကွပ်ခြင်းအားဖြင့်ပြုသောနိဂ္ဂဟကံ-ဟုနှစ်မျိုးရှိသည်။

ဥပသမ္ပဒရဟန်းခံသောကံသည်'ပဂ္ဂဟကံ'ဖြစ်သောကြောင့်(၄)ပါး၊(၅)ပါးအထက်ပြုလုပ်အပ်သည်ဟုသမုတိပေးပုံနှင့်လွဲမှားယူကြသည်။

ဘေဒါနုဝတ္တကကံသည် 'နိဂ္ဂဟကံ'ဖြစ်သောကြောင့်(၃)ပါးသာကံပြုအပ်သည်။(၄)ပါး၊(၄)ပါးအထက်ဖြစ်လျှင်သံဃာ,သံဃာအချင်းဖြစ်သောကြောင့် ကံမပြုလုပ်အပ်၊မပြုကောင်း-ဟု'ဝိမတိ-ဋီ၊သာရတ္ထဋီ၊စလင်းဂဏ္ဌိ-တို့ကဖွင့်ပြကြသည်။

## သမုတိနှင့်ကံပြုပုံ-မကွဲကြ

ဋီကာဆရာတို့၏ ဖွင့်ပြမှုမှာ သေနာသနဂ္ဂါဟကသမ္မုတိကံ၊ ဥဗ္ဗာဟိကသမ္မုတိ-တို့ကိုအထောက်အထားပြ၍ ဥတ္တိဒုတိယကမ္မဝါ၊ အပလောကနကံတို့ဖြင့်(၄)ပါး၊(၅)ပါး(၁၀)ပါးစသည် သမုတိပေးနိုင်ပုံကိုသာပြခြင်းဖြစ်သည်၊ကံပြုမှု,ကံဆောင်မှုကိုပြသည်မဟုတ်။သမ္မုတိပေးမှုနှင့်ကံပြုမှုအယူအဆလွဲမှား၊မကွဲမပြားဖြစ်ကြပြီး ဥတ္တိဒုတိယ-

ကမ္မဝါစာဖြင့် ဂရုကဖြစ်သော ဥပသမ္ပဒကံပြုလုပ်ရာ၌လည်း (၄)ပါး၊(၅)ပါး၊(၁၀)ပါးတစ်ပြိုင်နက် ကမ္မဝါစာတစ်ကြိမ်တည်းဖြင့် ကံပြုကံဆောင်လို့ရ၏ဟု ယူဆကြခါ ရှေးဆရာတော်ကြီးများ၏ နည်းနာနိသျှည်းကြားထားသောအတိုင်း မလိုက်နာဘဲ အလွဲလွဲအမှား မှား မလုပ်ကောင်းသည်ကို လုပ်နေကြခြင်းဖြစ်သည်။(အတုမလိုက် ကြပါနဲ့)

## ပါဠိတော်အတိုင်းလိုက်နာကြ

ပဂ္ဂဟကံကိုဘဲဖြစ်ဖြစ်၊နိဂ္ဂဟကံကိုဘဲဖြစ်ဖြစ်၊ ဘုရားဟော ပါဠိတော်အလိုအားဖြင့် ၁-ပါး၊၂-ပါး၊၃-ပါးသာ တစ်ပြိုင်နက် ကမ္မဝါစာဖတ်၍ကံပြုရမည်ဖြစ်ကြောင်း။ ပဂ္ဂဟကံအနေဖြင့် "ဒွေ-တယော ဧကာနုဿာဝနေ ကာတုံ"ဟုငင်း၊"ဧကောဝါ ဒွေဝါ တယော ဝါ-ဟုငင်း၊မြတ်စွာဘုရားဟောကြားပညတ်တော်မူသောကြောင့် ရဟန်း လောင်းကလည်း (၃)ပါးထက်ပို၍မရှိကောင်း။ ကမ္မဝါဆရာကလည်း (၃)ပါးထက်ပို၍မဖတ်ကောင်း-ဟုသန္နိဋ္ဌာန်ကျမှတ်ရမည်။မှတ်ကြပါ။

## ရဟန်းလောင်း(၁၀)ပါးတစ်ပြိုင်နက်ရဟန်းခံမှု

၁၃၅၆-ခုနှစ်၊ပြာသိုလပြည့်ကျော်(၉)ရက်နေ့က ညောင်တုန်းမြို့၊ ပုဏ္ဏမာရာမဈေးကျောင်းတိုက် ပဓာနနာယက နိုင်ငံတော်သံဃမဟာ နာယကအဖွဲ့၊တွဲဖက်အကျိုးတော်ဆောင်ဆရာတော်ဘဒ္ဒန္တဩသဓာဘိဝံသ (ယခု-အကျိုးတော်ဆောင်ချုပ်၊ အဘိဓဇမဟာရဋ္ဌဂုရု)မထေရ်သည် ရွေးချယ်တင်မြှောက်ပွဲခရီးလှည့်လည်သွားစဉ် ဓနုဖြူမြို့ရောက်တော့ ရွှေကူကျောင်းတိုက် ဆရာတော်ဦးသောဘိတ၊ ချမ်းသာကြီးကျောင်း တိုက်၊ဆရာတော်ဦးကောဏ္ဍည-တို့နဲ့တွေ့တယ်၊ သူတို့ဆီမှာ ရဟန်းခံ တစ်ခု၌ ရဟန်းလောင်း(၁၀)ပါးကို-

ဥပဇ္ဈာယ်ဆရာ(၁၀)ပါးဖြင့် ကမ္မဝါစာဆရာ(၁၀)ပါးက ဟတ္ထ ပါသ်စပ်လျှက် တစ်ပြိုင်နက်ရဟန်းခံပေးကြတယ်။ ဒီလိုရဟန်းခံတာ-

ဝဂ်မဖြစ်လို့ အပ်ပါတယ်လို့ပြောကြတဲ့အကြောင်းလျှောက်ထားတယ်။ ဒါနဲ့တပည့်တော်က–'အရှင်ဘုရားတို့ဟာက ဝဂ်တော့မဖြစ်ဘူး၊ဆိတ်တော့ဖြစ်နေပြီ၊တပည့်တော်တော့သဘောမကျဘူး'ဟုပြောခဲ့တယ်၊ကိုယ်တော်တို့လည်းဘယ်လိုသဘောရသလဲဟုဆွေးနွေးပြီး–ပခုက္ကူမြို့၊မဟာဝိသုတာရာမတိုက်၊နိုင်ငံတော်သံဃမဟာနာယကအဖွဲ့အဂ္ဂမဟာပဏ္ဍိတဆရာတော်ဦးဝိစာရကတာဝန်ယူ၍ ရဟန်းလောင်း(၁၀)ပါးတစ်ပြိုက်နက်ရဟန်းခံမှုအဆုံးအဖြတ်စာအုပ်ကို ၁၃၅၉–ခုနှစ်၊ထုတ်ဝေစေခဲ့ပါသည်။ပါဠိတော်အတိုင်း(၃)ပါးသာအပ်ကြောင်းဆုံးဖြတ်ခဲ့ပါသည်။ **အဓမ္မသမဂ္ဂကံ**

ဤရဟန်းလောင်း(၁၀)ပါး၊ဥပဇ္ဈာယ်(၁၀)ပါး၊ကမ္မဝါဆရာ(၁၀)ပါး၊ဖြင့်ရဟန်းခံခြင်းမျိုးသည် ဘုရားရှင်က (၃)ပါးသာခွင့်ပြုပါလျက်(၃)ထက်ပိုပြီးရဟန်းခံမှုကြောင့်'အဓမ္မ'၊ သိမ်အပြင်ဟတ္ထပါသ်စပ်၍အများသဘောတူပြုလုပ်သောကြောင့် 'သမဂ္ဂ'၊ ကံလေးမျိုးတို့တွင်'အဓမ္မသမဂ္ဂ'ကံဖြစ်သောကြောင့် မပြုအပ်၊မပြုကောင်းဟုဆုံးဖြတ်တော်မူကြသည်။

## သမ္ဗဟုလ(၂)မျိုး

၁။ ဝိနယပရိယာယေန တယောဇနာ သမ္ဗဟုလာတိ ဝုစ္စန္တိ၊ တတော ပရံ သံဃော၊ (ဝိ–ဋ္ဌ–၁၊၂၄၈)

၂။ သုတ္တန္တပရိယာယေန တယော တယော ဓေ၊ တတော ပဋ္ဌာယ သမ္ဗဟုလာ၊ (ဝိ–ဋ္ဌ–၁၊၂၄၈)

ဝိနည်းအလိုအားဖြင့် (၃)ပါးသောရဟန်းတို့ကို'သမ္ဗဟုလာ'ဟုခေါ်သည်။ (၄)ပါးကို'သံဃာ'ဟုဆိုသည်။

သုတ္တန်နည်းအားဖြင့် (၃)ယောက်ကိုတယော=(၃)ယောက်ဟုဆိုသည်။ (၃)ယောက်မှအထက်ကို 'သမ္ဗဟုလာ'ဟုဆိုပါသည်။

## ကမ္မဝါ(၂)ပါး၊(၃)ပါးဖတ်လာပုံ

"ဗျတ္တေန ဘိက္ခုနာ ပဋိဗလေန သံဃော ဉာပေတဗ္ဗော"ဟူသော–

ဘုရားဟောပါဠိတော်အရ ကမ္မဝါစာဆရာတစ်ပါးတည်းသာ ဖတ်ခဲ့ကြပါသည်။ ယခုခေတ်လို(၂)ပါး၊(၃)ပါးတွဲ၍ မဖတ်ခဲ့ကြပါ။

"တေနေဝ ပေါရာဏက ဝိနယဓရတ္ထေရာ ကမ္မဝိပတ္တိ သင်္ကာ ပရိဟာရတ္ထံ ဒွိဟိ တီဟိ ဧကတော ကမ္မဝါစံ သာဝယန္တိ"။

(ဝိနယ ဝိနိစ္ဆယ၊ ၄-၂၊ ၃၅၀)

ရှေးခေတ် ဝိနည်းမိုရ်ဆရာတော်တို့သည် ကံပျက်စီးခြင်း၌လည်း ပါးဖွယ်ကိုရှောင်လွဲခြင်းအကျိုးငှါ(၂)ပါး၊(၃)ပါးသောရဟန်းတို့ကို တပေါင်းတည်းကမ္မဝါစာရွတ်ဖတ်စေကြပါသည်။ဝိနယ ဝိနိစ္ဆယ၊ငှာကာ ခေတ်ကျမှ(၂)ပါး၊(၃)ပါးတွဲ၍ ကမ္မဝါစာဖတ်လာကြသည်ကိုတွေ့ရသည်(ရှေးကကမ္မဝါစာဆရာ(၁)ပါးတည်းဖတ်သည်ဟုဆိုလိုပါသည်)

မှတ်ချက်

(သာဓကပါဠိမှစ၍ ပခုက္ကူဆရာတော်ဦးဝိစာရ၏ ဆုံးဖြတ်ချက်စာအုပ်မှ လိုအပ်တာလေးတွေဖေါ်ပြထားပါသည်၊အကျယ်ကြည့်လိုပါက ထိုစာအုပ်ကိုကြည့်ကြပါ။)

## အဓမ္မဝဂ္ဂကံ

ဆယ်သိန်းဆရာတော်ဦးကေလာသ ကကျောင်းကိုမကြာမကြာ လာတတ်ပါတယ်၊စာလေးဘာလေးဆွေးနွေးစရာရှိလည်းဆွေးနွေးပါတယ်၊စာအုပ်ကလေးတွေ ထူးထူးဆန်းဆန်းရှိလည်း လာလာပြီးပေးတတ်ပါတယ်၊ ၁၃၆၄-ခုနှစ်၊နယုန်လထဲမှာ မနက်(၈)နာရီခွဲလောက် ရောက်လာပါတယ်၊ ကိုရင်လေးတွေကို ဘဲလ်တီးခေါ်ပြီး ရေနွေးကြမ်း, လ္ဘက်၊အမဲခြောက်၊ငါးခြောက်၊ငှက်ပျောသီး၊ပုံးမုန့်ကလေးတွေအကပ်ခိုင်းကာ(၂)ပါးရေနွေးသောက်ရင်း တပည့်တော်အတွေ့အကြုံကလေးတစ်ခုဘုန်းကြီးကိုမေးချင်လို့ ယခုလမ်းလျှောက်ရင်းလာခဲ့တာ 'ဘာတွေများထူးထူးဆန်းဆန်းတွေ့ခဲ့လို့တုန်း'၊ ထူးဆန်းဆို -ပြီးခဲ့တဲ့- ကဆုန်လထဲတုန်းက ကျောင်းတစ်ကျောင်းက ရဟန်းခံပင့်လို့သွားခဲ့တယ်၊ ဒုလ္လဘတွေကလည်းများတယ်၊ သိမ်ထဲရောက်တဲ့အခါကြတော့-

ကျောင်းဘုန်းကြီးက ရဟန်းခံကမ္မဝါဖတ်ခါနီးမှာ တပည့်တော်တို့ကိုမေးပါတယ်။ ဒုလ္လဘတွေကများနေပါတယ်၊ အမြန်ပြီးအောင် သိမ်၏ဒေါင့်လေးဒေါင့်မှာ(၄)နေရာ၊ အလယ်မှာ(၁)နေရာ၊(၃)ပါးစီခွဲပြီးကိုယ့်အုပ်စုနဲ့ကို ရဟန်းခံချင်တယ်၊ အရှင်ဘုရားတို့ဘယ်လိုသဘောရလဲ ?လို့မေးပါတယ်၊ တပည့်တော်ကလည်း ဒီလိုတစ်ခါမှ မတွေ့ဖူးဘူး၊အရှင်ဘုရားတို့သဘောပဲလို့ပြောလိုက်တော့ အဲဒီနည်းနဲ့ တစ်သိမ်ထဲမှာ (၅)နေရာခွဲပြီး ရဟန်းခံပေးကြတယ်၊အဲဒါမေးချင်လို့ လာခဲ့တာ။

ဦးကေလာ–ရယ်တိုတိုရှင်းရှင်းပြောရမယ်ဆိုရင်တော့ ဘုရားရှင် မပညတ်ခဲ့တာကို ပြုလုပ်သောကြောင့် 'အစမ္မ'၊ တစ်သိမ်ထဲမှာ ဟတ္ထပါသ်မစပ်ဘဲပြုလုပ်သောကြောင့်'ဝဂ္ဂ'၊ ဒီကံမျိုးကို'အဓမ္မဝဂ္ဂ'ကံမျိုးဖြစ်လို့ မအပ်ဘူး၊မလုပ်ကောင်းဘူး။ ရဟန်းလည်း မဖြစ်ဘူး။ ယခုခေတ်က ကိုယ်တိုင်လည်းသိအောင်မလေ့လာကြဘူး၊ ဝိနည်းကို နားလည်ကျွမ်းကျင်တဲ့ဆရာတော်ကြီးများကိုလည်း မမေးမြန်းကြဘူး၊ ကိုယ့်သဘောနဲ့ကိုယ် ပေါ့ပေါ့တန်တန်လုပ်နေကြဒါဘဲ။

## အပါး(၆၀)ရဟန်းခံ

ဘုန်းကြီးတို့လည်း တိုးတိုးတိတ်တိတ်ကြားလိုက်ရမှာပါ။ တပည့်တော်တို့လည်းကြားလိုက်ရပါတယ်။ သာမညတောင်မှာ ဒုလ္လဘ အပါး(၆၀)လုံးသိမ်ထဲမှာ ကမ္မဝါဖတ်ပြီး ရဟန်းခံပေးလို့ နိုင်ငံတော်သံဃမဟာနာယကဆရာတော်ကြီးများသွားရောက်စုံစမ်းရသေးတယ်လို့ကြားလိုက်ရသေးတယ်။ အဲဒီမှာလည်း စာမတတ်တဲ့တောထွက်ရဟန်းကြီးတွေဆိုတော့ လုပ်ကောင်းတယ်ထင်ပြီးလုပ်ချင်လုပ်နေမှာပေါ့ဘုရား။ (အဓမ္မကံ–ဘဲ၊မအပ်ဘူး)

## ပညာရှိ သတိဖြစ်ခဲ

၁၉၇၅–ခုနှစ်၊တပေါင်းလက တပည့်တော်ရဲ့သူငယ်ချင်းဖြစ်သူ ဗားကရာတိုက်၊ လောကပိယကျောင်းမှာနေတဲ့ ဦးကောဝိဒနှင့်––

ဆက်နွယ်ပြီးပင့်လို့ ကမာရွတ်၊ ဇေယျဝတီကျောင်းမှာရဟန်းခံ သိမ်ထပ်ပွဲလိုက်ခဲ့ရတယ်၊ တပည့်တော်၊ဦးကောဝိဒ၊ဦးကုဝေရ–လည်း သိမ်ထပ်တဲ့အထဲမှာပါတယ်၊အားလုံးသိမ်ထပ်တဲ့ဆရာတော်ကြီးတွေ (၂၅)ပါးလောက်ရှိတယ်။ဒုလ္လဘရဟန်းကလည်း(၁၀)ပါးပါသေးတယ်၊ ဗားကရာတိုက်က ဦးဆောင်ဒါဆိုတော့ အဂ္ဂမဟာပဏ္ဍိတဦးတိလောက၊ တိုက်အုပ်ဦးဉာဏ၊အောင်လှိုင်ကျောင်းဦးသံဝရ၊အလုံဇေတဝနာရာမ ဆရာတော်ကြီး၊ကမာရွတ်၊တိုက်ကြီးမြို့စသည်အပါး(၅၀)ကျော်ပင့်ပြီး သိမ်ဝင်ကြပါတယ်။

အဲဒီဇေယျဝတီသိမ်ကြီးကလည်း အတော်ကြီးတယ်၊ ကုဋီ၊ ရေချိုးခန်းပါတွဲပြီးထားတယ်။ရဟန်းခံတော့လည်း ရဟန်းလောင်းတွေ ကို အရင်ရဟန်းခံပေးလိုက်ပါတယ်။ နောက်မှသိမ်ထပ်တဲ့ဆရာတော် ကြီးများကို ထေရ်စဉ်ဝါလိုက်ငဲ့ပြီးဖတ်တဲ့နည်းနဲ့(၃)ပါးစီဖတ်ပါတယ်။ ကမ္မဝါစာဖတ်နေတုန်း–ဘုန်းကြီးတစ်ပါးက ကျင်ငယ်စွန့်သွားနေပါ တယ်။ကျင်ငယ်စွန့်ပြီးပြန်လာတော့၊ဒီကဆရာတော်ကြီးတွေကကမ္မ ဝါစာဖတ်မပြီးသေးလို့အဲဒီနားမှာခဏနေဦးဆိုပြီးလှမ်းတားလို့ ဟို– ဘုန်းကြီးကရပ်နေပြီး၊ကမ္မဝါစာဖတ်ပြီးမှ သံဃဟတ္ထပါသ်အတွင်းဝင် လာတယ်။ နောက်တစ်ခါ တစ်ပါးကကျင်ငယ်သွားစွန့်ပြီး၊ဒီကမ္မဝါစာ ဖတ်နေတုန်းလမ်းလျှောက်ပြီးနေလိုက်သေးတယ်။ တပည့်တော်က ကံပျက်တဲ့အကြောင်းပြောမလို့ထလိုက်တော့ ဦးကောဝိဒ ကသင်္ကန်း ကိုဆွဲလိုက်ပြီး,တိုးတိုးလေး–'မပြောနဲ့၊မပြောနဲ့'လူကြီးတွေပါတယ်– တဲ့။ဒါနဲ့တပည့်တော်က ပြန်ထိုင်ပြီး၊အနားမှာရှိတဲ့ဘုန်းကြီးတစ်ပါးကို တစ်သိမ်ထဲမှာ ဒီကကမ္မဝါဖတ်၊ ဟိုမှာလမ်းလျှောက်နေလို့ကတော့ ဒီကံပျက်တယ်၊ အလကားပဲလို့ပြောလိုက်တော့ အဲဒီဘုန်းကြီးက– 'တစ်သိမ်ထဲဘဲ'–တဲ့။ 'တစ်သိမ်ထဲ ဟတ္ထပါသ်မစပ်ဘဲ ဝဂ်ဖြစ်နေလို့ ကံပျက်တယ်'လို့ပြောဒါလို့၊ မကျေမနပ်ပြောပြီးသိမ်ထပ်ကံပြုတာဘဲ ကိစ္စမရှိပါဘူးဆိုပြီးသည်းခံပြီးနေခဲ့ရပါတယ်။ ပညာရှိဆရာတော်–

ကြီးတွေပါရှိသော်လည်း 'ပညာရှိသတိဖြစ်ခဲ့'ဆိုသလို၊'ဝဋ္ဋကံ' ဖြစ်နေသည်ကိုသတိမထားမိကြသည်ကိုတွေ့ရပါတယ်။ ဒါကတပည့်တော်ကိုယ်တိုင်တွေ့ခဲ့ရဒါပါ။ ဒိဋ္ဌာနုဂတိ–လိုက်ပြီးမလုပ်ကောင်းဒါတွေ လုပ်ကောင်းတယ်ထင်ပြီးလုပ်နေကြမှာစိုးလို့သတိပေးတဲ့အနေနဲ့ပြောချင်ဒါပါ။

## သစ်ပင်အောက်ရဟန်းခံ

ဆရာသမားများလုပ်တာကိုမြင်တွေ့နေရတော့ နောင်လာနောက်သားတပည့်များက ဒိဋ္ဌာနုဂတိ–အတုလိုက်ပြီးလုပ်တတ်ကြပုံကိုတပည့်တော်တို့'စကုမှော်'ဆရာတော်ကြီးက ရယ်စရာလိုနဲ့စာချရင်းပြောဘူးတယ်၊ ရှေးတုန်းက ဆရာတော်ကြီးတစ်ပါးက ရဟန်းခံကိစ္စရှိတယ်ဆိုလျှင် သစ်ပင်ကြီးအောက်ကို ဖျာသင်ဖြူးတွေခင်းပြီးရဟန်းခံပေးလေ့ရှိသတဲ့။ အဲဒါကို တပည့်ရဟန်းတွေက မြင်တွေ့ရပြီး၊ ဆရာတော်ကြီးမရှိသည်နောက်၊ 'ငါတို့ဆရာတော်ကြီးရှိတုန်းက သစ်ပင်ကြီးအောက်ကို ရဟန်းခံပေးလေ့ရှိတယ်၊သစ်ပင်ကြီးအောက်ဆိုလျှင် ရဟန်းခံပေးကောင်းတယ်'လို့ထင်မှတ်ကြပြီး ရဟန်းခံကိစ္စရှိလျှင် သစ်ပင်ကြီးတွေအောက်သွားသွားပြီး ရဟန်းခံပေးကြသတဲ့၊ဒီပြဿနာကိုတခြားဆရာတော်တွေကကြားလို့ခေါ်ပြီးမေးမြန်းစစ်ဆေးတဲ့အခါ "တပည့်တော်တို့ဆရာတော်ကြီးတုန်းကလည်း သစ်ပင်ကြီးအောက် ရဟန်းခံပေးဒါတွေ့ရလို့၊ တပည့်တော်တို့လည်းသစ်ပင်ကြီးအောက် ရဟန်းခံပေးကောင်းတယ်ထင်လို့ပါဘုရား"လို့လျှောက်ထားကြသတဲ့။

## သိမ်ထဲက သစ်ပင်

ကိုယ်တော်တို့–ဆရာတော်ကြီး ရဟန်းခံပေးတဲ့သစ်ပင်က သိမ်ထဲမှာပေါက်နေတဲ့သစ်ပင်မို့၊သစ်ပင်အောက်ကိုရဟန်းခံပေးတာ၊ ကိုယ်တော်တို့က သိမ်ထဲမှာမဟုတ်တဲ့တခြားသစ်ပင်တွေအောက်မှာ ရဟန်းခံလို့မရဘူး၊ သစ်ပင်ချင်းက တူဒါမဟုတ်ဘူး–လို့ဩဝါဒပေးလိုက်ရသတဲ့။ များသောအားဖြင့် ဖြစ်သင့်/မဖြစ်သင့်၊ လုပ်သင့်–

မလုပ်သင့်–လို့မစဉ်းစားကြဘူး။ ဘာကြောင့်လည်းလို့လည်း မလေ့လာကြဘူး၊ မြင်ဖူး၊ကြားဖူးဒါနဲ့ထင်ရာကိုလုပ်တော့ လွဲကုန်ကြဒါပေါ့။

## ဒုလ္လဘအတွက် ကံပျက်

ဒီအဖြစ်အပျက်ကလေးတွေကို သေသေချာချာစဉ်းစားကြည့်တော့ ယခုခေတ်ဒုလ္လဘတွေကခေတ်စားနေတော့ ဒုလ္လဘ(၄၀)(၅၀)ရဟန်းခံပေးရဒါကမလွယ်ဘူး၊အချိန်မပေးနိုင်ဘူး၊အမြန်ကလည်းပြီးချင်တော့ မဖြစ်သင့်တဲ့၊မအပ်တဲ့၊မလုပ်ကောင်းတဲ့"အစမ္မကံ,ဝဂ္ဂကံ"တွေပြုလုပ်မိကြတော့ ကံတွေပျက်ကုန်တာတွေ့ရတယ်၊ဒုလ္လဘတွေကြောင့်ကံပျက်နိုင်ကြဒါပါ၊ ရှင်သာမဏေဘဝမှ ပညာများသင်ကြားပြီးအသက်စေ့လို့ရဟန်းဘောင်တက်လာတဲ့ ငယ်ဖြူကလေးတွေက တစ်ပါးထဲဘဲ ရဟန်းခံသိမ်တက်ကြဒါများတယ်၊တစ်ခါတစ်ရံ(၂)ပါး၊(၃)ပါးလောက်ရှိတတ်ပါတယ်၊ဒါလည်းအလွန်ရှားပါတယ်၊ ငယ်ဖြူရဟန်းခံမှုကြောင့်ကံမပျက်နိုင်ပါဘူး။

## ရှေးထုံးပယ်တော့လွဲ

"ရှေးထုံးလည်း–မပယ်နဲ့၊ ဈေးသုံးလည်း–မကြွယ်နဲ့"။ 'ရှေးထုံးပယ်တော့ လွဲတတ်သည်'၊'ဈေးသုံးကြွယ်တော့ မွဲတတ်သည်'–ဆိုတဲ့စကားပုံအတိုင်း'ပိဋကတ္တယပါဠိ'ဖြစ်တော်မူကြတဲ့ ရှေးရှေးအစဉ်အဆက်ဆရာတော်ကြီးများက ပါဠိတော်၊အဋ္ဌကထာ၊ဋီကာများလာရှိသောအတိုင်း ဝိနည်းစမ္မကံနှင့်အညီအညွတ်ဆုံးဖြတ်တဲ့–'ဧကော ဝါ ဒွေ ဝါ တယော ဝါ၊ ဒွေ တယော ဧကာနုဿာဝနေ ကာတုံ'နှင့်အညီ ဥပဇ္ဈာယ်ဆရာ(၁)ပါး၊ရဟန်းလောင်းက(၁)ပါးဖြစ်စေ၊(၂)ပါးဖြစ်စေ၊(၃)ပါးဖြစ်စေ။ ကမ္မဝါဆရာကလည်း(၁)ပါးဖြစ်စေ၊(၂)ပါးဖြစ်စေ၊(၃)ပါးဖြစ်စေ၊ ရဟန်းခံကံဆောင်မှုပြုလုပ်လာခဲ့ကြဒါဖြစ်ပါတယ်။ အဲဒီရှေးနည်းအတိုင်း ပြုလုပ်ကြရင်လွဲမှားစရာမရှိပါဘူး၊ရှေးထုံးကိုပယ်ပြီး၊ ကိုယ့်အယူအဆနဲ့ကိုတည်ထွင်ပြီးလုပ်နေကြလို့ လွဲမှား–

ကုန်တာဖြစ်ပါတယ်။ မဖြစ်သင့်တာ မဖြစ်အောင်ဗဟုသုတ အနေနဲ့သင်ခန်းစာယူရအောင် အတွေ့အကြုံများကိုပြောပြနေရဒါပါ။

## ဝဂ္ဂသံဃာ(၅)မျိုး

၁။စတုဝဂ္ဂသံဃာသည်–ဥပသမ္ပဒကံ၊ပဝါရဏာကံ၊အဗ္ဘာနကံ(၃)မျိုးမှ တပါး အားလုံးသံဃာကံကိုဆောင်ရွက်နိုင်သည်။

၂။ပဉ္စဝဂ္ဂသံဃာသည်–မဇ္ဈိမဒေသ၌ ဥပသမ္ပဒကံ၊အဗ္ဘာနကံ(၂)မျိုးမှ တပါးကျန်အားလုံးသံဃာကံကိုဆောင်ရွက်နိုင်သည်။

၃။ဒသဝဂ္ဂသံဃာသည်–အဗ္ဘာနကမှတပါး သံဃာကံအားလုံးဆောင် ရွက်နိုင်သည်။

၄။ဝီသတိဝဂ္ဂသံဃာသည်–သံဃာကံအားလုံးဆောင်ရွက်နိုင်သည်။

၅။အတိရေကဝီသတိဝဂ္ဂသံဃာသည်–သံဃာ(၄)ပါးအောက်လျော့၍ ကံမပြုကောင်း၊ပိုလျှင်သာပြုကောင်းသည် (ကံအားလုံးပြုကောင်းသည်)

မှတ်ချက်= (မြန်မာပြည်၌ ပဉ္စဝဂ္ဂသံဃာ(၅)ပါးရှိလျှင်"ဥပသမ္ပဒ"ကံ ပြုကောင်းသည်။)

## ရဟန်းဖြစ်ခြင်းအင်္ဂါ(၅)ပါး

၁။ ဝတ္ထုသမ္ပတ္တိ = ဝတ္ထု၏ပြည့်စုံခြင်း၊
၂။ ဉတ္တိသမ္ပတ္တိ = ဉတ်ပါဠိ၏ပြည့်စုံခြင်း၊
၃။ သီမာသမ္ပတ္တိ = သိမ်၏ပြည့်စုံခြင်း၊
၄။ ပရိသာသမ္ပတ္တိ = ပရိသတ်၏ပြည့်စုံခြင်း၊
၅။ ကမ္မဝါစာသမ္ပတ္တိ = ကမ္မဝါစာ၏ပြည့်စုံခြင်း၊

♣လင်္ကာ♣– ဝတ္ထု, သီမာ, ပရိသာ, ဉတ်ပါ, ကမ္မဝါထည့်။

၁။ အသက်(၂၀)ပြည့်ခြင်းစသော ရဟန်းလောင်း၏ အင်္ဂါနှင့်ပြည့်စုံ ခြင်းသည် " ဝတ္ထုသမ္ပတ္တိ " မည်၏။

၂။ စစ်မှန်သောသိမ်သည် " သီမာသမ္ပတ္တိ " မည်၏။

၃+၄။ ဉတ်,ကမ္မဝါစာကို မှန်ကန်စွာရွတ်ဆိုနိုင်ခြင်းသည်–

"ဥတ္တိသမ္ပတ္တိ""ကမ္မဝါစာသမ္ပတ္တိ"မည်၏။

၅။ မဇ္ဈိမဒေသ၌(၁၀)ပါး၊ ပစ္စန္တရာဇ်၌ရဟန်း(၅)ပါးရှိလျှင် "ပရိသာသမ္ပတ္တိ"မည်၏။

## ရဟန်းအပြား(၈)ပါး

၁။ ဧဟိဘိက္ခုပသမ္ပဒါ ရဟန်းမျိုး၊

၂။ သရဏဂမဏူပသမ္ပဒါ ရဟန်းမျိုး၊

၃။ ဩဝါဒပဋိဂ္ဂဟဏူပသမ္ပဒါ ရဟန်းမျိုး၊

၄။ အဋ္ဌဝါစိကူပသမ္ပဒါ ရဟန်းမျိုး၊

၅။ ဉတ္တိစတုတ္ထကမ္မူပသမ္ပဒါ ရဟန်းမျိုး၊

၆။ ပဉှဗျာကရဏူပသမ္ပဒါ ရဟန်းမျိုး၊

၇။ အဋ္ဌဂရုဓမ္မပဋိဂ္ဂဏူပသမ္ပဒါ ရဟန်းမျိုး၊

၈။ ဒူတေနုပသမ္ပဒါ ရဟန်းမျိုး။

## (၁) ဧဟိဘိက္ခု

ဘုရားရှင်ထံ တရားနာရ၍ ရဟန်းပြုလိုသောအမျိုးကောင်းသားအား ရှေးရှေးဘုရားရှင်လက်ထက်က ပရိက္ခရာ(၈)ပါး လှူ၍ "လဘေယျာဟံ ဘန္တေ ဘဂဝတော သန္တိကေ ပဗ္ဗဇ္ဇံ လဘေယျံ ဥပသမ္ပဒံ" ... 

"လ္ဘမံ ပရိက္ခာရဒါနံ အနာဂတေ ဧဟိဘိက္ခု ဘာဝါယ ပစ္စယော ဟောတု"ဟုဆုတောင်းခဲ့ဖူးလျှင်'ဧဟိဘိက္ခု'ခေါ်တော်မူ၍ရဟန်းပြုပေးတော်မူပါသည်။ " ဧဟိဘိက္ခု စရ ဗြဟ္မစရိယံ သမ္မာ ဒုက္ခဿ အန္တကရိယာယ" ဘိက္ခု-ရဟန်း၊ တွံ-သင်သည်၊ဧဟိ-လာလော့၊ သမ္မာ-ကောင်းစွာ၊ ဒုက္ခဿ-ဝဋ်ဒုက္ခ၏၊အန္တကရိယာယ-အဆုံးကိုပြုခြင်းငှာ၊(ဝါ)နိဗ္ဗာန်ကိုမျက်မှောက်ပြုငှာ၊ ဗြဟ္မစရိယံ-မြတ်သောအကျင့်ကို၊စရ-ကျင့်လေလော့။ 'ဧဟိဘိက္ခု'ခေါ်လိုက်တာနဲ့တစ်ပြိုင်နက် 'ရဟန်းအဖြစ်သို့ရောက်သွားလေတော့သည်'။

ပထမဗောဓိခေါ် ဝါ(၂၀)အတွင်း၌ 'ဧဟိဘိက္ခု'ရဟန်းပြုပေးတော်မူသည်။ 'ဧဟိဘိက္ခု'ရဟန်းပေါင်း(၂၈၆၄၁)ပါးရှိသည်။

(ဝိ-၄၊ ခ-ဘိက္ခုအဖွင့်)

ဆုတောင်းမရှိသောပုဂ္ဂိုလ်များကိုတော့ "သရဏဂုံ(၃)ပါး"ဖြင့် ရဟန်းပြုပေးတော်မူသည်။

## (၂)သရဏဂမနူပသမ္ပဒါ

ဘုရားဖြစ်တော်မူပြီး အစအဦးပိုင်းမှာ ရှင်ရဟန်းပြုလိုသောသူများကို သရဏဂုံ(၃)ပါးဖြင့် ရှင်ရဟန်းပြုပေးတော်မူသည်။

ရာဓပုဏ္ဏားမှစ၍ ဉတ်ကမ္မဝါစာဖြင့်ရဟန်းခွင့်ပြုသည်။

## (၃)ဩဝါဒပဋိဂ္ဂဟဏူပသမ္ပဒါ

ဩဝါဒခံယူ၍ ရဟန်းအဖြစ်သို့ရောက်ခြင်းသည် အရှင်မဟာကဿပ-တစ်ပါးသာရှိသည်။

၁။ သီတင်းသုံးဖော်တို့အပေါ်၌ ဟိရီ၊ဩတ္တပ္ပ-ထားရန်၊

၂။ တရားကိုအာရုံစိုက်၍ နားကြားရန်၊

၃။ ပထမဈာန်သတိကို အမြဲနှလုံးသွင်းနေရန်၊

ဤဩဝါဒ(၃)ပါးကိုခံယူ၍ ရဟန်းဖြစ်သည်။

## (၄)ပဉှဗျာကရဏူပသမ္ပဒါ

ဤ၌လည်း သောပါက-သာမဏေတစ်ပါးသာရှိသည်။ ပုဗ္ဗာရုံကျောင်း၌ သီတင်းသုံးနေစဉ် စင်္ကြံကြွတော်မူလျှက် (၇)နှစ်သားအရွယ်သာရှိသော နောက်ပါ သောပါက သာမဏေကလေးကို ဥဒ္ဓုမာတကသညာ၊ ရူပသညာ-နှစ်ပါးကိုမေးတော်မူသောအခါ ဤအမေးပြဿနာကို မှန်ကန်စွာဖြေနိုင်သောကြောင့် 'သာဓု'(၃)ကြိမ်ခေါ်တော်မူပြီး ရဟန်းအဖြစ်ကို ခွင့်ပြုတော်မူသည်။

## (၅)အဋ္ဌဝါစိကူပသမ္ပဒါ

ဘိက္ခုနီမများသာဖြစ်၏၊ ၎င်းဘိက္ခုနီမတို့ ရဟန်းခံသောအခါ ဘိက္ခုနီမတို့ဘက်မှ ဉတ္တိစတုတ္ထကံဖြင့်တစ်ကြိမ်၊ ရဟန်းယောကျ်ားတို့ဘက်မှ ဉတ္တိစတုတ္ထကံဖြင့်တစ်ကြိမ်၊ဤကဲ့သို့(၂)ကြိမ်သိမ်ဝင်ရသောကြောင့် ဘိက္ခုနီမများကို'အဋ္ဌဝါစိကူပသမ္ပဒါ'ဟုခေါ်ဆိုသည်။

## (၆)ဥဒ္ဒိဿစေတုဒ္ဒကမ္မူပသမ္ပဒါ

ရာဓပုဏ္ဏားမှစ၍ ရဟန်းယောကျ်ားများဖြစ်သည်။ ဥဒ္ဒိဿစေတုဒ္ဒ ကမ္မဝါစာဖြင့် ရဟန်းအဖြစ်သို့ရောက်သောကြောင့်ရဟန်းယောကျ်ား များသည် "ဥဒ္ဒိဿစေတုဒ္ဒကမ္မူပသမ္ပဒါ"ရဟန်းများဖြစ်ကြသည်။

## (၇)အဋ္ဌဂရုဓမ္မပဋိဂ္ဂဟဏူပသမ္ပဒါ

မိထွေးတော်ဂေါတမီ တစ်ပါးသာရှိသည်။ မိထွေးတော်ဂေါတမီ အား ဂရုဓမ်တရား(၈)ပါးကိုလိုက်နာကျင့်ကြံပါမည်ဟုဝန်ခံသောကြောင့် 'ရဟန်းမ'အဖြစ်ခွင့်ပြုတော်မူသော 'အဋ္ဌဂရုဓမ္မ'ရဟန်းမျိုးဖြစ်သည်။

## (၈)ဒူတေနူပသမ္ပဒါ

အမ္ဗကာသိ–သာမဏေမအား တမန်ဖြင့် ရဟန်းပဉ္စင်းပြုခွင့် ပေးတော်မူသော ရဟန်းမျိုးတည်း။

"အနုဇာနာမိ ဘိက္ခဝေ ဒူတေနပိ ဥပသမ္ပါဒေတုံ"

ဘိက္ခဝေ–ရဟန်းတို့၊ဒူတေနပိ–တမန်ဖြင့်လည်း၊ဥပသမ္ပါဒေတုံ ပဉ္စင်းခံပေးခြင်းငှါ၊အနုဇာနာမိ–ငါဘုရားခွင့်ပြုတော်မူ၏။ အမ္ဗကာ သိကာ–ပြည့်တန်ဆာမကို၊ဘိက္ခုနီမပြုပေးရန်ခွင့်ပြုတော်မူခြင်းဖြစ်၏။

## ဥဒ္ဒိဿစေတုဒ္ဒရဟန်းသာ ရှိ

ရဟန်း(၈)မျိုးတို့တွင် ယခုခေတ်၌ ဥဒ္ဒိဿစေတုဒ္ဒကမ္မူပသမ္ပဒါ ရဟန်းတစ်မျိုးသာရှိပေတော့သည်၊ တခြားရဟန်းတို့သည် မရှိကြ တော့ပါ။

"ရဟန်းခံ၊ ကမ္မဝါ"–

အခန်း

**ဒါလောက်ဆိုတော်လောက်ပြီ၊**

*စစ်ကိုင်းစာသင်တိုက်*

## သိမ်အခန်း



သိမ်နှင့်ပတ်သက်လို့ "သိမ်နှုပ်ပုံ,သိမ်သမုတ်ပုံ" များကို ဗဟုသုတ ဖြစ်ရန် အကျဉ်းချုံး၍ တီးမိခေါက်မိရုံလိုရင်းမျှ သင်ကြားပေးမယ်။ မှတ်လည်းမှတ်ထားကြ၊ "နှုတ်တစ်ရာ–စာတစ်လုံး" တဲ့။ စာအုပ်နဲ့ရေး မှတ်ထားမှ လိုအပ်တဲ့အခါအလွယ်တကူကြည့်လို့ရတယ်။

"သုတပညာ–လိုက်၍ရှာ၊ မှတ်ပါစာအုပ်တွင်"။

"အကြောင်းတွေ့လာ၊ မေ့သောခါ၊ကြည့်ပါလွယ်လှရှင်" အဲဒီဆောင်ပုဒ်အတိုင်းပေါ့။

### အဝိပ္ပဝါသ၊ သီမာသမ္မုဟနနကမ္မဝါစာ

သုဏာတု မေ ဘန္တေ သံဃော ၊ ယော သော သံဃေန တိစီဝရေန အဝိပ္ပဝါသော သမ္မတော၊ ယဒိ သံဃဿ ပတ္တကလ္လံ၊ သံဃော ကံ တိစီဝရေန အဝိပ္ပဝါသံ သမူဟနေယျ၊ ဧသာ ဉတ္တိ။

သုဏာတု မေ ဘန္တေ သံဃော ၊ ယော သော သံဃေန တိစီဝရေန အဝိပ္ပဝါသော သမ္မတော ၊ သံဃော တံ တိစီဝရေန အဝိပ္ပဝါသံ သမူဟနတိ၊ ယဿာယသ္မတော ခမတိ ဧတဿ တိစီဝရေန အဝိပ္ပဝါသဿ သမုဂ္ဃါတော၊ သော တုဏှဿ၊ ယဿ နက္ခမတိ၊ သော ဘာသေယျ ။

သမူဟတော သော သံဃေန တိစီဝရေန အဝိပ္ပဝါသော ၊ ခမတိ သံဃဿ၊ တသ္မာ တုဏှီ ၊ ဧဝမေတံ ဓာရယာမိ ။

### အနက်

ဘန္တေ–အရှင်ဘုရားတို့၊ သံဃော–သံဃာတော်သည်၊မေ–အကျွန်ုပ်၏၊ဝစနံ–စကားကို၊သုဏာတု–နာတော်မူလော့။ သံဃေန–သံဃာတော်သည်၊တိစီဝရေန–သင်္ကန်းသုံးထည်နှင့်၊ယော အဝိပ္ပဝါသော အကြင်ကင်း၍နေခြင်းသည်၊အတ္ထိ–ရှိ၏၊သော အဝိပ္ပဝါသော–ထိုကင်း၍နေခြင်းရှိသော'အဝိပ္ပဝါသ'သိမ်ကို၊သမ္မတော–သမုတ်ထားအပ်ပြီ။ သံဃဿ–သံဃအား၊ ပတ္တကလ္လံ–လျှောက်ပတ်သောအခါရှိသော–

ကံသည်၊ ယဒိသိယာ–အကယ်၍ဖြစ်ငြားအံ့။ဓေဝံသတိ–ဤသို့ ဖြစ်သည်ရှိသော်၊သံဃော–သံဃာသည်၊တိစီဝရေန–သကင်္ကန်းသုံးထည် နှင့်၊အဝိပ္ပဝါသံ–ကင်း၍နေနိုင်သော၊တံသီမံ–ထိုအဝိပ္ပဝါသသိမ်ကို၊ သမ္မုဟနေယျ–နှုတ်ရာ၏၊ဧသာ–ဤသည်ကား၊ဉတ္တိ–ဉာပနံ–သိစေ ခြင်းတည်း။

ဘန္တေ–အရှင်ဘုရားတို့၊ သံဃော–သံဃာတော်သည်၊မေ– အကျွန်ုပ်၏၊ဝစနံ–စကားကို၊သုဏာတု–နာတော်မူလော့။ သံဃေန– သံဃာတော်သည်၊တိစီဝရေန–သကင်္ကန်းသုံးထည်နှင့်၊ယော အဝိပ္ပဝါသော အကြောင်ကင်း၍နေခြင်းသည်၊အတ္ထိ–ရှိ၏၊သော အဝိပ္ပဝါသော–ထိုကင်း ၍နေခြင်းရှိသော်အဝိပ္ပဝါသ'သိမ်ကို၊သမ္မတော–သမုတ်ထားအပ်ပြီ။ သံဃော–သံဃာသည်၊တိစီဝရေန–သကင်္ကန်းသုံးထည်နှင့်၊အဝိပ္ပဝါသံ– ကင်း၍နေနိုင်သော၊ တံသီမံ–ထိုအဝိပ္ပဝါသသိမ်ကို၊ သမူဟ နတိ– နှုတ်၏။ တိစီဝရေန–သကင်္ကန်းသုံးထည်နှင့်၊အဝိပ္ပဝါသဿ–ကင်း၍ နေနိုင်သော၊ဧတဿ–ထိုသိမ်ကို၊သမုဂ္ဃါတော–နှုတ်အပ်ပြီ၊ ယဿာ ယသ္မတော–အကြောင်အရှင်အား၊ခမတိ–နှစ်သက်အပ်၏၊သော–ထိုအရှင် သည်၊တုဏှီ–ဆိတ်ဆိတ်၊အဿ–ဖြစ်ရာ၏၊ယဿ–အကြောင်အရှင်အား၊ န ခမတိ–မနှစ်သက်၊သော–ထိုအရှင်သည်၊ဘာသေယျ–ပြောဆိုရာ၏။

သံဃေန–သံဃာသည်၊တိစီဝရေန–သကင်္ကန်းသုံးထည်နှင့်၊ အဝိပ္ပဝါသော–ကင်း၍နေနိုင်သော၊ သော–ထိုအဝိပ္ပဝါသသိမ်ကို၊ သမူဟတော–နှုတ်အပ်ပြီ။ သံဃဿ–သံဃာအား၊ ယသ္မာ–အကြောင့် ကြောင့်၊ခမတိ–နှစ်သက်အပ်၏၊တသ္မာ–ထို့ကြောင့်၊တုဏှီ–ဆိတ်ဆိတ် နေ၏၊ ဧဝံဣမိနာတုဏှီဘာဝေန–ဤသို့ဆိတ်ဆိတ်နေသဖြင့်၊ဧတံ– ခမတိဘာဝံ–ထိုနှစ်သက်သည်၏အဖြစ်ကို၊ ဓာရယာမိ–သိရာ၏။

## သမာနသံဝါသ၊သီမာသမူဟနနကမ္မဝါစာ

သုဏာတု မေ ဘန္တေ သံဃော ၊ယာ သာ သံဃေန သီမာ သမ္မတာ သမာနသံဝါသာ ဧကူပေါသထာ၊ ယဒိ သံဃဿ ပတ္တကလ္လံ၊

သံဃော တံ သီမံ သမူဟနေယျ၊ သမာနသံဝါသံ ဧကုပေါ သထံ၊ ဧသော ဉတ္တိ ။

သုဏာတု မေ ဘန္တေ သံဃော ၊ယာ သာ သံဃေန သီမာ သမ္မတာ သမာနသံဝါသာ ဧကုပေါသထာ၊သံဃော တံ သီမံ သမူဟနတိ၊ သမာနသံဝါသံ ဧကုပေါသထံ၊ ယဿာယသ္မတော ခမတိ ဧတိဿာ သီမာယ သမာနသံဝါသာယ ဧကုပေါသထာယ သမုဂ္ဃါတော၊ သော တုဏှဿ၊ ယဿ နက္ခမတိ၊ သော ဘာသေယျ။

သမူဟ တာ သာ သီမာ သံဃေန သမာနသံဝါသာ ဧကု ပေါသထာ၊ ခမတိ သံဃဿ၊ တသ္မာ တုဏှီ၊ ဧဝမေတံ ဓာရယာမိ။

အနက်

ဘန္တေ–အရှင်ဘုရားတို့၊ သံဃော–သံဃာတော်သည်၊မေ–အကျွန်ုပ်၏၊ဝစနံ–စကားကို၊သုဏာတု–နာတော်မူလော့။ သံဃေန–သံဃာတော်သည်၊သမာနသံဝါသာ–တူသောနေခြင်းရှိသော၊ဧကုပေါ သထာ–တူသောဥပုသ်ပြုခြင်းရှိသော၊ ယာသီမာ–အကြင်သိမ်သည်၊ အတ္ထိ–ရှိ၏၊ သာသီမာ–ထိုသိမ်ကို၊ သမ္မတာ–သမုတ်အပ်ပြီ၊သံဃဿ–သံဃာအား၊ ပတ္တကလ္လံ– လျှောက်ပတ်သောအခါရှိသော ကံသည်၊ ယဒိသိယာ–အကယ်၍ရှိငြားအံ့ ။ ဧဝံသတိ–ဤသို့ရှိခဲ့သည်ရှိသော်၊ သံဃော–သံဃာသည်၊သမာနသံဝါသံ–တူသောနေခြင်းရှိသော၊(ဝါ) တူသောပေါင်းဖေါ်ခြင်းရှိသော၊ဧကုပေါသထာ–တူသောဥပုသ်ပြုခြင်း ရှိသော၊တံသီမံ–ထိုသမာနသံဝါသသိမ်ကို၊ သမူဟနေယျ–နှုတ်ရာ၏။ ဧသော–ဤသည်ကား၊ဉတ္တိ–ဉပနံ–သိစေခြင်းတည်း။

ဘန္တေ–အရှင်ဘုရားတို့၊ သံဃော–သံဃာတော်သည်၊မေ–အကျွန်ုပ်၏၊ဝစနံ–စကားကို၊သုဏာတု–နာတော်မူလော့။ သံဃေန–သံဃာတော်သည်၊သမာနသံဝါသာ–တူသောနေခြင်းရှိသော၊ဧကုပေါ သထာ–တူသောဥပုသ်ပြုခြင်းရှိသော၊ ယာသီမာ–အကြင်သိမ်သည်၊ အတ္ထိ–ရှိ၏၊ သာသီမာ–ထိုသိမ်ကို၊ သမ္မတာ–သမုတ်အပ်ပြီ။–

သံဃော–သံဃာသည်၊ သမာနသံဝါသံ–တူသောပေါင်းဖေါ်ခြင်းရှိသော၊ ဧကုပေါသထာ–တူသောဥပုသ်ပြုခြင်းရှိသော၊ တံသီမံ–ထိုသမာနသံဝါသသိမ်ကို၊ သမ္မုဟနတိ–နှုတ်၏၊ သမာနသံဝါသာယ–တူသောပေါင်းဖေါ်ခြင်းရှိသော၊ ဧကုပေါသထာယ–တူသောဥပုသ်ပြုခြင်းရှိသော၊ ဧတိဿာသီမာယ–ထိုသိမ်ကို၊ သမုဃ္ဃါ–တော–နှုတ်အပ်ပြီ။ ယဿာယသ္မတော–အကြင်အရှင်အား၊ ခမတိ–နှစ်သက်၏၊ သော–ထိုအရှင်သည်၊ တုဏှီ–ဆိတ်ဆိတ်နေသည်၊ အဿ–ဖြစ်ရာ၏။ ယဿ–အကြင်အရှင်အား၊ န ခမတိ–မနှစ်သက်၊ သော–ထိုအရှင်သည်၊ ဘာသေယျ–ပြောဆိုရာ၏။

သံဃေန–သံဃာသည်၊ သမာနသံဝါသာ–တူသောနေခြင်းရှိသော၊ ဧကုပေါသထာ–တူသောဥပုသ်ပြုခြင်းရှိသော၊ သာသီမာ–ထိုသမာနသံဝါသသိမ်ကို၊ သမ္မုဟတာ–နှုတ်အပ်ပြီ၊ သံဃဿ–သံဃာအား၊ ယသ္မာ–အကြင့်ကြောင့်၊ ခမတိ–နှစ်သက်အပ်၏၊ တသ္မာ–ထို့ကြောင့်၊ တုဏှီ–ဆိတ်ဆိတ်နေ၏၊ ဧဝံဣမိနာတုဏှီဘာဝေန–ဤသို့ဆိတ်ဆိတ်နေသဖြင့်၊ ဧတံ–ခမနဘာဝံ–ထိုနှစ်သက်သည်၏အဖြစ်ကို၊ ဓာရယာမိ–သိရာ၏။ (သမာနသံဝါသ၊သမာသမ္မုဟနနကမ္မဝါစာ–အနက်ပြီး၏။)

## မြေသန့်မင်္ဂလာ

ဒီသိမ်နှုတ်ကမ္မဝါစာကလည်း အရေးကြီးတာဘဲ၊ ဒါကြောင့် ကိုယ်တော်တို့ကို အရကျက်ခိုင်းပြီးညစဉ်ဘုရားဝတ်တက်ပြီးတဲ့အခါ အလှည့်ကျရွတ်ဆိုခိုင်းရဒါ၊ သိမ်နှုတ်တဲ့အခါသာ ဒီကမ္မဝါစာကိုရွတ်ဖတ်တာမဟုတ်ဘူး၊ ဘုရားတည်၊ကျောင်းဆောက်၊အိမ်သစ်ဆောက်၊ လိုတဲ့အခါများမှာ မြေသန့်မင်္ဂလာပြုလုပ်တော့လည်းဒီကမ္မဝါစာနဲ့ဘဲ ပြုလုပ်ပြီးနောက်မှ တခြားအန္တရာယ်ကင်းကမ္မဝါစာစသောအစီအစဉ်များပြုလုပ်ကြရသည်။လောကီ,လောကုတ္တရာနှစ်မျိုးလုံးအကျိုးရှိတဲ့ကမ္မဝါစာပါ။ အခုတော့ သိမ်နှုတ်ပုံအစီအစဉ်ကိုသင်ပြမှာပါ။

## စစ်ကိုင်းစာသင်တိုက်
## အစီအစဉ်

၁။ ကျောင်းဝင်းအတွင်း၌ သိမ်သမုတ်လိုတယ်ဆိုလျှင် သိမ်သမုတ်မည့်နေရာကို "အာဒါသ တလံဝိယ သမံ သုဒ္ဓံ ဝိမလံ ကတွာ" စသောဝိနယာလင်္ကာရဋီကာနှင့်အညီ ကြေးမုံပြင်ကဲ့သို့ကောင်းမွန်ညီညွတ်အောင်သုမ်သင်ထားရမည်။ သစ်မြစ်စသည်မရှိစေရ။

၂။ "သာ ဟေဋ္ဌိမပရိစ္ဆေဒေန သစေကဝီသတိဘိက္ခူ ဂဏှာတိ ဝဋ္ဋတိ၊ တတော ဩရံ န ဝဋ္ဋတိ"- ဤမဟာဝါအဋ္ဌကထာနှင့်အညီ အယုတ်ဆုံး(၂၁)ပါးနေလောက်သော သိမ်မြေကွက်ဖြစ်ရမည်။

၃။ "ဣဒါနိ သီမံ သမ္မုဟနိဿာမာတိ စတ္တာရော ဝါ တဒုတ္တရိ ဝါ သမာနသံဝါသကေ ဘိက္ခူ ဂဟေတွာ" (ဝိနယလင်္ကာရဋီကာ)

ယခုအခါ၌ 'သိမ်ဟောင်းကိုနှုတ်အံ့'ဟုနလုံးသွင်းလျှက်သဘောတူသောရဟန်းသံဃာများကို ပင့်ဖိတ်၍ အနည်းဆုံး(၄)ပါးဖြင့်သော်၄င်း၊(၄)ပါးထက်အလွန်၄င်းရှိရမည်။ သံဃာများလျှင်ပိုကောင်းသည်။

၄။ "အယံ ဟိ သီမာနာမ ကမ္မဝါစာယ ဝါ အသီမာ ဟောတိ၊ သာသနန္တရဓာနေန ဝါ"- (အဋ္ဌကထာ-၂၇၈)

သိမ်မည်သည် သိမ်နှုတ်ကမ္မဝါစာဖြင့် သိမ်နှုတ်အံ့-ဟုစိတ်ထဲကနလုံးသွင်း၍ နှုတ်မှသာလျှင် သိမ်ဟောင်းကျွတ်၍ သိမ်မဟုတ်တော့ပေ။ တချို့ဆေးဆရာများက ဆေးစီရင်လို၍ သိမ်ထဲသွားပြီး သိမ်နှုတ်ကမ္မဝါစာရွတ်ဖတ်ခြင်းမျိုး၊ ရိုးရိုးကမ္မဝါစာရွတ်ဖတ်ခြင်းမျိုးသည် သိမ်မကျွတ်ဟုမှတ်ရမည်။ သာသနာတည်နေသမျှကာလပတ်လုံး သိမ်တည်သည်။ သာသနာကွယ်မှ သိမ်ပျက်တော့သည်။

၅။ "သမ္မုဟနန္တေန ဘိက္ခုနာ ဝတ္တံ ဇာနိတဗ္ဗံ၊ တတြိဒံ ဝတ္တံ။ (ပ) သမ္မုဟနိတဗ္ဗာ၊ တထာ ဣတရာယ ဋ္ဌိတေန ဣတရာ" (၌-၂၇၈) သိမ်နှုတ်သောရဟန်းသည် ဝတ်ကိုသိရမည်၊ ခဏ္ဍ-..သိမ်၌တည်၍ ခဏ္ဍာသိမ်ကိုနှုတ်ရမည်။ မဟာသိမ်၌တည်၍ မဟာသိမ်ကိုနှုတ်ရမည်။ မြန်မာပြည်၌ တစ်ယူဇနာ၊နှစ်ယူဇနာ၊---

သုံးယူဇနာလောက်ကျယ်သော မဟာသိမ်မျိုးမရှိ၍၊မဟာသိမ် နှတ်ရန်မလို၊ ယခုအခါ သိမ်နှတ်နေကြခြင်းသည် ခဏ္ဍသိမ်ကိုနှတ် နေကြခြင်းဖြစ်သည်။

## မဟာသိမ်ကြီးများ

ဘုရားရှင်လက်ထက် ရာဇဂြိုဟ်ပြည်၌ကျောင်းတိုက်ကြီး(၁၈) တိုက်ကိုခြုံငုံ၍ 'ဓမ္မသေနာပတိ' အရှင်သာရိပုတ္တရာ ဦးဆောင်၍ သမုတ်ခဲ့သော'မဟာသိမ်'တစ်လုံး။ ဘုရားပရိနိဗ္ဗာန်စံပြီး၊ သီဟိုဠ် ကျွန်း၌ အနုရာဓမြို့ကြီးကိုခြုံငုံ၍ အရှင်မဟာမဟိန္ဒ ဦးဆောင်၍ သမုတ်ခဲ့သော'မဟာသိမ်'တစ်လုံး။ ပိဋကတ်ကျမ်းဂန်တို့၌တွေ့ရသည်။

ဤမြန်မာနိုင်ငံ၌ကား ပုဂံခေတ်၊ပုဂံပြည်၌ အနုရုဒ္ဓါမင်းကြီး သမုတ်စေအပ်သော အလျား(၁၆၂)တောင်၊ အနံ(၁၄၇)တောင်ရှိ 'မဟာသိမ်'တစ်လုံး။

အင်းဝခေတ်၊ အင်းဝမြို့၌ နရပတိစည်သူမင်းတရားလက်ထက် တွင် သာသနာ(၂၃၇၁)ခု၊ ကောဇာ-၁၁၈၉-ခုနှစ်တွင်သမုတ်ခဲ့သော အလျား(၂၁၅)တောင်၊ အနံအတောင်(၁၅၀)ရှိ'မဟာသိမ်'တစ်လုံး။ ကျောက်စာနှင့်တကွတွေ့ရသည်။

ပျဉ်းမနားမြို့၌ ဇေယျသိမ်ကျောင်းတိုက်တစ်ခုလုံးသမုတ်ထား သော 'မဟာသိမ်'တစ်လုံးတွေ့ရသည်။

ညောင်လွန့်အရှင်သောဘိတာစာရ ၏သိမ်မျိုးစုံဘာသာဋီမှ ဖေါ်ပြလိုက်ပါသည်။

၆။ "ပကတိဝိဒတ္ထိယာ နဝဝိဒတ္ထိယော အဍ္ဍဝိဒတ္ထိကော ဝါ ဟောတိ"

သိမ်နှတ်တဲ့အခါ မှတ်သား၍လွယ်ကူစေခြင်းငှါ အလျား(၄) ထောင်ထွာ၊ အနံ(၂)တောင်(၆)သစ်ရှိသောညောင်စောင်းကွက်များကို ၄င်း၊ဒါမှမဟုတ်အလျား(၄)တောင်၊အနံ(၂)တောင်ရှိသောညောင်းစောင်း ကွက်များကို၄င်း၊ပြုလုပ်ရပေသည်။(၄)တောင်(၂)တောင်ဘဲအသုံးများ ပါသည်။ ဝိနယလင်္ကာရဋီကာ-လာသောအတိုင်း---

ရှေးဆရာတော်ကြီးများနှင့် မိုင်းခိုင်ဆရာတော်ကြီးများမှာ–ညောင်စောင်းကွက်ချ၍ သိမ်နှုတ်တော်မူကြသည်။ ယခုခေတ်တော့ ညောင်စောင်းကွက်ချရဒါခက်တယ်ဆိုပြီး (၂)ပေခြား၊(၂)ပေခြားမျဉ်းသား၍၄င်း၊(၂)ပေပတ်လည်အကွက်ချ၍၄င်း၊နှုတ်ကြလေသည်။

တပည့်တော်တို့ကတော့ ရှေးဆရာတော်ကြီးတွေမူအတိုင်း ညောင်စောင်းကွက်ချ၍လုပ်ပါတယ်၊ သိမ်ကွင်းထဲမှာ လှမ်းပြီးကြည့်လိုက်လို့ ညောင်စောင်းကွက်ကလေးတွေချထားဒါတွေ့လိုက်ရလျှင် အလွန်ကြည်နူးဖွယ်၊နှစ်သက်မြတ်နိုးဖွယ်ကောင်းပါတယ်။

ညောင်စောင်းကွက်ကို ထုံးမှုန့်၊ထုံးရည်ဖြင့်အကွက်ဖေါ်ပါ။

၇။ "သီမံ ဘိက္ခဝေ သမူဟနန္တေန ပထမံ တိစီဝရေန အဝိပ္ပဝါသော သမုဟန္တဗ္ဗော၊ ပစ္ဆာ သမာနသံဝါသသီမာ သမူဟန္တဗ္ဗာ"

(မဟာဝါ၊ပါ–၁၅၆)

သိမ်နှုတ်တဲ့အခါ ရှေးဦးစွာ'အဝိပ္ပဝါသ'ကမ္မဝါစာဖြင့်နှုတ်၍ နောက်မှဆက်၍'သမာနသံဝါသ'ကမ္မဝါစာဖြင့်နှုတ်ရသည်။ကမ္မဝါစာ နှစ်စောင်လုံးဆက်၍ဖတ်ရသည်။ တချို့မှာတော့ 'အဝိပ္ပဝါသ'ကမ္မဝါစာ ချည့်သက်သက်နှုတ်ပြီးမှ နောက်မှ'သမာနသံဝါသ'ကမ္မဝါစာဖြင့်နှုတ်ကြသေးသတဲ့)၊တစ်ဆက်တည်းကမ္မဝါစာနှစ်စောင်လုံးဖတ်ဒါကိုသာ တွေ့ဘူးပါသည်။ မြန်တာပေါ့။

၈။ "ဗျတ္တေန ဘိက္ခုနာ ပဋိဗလေန သံဃော ဉာပေတဗ္ဗော" နှင့်အညီ သိမ်နှုတ်,သိမ်သမုတ်ပြုလုပ်တော့မယ်ဆိုလျှင် 'ဗျတ္တ၊ပဋိဗလ'နှင့်ပြည့်စုံပြီး၊ဝိနည်းအရာ၌ ကျွမ်းကျင်လိမ္မာတော်မူကြတဲ့ ဝိနည်းမိုရ်ဆရာတော်ကြီးတစ်ပါးပါးထံချဉ်းကပ်တောင်းပန်၍ ဤသိမ်ကိစ္စကို အကြီးအမှူးဦးစီးဦးဆောင်ပြုလျှက် ဆောင်ရွက်ပေးတော်မူပါရန် အပ်နှံရမည်။ ဗျဉ္ဇနဗုဒ္ဓိနှင့်အညီ ကမ္မဝါစာဖတ်နိုင်သော ဆရာတော်ကြီးများကိုအစီကထားပင့်ဆောင်၍ ကမ္မဝါစာကို ရွတ်ဖတ်စေရမည်။(အထူးသတိထားပါ)

၉။ "စေကော ဝါ ဒွေ ဝါ တယော ဝါ"ဟုလာရှိသောအတိုင်း––

ကမ္မဝါစာဖတ်တဲ့အခါမှာ မထေရ်ကြီး(၁)ပါးထဲသော်၄င်း၊ (၂)ပါးစီတွဲ၍သော်၄င်း၊ (၃)ပါးတွဲ၍သော်၄င်း၊ ဖတ်ရပါမည်။ (၃)ပါးထက်ပို၍ မဖတ်ရ။ ယခုခေတ် သိမ်နှုတ်တဲ့အခါမှာ သံဃာအပါး(၂၀)(၃၀)လုံးတစ်ပြိုင်နက်ကမ္မဝါဖတ်နေရဒါတွေ့ရသည်။ဝိနယဂရုကဖြစ်တော်မူကြသော ဆရာတော်ကြီးများက မကြိုက်ကြပါ။ ဘုရားရှင်ခွင့်မပြုသောကြောင့်ဖြစ်သည်။

၁၀။ "နာနာ သိမာယဋ္ဌိတစတုဝဂ္ဂ စေ ဘိက္ခဝေ ကမ္မံ ကရောတိ၊ အကမ္မံ န စ ကရဏီယံ"

သိမ်အပြင်၌ မဏ္ဍပ်ထိုး၍၄င်း၊ဖျာသင်းဖြူး၊သစ်သား၊ပျဉ်ပြား၊ အရှည်ကြီးများခင်း၍၄င်း၊"မနှုတ်ရ"။ ဒွိသိမ်သိမ္ဗ၌တည်၍ ကံပြုလျှင် ကံပျက်သောကြောင့်ဖြစ်သည်။ အောက်ကအေးသော်၄င်း၊မြေကပူနေသော်၄င်း၊တစ်ပါးထိုင်သစ်သားခုံကို ဂုန်နီအိတ်ခေါက်၍ခင်းပြီး ထိုင်းနိုင်သည်။

၁၁။ "ဟတ္ထပါသံ အဝိဇဟိတွာ"

ထိုင်တဲ့အခါမှာလည်း တစ်ပါးနှင့်တစ်ပါး တစ်ထောင့်ထွာဟတ္ထပါသ်စပ်အောင်ထိုင်ရမည်။ ညောင်စောင်းတစ်ကွက်လျှင်(၂)ပါးစီ ထိုင်လျှင်သင့်တော်ပါသည်။ တစ်ပါးနှင့်တစ်ပါးသင်္ကန်းစွန်းချင်းထိနေအောင် ပူးကပ်ပြီးလည်း မထိုင်ရ။ ဂရုကအရာ၌တည်သောကြောင့် ကျောင်းတိုက်အတွင်းရှိရဟန်းအကုန်သိမ်း၍နှုတ်လျှင်ပို၍ကောင်းသည် ဟုရှေးဆရာတော်ကြီးများက အမိန့်ရှိကြသည်။

## သိမ်နှုတ်ပုံ နည်းမျိုးစုံ

၁။ ညောင်စောင်းပင်္တိနှုတ်နည်း၊

၂။ အလျား၊အနံတူ အကွက်စဉ်နှုတ်နည်း၊

၃။ ကိုးဌာနနှုတ်နည်း၊

၄။ ငါးဌာနနှုတ်နည်း၊

၅။ ပျားပန်းစုတ်နှုတ်နည်း၊
၆။ ပျားကြီးစွဲနှုတ်နည်း၊
၇။ ထောင့်တန်းနှုတ်နည်း၊
၈။ ကြက်ခြေခတ်နှုတ်နည်း၊
၉။ ရင်ဘောင်တန်းနှုတ်နည်း၊
၁၀။ ရက်ကန်းခတ်နှုတ်နည်း၊
၁၁။ မြင့်မိုရ်တက်နှုတ်နည်း၊
၁၂။ မြင့်မိုရ်ဆင်းနှုတ်နည်း၊
၁၃။ ခရုပတ်နှုတ်နည်း၊
၁၄။ ပုရွက်ကြောင်းနှုတ်နည်း၊
၁၅။ အဠသိမဏ္ဍရိကဠာနနှုတ်နည်း၊
၁၆။ သိမဏ္ဍရိက ပရိက္ခေကနှုတ်နည်း၊
(သိမ်မျိုးစုံ 'ဘာသာဋီကာ' မှ (၁၆)မျိုးပြသည်)
၁၇။ အရှေ့မြောက်ထောင့်မှစ၍ လူးလာပြန်ခေါက်နှုတ်ပုံ၊
၁၈။ အရှေ့စူးစူးမှစ၍ လကျာ်ရစ်လည်နှုတ်ပုံ၊
၁၉။ အလယ်ကွက်မှစ၍ လကျာ်ရစ်နှုတ်ပုံ၊
၂၀။ အရှေ့မြောက်ထောင့်မှစ၍ ထောင့်တန်းနှုတ်ပုံ၊
၂၁။ စကြာလည်နှုတ်ပုံ၊

စစ်ကိုင်းတောင်ရိုး၊ ရွာလေးထပ်ဆရာတော်ဦးဉာဏာနှ သက်တော်(၈၀)ပြည့်မွေးနေ့မှ သိမ်နှုတ်ပုံ(၁၇)မျိုးရသည်။ တူရာကို ပေါင်းပြလိုက်ပါသည်။

## သိမ်နှုတ်ပုံ လင်္ကာ

ပျားပန်း,ကြက်ခြေ,တစ်ထွေဒေါင့်တန်း,ရင်ဘောင်တန်းနှင့်, ရက်ကန်းတစ်ဖြာ,တက်မှာမေရု,ဆင်းပြုပုံဟန်,ပျားစွဲမှန်လို့,ခွေပြန်ခရု, ထွက်ပြုတစ်ဖန်,ပုရွက်ကြောင်းဟန်,သိဖန်ပိုင်းခြား,ထိုဆယ်ပါးနှင့်, မမှားကိုးဌာန,သိမ်နှုတ်ကြသည်,မှတ်ပါဝိနိစ္ဆယ–ထုံးတမ်းတည်း။

## ကမ္ဘာကမ္ဘသင်တန်း
## ရှေးဆရာတော်ကြီးများ လက်ာ

၁။ ကြက်ခြေ,ထောင့်တန်း,ရင်ဘောင်တန်း,လယ်ယမ်းထောင့်ပဿာ,
၂။ ခရု,ပျားကြီး,လယ်ဆုံစည်း,ပြင်စည်းငါးမျိုးလာ။

သိမ်နှုတ်နည်း(၅)မျိုးလာပါသည်။

### ၁။ ညောင်စောင်းပန္တိနှုတ်နည်း

| | | | |
|---|---|---|---|
| ၁ → | ၂ → | ၃ → | |
| ၇ | ← ၆ | ← ၅ | ← ၄ |
| ၈ → | ၉ ◎ → | ၁၀ → | |
| ၁၄ | ← ၁၃ | ← ၁၂ | ← ၁၁ |
| ၁၅ → | ၁၆ → | ၁၇ → | |

အရှေ့မြောက်ဒေါင့်မှစ၍ ညောင်စောင်း အစဉ်အ-တိုင်း နှုတ်သောနည်းကို 'ညောင်စောင်းပန္တိ' နှုတ်နည်း။

(၄)တောင်၊(၂)တောင်ရှိ "ညောင်စောင်း" ကွက်ပုံဖြစ်သည်၊ အကွက်ပေါ်အောင် ထုံးဖြူးထားရမည်။ဤညောင်စောင်းကွက်အတိုင်း နည်းမျိုးစုံနှုတ်သွားရန်ဖြစ်သည်။

### ၂။ သမပန္တိနှုတ်နည်း

| | | |
|---|---|---|
| ◎◎◎<br>၁ →<br>◎◎◎ | ◎◎◎<br>၂ →<br>◎◎◎ | ◎◎◎<br>၃ →<br>◎◎◎ |
| ◎◎◎<br>၄ →<br>◎◎◎ | ◎◎◎<br>၅ →<br>◎◎◎ | ◎◎◎<br>၆ →<br>◎◎◎ |
| ◎◎◎<br>၇ →<br>◎◎◎ | ◎◎◎<br>၈ →<br>◎◎◎ | ◎◎◎<br>၉ →<br>◎◎◎ |


အလျား(၅)တောင်၊အနံ(၅)တောင်တူညီသောအကွက်စဉ်ရှိသောနှုတ်နည်း၊တစ်ကွက်လျှင် (၃)ပါးစီမျက်နှာချင်းဆိုင်ထိုင်၍(၆)ပါးထိုင်ရမည်။

## ၃။ ကိုးဌာနနှုတ်နည်း

| | | |
|---|---|---|
| ၉ | ၂ | ၃ |
| ၈ | ၁ | ၄ |
| ၇ | ၆ | ၅ |


အလယ်ဗဟိုမှစ၍ နံပါတ်အစဉ်အတိုင်း၊ နှုတ်သောနည်းကိုးဌာနနှုတ်နည်း၊ [(၁)နေရာ၌ သံဃာအားလုံးစု၍နှုတ်ပြီးမှ(၂)နေရာ၊(၃)နေရာစသည် စု၍စု၍နှုတ်ပါ။)

## ၄။ ပျားပန်းစုတ်နှုတ်နည်း




ဤပျားပန်းစုတ်နှုတ်နည်းမှာ ပန်းပွင့်မှ ဝတ်ရည်, ဝတ်မှုန်များကို ပျားကောင်လေးတွေ ဝိုင်းအုံစုတ်နေသလို အလယ်မှာသံဃာအားလုံးဝိုင်းထိုင်၍ (၃)ပါးတွဲ၍ကမ္မဝါဖတ်ရမည်

## ၅။ ပျားကြီးစွဲနှုတ်နည်း





ပျားကြီးတို့သည် ကင်း(၄)ဘက်ချ၍ အလယ်မှာ ပျားဘုရင်နေသလို၊ဂဏန်းစဉ်အတိုင်း၊ သံဃာအားလုံးစု၍ တစ်နေရာပြီးမှတစ်နေရာရွှေ့၍(၃)ပါးတွဲကမ္မဝါဖတ်ရမည်

## ၆။ ထောင့်တန်းနှုတ်ပုံ





မျှားပြထားသောအတိုင်း တန်းစီထိုင်၍(၃)ပါးတစ်တွဲ သိမ်-အကျဉ်း၊ အကျယ်ကို လိုက်ပြီး၊(၂)ကြိမ်၊(၃)ကြိမ် စသည်နှုတ်ရမည်။ (၃)ပါးတွဲ၍ကမ္မဝါဖတ်ရမည်

## ၇။ ကြက်ခြေခတ်နှုတ်ပုံ





အရှေ့နှင့်အနောက်၊ တောင်နှင့်မြောက်၊ တန်းစီထိုင်၍၊ အရှေ့ဘက်မှစ၍(၃)ပါးတစ်တွဲ၊အရှေ့၊အလယ်၊အနောက် (၃)ကြိမ်လောက်ဖတ်ပါ။ တောင်မြောက်လည်း(၃)ကြိမ်

## ၈။ ရင်ဘောင်တန်းနှုတ်ပုံ





အရှေ့မှစ၍ အနောက်အထိ တောင်မြောက်တန်းစီပြီးထိုင် လျှက်၊တစ်တန်းလျှင်(၃)ပါးတွဲ၊(၃)ကြိမ်စီလောက်ဖတ်ရမည်၊(ဘိုကလေးဆရာတော်ကြီးက'ရေစုံတိုက်နည်း'တဲ့၊)

## ၉။ ယက်ကန်းခတ်နှုတ်ပုံ





သိမ်မြေပြင်၊ မြောက်ဘက်မှ စ၍၊အရှေ့အနောက်၊ သံဃာ တန်းစီပြီး၊ တောင်ဘက်ဘေး အထိ၊ (၃)ပါးတစ်တွဲစီ (၃) ကြိမ်ဖတ်ရမည်၊ ကျယ်လျှင် ပိုဖတ်ပါ။

## ၁၀။ မြင့်မိုရ်တက်နှုတ်ပုံ




မြင့်မိုရ်တောင်သို့ တက်သော အခါ၊ လေးမျက်နှာကြိုက်တဲ့ ဘက်က–တက်သလို သံဃာ များတန်းစီ၍ မျှားပြထားသော အတိုင်း၊ အလယ်ဗဟိုရ်သို့၊ တဖြေးဖြေးကျုံ့ပြီးနှုတ်ရမည်

## ၁၁။ မြင့်မိုရ်ဆင်းနှုတ်ပုံ




တောင်ထိပ်မှမြေပြင်သို့ဆင်း လာသလို၊ အလယ်ဗဟိုရ်မှ တဖြေးဖြေးချဲ့ပြီး၊ ပြထားတဲ့ အတိုင်း၊(၃)ပါးစီကမ္မဝါဖတ် ၍နှုတ်မည်၊(၄)ဘက်(၄)တန် ကြိုက်တဲ့ဘက်ဆင်းနိုင်သည်

## ၁၂။ ခရုပတ်နှုတ်ပုံ




အရှေ့မြောက်ဒေါင့်ကစ၍ခရုများ'လကျာ်ရစ်'ခွေနေသလို၊ သိမ်ကွက်ကိုလကျာ်ရစ်လှည့်၍၊မျှားအတိုင်း ဗဟိုရ်အထိ အကွက်အစဉ်အတိုင်း(၃)ပါးတွဲစီ(၂/၃)ကြိမ်၊အကျဉ်းအကျယ်ကိုမှတည်ပြီးဖတ်ပါ။

## ၁၃။ ပုရွက်ကြောင်းနှုတ်ပုံ



ဤနည်းမှာ ပုရွက်ဆိတ်ကကလေးတွေ'တွင်းထဲမှတန်းစီပြီးထွက်လာသလို၊ သိမ်၏အလယ်မှ'လက်ဝဲရစ်' တန်းစီပြီးနှုတ်ရမည်၊'ခရုပတ်'မှာအပြင်ကစ၍၊'ပုရွက်လမ်းကြောင်း' အတွင်းကစ၍နှုတ်ရသည်။


## ၁၄။ အဋ္ဌသီမန္တရိကနှုတ်ပုံ




ဂဏန်းပြထားသောအတိုင်း၊ အရှေ့အရပ်ကစ၍'သီမန္တရိတ်(၈)ဌာနကို၊ သံဃာအားလုံးတစ်နေရာတည်းစုထိုင်၍ သံဃာ(၃)ပါးတွဲဖတ်ရမည်။ (ကြက်ခြေစု-နှုတ်နည်း'ဟုလည်းခေါ်သည်။)


## ၁၅။ သီမန္တရိကပရိက္ခေပနှုတ်ပုံ

ဤသီမန္တရိကပရိက္ခေပနှုတ်နည်းမှာ-



အရှေ့အရပ်ကစ၍လက်ျာရစ် တန်းစီထိုင်၍၊သီမန္တရိတ်အ- ရပ်များကိုပတ်ပတ်လည်ဝိုင်း ရံပြီးနှုတ်သောနည်းဖြစ်သည် "နောက်ဆုံး-ဤနည်းကိုနှုတ် ဖြစ်အောင်နှုတ်ရမည်။" (ဝိုင်းကြီးပတ်ပတ်နှုတ်နည်း)

## ၁၆။ (၅)ဌာနနှုတ်ပုံ




သံဃာအားလုံးစုထိုင်၍၊ ဂဏန်းစဉ်အတိုင်း၊ အလယ် ဗဟိုရ် နှင့် အရပ်(၄)မျက်နှာ (၅)ဌာနနှုတ်ရမည်။(၉)ဌာန၊ (၅)ဌာနနှုတ်နည်းမှာ'ကျဉ်း- သောသိမ်မျိုးကိုဆိုလိုသည်။

## ၁၇။ လှူးလာပြန်ခေါက်နှုတ်ပုံ

| | | | | | |
|---|---|---|---|---|---|
| ၁ | ၂ | ၃ | ၄ | ၅ | ၆ |
| ၁၂ | ၁၁ | ၁၀ | ၉ | ၈ | ၇ |
| ၁၃ | ၁၄ | ၁၅ | ၁၆ | ၁၇ | ၁၈ |
| ၂၄ | ၂၃ | ၂၂ | ၂၁ | ၂၀ | ၁၉ |

အရှေ့မြောက်ဒေါင့်ကစ၍ ဂဏန်းစဉ်အတိုင်း နှုတ်ခြင်း သည် 'လှူးလာပြန်ခေါက်' နှုတ်နည်း၊ 'အနုလုံ-ပဋိလုံ' နှုတ်နည်း၊'လွန်းတိုနှုတ်နည်း ဟုအမျိုးမျိုးသုံးကြသည်။

## ၁၈။ လက်ျာရစ်နှတ်ပုံ

| | | | | | | |
|---|---|---|---|---|---|---|
| ၁၈ | ၁၉ | ၂၀ | ၁ | ၂ | ၃ | ၄ |
| ၁၇ | ၂၁ | ၂၂ | ၂၃ | ၂၄ | ၂၅ | ၅ |
| ၁၆ | ၃၂ | ၃၃ | ၃၄ | ၃၅ | ၂၆ | ၆ |
| ၁၅ | ၃၁ | ၃၀ | ၂၉ | ၂၈ | ၂၇ | ၇ |
| ၁၄ | ၁၃ | ၁၂ | ၁၁ | ၁၀ | ၉ | ၈ |

အရှေ့ စူးစူးမှစ၍၊ လက်ျာရစ် လည်၍၊ ဂဏန်းစဉ်အတိုင်း တန်းစီထိုင်၍ နှုတ်ရမည်။

## ၁၉။ ဒေါင့်တန်းစပ်နှုတ်ပုံ

| | | | | | | | | |
|---|---|---|---|---|---|---|---|---|
| ၁ | ၃ | ၆ | ၁၀ | ၁၅ | ၂၁ | ၂၇ | ၃၃ | ၃၉ |
| ၂ | ၅ | ၉ | ၁၄ | ၂၀ | ၂၆ | ၃၂ | ၃၈ | ၄၄ |
| ၄ | ၈ | ၁၃ | ၁၉ | ၂၅ | ၃၁ | ၃၇ | ၄၃ | ၄၈ |
| ၇ | ၁၂ | ၁၈ | ၂၄ | ၃၀ | ၃၆ | ၄၂ | ၄၇ | ၅၁ |
| ၁၁ | ၁၇ | ၂၃ | ၂၉ | ၃၅ | ၄၁ | ၄၆ | ၄၉ | ၅၃ |
| ၁၆ | ၂၂ | ၂၈ | ၃၄ | ၄၀ | ၄၅ | ၄၈ | ၅၂ | ၅၄ |

အရှေ့မြောက်ဒေါင့်ကစ၍ ဂဏန်းစဉ်အတိုင်း၊ သံဃာ- တော်များထိုင်လျှက်၊အနောက် တောင်ဒေါင့်ဆုံးအောင်(၃)ပါး တစ်တွဲ၊ တစ်တန်းလျှင်(၂) ကြိမ်ဖြစ်စေ၊(၃)ကြိမ်ဖြစ်စေ နှုတ်ရမည်။

♣ မှတ်ချက် ♣

နံပါတ်အစဉ်ကိုကြည့်၍ (ဥပမာ= ဒေါင့်တန်းစပ်နှုတ်နည်း၌ အရှေ့မြောက်ဒေါင့်ကစ၍-ဆိုလျှင်(၁)-ကို အရှေ့မြောက်ဒေါင့်-ဟု မှတ်သားလုပ်ဆောင်ပါ။

ဤသိမ်နှုတ်ပုံနည်းမျိုးစုံမှာ-

ရှေးရှေး ပညာဝန္တ,သီလဝန္တဆရာတော်ကြီးများ အစဉ်အဆက် အလေးဂရုပြု၍ အသုံးပြုလာခဲ့သော နည်းများဖြစ်ပါသည်။ တပည့် တော်တို့ ရဟန်းတစ်ဝါရ- ၁၃၁၇-ခုနှစ်၊ စစ်ကိုင်းတောင်၊လောက မှန်ကင်းချောင်မှာ 'ဝိသုံဂါမ'သိမ်အမိန့်ရသဖြင့် လောကမှန်ကင်း-

ဆရာတော်ကြီးက တပည့်တော်တို့ရဲ့ ဥပဇ္ဈာယ်ဆရာဖြစ်တဲ့ 'အဂ္ဂမဟာပဏ္ဍိတ'နိုင်ငံတော်ဝိနည်းဓိုရ်၊ ဆဋ္ဌသံဂါယနာဩဝါဒါစရိယ ဖြစ်သော၊ တောလေးထုပ်'စကုမော်'ဆရာတော်ကြီးအား သိမ်ကိစ္စကို ဆောင်ရွက်ပေးပါရန်အပ်နှံပါတယ်။

လောကမှန်ကင်းဆရာတော်က သက်တော်(၇၃)နှစ်၊ စကုမော်ဆရာတော်ကြီးက(၇၉)နှစ်ရှိနေကြပါပြီ။ "ဘုန်းကြီးတို့-တပည့်တော်တို့လည်း အသက်အရွယ်ကြီးကုန်ကြပြီ၊ နောင်လာနောက်သားတွေ ဗဟုသုတဖြစ်စေရန်'အဖိတ်နေ့နှင့်ဥပုသ်နေ့'-(၂)ရက်ကိုစာဝါပိတ်ပြီး မနက်တစ်ချိန်၊ညနေတစ်ချိန်- ဝါတွင်း(၃)လပတ်လုံး၊'သိမ်နှုတ်နည်း' အမျိုးမျိုးဖြင့် ယခုလိုကြုံကြိုက်တုန်း၊လက်တွေ့'နှုတ်ပုံနှုတ်နည်း' သင်ပြပေးချင်တယ်။ တပည့်တော်ကျောင်းမှာလည်း ရဟန်းအပါး(၂၀) လောက်ရှိတယ်။ ဘေးမဲ့ကျောင်း၊ခေမာသိဝံကျောင်းမှာရှိတဲ့ရဟန်းလေးတွေကိုလည်း ပင့်လိုက်မယ်ဆိုလျှင် အစိတ်,သုံးဆယ်လောက်တော့ ရှိမှာပေါ့ဘုရား၊ မကောင်းဘူးလား?"လို့'စကုမော်'ဆရာတော်ကြီးက တိုင်ပင်ဆွေးနွေးတဲ့အခါကျတော့- လောကမှန်ကင်းဆရာတော်ကြီးကလည်း ဝမ်းပန်းတသာ လိုက်လိုက်လှဲလှဲနဲ့ ဆရာတော်က အဲသလို အပင်ပန်းအဆင်းရဲခံပြီးလုပ်ပေးမယ်ဆိုလျှင် တပည့်တော်က ဝမ်းသာ ဒါပေါ့ဘုရား၊ တပည့်တော်ကလည်း ထန်းလျက်၊ကြံသကာ၊အဖျော်ရည်များစီစဉ်ထားပါမည်ဘုရား'ဟုလျှောက်ထားပါသည်။

ဆရာတော်ကြီး(၂)ပါးတိုင်ပင်ဆွေးနွေးကြပြီး တစ်ဝါတွင်းလုံး 'သိမ်နှုတ်ပုံ နည်းမျိုးစုံ' ထိုင်ပုံထိုင်နည်း, ကမ္မဝါဖတ်ပုံဖတ်နည်း, များကို ဆူလိုက်ဆဲလိုက်၊ငေါက်လိုက်ငန်းလိုက်နဲ့ ရဟန်းငယ်တွေကလည်းတစ်ခါမှအတွေ့အကြုံမရှိဘူးတော့-အရှေ့ဘက်လှည့်ပါဆိုလျှင် အနောက်ဘက်လှည့်လို့လှည့်၊ တောင်ဘက်လှည့်ပါဆိုမြောက်ဘက် သွားလို့သွားနဲ့စနစ်တကျ နည်းမှန်လမ်းမှန်ဖြစ်အောင် တော်တော် အပင်ပန်းခံပြီး ညွှန်ပြရပါတယ်။ ကမ္မဝါဖတ်တော့လည်း ဒီဃ,-

ရသ,ဂရု,လဟု–ကမမှန်၊ စာဖတ်သလိုဖြစ်နေတယ်၊ အဲဒီ–အဆူခံရတဲ့အထဲမှာ တပည့်တော်အများဆုံးပဲ။ 'တသ္မာ တုဏှိ'ကို 'တသ္မ တုဏှိ'–ဟု အာ–ဒီဃသံမပါရမလားဆိုပြီး၊မကြာမကြာအဆူခံရတယ်။ ဘေးမဲ့ဆရာတော်ကြီးကလည်း 'ဟဲ့–တသ္မ–ကိုယ်တော်လေးမပါဘူးလားဟဲ့'–နဲ့ကိုယ်ဖြင်နာမည်ကိုကြီးနေဒါဘဲ၊ အများရှေ့ဆိုတော့ ရှက်တာပေါ့။

ကိုယ်ကသူများကို စာချပေးနေပြီး၊ ကိုယ်ကကမ္ဘဝါစာမဖတ်တတ်လို့ဆူသတဲ့–ဆိုတော့ အခံရခက်တာပေါ့၊ဆူလို့မဖတ်ဘဲနေတော့လည်း အဖတ်ခိုင်းတယ်၊ဖတ်တော့လည်းဆူပြန်တယ်။ ဝိသုဒ္ဓ ကမ္ဖတ်တတ်သေးတယ်လို့ မခံချင်အောင် နှိုင်းယှဉ်ပြီးပြလိုက်သေးတယ်၊ အဲဒီတုန်းကတော့ လူငယ်ဆိုတော့ သူများမှားတော့ မဆူဘူး၊ငါ့ကိုသာသက်သက်အပြစ်ရှာပြီးဆူနေဒါဘဲ–လို့ ဆရာကိုအပြစ်မြင်ခဲ့တယ်။ ပြီးတော့လည်း "ငြုပ်သီး–ဆိုဒါ နာနာထောင်းမှညက်တယ်၊ ဆန်–ဆိုဒါလည်း နာနာဖွပ်မှဖြူတယ်ကွ"တဲ့။ ငါ့ကိုနှိမ်တယ်–လို့ထင်မိဒါပေါ့၊ တိုက်အုပ်ဘုန်းကြီးဦးပဏ္ဍိဝ ကတော့ "မင်းဖတ်သာဖတ်ကွ၊ အားမငယ်နဲ့တဲ့"တိုက်တွန်းပါတယ်။ တကယ်တော့–အဲဒီအဆူအငေါက်ခံရလို့ ကမ္ဘဝါစာဖတ်တတ်လာခဲ့ဒါပါ။ကမ္ဘဝါစာဆိုဒါ ပေါ့ပေါ့တန်တန်ဖတ်လို့မရဘူး။ လေးလေးစားစား ဒီဃ,ရသ,ဂရု,လဟု–မှစ၍အက္ခရာတစ်လုံးအမှားမခံဘူး။ ကံပျက်တတ်တယ်။အမြဲသတိထားဖတ်ရမယ်–လို့အသက်ကြီးခါမှသဘောပေါက်ပြီး၊'ဆရာကျေးဇူး'ကိုသိရပါတယ်။

၁၃၁၇–ခု၊သီတင်းကျွတ်လဆန်း(၈)ရက်နေ့တိုင်အောင်'စကုမှော်'ဆရာတော်၊ လောကမှန်ကင်းဆရာတော်၊ ဘေးမဲ့ဆရာတော်တို့(၃)ပါးကြီးကြပ်ပြီး၊'သိမ်နှုတ်ပုံနည်းမျိုးစုံ'တို့ကို လက်တွေ့သင်ပေးတော်မူကြပါတယ်။ တစ်ခါတစ်လေ ဆရာတော်ကြီးတစ်ပါးထဲ မတ်တပ်ရပ်ပြီး၊ ဒီဘက်အစွန်းဖတ်လိုက်၊ အလယ်တစ်ကြိမ်ဖတ်လိုက်၊ ဟိုဘက်အစွန်းဖတ်လိုက်၊ အဲသလိုလည်း ကိုယ်တိုင်ဖတ်ပြတယ်။–

သံဃာတွေကတော့(၃)ပါးတစ်တွဲစီ၊ အစ,အလယ်,အဆုံးဖတ်ရိုင်းပါတယ်။ (၃)ပါးထက်ပို၍ မဖတ်ရိုင်းပါ၊ သီတင်းကျွတ်တော့ သိမ်သမုတ်ပွဲကျင်းပပါတယ်။ ဦးညဏ်ဝင်း+ဒေါ်ရီ-(သမီး) မိသားစုက ပေ(၂၀)၊ပေ(၃၀)နှစ်ထပ်သိမ်ကျောင်းဆောက်ပြီးလှူပါတယ်။ ၁၃၁၈-ခုနှစ်၊သီတင်းကျွတ်လပြည့် 'ပဝါရဏာ'နေ့မှာ စစ်ကိုင်းတောင်ရိုး၊ သုဓမ္မာပဝါရဏာဂိုဏ်းမှ သံဃာအပါး(၁၅၀)ကျော်ကပ်ပင့်ဖိတ်၍ 'သိမ်ရေစက်ချနှင့်ပဝါရဏာပွဲ' ကျင်းပခဲ့သည်။ ထိုပဝါရဏာပွဲ၌ တောလေးထပ်ဘုန်းကြီးဦးပညာဝံသ က၊ပဝါရဏာ-အမေးပုစ္ဆကပြုလုပ်၍၊တပည့်တော်က ပဝါရဏာ-အဖြေဝိသဇ္ဇကပြုလုပ်ရပါသည်။ သိမ်ဆင်းမှာ စာရေးတံမဲဖေါက်၍ ပစ္စည်းမျိုးစုံနှင့်၊သိမ်တကာကြီးကတစ်မဲ-(၇၅/-) သိမ်အမကြီးကတစ်မဲ-(၅၀/-)၊သမီးကတစ်မဲ-(၂၅/-)အထူးမဲဖေါက်ပြီး ဝတ္ထုငွေနဲ့လှူပါတယ်။

ထို့နောက် ခဝဲတောင်(သိမ်)၊ဆရာတော်ကြီး၏တပည့်ဘုန်းကြီး ဦးနန္ဒိယ ကအပ်နှံသဖြင့်၊ ဆရာတော်ကြီးက ကမ္ဘာအေး-ဆင္ဂသင်္ဂါယနာကြွနေရသောကြောင့် စာချဘုန်းကြီးဦးတေဇော၊ဦးပဏ္ဍဝ၊ဦးစန္ဒာဝရ၊ တပည့်တော်တို့ကို တာဝန်ပေးခဲ့သဖြင့် ညောင်စောင်းကွက်များကို ကိုယ်တိုင်ရေးသားကြ၍၊ 'အဂ္ဂမဟာပဏ္ဍိတ'ဓမ္မာစရိယချောင်ဆရာတော်ကြီးကြပ်ပြီး၊သိမ်နှုတ်နည်းမျိုးစုံဖြင့်နှုတ်ကြခါ၊ဆရာတော်ကြီးသည် ရန်ကုန်၊ကမ္ဘာအေးမှာပြန်ကြွလာသောအခါ တစ်ဖန်ပြန်နှုတ်ကြပြီး၊ သိမ်သမုတ်ပွဲကျင်းပပါတယ်။ နောက်တစ်ဖန် စစ်ကိုင်းတောင်၊ပဲစားဂူချောင်သိမ်သမုတ်ပွဲမှာ ဆရာတော်ကခေါ်၍ ဆရာ၊တပည့်(၂)ပါးသိမ်သမုတ်ကြပါတယ်။ စစ်ကိုင်းမြို့နယ်ပတ်ဝန်းကျင်မှာ သိမ်တော်တော်များများဆရာတော်ကြီးကိုဘဲအပ်ကြပါတယ်။ ဒီသိမ်(၃)သိမ်မှာတော့ မိမိကိုယ်တိုင်လက်တွေ့လုပ်ခဲ့ရပါတယ်။

## သိမ်သမုတ်ပုံ

သိမ်နှုတ်ပုံနှုတ်နည်းကတော့ပြီးပြီ။ ဦးစီးဦးဆောင်ပြုလုပ်သော

ဆရာတော်ကြီးများ၏ညွှန်ကြားချက်အတိုင်း၊ ကာလ,ဒေသ, စေတနာ,ဝါသနာ,ယုံကြည်မှုနှင့်ကာယကံရှင်တို့၏အလိုဆန္ဒကိုကြည့်ပြီး အကျဉ်းနည်း၊အကျယ်နည်းလုပ်ကြရပါတယ်။ လေးစားထိုက်တဲ့အရာ ဝတ္ထုကိုခက်ခက်ခဲခဲ,အများက လေးစားယုံကြည်လာအောင်လုပ်နိုင်မှ ပိုပြီးကောင်းပါတယ်၊ ဒါကြောင့် ရှေးဆရာတော်ကြီးများက အပင်ပန်း ခံပြီးနည်းမျိုးစုံဖြင့်နှုတ်တော်မူကြပါတယ်။သိမ်သမုတ်တာကတော့ မြန်ပါတယ်၊(၂)နာရီလောက်ဆို ပြီးဒါပါဘဲ။

## သမာနသံဝါသ သီမာသမုတိ ကမ္မဝါစာ

သုဏာတု မေ ဘန္တေ သံဃော၊ ယာဝတာ သမန္တာ နိမိတ္တာ ကိတ္တိတာ၊ ယဒိ သံဃဿ ပတ္တကလ္လံ၊ သံဃော ဧတေဟိ နိမိတ္တေဟိ သီမံ သမ္မန္နေယျ သမာနသံဝါသံ ဧကူပေါသထံ၊ ဧသာ ဉတ္တိ။

သုဏာတု မေ ဘန္တေ သံဃော၊ ယာဝတာ သမန္တာ နိမိတ္တာ ကိတ္တိတာ၊ သံဃော ဧတေဟိ နိမိတ္တေဟိ သီမံ သမ္မန္နတိ၊ သမာန သံဝါသံ ဧကူပေါသထံ၊ယဿာယသ္မတော ခမတိ၊ဧတေဟိ နိမိတ္တေဟိ သီမာယ သမ္မုတိ သမာနသံဝါသာယ ဧကူပေါသထာယ၊ သော တုဏှဿ၊ ယဿ နက္ခမတိ၊ သော ဘာသေယျ။

သမ္မတာ သာ သီမာ သံဃေန ဧတေဟိ နိမိတ္တေဟိ သမာနသံဝါသာ ဧကူပေါသထာ၊ ခမတိ သံဃဿ၊ တသ္မာ တုဏှီ၊ ဧဝမေတံ ဓာရယာမိ။

## အနက်

ဘန္တေ–အရှင်ဘုရားတို့၊ သံဃော–သံဃာတော်သည်၊မေ–တပည့်တော်၏၊ဝစနံ–စကားကို၊သုဏာတု–နာတော်မူလော့။ သမန္တာ–သိမ်အပြင်၏ထက်ဝန်းကျင်မှ၊ယာဝတာ–အကြင်မျှလောက်အတိုင်းအ ရှည်ရှိကုန်သော၊နိမိတ္တာ–နိမိတ်တို့ကို၊ကိတ္တိတာ–ကြားအပ်ကုန်ပြီ။ သံဃဿ–သံဃာအား၊ပတ္တကလ္လံ–လျောက်ပတ်သောကံသည်၊ယဒိ– သိယာ–အကယ်၍ရှိသည်ဖြစ်အံ့၊ဧဝံသတိ–ဤသို့ရှိသည်ရှိသော်၊––

သံယောဂ–သံယောဂသည်၊ဧတေဟိ နိမိတ္တေဟိ–ဤယခုကြားအပ်ပြီးသောနိမိတ်တို့ဖြင့်၊သမာနသံဝါသံ–ကံကြီးကံငယ်တို့ကို အတူတကွပြုရာဖြစ်သော၊(ဝါ)တူသောပေါင်းဖော်ခြင်းရှိသော၊ကေူပေါသထံ–တူသောဥပုသ်ကံပြုရာဖြစ်သော၊(ဝါ)ဥပုသ်ကံကို အတူတကွပြုရာဖြစ်သော၊သီမံ–သမာနသံဝါသသိမ်ကို၊သမ္မန္နေယျ–သမုတ်ရာ၏၊ သော–ဤသည်ကား၊ဉတ္တိ–ဉာပနံ–သိစေခြင်းတည်း။

ဘန္တေ–အရှင်ဘုရားတို့၊ သံယော–သံဃာတော်သည်၊မေ–တပည့်တော်၏၊ဝစနံ–စကားကို၊သုဏာတု–နာတော်မူလော့။ သမန္တာ–သိမ်အပြင်၏ထက်ဝန်းကျင်မှ၊ယာဝတာ–အကြင်မျှလောက်အတိုင်းအရှည်ရှိကုန်သော၊နိမိတ္တာ–နိမိတ်တို့ကို၊ကိတ္တိတာ–ကြားအပ်ကုန်ပြီ။

သံယော–သံဃာသည်၊ဧတေဟိ နိမိတ္တေဟိ–ဤယခုကြားအပ်ပြီးသောနိမိတ်တို့ဖြင့်၊သမာနသံဝါသံ–ကံကြီးကံငယ်တို့ကို အတူတကွပြုရာဖြစ်သော၊(ဝါ)တူသောပေါင်းဖော်ခြင်းရှိသော၊ကေူပေါသထံ–တူသောဥပုသ်ကံပြုရာဖြစ်သော၊(ဝါ)ဥပုသ်ကံကို အတူတကွပြုရာဖြစ်သော၊သီမံ–သမာနသံဝါသသိမ်ကို၊သမ္မန္နတိ–သမုတ်၏။

ယဿာယသ္မတော–အကြင်အရှင်အား၊ဧတေဟိ နိမိတ္တေဟိ–ဤယခုကြားအပ်ပြီးသောနိမိတ်တို့ဖြင့်၊သမာနသံဝါသာယ–ကံကြီးကံငယ်တို့ကို အတူတကွပြုရာဖြစ်သော၊(ဝါ)တူသောပေါင်းဖော်ခြင်းရှိသော၊ကေူပေါသထာယ–တူသောဥပုသ်ကံပြုရာဖြစ်သော၊သီမာယ–သမာနသံဝါသသိမ်ကို၊သမ္မုတိ–သမုတ်ခြင်းသည်၊ခမတိ–နှစ်သက်၏၊ သော–ထိုအရှင်သည်၊တုဏှီ–ဆိတ်ဆိတ်၊အဿ–ဖြစ်ရာ၏၊ ယဿ–အကြင်အရှင်အား၊ နက္ခမတိ–မနှစ်သက်၊ သော–ထိုအရှင်သည်၊ ဘာသေယျ–ပြောဆိုရာ၏။

သံယော–သံဃာသည်၊ဧတေဟိ နိမိတ္တေဟိ–ဤယခုကြားအပ်ပြီးသောနိမိတ်တို့ဖြင့်၊သမာနသံဝါသာ–ကံကြီးကံငယ်တို့ကို အတူတကွပြုရာဖြစ်သော၊ကေူပေါသထာ–တူသောဥပုသ်ကံပြုရာ––

ဖြစ်သော၊ သာသီမာ-ထိုသမာနသံဝါသသိမ်ကို၊သမ္မတာ-သမုတ်အပ်ပြီ။ သံဃဿ-သံဃာအား၊ခမတိ-နှစ်သက်၏၊တသ္မာ-ထိုကြောင့်၊တုဏှီ-ဆိတ်ဆိတ်၊အဿ-ဖြစ်ရာ၏၊ဧဝံ-ဤသို့ဆိတ်ဆိတ်နေသဖြင့်၊ဧတံ-ဤနှစ်သက်သည်၏အဖြစ်ကို၊ဓာရယာမိ-သိမှတ်ရပါ၏။(သမာနသံဝါသသီမာသမုတိကမ္မဝါစာ-အနက်ပြီး၏)

## အဝိပ္ပဝါသ သီမာသမ္မုတိ ကမ္မဝါစာ

သုဏာတု မေ ဘန္တေ သံဃော၊ ယာ သာ သံဃေန သီမာ သမ္မတာ သမာနသံဝါသာ ဧကူပေါသထာ၊ ယဒိ သံဃဿ ပတ္တကလ္လံ၊ သံဃော တံ သီမံ တိစီဝရေန အဝိပ္ပဝါသံ သမ္မန္နေယျ၊ ဌပေတွာ ဂါမဉ္စ ဂါမူပစာရဉ္စ ဧသာ ဉတ္တိ။

သုဏာတု မေ ဘန္တေ သံဃော၊ ယာ သာ သံဃေန သီမာ သမ္မတာ သမာနသံဝါသာ ဧကူပေါသထာ ၊ သံဃော တံ သီမံ တိစီဝရေန အဝိပ္ပဝါသံ သမ္မန္နတိ ဌပေတွာ ဂါမဉ္စ ဂါမူပစာရဉ္စ၊ ယဿာယသ္မတော ခမတိ၊ ဧတိဿာ သီမာယ တိစီဝရေန အဝိပ္ပဝါသာယ သမ္မုတိ ဌပေတွာ ဂါမဉ္စ ဂါမူပစာရဉ္စ သော တုဏှဿ၊ ယဿ နက္ခမတိ၊ သော ဘာသေယျ။

သမ္မတာ သာ သီမာ သံဃေန တိစီဝရေန အဝိပ္ပဝါသာ ဌပေတွာ ဂါမဉ္စ ဂါမူပစာရဉ္စ၊ ခမတိ သံဃဿ၊ တသ္မာ တုဏှီ၊ ဧဝမေတံ ဓာရယာမိ။

### အနက်

ဘန္တေ-အရှင်ဘုရားတို့၊ သံဃော-သံဃာတော်သည်၊မေ-တပည့်တော်၏၊ဝစနံ-စကားကို၊သုဏာတု-နာတော်မူလော့။သံဃေန-သံဃာသည်၊သမာနသံဝါသာ-ကံကြီးကံငယ်တို့ကို အတူတကွပြုရာဖြစ်သော၊ဧကူပေါသထ-တူသောဥပုသ်ကံပြုရာဖြစ်သော၊ယာသာ-သီမာ-အကြင်သမာနသံဝါသသိမ်ကို၊သမ္မတာ-သမုတ်အပ်ပြီ။

သံဃဿ–သံဃာအား၊ပတ္တကလ္လံ–လျောက်ပတ်သောကာလသည်၊ ယဒိ–သိယာ–အကယ်၍ရှိသည်ဖြစ်အံ့၊ဝေဒိတဗ္ဗံ–ဤသို့ရှိသည် ရှိသော်၊ သံဃော–သံဃာသည်၊တံသီမံ–ထိုသမာနသံဝါသသိမ်ကို၊ဂါမဥ္စ–ရွာကိုငှင်း၊ဂါမူပစာရဉ္စ–ရွာ၏ဥပစာကိုငှင်း၊ဌပေတွာ–ထား၍၊တိစီဝရေန–တိစီဝရိတ်သက်နှင့်၊အဝိပ္ပဝါသံ–ညဥ့်ကင်း၍နေခြင်းကြောင့်အာပတ်မသင့်သောအဝိပ္ပဝါသသိမ်ကို၊သမ္မန္နေယျ–သမုတ်ရာ၏၊သော–ဤသည်ကား၊ဉတ္တိ–ညပနံ–သိစေခြင်းတည်း။

ဘန္တေ–အရှင်ဘုရားတို့၊ သံဃော–သံဃာတော်သည်၊မေ–တပည့်တော်၏၊ဝစနံ–စကားကို၊သုဏာတု–နာတော်မူလော့။သံဃေန–သံဃာသည်၊သမာနသံဝါသာ–ကံကြီးကံငယ်တို့ကို အတူတကွပြုရာဖြစ်သော၊ဧကူပေါသထာ–တူသောဥပုသ်ကံပြုရာဖြစ်သော၊ယာသာ–သီမာ–အကြင်သမာနသံဝါသသိမ်ကို၊သမ္မတာ–သမုတ်အပ်ပြီ။ သံဃော–သံဃာသည်၊တံသီမံ–ထိုသမာနသံဝါသသိမ်ကို၊ဂါမဥ္စ–ရွာကိုငှင်း၊ဂါမူပစာရဉ္စ–ရွာ၏ဥပစာကိုငှင်း၊ဌပေတွာ–ထား၍၊တိစီဝရေန–တိစီဝရိတ်သက်နှင့်၊အဝိပ္ပဝါသံ–ညဥ့်ကင်း၍နေခြင်းကြောင့်အာပတ်မသင့်သောအဝိပ္ပဝါသသိမ်ကို၊သမ္မန္နတိ–သမုတ်၏။ယဿာယသ္မတော အကြင်အရှင်အား၊ဧတိဿာသီမာယ–ဤသမာနသံဝါသသိမ်ကို၊ဂါမဥ္စ–ရွာကိုငှင်း၊ ဂါမူပစာရဉ္စ–ရွာ၏ဥပစာကိုငှင်း၊ ဌပေတွာ–ထား၍၊ တိစီဝရေန–တိစီဝရိတ်သက်နှင့်၊အဝိပ္ပဝါသာယ–ညဥ့်ကင်း၍နေခြင်းကြောင့်အာပတ်မသင့်သောအဝိပ္ပဝါသသိမ်ကို၊သမ္မုတိ–သမုတ်ခြင်းသည်၊ခမတိ–နှစ်သက်၏၊ သော–ထိုအရှင်သည်၊ တုဏှီ–ဆိတ်ဆိတ်၊ အဿ–ဖြစ်ရာ၏၊ ယဿ–အကြင်အရှင်အား၊ နက္ခမတိ–မနှစ်သက်၊ သော–ထိုအရှင်သည်၊ဘာသေယျ–ပြောဆိုရာ၏။

သံဃေန–သံဃာသည်၊သာသီမာ–ထိုသမာနသံဝါသသိမ်ကို၊ဂါမဥ္စ–ရွာကိုငှင်း၊ ဂါမူပစာရဉ္စ–ရွာ၏ဥပစာကိုငှင်း၊ ဌပေတွာ–ထား၍၊ တိစီဝရေန–တိစီဝရိတ်သက်နှင့်၊အဝိပ္ပဝါသာ–ညဥ့်ကင်း၍နေခြင်း

ကြောင့်အာပတ်မသင့်သောအဝိပ္ပဝါသသိမ်ကို၊သမ္မတာ–သမုတ်အပ်ပြီ။ သံဃဿ–သံဃာအား၊ခမတိ–နှစ်သက်၏၊တသ္မာ–ထိုကြောင့်၊တုဏှီ–ဆိတ်ဆိတ်၊အဿ–ဖြစ်ရာ၏၊ဧဝံဣမိနာတုဏှီဘာဝေန–ဤသို့ဆိတ်ဆိတ်နေသဖြင့်၊ဧတံ–ဤနှစ်သက်သည်၏အဖြစ်ကို၊ဓာရယာမိ–သိမှတ်ရပါ၏။ (အဝိပ္ပဝါသ သိမာသမ္မုတိ ကမ္မဝါစာ–အနက်ပြီး၏)

## သိမ်သမုတ်ပုံ အစီအစဉ်

ရှေးကတော့ ပင့်ဖိတ်ထားတဲ့သံဃာတော်များအစုံအညီကြွရောက်လာကြပြီဆိုလျှင် ဦးစီးဦးဆောင်ပြုလုပ်သောဆရာတော်ကြီး၏ညွှန်ကြားချက်အတိုင်း၊သိမ်ကိုထပ်ပြီးနှုတ်ခြင်း၊ဆန္ဒပေးသောရဟန်းရှိလျှင်ဆန္ဒကိုကြားခြင်း၊နိမိတ်စောင့်များကိုချထားခြင်း၊နိမိတ်ကြားခြင်း၊သိမ်သမုတ်ခြင်းများကိုဆောင်ရွက်တော်မူကြပါတယ်။ ယခုခေတ်သံဃနာယကအဖွဲ့အစည်းဖြစ်ပေါ်လာပြီးနောက်မှာတော့ အဖွဲ့အစည်းများ၏လုပ်ထုံးလုပ်နည်းအတိုင်း အခမ်းအနားအစီအစဉ်ရေးဆွဲကြ၍အခမ်းအနားမှူးဆရာတော်က ကြိုတင်ဖတ်ကြားလျှောက်ထား၊ဓာတ်စက်နှင့်ကြေငြာပြီးဆောင်ရွက်တော်မူကြပါတယ်။ တပည့်တော်တို့–ဒီ'စစ်ကိုင်းစာသင်တိုက်သိမ်ကြီး'သမုတ်တုန်းကတော့– ကမ္ဗာအေး၊နိုင်ငံတော်သံဃမဟာနာယကဆရာတော်ကြီးများကို အပ်နှံခဲ့ပါတယ်။ သိမ်နှုတ်တဲ့အခါမှာတော့–ဘိုကလေး၊(၄)မြို့နယ်၊ဗဟိုရ်သံဃဝန်ဆောင်သက်တော်(၇၄)နှစ်ရှိ၊ ဘဒ္ဒန္တက္ကန္ဒ ဆရာတော်ကြီးနှင့်တပည့်တော်တို့(၂)ပါးဦးဆောင်ပြီး။ ၁၃၄၆–ခုနှစ်၊ကဆုန်လဆန်း(၂)ရက်နေ့မှစ၍တစ်နေ့သံဃာတော်(၂၀)(၃၀)လောက်နဲ့၊ကဆုန်လဆန်း(၁၁)ရက်နေ့အထိ'သိမ်နှုတ်နည်းမျိုးစုံ'ဖြင့်နှုတ်ခဲ့ကြပါတယ်။ ကဆုန်လဆန်း(၁၂)ရက်နေ့ည(၁၂)နာရီမှ ကမ္ဘာအေးဆရာတော်ကြီးများကြွလာပြီး၊သိမ်သမုတ်ပေးတော်မူကြပါတယ်။

## စစ်ကိုင်းစာသင်တိုက်
## အခမ်းအနား အစီအစဉ်

စစ်ကိုင်းစာသင်တိုက်အတွင်း၌ အလျား(၇၈)ပေ၊အနံ(၅၄)ပေရှိ မြေယာတွင်၁၃၄၆–ခုနှစ်၊ကဆုန်လဆန်း(၁၂)ရက်(၁၁၊၅၊၈၄)သောကြာနေ့ည(၁၂)နာရီအချိန် ကျင်းပပြုလုပ်မည်။

သိမ်သမုတ်ပွဲအခမ်းအနားအစီအစဉ်–––

၁။ ည(၁၂)နာရီအချိန်တွင် ကြေးစည်၊ခေါင်းလောင်း၊အုံးမောင်းထိုး၍ သိမ်ယာအတွင်းသံဃာတော်များစည်းဝေးကြွရောက်တော်မူကြရန်၊

၂။ သံဃာတော်များ ဟတ္ထပါသ်အတွင်းသို့ စုံစုံညီညီရောက်/မရောက် စစ်ဆေးရန်၊

၃။ ယူဆောင်လာသော ဆန္ဒရှိပါက သံဃာတော်အားလျှောက်ထားရန်၊

၄။ သိမ်သမုတ်ဖွင့်ပွဲအခမ်းအနားကြီးကို 'သမန္တာ–အစ၊နမော တဿ အဆုံး၊ မေတ္တသုတ္တန်၊ ဘဝတုသဗ္ဗမင်္ဂလံ–သုံးဂါထာကိုရွတ်ဆိုတော်မူကြလျက် ဖွင့်လှစ်တော်မူကြရန်၊

၅။ သိမ်ယာကို (၃)ကြိမ်ထပ်မံ၍ နှုတ်တော်မူကြရန်–

| | | | |
|---|---|---|---|
| (က) | ဦးကုမုဒ | –ကြံခင်းဆရာတော်၊ | (ကြံခင်း) |
| | ဦးဣန္ဒောဘာသ | –ရေကြည်မင်္ဂလာ၊ | (ပုသိမ်) |
| | ဦးဥတ္တရာဘိဓဇ | –တိုက်ကျောင်း၊ | (ကြို့ပင်ကောက်) |
| (ခ) | ဦးဉာဏာဘိဝံသ | –မိုးကောင်းဆရာတော်၊ | (မန္တလေး) |
| | ဦးဝဏ္ဏသိရီ | –မင်းကျောင်း၊ | (သံလျင်) |
| | ဦးလာဘာသာမိ | – | (ဟသ်ာတ) |
| (ဂ) | ဦးသြဘာသာဘိဝံသ– | | (ညောင်တုန်း) |
| | ဦးအာစိဏ္ဏာဘိဝံသ– | | (ထားဝယ်) |
| | ဦးသီရိန္ဒာဘိဝံသ– | | (မန္တလေး) |

၆။ သိမ်နိမိတ်စောင့်များချထားရန်=(နိမိတ်စောင့်ဆရာတော်များ)

၇။ သိမ်နိမိတ်ကြားတော်မူရန်၊

အပြင်နိမိတ်ကြားဆရာတော်များ-

(က) ဦးဉာဏာဘိဝံသ -မိုးကောင်းဆရာတော်၊ (မန္တလေး)

(ခ) ဦးဝဏ္ဏသိရိ -မင်းကျောင်း၊ (သံလျင်)

(ဂ) ဦးသိရိနန္ဒာဘိဝံသ - (မန္တလေး)

အတွင်းနိမိတ်ကြားဆရာတော်များ-

(က) ဦးသောဘိတ - (မြင်းခြံ)

(ခ) ဦးသြဘာသာဘိဝံသ - (သရက်တော၊ရန်ကုန်)

၈။ သမာနသံဝါသသိမ်သမ္မုတိ ကံဆောင်ရွက်တော်မူကြရန်၊

(က) ဦးကုမုဒ -(အဂ္ဂမဟာပဏ္ဍိတ)အဖွဲ့ဝင်- (ကြံခင်း)

ဦးဏ္ဍနေ္တာဘာသ-(အဂ္ဂမဟာပဏ္ဍိတ)အဖွဲ့ဝင်- (ပုသိမ်)

ဦးဥတ္တရာဘိဓဇ-(အဂ္ဂမဟာပဏ္ဍိတ)အဖွဲ့ဝင်-(ကြို့ပင်ကောက်)

(ခ) ဦးသောဘိတ -(အဂ္ဂမဟာပဏ္ဍိတ)ဒု-ဥက္ကဋ္ဌ- (မြင်းခြံ)

ဦးကိတ္တိ -(အဂ္ဂမဟာပဏ္ဍိတ)အဖွဲ့ဝင်- (စလင်း)

ဦးကုမာရ -(အဂ္ဂမဟာပဏ္ဍိတ)အဖွဲ့ဝင်- (မကွေး)

(ဂ) ဦးဉာဏာဘိဝံသ-(အဂ္ဂမဟာပဏ္ဍိတ)တွဲဘက်အကျိုးဆောင် (မန္တလေး)

ဦးဝဏ္ဏသိရိ -(အဂ္ဂမဟာပဏ္ဍိတ)တွဲဘက်အကျိုးဆောင် (သံလျင်)

ဦးသိရိနန္ဒာဘိဝံသ -(အဂ္ဂမဟာပဏ္ဍိတ)ဒု-ဥက္ကဋ္ဌ-(မန္တလေး)

(ဃ) ဦးကေလာသာဘိဝံသ-(အဂ္ဂမဟာပဏ္ဍိတ)အဖွဲ့ဝင်(မိတ္ထီလာ)

ဦးပညာဝံသ -(အဂ္ဂမဟာပဏ္ဍိတ)တွဲဘက်အကျိုးဆောင် (မုံရွာ)

ဦးနန္ဒဝံသ -(အဂ္ဂမဟာပဏ္ဍိတ)အဖွဲ့ဝင်- (တွံတေး)

၉။ အဝိပ္ပဝါသ သိမ်သမ္မုတိ ကံဆောင်ရွက်တော်မူကြရန်၊

(က) ဦးလာဘာသာမိ -(အဂ္ဂမဟာပဏ္ဍိတ)အဖွဲ့ဝင်- (ဟသာတ)

ဦးဩသဓာဘိဝံသ–(အဂ္ဂမဟာပဏ္ဍိတ)အဖွဲ့ဝင်–(ညောင်တုန်း)
ဦးအာစိဏ္ဏာဘိဝံသ–(အဂ္ဂမဟာပဏ္ဍိတ)အဖွဲ့ဝင်–(ထားဝယ်)
(ခ) ဦးဣန္ဒ –(ဗဟိုဝန်ဆောင်) (ဘိုကလေး)
ဦးဓမ္မာနန္ဒ –(မြို့နယ်အကျိုးတော်ဆောင်) (စစ်ကိုင်း)
ဦးကုဝေရ –(ဂဏဝါစက) (စစ်ကိုင်းစာသင်တိုက်)
(ဂ) ဦးတိလောက(ရဝေထွန်း)–(ဗဟိုဝန်ဆောင်) (မလှိုင်)
ဦးဣန္ဒာစက္က –(ဂဏဝါစက) (စစ်ကိုင်းစာသင်တိုက်)
ဦးစက္ကိန္ဒ –(မြို့နယ်အဖွဲ့ဝင်) ((ရတနာသိင်္ဂီကျောင်း))
(ဃ) ဦးခေမိန္ဒ –(မြို့နယ်ဥက္ကဋ္ဌ) (ကျိုက္ကစံအရှေ့ကျောင်း)
ဦးဝိစိတ္တစာရ –(ဗဟိုဝန်ဆောင်)(အသောက၊သိတဂူကျောင်း)
ဦးဥက္ကံသ –(မြို့နယ်အဖွဲ့ဝင်) (အောင်မြေရွှေဂူကျောင်း)

၁၀။ "ဇယန္တော ဗောဓိယာ မူလေ"ကစ၍ 'ပုဗ္ဗဏှ'သုတ်အဆုံးအထိ သံဃာတော်များက ရွတ်ဆိုတော်မူပြီးနောက် သိမ်အောင် ဩဘာစာကို အခမ်းအနားမှူးက ဖတ်ကြားလျှက် ပြီးဆုံးသည့်အခါ ရဟန်း,ရှင်,လူအပေါင်းတို့က "သာဓု"သုံးကြိမ်ခေါ် ပြီး၊ကြေးစည်၊ခေါင်းလောင်း၊အုန်းမောင်းထိုးလျှက်၊သိမ်သမုတ်မင်္ဂလာအခမ်းအနားကြီးကို ရုပ်သိမ်းရန်။

အခမ်းအနားမှူးအဖြစ်ဆရာတော်ဦးဝဏ္ဏသိရိ(အဂ္ဂမဟာပဏ္ဍိတ–နိုင်ငံတော်သံဃမဟာနာယက၊တွဲဘက်အကျိုးတော်ဆောင်)က၍အစီအစဉ်(၁၀)ရပ်ဖြင့်ဆောင်ရွက်တော်မူပါတယ်။

## အဆောင်အယောင်များ

သိမ်၏ ဘေးပတ်ချာလည်တွင်(၂)ပေလောက်အမြင့်ရှိသောရာဇမတ်ကာခြင်း၊(ယခုခေတ်တော့ ရောင်စုံပလပ်စတစ်ကြိုးလေးတွေ တန်းထားခြင်း)၊တစ်ထွာတစ်မိုက်ရှိသိမ်ပနက်တိုင်လေးတွေပြုလုပ်၍ ညောင်စောင်းကွက်၏ ဒေါင့်လေးတွေမှာ မြေထဲမြုပ်အောင်–––

စိုက်ထားခြင်း၊ သိမ်အလယ်တည့်တည့်မှာ (၁၀)ပေလောက်မြင့်သော ဝါးဖြင့်'သာသနအလံ'စိုက်ထူထားခြင်း၊ တိုင်ခြေမှာစားပွဲခုံသေးသေးဖြင့် ပရိတ်အိုး၊ပရိတ်ပန်းများသုံး–လေးအိုးလောက်ထားခြင်း၊ တစ်ပေလောက်ညဏ်တော်ရှိသော 'ဘုရား'တစ်ဆူပင့်ထားပြီး၊ပရိတ်ချည်၊စိတ်ပုတီး–စသည်များထားရှိခြင်းများပြုလုပ်ကြသည်။

## သိမ်သမုတ်

ဧဝဥ္စ ပန ဘိက္ခဝေ သမ္မန္နိတဗ္ဗာ၊ ပဌမံ နိမိတ္တာ ကိတ္တေတဗ္ဗာ၊ ပဗ္ဗတနိမိတ္တံ – (ပ) – ဥဒကနိမိတ္တံ။ (ပါ၊၁၄၄)

သိမ်အပြင်၌ သံဃာစုံသောအခါ ရှေးဦးစွာခင်းထားသောဖျာ၊ သင်ဖြူးများကို ခဏခေတ္တရုပ်သိမ်းပြီး၊သိမ်နှုတ်တော်မူကြသေးသည်။ နှုတ်ပြီးမှ ဖျာ၊သင်ဖြူးများပြန်ခင်းရသည်။ ဆန္ဒပေးသောရဟန်းရှိလျှင်လည်း'ဆန္ဒ'ကြားရသည်။ ရှေးဦးစွာ နိမိတ်ကြားရမှာဖြစ်သောကြောင့် 'နိမိတ်စောင့်'များချထားရသည်။

## နိမိတ်(၈)ပါး

"တောင်, ကျောက်, တော, သစ်, လမ်း, ဘို့, မြစ်, ရေ–ရှစ်နိမိတ်ပြား"–ဟူသော လင်္ကာအတိုင်း (၁)တောင်နိမိတ်၊(၂)ကျောက်နိမိတ်၊(၃)တောနိမိတ်၊(၄)သစ်ပင်နိမိတ်၊(၅)လမ်းနိမိတ်၊(၆)တောင်ဘို့နိမိတ်၊(၇)မြစ်နိမိတ်၊(၈)ရေနိမိတ်–ဟု(၈)ပါးရှိပါသည်။ ယခုခေတ် အသုံးများတာကတော့ (၂)ကျောက်နိမိတ်နှင့်(၈)ရေနိမိတ်–ကိုအသုံးများကြတယ်။ ကျောက်နိမိတ်ထားခဲ့လျှင်(၃၂)ပိုတင်လဲခဲပမာဏလောက်ရှိတဲ့ကျောက်တုံးမှ နိမိတ်ထားရတယ်။ (၃၂)ပိုကိုလည်းအမျိုးမျိုးယူကြတယ်။

၁။ ကျွန်းရွာဆရာတော်၊ မိုင်းခိုင်ဆရာတော်တို့ကတော့ အမရကောသအဘိဓာန်အရ'တစ်ပိုလျှင်လေးကျပ်သား'ယူ၍၊(၃၂)ပို=(၁၂၈)ကျပ်သား၊ မြန်မာလို (တစ်ပိဿာ ၆–ကျပ်၊၇–မူး၊၂–ရွေးသား)အချိန်ရှိသော တင်လဲခဲနှင့်တူမျှသောကျောက်တုံးပမာဏသည်နိမိတ်လောက်သည်ဟု

ယူဆတော်မူကြသည်။ သီဟိုဠ်ကညစ်ရိုးပမာဏရှိသော အနှစ်ရှိသောသစ်ပင်၊ နွားဦးချိုပမာဏရှိသော'တောင်ဘို'တို့သည်နိမိတ်လောက်သည်ဟုဆိုသဖြင့် ဖြစ်နိုင်သည်ဟုယူတော်မူကြသည်။

၂။ တောင်ဖီလာ–ရေး၊ သီမဝိနိစ္ဆယနှင့်ကျီဝန်ဆရာတော်တို့ကား– တစ်ပိုလျှင်(၁၀)ကျပ်သားယူ၍၊(၁၀)ပိုလျှင်တစ်ပိဿာ၊ (၃၂)ပိုမှာ–သုံးပိဿာ–နှစ်ဆယ်သားအချိန်ရှိသောကျောက်တုံးမှ နိမိတ်လောက်သည်ဟုယူဆကြသည်။

၃။ အရှင်အရိယဝံသ 'မဏိသာရမဉ္ဇူ'ရေး–ဓာတ်ဝိသောဓနီနှင့်ရွှေဥမင်ဆရာတော်တို့ကား– တစ်ပိုလျှင်(၄၀)ကျပ်သားယူ၍(၃၂)ပိုမှာ(၁၂)ပိဿာ၊(၈၀)ကျပ်သား–ဟုယူတော်မူကြသည်။

၄။ ဆင်တဲဂဏ္ဌိကား–တစ်ပိုလျှင်(၁)ပိဿာယူ၍၊(၃၂)ပိုမှာ(၃၂)ပိဿာဟုယူသည်။

အများဆန္ဒအရ ယခုခေတ်အသုံးပြုကြသော ကျောက်နိမိတ်တိုင်များသည် နိမိတ်လောက်၏–ဟုယူတော်မူကြသည်။

## ရေနိမိတ်ထားပုံ

"တခ်ဏညေဝ ပထဝိယံ အာဝါဋကံ ကတွာ ကူဋေဟိ အာဟာရိတွာ ပူရိတဥဒကမ္ပိ သစေ ယာဝ ကမ္မဝါစာ ပရိယောသာနာ တိဋ္ဌတိ အပ္ပံ ဝါ ဟောတု ဗဟု ဝါ ဝဋ္ဋတိ" ။ (ဝိ၊ ဋ္ဌ၊ ၃၂၂)

(အနက်)

တခ်ဏညေဝ–ထိုသိမ်သမုတ်မည့် ခဏ၌ပင်လျှင်၊ပထဝိယံ–မြေ၌၊ အာဝါဋကံ–တွင်းငယ်ကို၊ကတွာ–ပြု၍၊ကူဋေဟိ–အိုးတို့ဖြင့်၊ အာဟာရိတွာ–ဆောင်၍၊ပူရိတဥဒကမ္ပိ–ပြည့်စေအပ်သောရေသည် ၊ ယာဝ ကမ္မဝါစာ ပရိယောသာနာ–ကမ္မဝါစာပြီးဆုံးသည်တိုင်အောင် သစေ တိဋ္ဌတိ–အကယ်၍တည်ငြားအံ့။ဝေံသတိ–ဤသို့တည်သည်ရှိသော်၊အပ္ပံ ဝါ–နည်းသည်မူလည်း၊ဟောတု–ဖြစ်စေ၊ဗဟု ဝါ–များသည်မူလည်း၊ဟောတု–ဖြစ်စေ၊ဝဋ္ဋတိ–အပ်၏။

ရေနိမိတ်ပြုလျှင် နိမိတ်ထားမည့်နေရာကို 'အ၀(၁)ပေ၊အနက် (၁)ပေခွဲလောက်ကျင်းတူးပြီး၊ နှစ်ရက်၊သုံးရက်ကြိုတင်ပြီးရေလောင်း ထည့်ထားပါ။ ထူးတွင်း,ကြွက်တွင်းများရှိခဲ့သော် ရွှံ့မြေဖြင့်ပိတ်ပါ။ အင်္ဂတေ၊မဆလာစသည်တို့ဖြင့် မပြုလုပ်ရပါ။ ကမ္ဘ၀ါစာဖတ်ပြီးသည် အထိ အနည်းဆုံးတွင်းထဲမှာ ရေလက်လေးသစ်၊ဖားတ၀ပ်စာလောက် ရေရှိလျှင် အောင်မြင်သည်ဟုမှတ်ပါ။

'ဗဟိ သိမန္တရိကာ ပစ္ဆိမကောဋိယာ ကေရတနပ္ပမာဏာ ဝဋ္ဋတိ' ဟူသည်နှင့်အညီ သိမ်နိမိတ်ကျင်းနှင့်တည့်တည့်အနည်းဆုံးတစ်တောင် လောက်ခွာ၍ သိမန္တရိက် ကျင်းများလည်းတူးထားရမည်။ ရေထည့် ထားရန်မလိုပါ။ သိမ်သမုတ်ပြီးလျှင် အပိုင်းအခြား၊အမှတ်အသား၊ ကျောက်တိုင်များစိုက်ထားရန်ဖြစ်သည်။ သိမန္တရိက–ဆိုဒါက ရှင်းရှင်း ပြောရလျှင် 'ဝိသုံဂါမသိမ်'နှင့်'ပကတိဂါမသိမ်'နှစ်ခုတို့၏အပိုင်းအခြား ကိုဆိုလိုသည်။

## နိမိတ်စောင့်ချထား

ဥဒကံ ဘန္တေ့တိ ဝေံ ပန ဥပသမ္ပန္နော ဝါ အာစိက္ခတု၊ အနုပသမ္ပန္နော ဝါ ဝဋ္ဋတိ ယေဝ ။ (ဝိ၊ ဌ၊ ၃၁၈)နှင့်အညီ– အရပ်(၈)မျက်နှာမှ နိမိတ်စောင့်များချထားရမည်။ ရဟန်း,ရှင်,လူ– မည်သူမဆို 'ဥဒကံ ဘန္တေ'စသည်ဖြင့်ဖြေတတ်လျှင် နိမိတ်ကိုစောင့် လို့ရသည်။ များသောအားဖြင့် ရဟန်းတော်များသာ စောင့်လေ့ရှိသည်။ တနင်္ဂနွေဒေါင့်မှာ တနင်္ဂနွေသား၊ တနင်္လာအရပ်မှာ တနင်္လာသား၊ စသည်ဖြင့်နေ့နံအလိုက်စောင့်ကြရသည်။ နေ့နံမဟုတ်လည်းရပါသည်။ စောင့်တဲ့အခါမှာ သိမန္တရိကအရပ်မှ သိမ်ဘက်ကိုမျက်နှာပြု၍လက်အုပ် ချီလျှက်၊ ထိုင်၍သော်၎င်း၊ရပ်၍သော်၎င်းနေရမည်။ရပ်ပြီးနေဒါက ပိုကောင်းသည်။

## နိမိတ်ကြားပုံ

"ပဌမံ နိမိတ္တာ ကိတ္တေ တဗ္ဗာတိ ဝိနယဓရေ န ပုစ္ဆိတဗ္ဗံ၊

ပုရတ္ထိမာယ ဒိသာယ ကိံ နိမိတ္တန္တိ – (ပ) –ဇဝံ နိမိတ္တံ ကိတ္တေတဗ္ဗံ။ (ဝိ၊ ၄၊ ၃၁၈) နှင့်အညီ–

သိမ်သမုတ်ရန်ပင့်ဖိတ်၍ ကြွရောက်လာသော သံဃာတော် ထဲမှ ပိဋကတ်ကျမ်းဂန်တတ်"အာစရိယလဒ္ဓေါ ပဒေသအာစရိယမုဋ္ဌိ" ဂုဏ်ထူးရှိသော 'ဗဟုသုတရေ၊ ဝိနယဂရုက၊ ဝိနယဝိဒူ'ဖြစ်တော်မူ သောဆရာတော်ကြီးတစ်ပါးပါးက သို့မဟုတ် ယခုခေတ် အခမ်းအနား အစီအစဉ်အရ ဆရာတော်ကြီးက အရှေ့အရပ်ရှိ နိမိတ်စောင့်ရှိရာ အနီးသို့သွားပြီးလျှင် ရပ်လျှက် မေးမှု၊ကြားမှုကိုပြုလုပ်ရသည်။

အရှေ့အရပ် တနလာမှစ၍ လကျာရစ်လှည့်ကာ အင်္ဂါ၊ဗုဒ္ဓဟူး စသည်ဖြင့် အစဉ်အတိုင်းကြားသွားရမည်။ တနင်္ဂနွေရောက်လျှင် ပြီးဆုံးသွားပြီဟု ရပ်ပြီးမထားရသေး။

"ဇဝံ ပဌမံ ကိတ္တိတနိမိတ္တံ ကိတ္တေတွာဝ ဌပေတဗ္ဗံ။ ဧဝဉ္ဟိ နိမိတ္တေန နိမိတ္တံ ဃဋိတံ ဟောတိ"။ (၄၊၃၁၈) နှင့်အညီ–––

ကြားခဲ့ပြီးသော အရှေ့တနလာအရပ်ကို တစ်ဖန်ထပ်၍ကြားမှ နိမိတ်စပ်သည်ဟုမှတ်ပါ။

## ကြိယာထည့် မကြားရ

"ဇတံ ဥဒကံ နိမိတ္တံ။ ဧသော ပါသာဏော နိမိတ္တံ" –ဟု ကြားရမည်။ "ဇတံ ဥဒကံ နိမိတ္တံ ကရောမ၊ ကရိဿာမ၊ ကတော၊ ဟောတု"စသည်ဖြင့် ကြိယာထည့် မကြားရ။ ကြားလျှင် မအပ်။ 'နိမိတ္တံ–နိမိတ်တည်း'ဟု"တည်း"ပါလျှင်ကြိယာသံပါသဖြင့်'နိမိတ္တံ– နိမိတ်'။ သိမ်၏အပိုင်းအခြားဖြစ်သောနိမိတ်–ဟုကြားရမည်ဟုအမိန့် ရှိကြသည်။

## ပါဠိသက်သက်, ရေနိမိတ်ကြားပုံ

ဝိနည်းဓိုရ်။ ။"ပုရတ္ထိမာယ ဒိသာယ ကိံ နိမိတ္တံ"–ဟုမေး။
နိမိတ်စောင့်။ ။"ဥဒကံ ဘန္တေ"–ဟုဖြေ။
ဝိနည်းဓိုရ်။ ။"ဇတံ ဥဒကံ နိမိတ္တံ ။

အဝေးဖြစ်ခဲ့လျှင်-

"ဓော ဥဒကံ နိမိတ္တံ"-ဟုကြား။

နိမိတ်စောင့်။ ။"အာမ ဘန္တေ" (သို့မဟုတ်)"သာဓု ဘန္တေ"-ဟုဝန်ခံ။

ဤအရှေ့အရပ်ကြားသကဲ့သို့ လက်ျာရစ်ဆက်ကြားပါ။

"ပုရတ္ထိမာယ အနုဒိသာယ ကိံ နိမိတ္တံ"-(လ)-"အာမ ဘန္တေ" ။

"ဒက္ခိဏာယ ဒိသာယ ကိံ နိမိတ္တံ"- (လ)-"အာမ ဘန္တေ" ။

"ဒက္ခိဏာယ အနုဒိသာယ ကိံ နိမိတ္တံ"- (လ)-"အာမ ဘန္တေ" ။

"ပစ္ဆိမာယ ဒိသာယ ကိံ နိမိတ္တံ"- (လ)-"အာမ ဘန္တေ" ။

"ပစ္ဆိမာယ အနုဒိသာယ ကိံ နိမိတ္တံ"- (လ)-"အာမ ဘန္တေ" ။

"ဥတ္တရာယ ဒိသာယ ကိံ နိမိတ္တံ"- (လ)-"အာမ ဘန္တေ" ။

"ဥတ္တရာယ အနုဒိသာယ ကိံ နိမိတ္တံ"- (လ)-"အာမ ဘန္တေ" ။

"ပုရတ္ထိမာယ ဒိသာယ ကိံ နိမိတ္တံ"- (လ)-"အာမ ဘန္တေ" ။

**♣မှတ်ချက်♣**

ကျောက်နိမိတ်ဖြစ်ခဲ့လျှင်"ပါသာဏော ဘန္တေ"-ဟုဖြေပါ။

"အယံ ပါသာဏော နိမိတ္တံ"-ဟုကြားပါ။

အဝေးဖြစ်ခဲ့လျှင်- "ဧသော ပါသာဏော နိမိတ္တံ"-ဟုကြားပါ။

## အနီးကြား'အဝေးကြား

နိမိတ်- နိမိတ်စောင့်၏ အနီးသို့သွားပြီးကြားလျှင်'အနီးကြား'၊ (တနည်း)ရဟန်းတို့၏အပြင်ထွက်ပြီးကြားသောကြောင့်'အပြင်ကြား'၊ ဟုဆိုလိုသည်။သံဃာတို့၏ အလယ်ကလှမ်းပြီးကြားလျှင်'အဝေးကြား'၊ (တနည်း)သံဃာတို့၏ ဟတ္ထပါသ်အတွင်းက ကြားသောကြောင့် 'အတွင်းကြား'ဟုဆိုလိုသည်။

အနီးကြားရာ၊ - "ဣဒံ ဥဒကံ နိမိတ္တံ"-

"အယံ ပါသာဏော နိမိတ္တံ"ဟု'ဣမ'သဒ္ဒါဖြင့်ကြားရသည်။

မဟာသိမ်ကြီးများကဲ့သို့ တစ်ယူဇနာ၊နှစ်ယူဇနာအဝေးနိမိတ်ရှိရာသို့ သံဃအလယ်က လှမ်းပြီးကြားရာ၌"တေ ဥဒကံ နိမိတ္တံ" "သော ပါသာဏော နိမိတ္တံ"ဟု'တေ'သဒ္ဒါဖြင့်ကြားရသည်။ ဤအဝေးကြားရာ၌ နိမိတ်စောင့်များသည် နိမိတ်၏အနီးအရပ်(၈) မျက်နှာကနေပြီး၊ အဝေးက လှမ်းဖြေလည်းရသည်။ သံဃာတို့၏အလယ်က ဖြေလည်းရသည်။ သို့မဟုတ် တစ်ပါးတည်းက သံဃအလယ်မှာနေ၍ ဖြေလည်းရသည်။

အဋ္ဌကထာ၊ဋီကာများမှာတော့– အနီး+အဝေး–နှစ်မျိုးလုံးကို "တံ ဥဒကံ"၊"သော ပါသာဏော"–ဟု'တေ'သဒ္ဒါဖြင့်ရှိပါသည်။ ရှေးကဤနည်းအတိုင်းကြားကြပါသည်။ နောက်နောင်ဆရာတော်ကြီးများက သက်န်းအဓိဋ္ဌာန်တင်ပုံကို နမူနာယူ၍ နှစ်တောင့်ထွာအတွင်းမှာရှိသောသင်္ကန်းကို'ဣမံ စီဝရံ အဓိဋ္ဌာမိ'–ဟု'ဣမ'သဒ္ဒါဖြင့်ဆို၍၊အဝေးမှာရှိသောသင်္ကန်းကို'ဧတံ စီဝရံ အဓိဋ္ဌာမိ'–ဟု'ဧတ'သဒ္ဒါဖြင့်–အဋ္ဌကထာပြဆိုပုံကို နည်းယူ၍၊ ဤနိမိတ်ကြားရာ၌လည်း အနီးကြားမှာ'ဣမ'၊ အဝေးကြားမှာ'ဧတ'–ဖြင့်ကြားကြပါသည်။အများလည်းလက်ခံကျင့်သုံးကြပါသည်။

## မြန်မာဘာသာသက်သက် ရေနိမိတ်ကြားပုံ

"ဣမဉ္စ ပန အတ္ထံ ဂဟေတွာ၊ ယာယ ကာယ ယာစိ ဘာသာယ၊ အာရောစေတုံ ဝဋ္ဋတိ"–ဟူသော 'စူဠဝါ သမုစ္စယက္ခန္ဓက အဋ္ဌကထာ (နှာ–၁၆)အရ ။

သရဏဂုံပေးရာ၊ ကမ္မဝါစာဖတ်ရာတို့၌ 'မာဂဓဘာသာ'ပါဠိဖြင့်သာရွတ်ဖတ်အပ်သည်။ တပါးသောဘာသာဖြင့် မရွတ်ဖတ်အပ်ဟုမှတ်ရမည်။ ဝတ်ကြားရာ၊ နိမိတ်ကြားရာတို့၌'မာဂဓဘာသာ"တပါးသောဘာသာ'နှစ်မျိုးလုံးဖြင့်ကြားကောင်းသည်။ ထို့ကြောင့် မြန်မာလိုသက်သက်သော်၎င်း၊ ပါဠိ+မြန်မာ–မိဿကနည်းဖြင့်သော်၎င်း၊ ကြားတော်မူကြသည်။

♣ ပြန်မာလို–

ဝိနည်းရိုရဲ။ ။ 'ငါ့ ရှင်–နိမိတ်စောင့်၊ ယခုသမုတ်အပ်လတ္တံ့သော ဤသိမ်၏ အရှေ့အရပ်၌ သိမ်၏အပိုင်းအခြားကိုမှတ်ကြောင်းဖြစ်သောနိမိတ်ကား အဘယ်ပါနည်း'–ဟုမေး။

နိမိတ်စောင့်။ ။ ရေ–ပါအရှင်ဘုရား–ဟုဖြေ။

♣ကျောက်နိမိတ်ဖြစ်ပါက–ကျောက်–ပါအရှင်ဘုရား–ဟုဖြေ။ ♣

ဝိနည်းရိုရဲ။ ။ဤရေသည်(ဤကျောက်သည်)သိမ်၏အပိုင်းအခြားကိုမှတ်ကြောင်းဖြစ်သောနိမိတ်'–(ဟုကြား)

နိမိတ်စောင့်။ ။ 'ကောင်းပါပြီအရှင်ဘုရား'(မှန်ပါ့ဘုရား)–ဟုဝန်ခံ။

♣အမှာ= ဤနည်းအတိုင်း အရပ်(၈)မျက်နှာ လကျာ်ရစ်လှည့်၍ အရှေ့အရပ်ပြန်ရောက်သည့်တိုင်အောင်ကြားပါ။

## ပါဠိ'ပြန်မာ–မိဿက ကြားပုံ

ဝိနည်းရိုရဲ။ ။ 'အာဝုသော နိမိတ္တပါလက–ငါ့ရှင့် နိမိတ်စောင့်၊ သမ္မန္နိတဗ္ဗာယ–သမုတ်အပ်လတ္တံ့သော၊ ဣမိဿာ သီမာယ–ဤသိမ်၏၊ပုရတ္ထိမာယ ဒိသာယ–အရှေ့အရပ်၌၊အဒ္ဓသု–ရှစ်ပါးကုန်သော၊နိမိတ္တေသု–နိမိတ်တို့တွင်၊ကိံ နိမိတ္တံ–အဘယ်နိမိတ်ပါနည်း။

နိမိတ်စောင့်။ ။ 'ဘန္တေ–အရှင်ဘုရား၊ဥဒကံ–ရေ ။
('ဘန္တေ–အရှင်ဘုရား၊ပါသာဏော–ကျောက် )

ဝိနည်းရိုရဲ။ ။'ဣဒံ ဥဒကံ'–ဤရေသည်၊(အယံ ပါသာဏော–ဤကျောက်သည်)၊နိမိတ္တံ–သိမ်၏အပိုင်းအခြားကိုမှတ်ကြောင်းဖြစ်သောနိမိတ်'

နိမိတ်စောင့်။ ။ 'သာဓု ဘန္တေ–ကောင်းပါပြီဘုရား'၊(အာမ ဘန္တေ–မှန်ပါဘုရား)ဟုဝန်ခံ။(ဝန်မခံလည်းရပါသည်)။
('ဘန္တေ–အရှင်ဘုရား၊ပါသာဏော–ကျောက်နိမိတ်')

♣အမှာ= ဤနည်းအတိုင်း အရပ်(၈)မျက်နှာ လကျာ်ရစ် လှည့်၍ အရှေ့အရပ်ပြန်ရောက်သည့်တိုင်အောင်ကြားပါ။ ရေနိမိတ် ဖြစ်ခဲ့လျှင် နိမိတ်ကြားတဲ့အခါ ရှည်ရှည်ဝေးဝေးကြားနေလျှင် ရေမခံ မှာစိုးသည့်အတွက် ခပ်တိုတိုလိုရင်းလောက်ဘဲ ကြားတော်မူကြသည်။

ပုရတ္ထိမာယ–ဟုစာထဲမှာရှိသောကြောင့် အရှေ့အရပ်ကဘဲစ၍ ကြားတော်မူကြသည်။ ဘယ်အရပ်ကမဆိုစ၍ကြားနိုင်ပါသည်။ များသောအားဖြင့် အနီးကြား(၃)ပါး၊အဝေးကြား(၂)ပါးကြားကြသည်။

"တိကၡတ္တုံ သီမ မဏ္ဍလံ သမ္ဗန္ဓန္တေန နိမိတ္တံ ကိတ္တေတဗ္ဗန္တိ ဝုတ္တံ"–အနည်းဆုံး(၃)ကြိမ်ကြားကြသည်။

မအူပင်မြို့၊ရွှေတောင်မော်၊သိမ်သမုတ်သွားစဉ်က မြို့နယ်ဥက္ကဋ္ဌ ဆရာတော်ဦးခန္တီ–က အရှေ့အရပ်ကတစ်ပါး၊တောင်အရပ်ကတစ်ပါး၊ အနောက်အရပ်ကတစ်ပါး၊မြောက်အရပ်ကတစ်ပါး၊အလယ်ကြားတစ်ပါး၊ (၅)ပါးကြားလိုပါသည်ဟုပြောသောကြောင့်၊ ထိုနည်းအတိုင်းကြားခဲ့ ကြပါသည်။ ၁၃၆၂–ခုနှစ်၊မင်္ဂလာတောင်ညွန့်မြို့နယ်၊ရေတွင်းကုန်း ကျောင်းသိမ်ကို မိမိဦးစီးသမုတ်စဉ်က ဆရာတော်ကြီးက သောကြာ သားဖြစ်သောကြောင့် ဆရာတော်ကြီးကို ဂုဏ်တင်လေးစားချီးမြှောက် သောအားဖြင့် မြောက်အရပ်မှစ၍ ကြားခဲ့ပါသည်။

နန္ဒင်းကုန်းသိမ်ကို မိမိကိုယ်တိုင်ဦးစီးသမုတ်ခဲ့စဉ်ကလည်း ယခု နိုင်ငံတော်သံဃမဟာနာယကဥက္ကဋ္ဌ၊အဘိဓဇမဟာရဋ္ဌဂုရု–မကွေး ဆရာတော်ကြီးက တောင်ဘက်ကစပြီးကြားပါသည်။ မိမိကတော့ ကျောင်းထိုင်ဘုန်းကြီးဦးတေဇနိယ–ကစနေသားဖြစ်သောကြောင့်၊စနေ ဒေါင့်ကစ၍ကြားပါသည်။ တို့(ဒို့)ဒီစစ်ကိုင်းစာသင်တိုက်၊'သာသန– ဋ္ဌိတိကပုဗ္ဗရုံသိမ်တော်ကြီး'သမုတ်တုန်းကတော့–အပြင်နိမိတ်ကြားရာ၌ ဆရာတော်ဦးဉာဏာဘိဝံသ–'အဘိဓဇမဟာရဋ္ဌဂုရု'(မန္တလေး)နှင့်ဆရာ တော်ဦးသီရိန္ဒာဘိဝံသ'အဘိဓဇမဟာရဋ္ဌဂုရု'(မစိုးရိမ်)တို့(၂)ပါးကပါဠိ သက်သက်ဖြင့်ကြားသည်။ဆရာတော်ဦးဝဏ္ဏသိရီ'အဂ္ဂမဟာပဏ္ဍိတ'က

ပါဠိ+မြန်မာမိဿကကြားသည်။
အတွင်းနိမိတ်ကြားရာ၌–ဆရာတော်ဦးသောဘိတ'နိုင်ငံတော်သံဃမဟာနာယကဥက္ကဋ္ဌ၊အဘိဓဇမဟာရဋ္ဌဂုရု'–ကပါဠိ+မြန်မာမိဿကကြား၍၊ဆရာတော်ဦးညြဘာသာဘိဝံသ'အဂ္ဂမဟာပဏ္ဍိတ၊တွဲဘက်အကျိုးတော်ဆောင်'–က မြန်မာဘာသာသက်သက်ဖြင့်ကြားတော်မူကြပါသည်။

## ဝိသုံဂါမသိမ်

အမိန့်ခံ၍ အမိန့်ရသော'ဝိသုံဂါမသိမ်'မျိုးဖြစ်ခဲ့လျှင် နိမိတ်ကြားပြီးလျှင်၊နိမိတ်စောင့်သံဃာတော်များဟတ္ထပါသ်အတွင်းသို့ပြန်ဝင်၍သိမ်သမုတ်ကမ္မဝါစာဖြင့် သမုတ်ရသည်။

"သိမံ ဘိက္ခဝေ သမန္နန္တေန ပထမံ သမာနသံဝါသသီမာ–သမ္မနိတဗ္ဗာ။ ပစ္ဆာ တိစီဝရေန အဝိပ္ပဝါသော သမ္မန္နိတဗ္ဗော"နှင့်အညီ

အခမ်းအနားအစီအစဉ်အရ (၁)ပါးတည်းဖတ်(၃)ကြိမ်၊ (၂)ပါးဖတ်(၃)ကြိမ်၊(၃)ပါးဖတ်(၃)ကြိမ်စသည်ဖြင့်'သမာနသံဝါသကမ္မဝါစာ'ကိုပထမဖတ်ရသည်။ ပြီးမှ–'အဝိပ္ပဝါသ ကမ္မဝါစာ'ကို(၃)ကြိမ်၊(၄)ကြိမ်စသည်ဖတ်၍သမုတ်ကြသည်။ တချို့က သိမ်နှုတ်စဉ်ကလိုကမ္မဝါစာနှစ်စောင်လုံးဆက်၍ဖတ်ကြသည်။ ကမ္မဝါစာနှစ်စောင်လုံးဆက်ပြီးဖတ်တာ တစ်ခါမှမတွေ့ဘူးပါ။'သမာနသံဝါသ ကမ္မဝါစာ'လိုသမျှဖတ်ပြီးမှ 'အဝိပ္ပဝါသ ကမ္မဝါစာ'ကိုတစ်ဖန်ထပ်၍ဖတ်ကြပါသည်။ (ဆရာစဉ်ဆက် လက်ခံကြသည်) ။ ဤကမ္မဝါစာနှစ်စောင်ဖတ်ပြီးတယ်ဆိုလျှင် "သိမ်ဖြစ်၍သွားပါပြီ"။

ပြီးသွားတယ်ဆိုလျှင် တချို့က "ဗုဒ္ဓသာသနံ စိရံ တိဋ္ဌတု"(၃)ကြိမ်ရွတ်ဆို၍ငင်း။ ။တပည့်တော်တို့ ဒီစစ်ကိုင်းသိမ်တုန်းကတော့"ဇယန္တော ဗောဓိယာမူလေ– (လ) –အာရောဂ်ါ သုခိတာ ဟောထ၊ သဟ သဗ္ဗေဟိ ဉာတိဘိ"ဟု'ပုဗ္ဗဏှ'သုတ်ကိုရွတ်ဆို၍ ဆရာတော်ဦးဝဏ္ဏသိရီ–အခမ်းအနားမှူးဆရာတော်ကိုယ်တိုင် ---

(ရဝေထွန်း=ဦးတိလောက -မလှိုင်)ရေးသားသော သိမ်အောင်ဩဘာစာကို ရွတ်ဖတ်ပြီး၊ ကြေးစည်၊အုန်းမောင်း၊ထိုးစည်များကို ထိုးစေလျှက် ကြွရောက်လာသော ရဟန်း၊ရှင်၊လူ-ပရိသတ်များက "သာဓု"(၃)ကြိမ်ခေါ်၍၊ သိမ်သမုတ်အခမ်းအနားကို ရုပ်သိမ်းပြီးဆုံးစေပါသည်။

## ဝိသုံဂါမ-ကံပြုရ

"တသ္မာ သာစ ဋ္ဌတရာစ ပကတိဂါမ နိဂမ နဂရ သီမာ ဗဒ္ဓ သီမသဒိသာယေဝ ဟောန္တိ" (၄၊၃၃၃)

တသ္မာ-ထို့ကြောင့်၊သာစ-ထိုဝိသုံဂါမသိမ်သည်လည်းကောင်း၊ ဋ္ဌတရာ-တပါးကုန်သော၊ပကတိဂါမ နိဂမ နဂရ သီမာစ-ပကတိဂါမ နိဂမ နဂရ သိမ်တို့သည်လည်းကောင်း၊ဗဒ္ဓသီမသဒိသာယေဝ-ဗဒ္ဓသိမ်နှင့်တူကြကုန်သည်သာလျှင်၊ဟောန္တိ-ဖြစ်ကုန်၏- နှင့်အညီ---

'ဝိသုံဂါမသိမ်' အမိန့်ရပြီးသောမြေကွက်သည်'ဗဒ္ဓသိမ်'နှင့်တူ၏။ ။ဗဒ္ဓသိမ်၌ကံကြီးကံငယ်-စသော 'သံဃကံများပြုကောင်း' သလို၊ ဤ'ဝိသုံဂါမ'သိမ်မြေကွက်၌လည်း၊'သံဃကံများပြုကောင်း' တော့သည်။ သို့သော် သိမ်ဟောင်းများမရှိစေရန် သံသယကင်းအောင်နုတ်ပြီးထားရသည်။ ။ ဝိနယလင်္ကာရဋီကာ-အလိုကား-အနီးရှိ ခဲတစ်ကျ၊နှစ်ကျရှိ'သံဃာများ'သိမ်း၍ ကံပြုရမည်-တဲ့။

## ဝိသုံဂါမ နှင့် ဗဒ္ဓသိမ်

ဝိသုံဂါမ-အမိန့်ရပြီးလျှင် ကံကြီးကံငယ်ပြုလုပ်နိုင်ပါလျက် အဘယ့်ကြောင့်'ဗဒ္ဓသိမ်'ထပ်၍သမုတ်ရပါသလဲ ?ဆိုရင်'ဝိသုံဂါမသိမ်' ကား-ပေးပြီးသောသိမ်မိန့်ကို မင်းကပြန်ပြီးရုပ်သိမ်းသွားလျှင် ပျက်သွားတော့သည်။'ဗဒ္ဓသိမ်'သမုတ်ထားပါက သာသနာတည်နေသမျှ မပျက်တော့ပါ။ဒါကြောင့်'ဗဒ္ဓသိမ်'ထပ်၍သမုတ်ကြရသည်။

အယံ ဟိ သီမာနာမ ကမ္မဝါစာယဝါ အသီမာ ဟောတိ။ သာသနန္တရဓာနေနဝါ။ (၄၊၃၃၂)

သိမ်နှုတ်ကမ္မဝါစာဖြင့်နှုတ်သော်၎င်း၊သာသနာကွယ်သော်၎င်း၊ ဗဒ္ဓသိမ်ပျက်တော့သည်။

## ဗဒ္ဓသိမ်'အာဗဒ္ဓသိမ်

ကမ္မဝါစာယ ဗန္ဓတိ တွော့တိ သီမာ။

တောင်ဖီလာဆရာတော်၏ ဝိနိစ္ဆယ–ဝစနတ္ထနှင့်အညီကမ္မဝါစာ ဖွဲ့သမုတ်အပ်သောသိမ်သည် "ဗဒ္ဓသိမ်"။

ကမ္မဝါစာဖြင့် မရွတ်ဖတ်,မဖွဲ့ရဘဲ အလိုလိုသိမ်ဖြစ်သောသိမ် သည် "အာဗဒ္ဓသိမ်"မည်တယ်။

## အဗဒ္ဓသိမ်အပြား

အဗဒ္ဓသိမာ ပန ဂါမသိမာ၊ သတ္တဗ္ဘန္တရသိမာ၊ ဥဒကုက္ခေပ သိမာတိ တိဝိဓာ ။ ကခါ၊၄– နှင့်ဝိနယသင်္ဂဟ၊၄– အညီ ၁။ဂါမသိမ်၊ ၂။သတ္တဗ္ဘန္တရသိမ်၊ ၃။ဥဒကုက္ခေပသိမ်–ဟု(၃)မျိုးရှိတယ်။ သတ္တဗ္ဘန္တရသိမ်၏မိုရာ၊ အရညသိမ်နှင့်ဥဒကုက္ခေပသိမ်၏တည်ရာ၊ နဒီသိမ်၊သမုဒ္ဒသိမ်၊ဇာတဿရသိမ်တို့ကိုပါထည့်ပြီးယူပါက အဗဒ္ဓ သိမ်အပြား(၇)ပါးပြားသည်။

## နိဿယသိမ်=နိဿိတသိမ်

ဂါမသိမ်၊ အရညသိမ်၊ နဒီသိမ်၊ သမုဒသိမ်၊ ဇာတဿရသိမ်၊ တို့သည် မှီရာနိဿယသိမ်–ဟုမှတ်ပါ။ ဗဒ္ဓသိမ်၊ သတ္တဗ္ဘန္တရသိမ်၊ ဥဒကုက္ခေပသိမ်တို့သည် မှီတတ်သောနိဿိတသိမ်–ဟုမှတ်ပါ။ အချင်းချင်းမှီပုံမှာ– ဗဒ္ဓသိမ်က ဂါမသိမ်ကိုမှီတယ်။(အရည–ကိုလည်း မှီနိုင်တယ်)သတ္တဗ္ဘန္တရသိမ်က အရညသိမ်ကိုမှီတယ်။ဥဒကုက္ခေပသိမ်က နဒီ,သမုဒ္ဒ,ဇာတဿရသိမ်တို့ကိုမှီတယ်။

## သဘာဂသိမ်=ဝိသဘာဂသိမ်

အကျဉ်းသိသာရုံပြောရလျှင် နိဿယ+နိဿိတသိမ်သည် "သဘာဂသိမ်"။ နိဿယ+နိဿိတမဖြစ်တဲ့သိမ်သည်"ဝိသဘာဂသိမ်" ပါဘဲ။ဗဟုသုတပေါ့။

၁။ ဗဒ္ဒနှင့်-ဗဒ္ဒ,နဒီ,သမုဒ္ဒ,ဇာတဿရ,သတ္တဗ္ဗဏ္ဏရ,ဥဒကုက္ခေပ,။
၂။ သတ္တဗ္ဗဏ္ဏရနှင့်သတ္တဗ္ဗဏ္ဏရ,ဂါမ,နဒီ,သမုဒ္ဒ,ဇာတဿရ,ဗဒ္ဒ,ဥဒကုက္ခေပ။
၃။ ဥဒကုက္ခေပနှင့်ဥဒကုက္ခေပ,ဂါမ,အရည,ဗဒ္ဒ,သတ္တဗ္ဗဏ္ဏရ,။
တစ်ခုနှင့်တစ်ခုဆက်စပ်လျှင်သီမင္ဂဖြစ်၍ကံမပြုကောင်း။ဗဒ္ဒသိမ်နှင့်ဗဒ္ဒသိမ်(၂)ခု-ကြိုး၊သစ်ပင်၊အဆောက်အဦချင်းဆက်စပ်နေပါက'ဒွိသိမ်'သီမင္ဂဖြစ်သောကြောင့် ကံပြုလျှင်ကံပျက်သည်။ဒါကြောင့်မီးကြိုးများသွယ်ထားလျှင်ကံပြုတဲ့အခါဖြုတ်ထားရမည်။(ဒီနည်း+ဟိုနည်းဖြစ်တယ်ဆိုပေမယ့်မလုပ်ကြနဲ့။ သံသယကင်းအောင်ဖြုတ်ထားပါ။ အကောင်းဆုံးဘဲ။အများမကြိုက်တာ ဆန့်ကျင်ဘက်မလုပ်နဲ့။)

## ဗဒ္ဒသိမ်အပြား

ယခုခေတ် သိမ်သမုတ်နေကြသလို ကမ္မဝါစာဖြင့်ရွတ်ဖတ်၍သမုတ်အပ်သောသိမ်မျိုးသည်"ဗဒ္ဒသိမ်"လို့ခေါ်တယ်။ အဲဒီဗဒ္ဒသိမ်ဟာ ခဏ္ဍသိမ်+မဟာသိမ်ဟု(၂)မျိုးရှိတယ်။အယုတ်ဆုံးရဟန်း(၂၁)ပါးဆန့်သောသိမ်မှစ၍အပါး(၁၀၀၀)ဆန့်သောသိမ်သည်"ခဏ္ဍသိမ်"။ ရဟန်း(၁၀၀၀)မှအထက်(၃)ယူဇနာတိုင်အောင်ရှိသောသိမ်သည်"မဟာသိမ်"ဟုမှတ်။

သာ ဟေဋ္ဌိမ ပရိစ္ဆေဒေန သစေ ကေဝီသတိ ဘိက္ခူ ဂဏှာတိ ဝဋ္ဋတိ။တတော ဩရံ န ဝဋ္ဋတိ။ပရံ ဘိက္ခု သဟဿံ ဂဏှန္တိပိ ဝဋ္ဋတိ။(ဌ။ )(အနက်)သာ သိမာ-ထိုသိမ်သည်၊ဟေဋ္ဌိမ-ပရိစ္ဆေန-ယုတ်သောအပိုင်းအခြားအားဖြင့်၊ကေဝီသတိဘိက္ခူ-နှစ်ကျိပ်တစ်ပါးသောရဟန်းတို့သည်၊သစေဂဏှာတိ-အကယ်၍ဆန့်သည်ဖြစ်အံ့ဝဋ္ဋတိ-အပ်၏။တတော-ထိုနှစ်ဆယ့်တစ်ပါးမှ၊ဩရံ-အယုတ်သည်၊နဝဋ္ဋတိ-မအပ်။(ဝါ-သိမ်မဖြစ်။)ပရံ-တစ်ပါးသော၊ဘိက္ခုသဟဿံ-ရဟန်းတစ်ထောင်တိုင်အောင်၊ဂဏှန္တိပိ-ဆန့်သော်လည်း၊ဝဋ္ဋတိ-အပ်၏၊

## ခဏ္ဍာသိမ်

ခဏ္ဍာ ပရိစ္ဆိန္နာ သိမာ ခဏ္ဍ သိမာ–ဟူသောဝစနတ္ထနှင့်အညီ မဟာသိမ်ကြီးထဲမှ သီးခြားပိုင်းခြား၍သမုတ်အပ်သော သိမ်သည် "ခဏ္ဍာသိမ်"။ တနည်း–ကျောင်းတိုက်ကြီးထဲ၌ တစ်ပိုင်းတစ်စိတ်ကို ပိုင်းဖြတ်၍သမုတ်အပ်သော ယခုခေတ်သိမ်များသည် "ခဏ္ဍာသိမ်"ဟု မှတ်ပါ။

## ပကတိဂါမသိမ်=ဝိသုံဂါမသိမ်

ဂါမဿ သိမာ ဂါမသိမာ။ဂါမဿ–ရွာ၏၊သိမာ–အပိုင်းအခြား ဂါမသိမာ–ရွာ၏အပိုင်းအခြား။ ပထဝိဿရ–တိုင်းပြည်ကိုအုပ်ချုပ်သောအာဏာပိုင်မင်းများက မြေပုံ၌ပိုင်းခြားရေးဆွဲ၍ ဤအပိုင်းအခြားအရပ်သည်'တစ်ဂါမ'ဖြစ်သည်ဟုသတ်မှတ်လျက် သူကြီးတစ်ယောက်ယောက်အား အခွန်ကောက်စားစေရန် အုပ်ချုပ်ရေးအာဏာလွှဲအပ်ထားသောအရပ်သည်'ပကတိဂါမသိမ်'တစ်ခုဖြစ်သည်။

ကွင်းထဲ၊တောထဲ၌ မိုးလေးလပတ်လုံးနေထိုင်ခဲ့လျှင် အိမ်တစ်အိမ်၊တဲတစ်တဲပင်ဖြစ်စေကာမူ'ရွာ'ဟု ဘုရားရှင်ကပညတ်တော်မူသည်။ တချို့လယ်ယာလုပ်ကိုင်ရင်း ဆင်းခုက်၊မီးသွေးဖုတ်အလုပ်မျိုးလုပ်ရင်း နေထိုင်ကြရာမှ လေးအိမ်တန်းရွာ၊ကိုင်းတောရွာ၊လမုတောရွာ–စသည်ဖြင့်ရွာငယ်၊ရွာကြီးတွေဖြစ်လာကြပါတယ်။ ရွာဆိုတာ ––– "မနုဿာ ဂစ္ဆန္တိ တတ္ထာတိ ဂါမော"။ တတ္ထ–ဤအရပ်၊ဤနေရာ၌၊ မနုဿာ–လူတို့သည်၊ဂစ္ဆန္တိ–သွားတတ်ကုန်၏၊(ဝါ–ဝင်တတ်ထွက်တတ်ကုန်၏)၊ဣတိတသ္မာ–ထိုသို့လူတို့၏ဝင်ရာထွက်ရာဖြစ်သောကြောင့် ဂါမော–ဂါမမည်၏၊(ဝါ–ရွာမည်၏)။ ဤဝိဂြိုဟ်အရ 'လူတွေနေထိုင်ကြတဲ့နေရာဟာ 'ရွာ'ခေါ်တာဘဲ။

## ဂါမခေတ်သာ ပကတိဂါမဖြစ်

ဤရွာလေးတွေကို ရွာလို့ခေါ်ဝေါ်နေကြဒါပါဘဲ။ အစိုးရ၏မြေပုံ၊မြေစာရင်းအင်း၌ာနမှာလည်း ရွာလို့သတ်မှတ်ပြီး အသိအမှတ်

ပြုထားဒါဘဲ။ ဒါပေမယ့် ဒီလေးအိမ်တန်းရွာ၊လမုတောရွာ လေးတွေကို ပကတိဂါမသိမ်လို့မယူရသေးပါဘူး။ ပထဝိဿရ–အာဏာပိုင်မင်းက ဤအရပ်သည် ဂါမသိမ်တစ်ခုဖြစ်စေဟု ရွာနှစ်ရွာ၊ သုံးရွာ၊လေးရွာ၊ငါးရွာ–စသည် ဂါမ,ဂါမူပစာရနှင့်လယ်ယာမြေ၊တော တောင်၊ချောင်းရေတို့ပါဝင်သောအရပ်ဒေသတစ်ခုလုံးကို မြေပုံ၌ပိုင်း ခြားရေးဆွဲ၍ သူကြီးတစ်ယောက်အား အခွန်ကောက်စားစေဟုအာဏာ ကိုပစ်ချအပ်ရာ အရပ်ဖြစ်သော ဂါမခေတ်သည်သာလျှင်'ပကတိဂါမ' သိမ်ဖြစ်ပါတယ်။

ဤသူကြီးတစ်ပိုင်ဖြစ်သော ဂါမခေတ်တစ်ခုသည် ကမ္မဝါစာ ဖြင့်ရွတ်ဖတ်သမုတ်စရာမလိုဘဲ အလိုလိုသူ့သဘာဝအတိုင်းသိမ်တစ် သိမ်ဖြစ်နေသောကြောင့် ပကတိဂါမသိမ်လို့ ဘုရားရှင်က ပညတ် တော်မူတယ်။ အဲဒီသူကြီးတစ်ပိုင်ဖြစ်တဲ့ ရွာကြီးထဲမှာ တနေရာရာ သတ်မှတ်၍ ဥပမာ– အိမ်ပေါ်မှာဖြစ်စေ၊ဇရပ်ပေါ်မှာဖြစ်စေ၊တဲထိုး၍ မဏ္ဍပ်ထိုး၍ဖြစ်စေ ရဟန်းခံခြင်း၊ဉပုသ်ပြုခြင်းစသော ကံကြီးကံ ငယ်များကို ဘယ်နေရာမဆို ပြုလုပ်နိုင်တယ်။ဒါပေမယ့် အဲဒီကံ ကြီးကံငယ်ပြုတဲ့အခါမှာ ဂါမခေတ်အတွင်းမှာရှိတဲ့ ရဟန်းသံဃာ အားလုံး ဟတ္ထပါသ်အတွင်းသို့ရောက်အောင်ပင့်ဆောင်ရတယ်။ အဲသလို တစ်ထောင့်ထွာ ဟတ္ထပါသ်စပ်အောင် ပင့်ဆောင်ခြင်းကို သံဃာသိမ်းတယ်လို့စာတွေထဲမှာ ရေးသားသုံးနှုန်းကြတယ်။ရွာထဲက အိမ်တွေမှာ အာဂန္တုဘုန်းကြီးများရှိရင်လည်း ပင့်ဆောင်ရတယ်။ ဆယ်အိမ်ခေါင်း၊ရာအိမ်မှူးတို့ကိုလည်းအိမ်တွေမှာ အာဂန္တုဘုန်းကြီး များရှိ/မရှိ တစ်အိမ်တက်ဆင်းအရှာခိုင်းရတယ်။လယ်တော၊ယာတော ထဲမှာ ခဏခေတ္တလယ်စောင့်၊ယာစောင့်ရန်နေတဲ့တဲ၊အိမ်တွေကိုလည်း စုံစမ်းရတယ်။ ရဟန်းများရှိလျှင် ကံဆောင်မည့်နေရာသို့ပင့်ဆောင် လာရမည်။ တကယ်လို့မလိုက်လာနိုင်ဘူးဆိုလျှင်လည်း သဘောတူ ဆန္ဒတောင်းခံခဲ့ရမည်။

တစ်ရွာနှင့်တစ်ရွာ အသွားအလာများတဲ့လှည်းလမ်း၊ကားလမ်း၊ လူသွားလမ်းများကိုလည်း အစောင့်များချထားရတယ်။သူကြီးတပိုင် ပကတိဂါမခေတ် နယ်စပ်ကသွားပြီးစောင့်ရမှာဖြစ်တယ်၊လှည်းပေါ် ကားပေါ်မှာ ခရီးသွားရဟန်းများပါလာပါက အချိန်စောသေးလျှင် ပင့်ပြီးလာခဲ့ပါ။ကံဆောင်တဲ့အချိန်ဖြစ်ခဲ့လျှင် အဲဒီဘုန်းကြီးရဟန်းကို ဒီဘက်နယ်စပ်သို့မဝင်ဘဲ သံဃာတော်များကံဆောင်နေလို့ ခဏ ခေတ္တသီတင်းသုံးနေပါဦးဘုရားလို့လေးလေးစားစားလျှောက်ထား၍ နေစရာကုလ္လားထိုင်စသည်ပေးထားရမည်။ ကံဆောင်လို့ပြီးတဲ့ အကြောင်း ထိုးစည်ထိုးမောင်းဖြင့်ဖြစ်စေ၊ အသံချဲ့စက်ဖြင့်ဖြစ်စေ၊ ဆက်သွယ်ရေးလူလွှတ်၍ဖြစ်စေ၊ ကံဆောင်၍ပြီးဆုံးပြီဖြစ်ကြောင်း နယ်စောင့်များကို ပြန်ခေါ်ရသည်။

## ကံပျက်သည်

ကံကြီးကံငယ်ပြုတဲ့အခါ ဂါမခေတ်အတွင်းမှာရှိတဲ့ သံဃာ တော်များအကုန်လုံးမသိမ်းခဲ့သော်၄င်း၊ ဒါမှမဟုတ် ဆန္ဒထိုက်တဲ့ ပုဂ္ဂိုလ်များ ဆန္ဒမဆောင်ခဲ့သော်၄င်း၊တစ်နေရာ၌ အာဂန္တုများရှိနေ ခြင်း၊ဖြတ်သန်းသွားလာခြင်းရှိခဲ့သော်၄င်း၊ရဟန်းခံခြင်းစတဲ့ကံများ ပျက်တော့သည်။မအောင်မြင်တော့ပါ။ အဲဒီနယ်သိမ်း၊နယ်စောင့်ရတဲ့ တာဝန်တွေ၊အခက်အခဲတွေများသောကြောင့် ဂါမခေတ်၊ပကတိဂါမ သိမ်၊ သူကြီးတစ်ပိုင်အတွင်း ကံကြီးကံငယ်ဆောင်လို့ရသော်လည်း မလွယ်ကူသဖြင့် လွယ်ကူစေခြင်းငှာ 'ဝိသုံဂါမသိမ်'နယ်သိမ်းပြီး၊ ဗဒ္ဓသိမ်၊ခဏ္ဍသိမ်များပြုလုပ်ရခြင်းဖြစ်သည်။

## ဝိသုံဂါမဖြစ်ပုံ

သူကြီးတစ်ပိုင်ဖြစ်သော ပကတိဂါမသိမ်အတွင်း၌ ကံကြီး ကံငယ်ပြုလို့ရသော်လည်း သံဃာသိမ်းရတဲ့အခက်အခဲ၊နယ်စောင့်ရတဲ့ အခက်အခဲများကြောင့်ကံပြုလို့လွယ်ကူစေရန် ရွာသီးခြား၊မြို့သီးခြား၊ နယ်သီးခြား–ခွဲခြမ်းပိုင်းခြား၍ပေးနိုင်သော အာဏာရှိသောမင်းများထံ

လက်ရှိအုပ်ချုပ်နေသော သူကြီးမှတပါး တကာ+တကာမ တစ်ဦးဦးက ဂါမဘောဇက(ရွာစား)အမည်ခံ၍ ကျောင်းတိုက်အတွင်း ပေ-၃၀၊ပေ-၄၀ ရှိမြေအပိုင်းအခြားကို သိမ်သမုတ်လိုပါသဖြင့် ဝိသုံဂါမသိမ်(သီးခြားရွာ)ပေးသနားတော်မူပါရန် အသနားခံအပ်ပါသည်ဟု လျှောက်လွှာတင်သွင်းသောအခါ သက်ဆိုင်ရာအာဏာပိုင်မင်းများက တဖန်ပြန်၍ လျှောက်ထားတင်သွင်းသော ပေ-၃၀၊ပေ-၄၀ ရှိမြေကို ပကတိဂါမ မူလရွာမှ ဝိသုံဂါမ အသီးအခြားရွာဖြစ်စေ၊ လျှောက်ထားသူ(ဦးဖြူ)အား ဝိသုံဂါမဘောဇက=အသီးအခြား ရွာစားအဖြစ် ဖြင့်ခံအပ်ပေးသည်။ (ဦးဖြူ)က ဝိသုံဂါမဘောဇက=အသီးအခြား ရွာစားအဖြစ်ခံစေ-ဟုအမိန့်ချမှတ်၍ ပေးလိုက်လျှင် 'ဝိသုံဂါမသိမ်' ဖြစ်တော့သည်။ သူကြီးတစ်ပိုင် တနယ်လုံးမသိမ်းရတော့ဘဲ ကံကြီး ကံငယ်ဆောင်ရာ၌ လွယ်ကူသွားသဖြင့်'ဝိသုံဂါမ'သိမ်တောင်းရခြင်း ဖြစ်သည်။ ဝိသုံဂါမသိမ်အတွင်း၌ရှိသောသံဃာများသာ ဟတ္ထပါသ် စပ်လျှင်ပြီးဒါဘဲ၊လွယ်ဒါပေါ့။

## 'ဝိသုံဂါမ' ပေးပုံပါဠိ

ယမ္ပိ ဧကသ္မိံယေဝ ဂါမခေတ္တေ ဧကံပဒေသံ အယံ ဝိသုံဂါမော ဟောတု တိ ပရိစ္ဆိန္ဒိတွာ ရာဇာ ကဿစိ ဒေတိ၊ သောပိ ဝိသုံဂါမသီမာ ဟောတိယေဝ ။ (ဋ၊၃၃၃)

(အနက်) ဧကသ္မိံ-တစ်ခုသော၊ဂါမခေတ္တေယေဝ-ဂါမခေတ်၌သာလျှင်၊ ဧကမ္ပိ-တစ်ခုလည်းဖြစ်သော၊ယံပဒေသံ-အကြင်အရပ်ကို၊အယံ-ဤ အရပ်သည်၊ဝိသုံဂါမော-ပကတိဂါမမှ အသီးအခြားဖြစ်သောရွာသည်၊ ဟောတု-ဖြစ်စေ၊ဣတိ-ဤသို့၊ပရိစ္ဆိန္ဒိတွာ-ပိုင်းခြား၍၊ရာဇာ-မင်းသည် ကဿစိ-တစ်စုံတစ်ယောက်သောသူအား၊ဒေတိ-ပေး၏၊သောပိ-ထို အရပ်သည်လည်း၊ဝိသုံဂါမသီမာ-ဝိသုံဂါမသိမ်သည်၊(ဝါ-သီးခြားပိုင်း ခြား၍ပေးအပ်သော ရွာငယ်ကလေးတစ်ခုသည်)ဟောတိယေဝ-ဖြစ် သည်သာလျှင်တည်း။

## နယ်သိမ်းသိမ်

အသမ္မတာယ ဘိက္ခဝေ သီမာယ အဋ္ဌပိတာယ ယံ ဂါမံ ဝါ နိဂမံ ဝါ ဥပနိဿာယ ဝိဟရတိ ယာ တဿ ဝါ ဂါမဿ ဂါမ- သီမာ နိဂမဿ ဝါ နိဂမသီမာ အယံ တတ္ထ သမာနသံဝါသာ ဧကု ပေါသထာ။ (ဝိ၊မဟာဝါပါဠိ-၁၅၀)

(အနက်) ဘိက္ခဝေ-ရဟန်းတို့၊သံဃော-သံဃာသည်၊သီမာယ-ဗဒ္ဓ သိမ်ကို၊အသမ္မတာယ-မသမုတ်အပ်သည်ရှိသော်၊အဋ္ဌပိတာယ-မထား အပ်သည်ရှိသော်၊ယံဂါမံဝါ-အကြင်ရွာကိုငှင်း၊ယံနိဂမံဝါ-အကြင်နိဂုံး ကိုငှင်း၊ဥပနိဿာယ-အမှီပြု၍၊ဝိဟရတိ-နေ၏၊တဿဂါမဿ-ထိုရွာ ၏၊ယာဂါမသီမာဝါ-အကြင်ရွာအပိုင်းအခြားသည်ငှင်း၊တဿနိဂမဿ- ထိုနိဂုံး၏၊ယာနိဂမသီမာဝါ-အကြင်နိဂုံးအပိုင်းအခြားသည်ငှင်း၊အတ္ထိ- ရှိ၏၊အယံ-ဤရွာ,နိဂုံးအပိုင်းအခြားသည်၊တတ္ထ-ထိုရွာ,နိဂုံး၌၊ဥပ- နိဿာယ-မှီ၍၊ဝသန္တဿ-နေသော၊သံဃဿ-သံဃာ၏၊သမာနသံဝါ သာ-တူသောကံကြီးကံငယ်ပြုရာဖြစ်သော သမာနသံဝါသသိမ်မည် ၏။ဧကုပေါသထာ-တူသောဥပုသ်ကံပြုရာသိမ်မည်၏။

ဤဝိနည်းမဟာဝါပါဠိတော်အရ- သမုတ်ထားအပ်သောဗဒ္ဓ သိမ်မရှိခဲ့ဘူးဆိုလျှင် မင်းများပိုင်းခြားသတ်မှတ်ထားတဲ့ ဂါမ,နိဂမ, နဂရသည် အလိုလို ဂါမသိမ်၊နိဂမသိမ်၊နဂရသိမ်ဖြစ်တော့သည်။ ထိုဂါမသိမ်စသည်တို့၌ ကံကြီးကံငယ်ပြုလို့ရတော့သည်။ထို့သို့ကံ ကြီးကံငယ်ပြုသောအခါ၌ အထက်ကပြဆိုခဲ့တဲ့အတိုင်း သူကြီးတစ် ပိုင် ဂါမခေတ်အတွင်း၌ ရှိတဲ့သံဃာတော်များ သိမ်းရခြင်း၊နယ်စောင့် များထားရခြင်းအခက်အခဲများပြုလုပ်ရသည်။

ဂါမဂ္ဂဟဏေန စေတ္ထ နဂရမ္ပိ ဂဟိတမေဝ ဟောတိ။(ဋ္ဌ၊၃၃၃)

စ-ဆက်၍ဆိုဦးအံ့၊ဧတ္ထ-ဤပါဠိတော်၌၊ဂါမဂ္ဂဟဏေန-ဂါမ သဒ္ဒါဖြင့်၊နဂရမ္ပိ-မြို့ကိုလည်း၊ဂဟိတမေဝ-ယူအပ်သည်သာလျှင်၊ ဟောတိ-ဖြစ်၏။

အထက်ပါပါဠိတော်က 'ဂါမနှင့်နိဂမ'ကိုသာဟောထားသော ကြောင့် အဋ္ဌကထာဆရာက ဂါမသဒ္ဒါဖြင့် နဂရသဒ္ဒါကိုလည်းယူရသည်ဟုပြသည်။

ဤကဲ့သို့ ဘုရားရှင်ခွင့်ပြုချက်အရ ဂါမသိမ်၊နိဂမသိမ်၊နဂရသိမ်–တို့၌ ကံကြီးကံငယ်ပြုလို့ရသော်လည်း မလွယ်ကူလှသဖြင့် လွယ်ကူစေရန် အာဏာပိုင်မင်းများထံ 'ဝိသုံဂါမ'သိမ်အမိန့်ရအောင် တောင်းခံ၍'ဗဒ္ဓသိမ်'သမုတ်ကြရသည်။ ထိုဝိသုံဂါမသိမ်တောင်းခံရာ၌လည်း မြို့နယ်၊ခရိုင်၊တိုင်း၊နိုင်ငံတော်ရောက်အောင်အဆင့်ဆင့် တောင်းခံနေရသဖြင့် မြန်လျှင်(၂)နှစ်လောက်၊ကြာလျှင်(၄)နှစ်လောက် အထိကြာနေတတ်သောကြောင့် သူကြီးတစ်ပိုင် ဂါမခေတ်အတွင်းမှာရှိတဲ့သံဃာတော်များသဘောတူညီနိုင်းဆွေးနွေးတိုင်ပင်ကြပြီးနယ်သိမ်းသိမ်သမုတ်ကြသည်။

## နယ်သိမ်းသမုတ်ပုံ

တတ္ထ ယတ္တကေ ပဒေသေ တဿ ဂါမဿ ဘောဇကာ ဗလိံ လဘန္တိ၊ သော ပဒေသော အပ္ပေါ ဝါ ဟောတု မဟန္တော ဝါ ဂါမသီမာတွေဝ သင်္ချံ ဂစ္ဆတိ။ နဂရနိဂမသီမာသုပိ ဧသေဝ နယော။

(၄၊၃၃၄)

(အနက်) တတ္ထ–ထိုဂါမ,နိဂမ,နဂရသိမ်တို့တွင်၊ယတ္တကေ–အကြင်မျှလောက်အတိုင်းအရှည်ရှိသော၊ပဒေသေ–အရပ်၌၊တဿဂါမဿ–ထိုရွာကို၊ဘောဇကာ–ရွာစား၊ရွာသူကြီးတို့သည်၊ဗလိံ–အခွန်တော်ကို၊လဘန္တိ–ရကြကုန်၏။သောပဒေသော–ထိုအရပ်သည်၊အပ္ပေါဝါ–ငယ်သည်မူလည်း၊ဟောတု–ဖြစ်စေ၊မဟန္တောဝါ–ကြီးသည်မူလည်း၊ဟောတုဖြစ်စေ၊ဂါမသီမာတွေဝ–ဂါမသိမ်ဟူ၍သာလျှင်၊သင်္ချံ–ရေတွက်အပ်သည်၏အဖြစ်သို့၊ဂစ္ဆတိ–ရောက်၏။နဂရနိဂမသီမာသုပိ–နဂရသိမ်,နိဂမသိမ်တို့၌လည်း၊ဧသေဝ နယော–ဤနည်းအတိုင်းသာလျှင်တည်း။

အဓိပ္ပါယ်ကား – အာဏာပိုင်မင်းများက အရပ်ဒေသကို–

မြေပုံ၌ပိုင်းခြားသတ်မှတ်၍၊ ဤနယ်အတွင်း၌ ရှိသော လယ်ခွန်၊ယာခွန်စသည်များကို ကောက်စားစေဟု သူကြီးတစ်ယောက် အားအပိုင်စားပေးထားသောအရပ်သည် ငယ်သည်ဖြစ်စေ၊ကြီးသည် ဖြစ်စေ ဂါမမည်တယ်။ သူကြီးတစ်ပိုင် ဂါမခေတ်၊ပကတိဂါမ သိမ်တစ်ခုဖြစ်တယ်လို့ဆိုလိုတယ်။ တချို့သူကြီးတစ်ပိုင်မှာ ရွာကြီး တစ်ရွာထဲရှိတယ်။တချို့သူကြီးတစ်ပိုင်မှာ ရွာလေးတွေ(၂)ရွာ၊(၃) ရွာ၊(၁၀)ရွာ၊(၁၁)ရွာလောက်အထိရှိတယ်။ အဲဒီရွာတွေ(၄)ရွာ၊(၅) ရွာမှ သူကြီးတစ်ပိုင်ဟု သတ်မှတ်လျှင် ဝိနည်းတော်အရ ဂါမ,တစ်ခု ပကတိဂါမသိမ်တစ်ခုဟု ယူရသည်။

## ဝိနည်းတော်လာ'ဂါမ'နှင့် ဝေါဟာရခေါ်'ဂါမ'

ရှင်းရှင်းပြောရလျှင် ဝိနည်းတော်လာ 'ဂါမ'ယူပုံကား- သူကြီးတစ်ပိုင်အတွင်း၌ သူကြီးက တစ်ရွာထဲအုပ်ချုပ်ရတယ်ဆိုလျှင် အဲဒီတစ်ရွာထဲကို'တစ်ဂါမ၊ပကတိဂါမသိမ်တစ်'ခုဟုယူရမည်။သူကြီးက (၂)ရွာ၊(၃)ရွာစသည်အုပ်ချုပ်ရတယ်ဆိုလျှင်အဲဒီ(၂)ရွာ၊(၃)ရွာစသည်မှ 'တစ်ဂါမ'၊ ပကတိဂါမသိမ်တစ်ခု-ဟုယူရမည်။

ယခုခေတ် အများခေါ်ဝေါ်ပြောဆိုနေကြတဲ့ ဝေါဟာရအသုံး အနှုန်းကတော့ သူကြီးတစ်ပိုင်အတွင်းမှာရှိတဲ့ ရွာလေးတွေကို အရှေ့ ရွာကတစ်ရွာ၊အနောက်ရွာတစ်ရွာ-စသည်ဖြင့် 'တစ်ရွာတစ်ဂါမ'လို့ ခေါ်ဝေါ်သုံးနှုန်းယူဆကြပါတယ်။ ဒီရွာကလေးတွေက သာမန်'ဂါမ' တော့ဟုတ်ပါတယ်၊ပကတိဂါမသိမ်တော့ မဟုတ်ပါ။

## ဂါမခေတ်,ဒိုင်နယ်,အုပ်စု

နယ်သိမ်းသိမ်းသမုတ်တဲ့အခါမှာ မြေစာရင်းဌာနမှ မြေပုံ၌ နယ်နိမိတ်ပိုင်းခြားသတ်မှတ်၍ သူကြီးအား အခွန်တော်ကောက်စားရန် အပိုင်စားပေးထားသောနယ်မြေ,လယ်၊ယာ၊ကိုင်းကျွန်း၊မြစ်၊ချောင်း၊ တော၊တောင်အားလုံးအတွင်း၌ အမြဲတန်းသီတင်းသုံးနေထိုင်သော သံဃာများနှင့်အာဂန္တုရဟန်းများ၊ကုန်းလမ်း,ရေလမ်း,တို့၌ခရီးသွားဆဲ

ရဟန်းများ၊ သုသာန်၌ရတင်ဆောင်သောရဟန်းများ၊တော တောင်၌ တောရဆောက်တည်သောရဟန်းများစသည်ဖြင့် တစ်ပါးမှ မကျန်ရအောင် ဆရာတော်ကြီးများနှင့်အာဏာပိုင်လူကြီးမင်းများ၊ စည်းဝေးတိုင်ပင်၍ ဆယ်အိမ်ခေါင်း၊ရာအိမ်မှူး၊နယ်စောင့်တာဝန်ခံ များ၊တာဝန်ပေးလျက် စေ့စေ့စပ်စပ် စုံစမ်းစစ်ဆေးကြပြီး ကြွရောက် နိုင်တဲ့ သံဃာများကို သိမ်သမုတ်မည့်နေရာသို့ပင့်ဆောင်ခြင်း၊ဆန္ဒာ ရဟာထိုက်တဲ့ရဟန်းများ ဆန္ဒဆောင်ခြင်းစသည်ဖြင့်၊အောက်က'ပကတိ ဂါမသိမ်'ကပြဆိုခဲ့တဲ့အတိုင်းပြုလုပ်ရသည်။

ဤနေရာ၌ အထူးဆိုလိုဒါက ဝိနည်းတော်လာ သူကြီးတစ်ပိုင် ပကတိဂါမသိမ်အတွင်းဘယ်နှစ်ရွာရှိရှိအကုန်သိမ်းရမည်ဟု သိစေ လို၍ 'ဂါမခေတ်တစ်ခုလုံး၊ဒိုင်နယ်တစ်ခုလုံး၊အုပ်စုတစ်ခုလုံး'ဟုထင် ရှားအောင်ပြဆိုခြင်းဖြစ်ပါသည်။

ဝေါဟာရခေါ်ဝေါ်နေတဲ့ ရွာကလေးတစ်ရွာထဲကိုပင် တစ်ဂါမ ထင်မှတ်၍ နယ်သိမ်းသိမ်မသမုတ်ရ-ဟုတားမြစ်ရာရောက်ပါသည်။ အဋ္ဌကထာကတော့ "တဿ ဂါမဿ ဘောဇကော ဗလိံ လဘန္တိ"ဟု ပြဆိုပါသည်။ ယခုခေတ် တချို့က ရွာကလေးတစ်ရွာဟာ တစ်ဂါမ- လို့ယူဆပြီး၊ နယ်သိမ်းသမုတ်ကြတယ်လို့သိရတယ်။ ဝိနယဓရ၊ ဝိနယဝိဒူ၊ဝိနယဆေက၊ ပရိယတ္တိဝိသာရဒ-ဖြစ်တော်မူသောသံဃာ ဥသျှောင်ဆရာတော်ကြီးများက လက်မခံကြပါ။အများမနှစ်သက်သော အလုပ်ကို အထူးသတိထား၍ ရှောင်ကြဉ်ကြပါ။ တစ်ရွာထဲကွက်ပြီး သိမ်းပါက ရွာသိမ်သာဖြစ်သည်။ နယ်သိမ်းမဖြစ်နိုင်။

## နယ်သတ်မှတ်ပုံ

သူကြီးခေတ်တုန်းက သူကြီးတစ်ပိုင်တစ်နယ်၊ ဆိုရှယ်လစ် ခေတ်က ကောင်စီတစ်ပိုင်တစ်နယ်၊ ယခုခေတ် န,ယ,က-အစိုးရ ခေတ်ကြတော့ ရ,ယ,က-တစ်ပိုင်ကျေးရွာအုပ်စုတစ်ပိုင်တစ်နယ်ဟု သတ်မှတ်ကြသည်။ နာမည်ဝေါဟာရ အခေါ်အဝေါ်သာ အမျိုးမျိုး

ပြောင်းလွဲသုံးနှုန်းသော်လည်း နယ်သတ်မှတ်ပုံကြတော့ ရှေးခေတ်သုကြီးတစ်ပိုင်သတ်မှတ်သောအတိုင်း တွေ့ရှိရသည်။

## နယ်သိမ်းရန်မလွယ်

ရှေးခေတ် ရှေးအခါတုန်းကတော့ သုကြီးပိုင်တစ်နယ်လုံးမှ ကျောင်းက(၂)ကျောင်း၊(၃)ကျောင်း၊အဲဒီကျောင်းတွေမှာလည်း ကိုရင်ကလေးတွေသာများတယ်၊ရဟန်းက တစ်ကျောင်းမှ(၂)ပါး၊(၃)ပါးသာ အများဆုံးရှိတယ်။ တောတွေမှာဆိုလျှင် တစ်ရွာနဲ့တစ်ရွာကူးတဲ့ လှည်းလမ်းတစ်လမ်း၊လှေလမ်းတစ်လမ်းလောက်ဘဲရှိတယ်။ လှည်းခေတ်၊လှေခေတ်ဆိုတော့ အသွားအလာလည်းနည်းတယ်၊တနယ်လုံးမှ တစ်လမ်းနှစ်လမ်းရှိတယ်ဆိုတော့ နယ်သိမ်းတဲ့အခါမှာ ပင့်သံဃာဘဲရှိတယ်၊အထူးသံဃာသိမ်းစရာမလိုလှဘူး၊လမ်းတွေစောင့်တော့လည်း ဟိုဘက်ထိပ်စောင့်၊ဒီဘက်ထိပ်စောင့်လိုက်လျှင်ပြီးဒါဘဲ။ အခက်အခဲသိပ်ပြီးမရှိလှဘူး၊ ယခုခေတ်တော့လမ်းပန်းဆက်သွယ်မှုကလည်း များလာတယ်။ ကား၊ရထား၊ဆိုင်ကယ်၊စက်လှေတွေခေတ်ဖြစ်လာတယ်။ ဘုန်းကြီးကျောင်းတွေကလည်းတိုးလာ,သံဃာတွေကလည်းတိုးလာ အချိန်မရွေးသွားလာနေလို့ဖြစ်နေတယ်ဆိုတော့သံဃာတွေ သိမ်းရတာ နယ်စောင့်တွေချထားရတာလည်း အခက်အခဲဖြစ်တယ်။ ဒါ့ကြောင့် ယခုခေတ်နယ်သိမ်းသိမ်သမုတ်ရတာက မလွယ်ကူဘူး။

## မျက်စေ့လည် သိမ်ပျက်

ရှေး ဖ၊ဆ၊ပ၊လ–ခေတ်က ရွှေဘိုနယ်တောရွာတစ်ရွာမှာ ည(၁၂)နာရီလောက် နယ်သိမ်းသိမ်သမုတ်တယ်တဲ့၊တိုက်တိုက်ဆိုင်ဆိုင်ဖြစ်ချင်တော့ အဲဒီနေ့ညက အာဂန္တုဘုန်းကြီးတစ်ပါးကလည်း ထိုသိမ်သမုတ်တဲ့ရွာရဲ့အနီးအနား ရွာတစ်ရွာက အလှူပင့်လို့လှည်းနဲ့ညအိပ်ကြွလာသတဲ့။ ခရီးကလည်းဝေး၊တစ်ရွာနဲ့တစ်ရွာကလည်းမနီး၊လမ်းမသိလို့မေးစရာလူကလည်းတစ်ယောက်မှမတွေ့လာသာတဲ့ရက်လည်း

မဟုတ်တော့ သစ်တော၊ဝါးတောကြီးထဲမှာ မှောင်မှောင်မဲမဲနဲ့ လက်နှိပ်ဓာတ်မီးနဲ့ဟိုထိုးဒီထိုးပေါ့။လှည်းလမ်းကြောင်းတွေ့ရာကိုသာ မှန်းဆပြီးသွားနေရတယ်။ တောထဲသွားတဲ့လမ်းလား ?ရွာထဲသွားတဲ့ လမ်းလားလည်းမသိ၊ တောထဲမှာတဝဲဝဲလည်လည် လမ်းစပျောက်ပြီး ဘုန်းကြီးနဲ့လှည်းသမား တိုင်ပင်ကြကာ ဒီအတိုင်းဆက်သွားနေလဲ ပိုပြီးဆိုးလိမ့်မယ်၊မနက်လင်းမှသွားကြရအောင်၊ဒီညဒီသစ်ပင်ကြီး အောက်အိပ်ကြတာပေါ့ဆိုပြီး နွားလှည်းချွတ်ခါ စကားတပြောပြောနဲ့ မနက်မိုးလင်းအောင်စောင့်နေရတာပေါ့။တောထဲမှာကြောက်စရာကြီး၊ တစ်ခါမှလည်းမရောက်ဖူးဘူး၊ဘယ်အိပ်ပျော်ပါ့မလဲ ?မနက်မိုးလင်း တော့ နွားလှည်းပြန်ကပြီးသွားကြသတဲ့။(၁၀)မိနစ်၊(၁၅)မိနစ်လောက် သွားလိုက်တော့ အဲဒီည က သိမ်သမုတ်တဲ့တောကျောင်းကလေးမှာ သိမ်သမုတ်အပြီး စီစီကားကားနဲ့တကာ+တကာမတွေအလှူလုပ်နေဒါ မြင်ရတော့ ဘုန်းကြီးက လှည်းသမားကိုလှမ်းပြီး“အေး–ကျောင်းမှာ အလှူပွဲရှိတယ်ထင်တယ်ကွ ”လို့ပြောပြီးရှေ့သွားမယ့်ရွာကိုဆက်သွား ကြသတဲ့။ နောက်(၆)နှစ်လောက်ကြာတော့ အဲဒီသိမ်သမုတ်တဲ့ရွာ ကလေးကပဲ အလှူပင့်လို့ကြွတော့ ဒီကျောင်းမှာဘဲ တည်းခိုသီတင်း သုံးနေထိုင်ရသတဲ့၊ နေ့ဆွမ်းစားအပြီး သံဃာတော်များလှောက်ရည်ဝိုင်း အချိုပွဲဘုဉ်းပေးကြတဲ့အခါမှာ အာဂန္တုဘုန်းကြီးက စပ်မိစပ်ရာပြောရင်း သတိယတာနဲ့ တပည့်တော်လွန်ခဲ့တဲ့(၆)နှစ်တုန်းက ဟိုဘက်ရွာက အလှူပင့်လို့တစ်ခေါက်ရောက်ဖူးတယ်၊ လှည်းသမားနဲ့တပည့်တော်နဲ့ မျက်စိလည်လမ်းမှားနေလို့ ဒီကျောင်းအနောက်ဖက်က တောထဲမှာ တစ်ညအိပ်ပြီး မနက်မိုးလင်းတော့ လာတဲ့အခါမှာ အရှင်ဘုရားတို့ ကျောင်းမှာ ညှေ့ပရိသတ်တွေစီစီကားကားနဲ့အလှူပွဲလုပ်နေဒါတွေ့ ခဲ့ရတယ်၊ ဘယ်နှနှစ်၊ဘယ်နေ့၊ဘယ်ရက်ကပဲပေါ့–လို့ပြောတော့ တအံ့တသြ ပျာပျာသလဲလဲဖြစ်ပြီး ဒီလိုဆို တပည့်တော်တို့ သိမ် သမုတ်ပွဲကျင်းပတဲ့နေ့ထင်တယ်၊ သိမ်မှတ်တမ်းစာအုပ်ကိုကြည့်ပါ–

ဦးမည်–ဟုဆိုပြီး၊ ဘီရိုထဲက မှတ်တမ်းစာအုပ်ကိုရှာပြီးကြည့်တော့ နယ်သိမ်းသိမ်သမုတ်တဲ့ညက ခုနှစ်၊လ၊ရက်၊နေ့နဲ့တစ်နေ့ထဲဖြစ်နေသဖြင့် ဆရာတော်ကြီးတွေက 'ဟာ–ဒီလိုဆို ဒီနယ်သိမ်းသိမ်ပျက်ပြီ'ဟုရိုးရိုမ်တကြီးပြောဆိုကြလျှက် စိတ်နှလုံးမသာမယာဖြစ်ကြခါ ဒီသိမ်မှာ ရဟန်းခံခဲ့ဘူးသလား?ဟုမေးကြသောအခါ ရဟန်းတော့မခံခဲ့ဘူးပါဘူး၊ဥပုသ်,ပဝါရဏာကံနဲ့ကထိနကံမျိုးသာပြုခဲ့ဘူးပါတယ်,ဟုကျောင်းဘုန်းကြီး ပြောပြတော့မှ စိတ်သက်သာမှုရကြသတဲ့။ သိမ်ကတော့ မအောင်မြင်တော့ဘူး၊ပျက်သွားတာပေါ့။ဒါက ပင်လယ်ဘူးဆရာတော်ပြောပြဒါပါ။

## လယ်ကွင်းမှာ အာဂန္တု

ဒါကတော့ မကြာသေးပါဘူး၊ ၁၃၆၄–ခုနှစ်ကပါ။ဘိုကလေးမြို့နယ်၊ကိုင်းတောရွာ၊ကျုံစိန်ရွာ–ဆိုတာရှိတယ်။ကျုံစိန်ရွာမှာ ည(၁၁)နာရီလောက် နယ်သိမ်သမုတ်ကြသတဲ့။မနက်မိုးလင်းလို့ လယ်ထဲကအိမ်ကိုဆွမ်းအုပ်သွားပြီးယူတော့ လယ်တဲရှင်တကာမကြီးရဲ့ခေါင်တော်စပ်သူ အာဂန္တုဦးဇင်းတစ်ပါးက အမအိမ်အလည်လာရင်း အဲဒီညက တဲမှာဘဲ ကျိန်းနေတာတွေ့ရသတဲ့၊ဒါနဲ့ကျောင်းကိုအမြန်ပြန်ပြီး ညက အာဂန္တုတစ်ပါး လယ်ကွင်းထဲက တဲမှာ အိပ်တာတွေ့ခဲ့ရတယ်၊ သိမ်မအောင်မြင်တော့ဘူး၊ပျက်ပြီ၊ ပြန်ပြီးသမုတ်ရမယ်ဟု သံဃာတော်များလျှောက်ထားအသိပေးရသတဲ့။ ဒါကတော့ ကျုံစိန်မှာ ကျောင်းထိုင်နေတဲ့တပည့်ဦးကောသလ္လ ကလျှောက်ထားလို့သိရတဲ့အဖြစ်အပျက်ကလေးပါ။

## ဆန္ဒမယူလို့ သိမ်ပျက်

သဃ်ံန်းကျွန်း၊ဘဝမြင့်စံပြရပ်ကွက်ထဲမှာ ရှိတဲ့ကျောင်းတစ်ကျောင်း၊နယ်သိမ်းသိမ်သမုတ်ကြပါတယ်။ မြို့နယ်သံဃ နာယကများက ပင့်လို့တပည့်တော်တို့လဲပါပါတယ်။ တပည့်တော ာ သတိပေးပါသေးတယ်။ဒီရပ်ကွက်က ကျောင်းလည်းများတယ် သံဃာလည်း

များတယ်၊ သိမ်းလို့ဖြစ်ပါ့မလား–လို့အကြံပြုတော့ အားလုံး ကာယကံရှင်က အစဥ်ပြေအောင်လုပ်ထားပါတယ်ဆိုတော့ ည(၁၂) နာရီအချိန်မှာ သိမ်သမုတ်ကြပါတယ်၊နောက်တစ်နေ့လည်းရောက်ရော သိမ်သမုတ်တဲ့ကျောင်းရဲ့တစ်ကျောင်းကျော်ဘုန်းကြီးက မြို့နယ်အတွင်း ရေးမှူးဆရာတော်ဦးစက္ကိန္ဒ ကိုတွေ့တာနဲ့အရှင်ဘုရားတို့ ပထမနေ့က သိမ်သမုတ်တာ တပည့်တော်တို့နဲ့တစ်ရပ်ကွက်ထဲဘဲ၊တစ်ကျောင်းပဲ ကျော်တာ၊ ပင့်လည်းမပင့်ဘူး၊တပည့်တော်ဆီလည်းဆန္ဒလာမယူဘူး၊ ဦးပဥ္စင်းတွေဆီမှာလည်း တစ်ပါး,နှစ်ပါးယူပြီးအကုန်ယူမသွားဘူးဟု ပြောလိုက်သတဲ့။ ဒါနဲ့ဆရာတော်ဦးစက္ကိန္ဒ ကလည်း တပည့်တော်ဆီ ပြေးလာပြီး ဒီလိုဒီအကြောင်းတွေဖြစ်နေပြီ၊သိမ်ကတော့ပျက်သွားပြီ၊ မအောင်မြင်တော့ဘူး၊ဘယ်လိုလုပ်မလဲလို့ အကြံလာပြီးတောင်းတော့ ဒီလိုဆို ကာယကံရှင်ဘုန်းကြီးကိုခေါ်ပြီးတိုးတိုးတိတ်တိတ်'အရှင် ဘုရားရဲ့သိမ်က မအောင်မြင်ဘူး၊ကံကြီးကံငယ်တော့မပြုနဲ့၊နောက်မှ ဝိသုံဂါမသိမ်တောင်းလိုက်လို့–အကြံပြုလိုက်တော့ လက်ခံသွားတယ် လို့သိရပါတယ်။ ဒီနေရာမှာ ဆန္ဒဆောင်တဲ့ပုဂ္ဂိုလ်က နားမလည်တော့ တစ်ကျောင်းလျှင်တစ်ပါး၊နှစ်ပါးထံမှ ဆန္ဒကိုယူသွားလျှင်ပြီးတယ်လို့ မှတ်ထင်သည့်အတွက် သိမ်ပျက်ရခြင်းဖြစ်သည်။ဆန္ဒပေးပုံ,ဆန္ဒ ဆောင်ပုံ,ဆန္ဒကြားပုံကိုသိနားလည်တဲ့ပုဂ္ဂိုလ်အားသာတာဝန်ပေးသင့်သည်။

## သံဃာမသိမ်း၍သိမ်ပျက်

ဖြစ်ပျက်ပုံမှာ– ၁၃၄၇–ခုနှစ်၊သီတင်းကျွတ်လပြည့်ကျော်(၅) ရက်(၃၊၁၁၊၈၅)တနင်္ဂနွေနေ့ညတွင် မွန်ပြည်နယ်၊ဘီးလင်းမြို့နယ်၊ မရမ်းကုန်းကျေးရွာအုပ်စု၊ငါးဘတ်ချောင်းရွာ၊ဉာဏစာဂီရိပ်သာ(ခေါ်) တေဇစက္ကိရိပ်သာခွဲ၌ တေဇစက္ကိဆရာတော်ကိုယ်တိုင် ဦးစီးပြီးလျှင် နယ်သိမ်း၍ ခဏ္ဍသိမ်သမုတ်သည်။ ထိုသူကြီးတစ်ပိုင်၊ ကျေးရွာ ကောင်စီတစ်ပိုင်(ရ၊ယ၊က)တင်ိုင်ဖြစ်သော မရမ်းကုန်းကျေးရွာအုပ်စု၊ ဂါမခေတ်အတွင်း၌ ကျေးရွာပေါင်း(၁၄)ရွာရှိပြီး၊ကျောင်းပေါင်း(၁၂)

ကျောင်းရှိသည်။ သီတင်းကျွတ်လပြည့်ကျော်(၅)ရက်နေ့က ငါးဘတ်ချောင်း,တာလမ်းရွာ၊ပညာသိဂ်ီကျောင်းနှင့်ငှက်သိုက်ကျောင်းတို့၌ ကထိန်ပွဲရှိသဖြင့် ပင့်သံဃာအာဂန္တုများလည်း အများအပြားရှိနေကြသည်။

သံဃာတော်များကို ပင့်ဆောင်ခြင်း၊ဆန္ဒဆောင်ယူခြင်းမပြုလုပ်ဘဲ ကျောင်းထိုင်ဘုန်းကြီးများကိုသာ ဝတ္ထုငွေ ၁၀ဝိ/စိကပ်လှူ၍ ဆန္ဒယူလက်မှတ်ထိုးရိုင်းပြီး နယ်သိမ်းသိမ်သမုတ်ခဲ့သဖြင့် ---

၁။ နိမိတ္တသမ္ပတ္တိ၊ ၂။ ပရိသာသမ္ပတ္တိ၊ ၃။ ကမ္မဝါစာသမ္ပတ္တိ-ဟူသော သမ္ပတ္တိ(၃)ပါးတို့တွင် ၂။ပရိသာသမ္ပတ္တိယုတ္တမဖြစ်၍ မအောင်မြင်ကြောင်း၊ နိုင်ငံတော်ဗဟိုသံဃဝန်ဆောင်၊ငါးဘတ်ချောင်း၊တာလမ်းရွာ၊ပညာသိဂ်ီကျောင်းဆရာတော်ဘဒ္ဒန္တသောမသိရိ ကစောဒကပြုလုပ်၍ နိုင်ငံတော်သံဃမဟာနာယကထံ ဝိနိစ္ဆယချမှတ်ပေးတော်မူပါရန်တင်ပြလျှောက်ထားသဖြင့် နိုင်ငံတော်သံဃမဟာနာယကမှ ၁၃၆၂-ခုနှစ်၊ သီတင်းကျွတ်လဆန်း(၁၂)ရက်၊(၉၊၁၀၊၂၀၀၀)တနင်္လာနေ့တွင် နိုင်ငံတော်သီးခြားဝိနည်းဓိုရ်များ အောက်ပါအတိုင်းဖွဲ့စည်းလျက် သိမ်-အောင်မြင်မှုရှိ/မရှိဆုံးဖြတ်စေခဲ့ပါသည်။

၁။ ဘဒ္ဒန္တခေမိန္ဒ ခြောက်ထပ်ကြီးဘုရားကြီးတိုက်၊ဗဟန်း။
၂။ ဘဒ္ဒန္တသုရိယ မဟာမြိုင်ကျောင်း၊ အင်းစိန်။
၃။ ဘဒ္ဒန္တဓမ္မာနန္ဒ စစ်ကိုင်းစာသင်တိုက်၊ သဃၤန်းကျွန်း။

## ဆုံးဖြတ်ချက်

၁၃၆၂-ခုနှစ်၊တန်ဆောင်မုန်းလဆန်း(၈)ရက်(၃၊၁၁၊၂၀၀၀)သောကြာနေ့၌ ဆုံးဖြတ်ချက်ချမှတ်သည်။ မွန်ပြည်နယ်၊ဘီးလင်းမြို့နယ်၊မရမ်းကုန်းကျေးရွာအုပ်စု၊ငါးဘတ်ချောင်းရွာ၊ဉာဏစာဂီရိပ်သာခေါ်-တေဇစက္ကီရိပ်သာ၌ ၁၃၄၇-ခုနှစ်၊သီတင်းကျွတ်လပြည့်ကျော်(၅)ရက်၊တနင်္ဂနွေနေ့ညပိုင်း သမုတ်အပ်သော 'သီမာသမုတိကံ'သည် ဝဂ္ဂဒေါသဖြစ်၍ ပရိသာသမ္ပတ္တိယုတ္တအင်္ဂါချို့ယွင်းသောကြောင့်-

အောင်မြင်ခြင်းမရှိ-ဟုနိုင်ငံတော်သီးခြားဝိနည်းမိုရ်များက ဆုံးဖြတ်တော်မူကြသည်။

ဤနေရာ၌ သူကြီးတစ်ပိုင်၊(ရ၊ယ၊က)တစ်ပိုင်အတွင်းရှိ သံဃာတော်များမသိမ်းဘဲ သမုတ်သောကြောင့် သိမ်ပျက်ရခြင်းဖြစ်သည်။ ယခု (၁၅)နှစ်ရှိမှ သိမ်မအောင်မြင်မှန်း သိရသဖြင့်(၁၅)နှစ်အတွင်း "ဤသိမ်၌ ရဟန်းခံခဲ့ပါက ရဟန်းမဖြစ်၊ တစ်ခြားကံများပြုလုပ်ပါကလည်း မအောင်မြင်တော့ပါ။ (အထူးသတိထားရမည်)

## ဗလိ လဘန္တိ

သူကြီးတစ်ပိုင်သည် ပကတိဂါမသိမ် တစ်ခု(တစ်ဂါမ)ဟုဆိုသဖြင့် သူကြီးတစ်ပိုင်ဆိုတာ ဘယ်လောက်ကျယ်သလဲ၊ဘယ်လောက်အတိုင်းအရှည်ရှိသလဲ-ဟုမသိမှာစိုးသောကြောင့်အဋ္ဌကထာက " ဗလိ လဘန္တိ "အခွန်ကောက်စားရာ အရပ်ဒေသအတွင်းသည် သူကြီးတစ်ပိုင်ဖြစ်သည်ဟု ဖွင့်ပြသည်။တစ်ခါသူကြီးတစ်ပိုင်အတွင်းမှာလည်း အခွန်ကောက်စားလို့မရတဲ့ သုသာန်,လမ်း,ကျောင်းမြေ,ဘုရားမြေ,ရေတွင်း,ရေကန်,တစ်ဘက်ဆည်ကန်,တောင်-စသည်ရှိနေပြန်သဖြင့် ယုံမှားသံသယဖြစ်မှာစိုးသောကြောင့် ဤသုသာန်၊လမ်းစသည်တို့သည် အခွန်မရသော်လည်း ပကတိဂါမထဲအကျုံးဝင်ပုံကို (ဝါ-တစ်ဂါမ,ဖြစ်ပုံကို ဋီကာက ထပ်ဆင့်ဖွင့်ပြရပြန်သည်။

ဗလိ လဘန္တိတိ ဣဒံ ယေဘုယျဝသေန ဝုတ္တံ။"အယံဂါမော ဧတ္တကော ကရီသဘာဂေါ"အာဒိနာ ပန ရာဇပဏ္ဏေသု အာရောပိတေသု ဘူမိဘာဂေသု ယသ္မိံ ယသ္မိံ တဠာက မာတိကာ သုသာန ပဗ္ဗတာဒိကေ ပဒေသေ ဗလိံ န ဂဏှန္တိ။ သောပိ ဂါမ သီမာဝေ။

ဗလိ လဘန္တိတိ ဣဒံ-ဗလိ လဘန္တိ-ဟူသောဤစကားကို၊ ယေဘုယျဝသေန-ယေဘုယျနည်း၏အစွမ်းအားဖြင့်၊ဝုတ္တံ-ဆိုအပ်၏။ ပန-စင်စစ်သော်ကား၊အယံဂါမော-ဤရွာသည်၊ဧတ္တကော-ဤမျှအတိုင်းအရှည်ရှိသော၊ကရီသဘာဂေါ-ကရီသအဘို့ရှိ၏၊ဣတိအာဒိနာ-

ဤသို့အစရှိသည်ဖြင့်၊ရာဇပစ္စေသူမင်း၏မြေပုံတို့၌၊အာရောပိတေသု–တင်ထားရေးဆွဲပိုင်းခြားမှတ်သားထားအပ်ကုန်သော၊ဘူမိဘာဂေသု–မြေအဘို့တို့၌၊ယသ္မိံ ယသ္မိံ တင္ဇာက မာတိကာ သုသာနပဗ္ဗတာဒိကေ–အကြင်အကြင်တစ်ဘက်ဆည်ကန်,ရေမြောင်း,သုသာန်,တောင်အစရှိသော၊ပဒေသေ–အရပ်၌၊ဗလိံ–အခွန်ကို၊နဂဏှန္တိ–မရကုန်။သောပိ–ထိုအရပ်သည်လည်း၊ဂါမသီမာဧဝ–ဂါမသိမ်မည်သည်သာလျှင်တည်း။ (ဝိမတိ၊ဋီ၊၂။၁၅၇)

## နယ်သာပဓာန

အခွန်စားရာ အရပ်အပိုင်းအခြားသည် 'ပကတိဂါမသိမ်'ဖြစ်သည်ဟုပြဆိုခြင်းသည် ယေဘုယျအားဖြင့် မှတ်လို့လွယ်ကူစေရန် အဋ္ဌကထာကဖွင့်ပြခြင်းဖြစ်သည်။ အဓိကလိုရင်းကတော့ အာဏာရှိသောမင်းများက မြေပုံရေးဆွဲပိုင်းခြားမှတ်သား၍ ဤနယ်အပိုင်းအခြားသည် သူကြီးတစ်ပိုင်'ဝ႑ာဂါမ'ဖြစ်သည်ဟု နယ်သတ်မှတ်ထားခြင်းသည်သာလျှင် 'ပဓာန'ဖြစ်ကြောင်း ဋီကာကဖွင့်ပြခြင်းဖြစ်သည်။ တဖန် ယခုခေတ်အလွယ်ကြိုက်သူများက မြေပုံ၌ သူကြီးပိုင်တစ်နယ်သတ်မှတ်ထားသည်ကို ထင်ထင်ရှားရှားရှိပါလျက် သူကြီးပိုင်အတွင်းရှိသော ရွာသိမ်ရွာငယ်ကလေးတစ်ရွာထဲကိုပင် တစ်နယ်ဟုယူဆကြပြီးနယ်သိမ်းသိမ်သမုတ်ကြခြင်း၊ကျောင်း၏အုဋ္ဌတံတိုင်းအတွင်းသည် တစ်နယ်ဖြစ်သည်ဟုယူဆကြပြီး၊အုဋ္ဌတံတိုင်းအတွင်း၌ရှိသော ကျောင်းတိုက်သံဃာကိုသာ သိမ်းပြီးသိမ်သမုတ်ကြခြင်းများပြုလုပ်နေကြသည်ဟုကြားသိရသည်။ (နယ်အယူမှားနေပြန်သည်)

## ဂရုကကိုလိုက်နာ

သီမာဝိပတ္တိ ဟိ ဥပသမ္ပဒါဒိ သဗ္ဗကမ္မဝိပတ္တိ မူလံ။(ဝိမတိ၊ဋီ ၂။၁၄၄)

ဟိသစ္စံ–မှန်၏၊သီမာဝိပတ္တိ–သိမ်ပျက်ခြင်းသည်၊ဥပသမ္ပဒါဒိ သဗ္ဗကမ္မဝိပတ္တိ မူလံ–ဥပသမ္ပဒကံအစရှိသော အလုံးစုံသော ကံ၏ပျက်စီးခြင်း၏ အကြောင်းရင်းပေတည်း။–ဟူသည်နှင့်အညီ–––

–သိမ်မအောင်မြင်လျှင် ဤသိမ်၌ပြုလုပ်သမျှ ကံကြီးကံငယ် အားလုံးပျက်စီးနိုင်သောကြောင့် ပေါ့ပေါ့တန်တန် မလေးမစား အများ လက်မခံ မနှစ်သက်သော အလုပ်မျိုးကို မလုပ်ကြစေမူ၍ တိတိကျကျ မှန်မှန်ကန်ကန် ပညာရှိသူတော်ကောင်းအများလက်ခံသောနည်းကို ဝိနည်းအရာဖြစ်သောကြောင့် "ဂရုကေဠာတဗ္ဗံ" နှင့်အညီ 'ဂရုက' အရာ ကိုသာလိုက်နာသင့်ကြပေသည်။ ဗဟုသုတဖြစ်စေရန် နယ်သိမ်းသိမ် နှင့်ပတ်သက်လို့အတွေ့အကြုံများရေးသားဖော်ပြလိုက်ရခြင်းဖြစ်သည်။

## ဆန္ဒဆောင်ပုံ

ဆန္ဒာရဟာ–ရဟန်းများထံ ဆန္ဒတောင်းခံရသည်။ဆန္ဒာရဟာ– ရဟန်းက ဆန္ဒပေးရသည်။ ဆန္ဒပေးပုံ–

"ဆန္ဒံ ဒမ္မိ၊ ဆန္ဒံ မေ ဟရ၊ ဆန္ဒ မေ အာရောစေဟိ" ဟု (၃)ကြိမ်ဆို၍ပေးရမည်။ ဆန္ဒပေးသောရဟန်းများက များနေခဲ့သော် ဆန္ဒဆောင်သောရဟန်းက စာအုပ်ဖြင့်တစ်ပါးချင်း၏ ဘွဲ့အမည်များကို အစဉ်အတိုင်း ရေးမှတ်ထားရမည်။ သိမ်အပြင်သံဃာအားလုံးစုံသော အခါကြမှ သံဃဟတ္ထပါသ်အတွင်းသို့သွားရောက်ပြီး ဆန္ဒကြားရမည်။

## ဆန္ဒကြားပုံ

"တိဿေန ဘိက္ခုနာ ဆန္ဒော ဒိန္နော တမဟံ သံဃဿ အာရောစေမိ" ဟု(၃)ခေါက်ကြားရမည်။ (၄)ပါး၊(၅)ပါးဖြစ်ခဲ့လျှင် "ဥတ္တမေန ဘိက္ခုနာ, "ကုမာရေန ဘိက္ခုနာ, "စန္ဒနာမကေန ဘိက္ခုနာ, စသည်ဖြင့်မှတ်ယူခဲ့သော ဆန္ဒပေးလိုက်သောရဟန်းအားလုံး၏ ဘွဲ့ အမည်များကို စာအုပ်ကိုကြည့်ပြီးကုန်စင်အောင်ကြားရမည်။မြန်မာလို ကြားလည်းရပါသည်။ ကြားပုံမှာ–––

'ဇေယျသုခကျောင်းတိုက်မှ ဆရာတော်ဦးကောဏ္ဍည ကဆန္ဒ ပေးလိုက်ပါသည်ဘုရား၊ထိုဆန္ဒကို သံဃာတော်များအား လျှောက်ကြား ပါသည်ဘုရား' လို့ကြားရသည်။ (သံဃဟတ္ထပါသ်အတွင်းရောက်မှ ဆန္ဒကြားရန် သတိထားပါ)

## ဟတ္ထပါသ်ရောက်မှ ဆန္ဒအောင်

"ဆန္ဒဟာရကော စေ ဘိက္ခဝေ ဒိန္နေ ဆန္ဒေ သံဃပ္ပတ္တော သင္ဃိစ္စ န အာရောစေတိ၊ အာဟဋ္ဋော ဟောတိ ဆန္ဒော၊ ဆန္ဒဟာရကဿ အာပတ္တိ ဒုက္ကဋဿ" (ဝိ.မဟာဝါ၊၁၆၄)

ဘိက္ခဝေ–ရဟန်းတို့၊စေ–အကယ်၍၊ဆန္ဒဟာရကော–ဆန္ဒကို ဆောင်သောရဟန်းသည်၊ဆန္ဒေ–ဆန္ဒကို၊ ဒိန္နေ–ပေးပြီးသည်ရှိသော်၊ သံဃပ္ပတ္တော–သံဃဘောင်သို့ရောက်၍၊သဉ္စိစ္စ–မပြောကြားလိုသော စေတနာရှိသည်ဖြစ်၍၊န အာရောစေတိ–မပြောကြားငြားအံ့။ဆန္ဒော–ဆန္ဒသည်၊အာဟဋ္ဋော–ဆောင်သည်မည်သည်၊ဟောတိ–ဖြစ်၏၊ဆန္ဒ–ဟာရကဿ–ဆန္ဒကိုဆောင်သောရဟန်းအား၊ အာပတ္တိ ဒုက္ကဋဿ–ဒုက္ကဋ်အာပတ်သင့်၏။

အဓိပ္ပါယ်ကတော့–ဆန္ဒကိုဆောင်ယူလာသောရဟန်းသည် ပြောကြားလိုသောစေတနာမရှိသည်ဖြစ်၍ ဆန္ဒကိုမကြားသော်လည်း သံဃာတော်များ၏ ဟတ္ထပါသ်အတွင်းသို့ ရောက်လာဒါနဲ့တစ်ပြိုင်နက်တည်းပေးလိုက်သောရဟန်းတို့ရဲ့ဆန္ဒအားလုံးအောင်မြင်သွားတော့သည်၊ဆန္ဒဆောင်ယူလာသောရဟန်းမှာတော့ ဆန္ဒမကြားသည့်အတွက် ဒုက္ကဋ်အာပတ်သင့်သည်၊ဒါကြောင့် ဆန္ဒကို ဟတ္ထပါသ်အတွင်းသို့ ရောက်မှကြားပါလို့ပြောရတာ။

## သိမ်အပြင်ထွက်ကြား

ကိုယ်တိုင်တွေ့ခဲ့ရတဲ့ အတွေ့အကြုံတစ်ခုကို ပြောရဦးမယ်။ ၁၃၄၉–ခုနှစ်က ၄/(က)ရပ်ကွက်၊သာသနာ့အလင်းရောင်ကျောင်းမှာ နယ်သိမ်းသိမ်သမုတ်ကြတယ်။အဲဒီတုန်းက တပည့်တော်က မြို့နယ် သံဃနာယက အကျိုးတော်ဆောင်တာဝန်ယူဆောင်ရွက်နေတဲ့အချိန် ဖြစ်ပါတယ်။ ကာယကံရှင် ဆရာတော်ဦးနန္ဒာဘာသ ကမြို့နယ် သံဃနာယကဆရာတော်များမှ သိမ်သမုတ်ပွဲ ကြီးကြပ်ဆောင်ရွက် ပေးပါရန်လျှောက်ထားသဖြင့် ပထမနေ့မှာ သိမ်နှုတ်ကိစ္စပြုလုပ်ကြပြီး

နောက်နေ့တွေမှာတော့ အလုပ်ကိစ္စမအားလပ်တာနဲ့အနီးအနား မှာရှိတဲ့ မြို့နယ်အဖွဲ့ဝင် သက်တော်(၇၈)နှစ်ရှိ ဆရာတော်ကြီးကို တာဝန်ယူဆောင်ရွက်ရန် လွှဲအပ်ကြလျက် သိမ်သမုတ်တဲ့နေ့မှ မြို့နယ် ဆရာတော်များနှင့်ပင့်သံဃာတော်များကြွရောက်ကြပါသည်။ည(၁၂) နာရီ သံဃာများ အစုံအညီရောက်ကြသောအခါ အခမ်းအနားမှူးက ဆန္ဒပေးသောရဟန်းများရှိပါက 'ဆန္ဒကြားရန်'–ဟုကြေငြာလိုက်တဲ့ အခါ ဆန္ဒဆောင်လာတဲ့ပုဂ္ဂိုလ်က သံဃဟတ္ထပါသ်အတွင်းမှ ဆန္ဒ ကြားရန် ပြုလုပ်နေစဉ် ဦးဆောင်တဲ့ဆရာတော်ကြီးက မတ်တတ် ရပ်တဲ့ပြီး ဒေါနဲ့မောနဲ့၊ ဟေ့–ဆန္ဒကြားမယ့်ကိုယ်တော်က သိမ်ထဲက မကြားရဘူး၊သိမ်အပြင်ထွက်ပြီးကြားရတယ်၊အပြင်ကိုထွက်ဆိုဒါနဲ့ သိမ်အပြင်ကနေ အော်ပြီးကြားရတယ်။

ကြွရောက်လာတဲ့ သံဃာတော်များကလည်း အံ့အားသင့်ပြီး သူ့ကြည့်ကိုယ်ကြည့်နဲ့ မဟုတ်မှန်းတော့ သိကြပါတယ်။လူကြီးဆို တော့ အပြောရခက်နေကြတာပေါ့။တပည့်တော်ကတော့ ရိုရိုသေသေနဲ့ "ဆရာတော်ဘုရား၊ အပြင်မထွက်ဘဲ ဒီဟတ္ထပါသ်အတွင်းကကြားလဲ ရပါတယ်ဘုရား"လို့လျှောက်တော့ သိမ်အပြင်ကို ထွက်သာကြားရ တယ်လို့ပြန်ပြောပါတယ်၊ဒါနဲ့ဦးနန္ဒာဘာသ ကစိုးရိမ်ပြီး၊ဆန္ဒအောင် ပါ့မလား?တဲ့။တပည့်တော်ကိုမေးတော့-'ဆန္ဒဆောင်လာတဲ့ပုဂ္ဂိုလ် သံဃာတို့၏ ဟတ္ထပါသ်အတွင်း ရောက်လာတာနဲ့အောင်ပါတယ်။ ကြားလျှောက်တာကိုလည်း သံဃာအားလုံး ကြားနေဒါဘဲ၊သံသယ မဖြစ်ပါနဲ့–လို့အထက်ကပါဠိတော်အတိုင်းပြောပြရတယ်။

## ဒီနည်းအတိုင်း

နောက်ထပ်မြို့နယ်သံဃနာယကအဖွဲ့ဝင် မြရတနာကျောင်း၊ ဦးကုမာရနှင့်တွေ့တော့ 'ကိုယ့်လူရေ–ကိုယ်တော့ အရင်တုန်းက အဖြစ်မျိုး အခုတခါတွေ့ခဲ့ပြန်ပြီ'။ ဘယ်လိုလဲ–ပြောပါဦး?တပည့် တော်–ဟိုတစ်နေ့က သိမ်သမုတ်ပင့်လို့သွားတယ်၊ဦးဆောင်တဲ့–

ဆရာတော်ကြီးက သက်တော်(၈၁)နှစ်ရှိပြီ၊ အရင်သာသနာ့အလင်းရောင်သိမ်သမုတ်တုန်းကလိုဘဲ သံဃာတွေစုံလို့ ဆန္ဒကြားတဲ့အခါ သိမ်အပြင်ကိုထွက်ပြီး အကြားရိုင်းပြန်တယ်၊ ဒါနဲ့တပည့်တော်က 'ဆရာတော်ဘုရား–ဆန္ဒကြားတဲ့အခါမှာ သံဃာတော်များရဲ့ဟတ္ထပါသ်အတွင်းက ကြားရမှာဘုရား၊အပြင်ကထွက်ပြီးကြားတာမျိုးမတွေ့ဖူးဘူးလို့'လျှောက်တော့ 'အောင်မယ်–ဆရာတော်ကြီးက အကင်းပါးတယ်ဗျ၊ သူမှားမှန်းသိသွားပုံရတယ်၊ အေးဒါလည်း တစ်နည်းပေါ့'လို့ဆိုပြီး မြရတနာဘုန်းကြီးပြောသလို သံဃဟတ္ထပါသ်အတွင်းကတဖန်ထပ်ပြီးကြားတော့လည်း ပိုကောင်းတာပေါ့။ကြားလိုက်ပါ'ဆိုပြီး၊အကြားရိုင်းပြန်တယ်။ စုံစမ်းကြည့်တော့ 'ဒီနှစ်ပါးက ဆရာတူတပည့်တွေဖြစ်နေတယ်'လို့သိရတယ်။သူတို့ရဲ့ အစဉ်အဆက် ဆန္ဒကြားတဲ့အခါမှာ သိမ်နိမိတ်ရဲ့ အပြင်ဘက်ကို ထွက်ပြီးကြားဒါမျိုးတွေ့ခဲ့ဘူးလို့ ဆရာ့နည်းအတိုင်း 'အတုမြင်အတတ်သင်'ဆိုသလို'ဒိဋ္ဌာနုဂတိ'လိုက်ပြီး၊ မြင်ဖူးကြားဖူးသည့်အတိုင်း လုပ်ကြသလားမသိဘူး၊ဆရာတော်ကြီး(၂)ပါးစလုံး လုပ်ပုံလုပ်နည်းကတော့ ဒီနည်းအတိုင်း တူနေတယ်ဗျ၊ ကိုယ့်လူရဲ့"။

## သိမ်အပြင် အယူမှား

တပည့်တော်လည်း စဉ်းစားကြည့်တယ်၊ ပတ္တကလ္လအင်္ဂါထဲမှာလည်း "ယေသိမာယံ ဟတ္ထပါသံ အဝိဇဟိတွာ ဋ္ဌိတာစ ဟောန္တိ" လို့ပါနေတာဘဲ။ ဒီနေရာမှာ 'ဟတ္ထပါသံ'ကိုအနက်ပြန်တော့ သိမ်အပြင် တစ်ထောင့်ထွာဟတ္ထပါသ်ကိုလို့ပြန်ထားတယ်။ သိမ်နဲ့ပတ်သက်လို့ရှိရင် 'သိမာမဏ္ဍလ–သိမ်အပြင်'လို့စာထဲမှာ အသုံးများတယ်။ ဒီနေရာမှာ အပြင်ဆိုတာ သိမ်ပြင်,ကြမ်းပြင်,တလင်းပြင်,မျက်နှာပြင်စသည်ကဲ့သို့ သမုတ်မည့်သိမ်၏ နိမိတ်အတွင်း သတ်မှတ်ထားသောကွင်းအပြင်ကို "သိမ်အပြင်"ဟုယူရမည်ကို အယူအဆလွဲပြီး နိမိတ်၏အပြင်ဘက်ကို 'အပြင်'ဟုယူဆကာ 'သိမ်အပြင်ယူဆပုံမှားနေတယ်'လို့

ထင်မိတဲ့အကြောင်း အချင်းချင်းရှင်းပြရပါသည်။

## ဆန္ဒသိုး၍ မအောင်မြင်

ဆန္ဒာရဟာ–ရဟန်းများထံ ဆန္ဒဆောင်တဲ့အခါမှာလည်း သိမ်သမုတ်မည့်နေ့ ညနေပိုင်း(၄)နာရီ၊(၅)နာရီလောက်မှ ဆန္ဒဆောင်ယူရသည်၊ (၁)ရက်၊(၂)ရက်ကြိုတင်၍ ဆန္ဒမဆောင်ကောင်းပါ။ ဆောင်ခဲ့လျှင်"ဆန္ဒသိုးသည်မည်သည်"မအောင်မြင်တော့ပါ။

## သံကွင်းဆက်ကြားနည်း

ဗိဠာလသင်္ခလိက ဆန္ဒပါရိသုဒ္ဓိ နာမ ဟောတိ သာ န ဂစ္ဆတိ–ကခ်ါလာသည်နှင့်အညီ ပထမတစ်ပါးက ဆန္ဒဆောင်ယူလာပြီး သံဃပရိသတ်အလယ်မှာ မကြားရဲသောကြောင့် နောက်ဒုတိယတစ်ပါးကို ကိုယ်စားလွှဲအပ်ပြီး အကြားခိုင်း၍ ဒုတိယရဟန်းက ကြားလျှင် 'ကြောင်သံကွင်းဆက်နှင့်တူသောကြားခြင်းမျိုး'ဖြစ်သောကြောင့်'ဆန္ဒ' မအောင်မြင်ပါ။ ဆန္ဒယူဆောင်လာတဲ့ပုဂ္ဂိုလ်က ကိုယ်တိုင်ကြားရမည်၊

## မကြားသော်လည်းအောင်

ဆန္ဒဆောင်သောရဟန်းသည် ဆန္ဒပေးပြီးသော် သံဃဘောင်သို့(ဟတ္ထပါသ်အတွင်း)ရောက်ပြီးနောက် အိပ်ပျော်၍သော်ငင်း၊မေ့နေ၍သော်ငင်း၊သမာပတ်ဝင်စားနေ၍သော်ငင်း၊မပြောကြားငြားအံ့၊ဆန္ဒကို ဆောင်သည်မည်၏။(ဝါ–ဆန္ဒအောင်မြင်၏) ဆောင်လာသောရဟန်းမှာလည်း အာပတ်မသင့်။ ဤမဟာဝါပါဠိတော်လာရှိသည်နှင့်အညီ ဆန္ဒဆောင်လာသောရဟန်း သံဃဘောင်ဟတ္ထပါသ်အတွင်းရောက်လာဒါနဲ့တစ်ပြိုင်နက်တည်း ဆန္ဒအောင်မြင်သည်ဟုမှတ်ပါ။

## အဗဒ္ဓသိမ်

၁။ 'ဂါမသဿ သီမာ ဂါမသီမာ'အရ=ရွာ၏အပိုင်းအခြားဖြစ်သော 'ဂါမသိမ်'တစ်မျိုး။

၂။ 'သတ္တဗ္ဘန္တရာယေဝ သီမာ သတ္တဗ္ဘန္တရသီမာ'အရ=(၇)အဗ္ဘန္တရရှိသော သတ္တဗ္ဘန္တရသိမ်တစ်မျိုး။

၃။ 'ဥဒကံ ဥက္ခိပိတွာ ခိပိယတိ တတ္ထာတိ ဥဒကုက္ခေပေါ။ဥဒကုက္ခေ ပေန ပရိစ္ဆိန္နာ သီမာ ဥဒကုက္ခေပသီမာ'အရ=ရေတစ်ကျ,သဲတစ် ကျဖြင့်ပိုင်းခြားအပ်သော ဥဒကုက္ခေပသိမ်တစ်မျိုး-ဟု(၃)မျိုးရှိသည်။ ကမ္မဝါစာဖြင့် မဖွဲ့ရဘဲ အလိုလိုသိမ်ဖြစ်သောကြောင့် "အဗဒ္ဓသိမ်" လို့ခေါ်ဆိုခြင်းဖြစ်တယ်။ ဂါမသိမ်ကတော့ သူကြီးတစ်ပိုင် ပကတိ ဂါမသိမ်ဖြစ်ကြောင်း နောက်ကအကျယ်တဝင့် ရှင်းပြပြီးပြီ။

## သတ္တဗ္ဘန္တရသိမ်

'သမန္တာ သတ္တဗ္ဘန္တရာတိ မဇ္ဈေ ဌိတာနံ သဗ္ဗဒိသာသု သတ္တဗ္ဘန္တရာ ဝိနိဗ္ဗေဓေန စုဒ္ဒသ ဟောန္တိ၊ တတ္ထ ဧကံ အဗ္ဘန္တရံ အဋ္ဌဝီသတိ ဟတ္ထပ္ပမာဏံ ဟောတိ၊ အယဉ္စ သီမာ ပရိသဝသေန ဝဍ္ဎတိ၊ တသ္မာ ပရိသပရိယန္တတော ပဋ္ဌာယ အဗ္ဘန္တရပရိစ္ဆေဒေါ ကာတဗ္ဗော'။ (ကခ်ါ၊၄-၉၀)

သမန္တာ သတ္တဗ္ဘန္တရာတိ-သမန္တာသတ္တဗ္ဘန္တရာဟူသည်ကား၊မဇ္ဈေ- တော၏အလယ်၌၊ဌိတာနံ-တည်ကုန်သောရဟန်းတို့၏၊သဗ္ဗဒိသာသု- အလုံးစုံသောအရပ်မျက်နှာတို့၌၊ သတ္တဗ္ဘန္တရာ-(၇)အဗ္ဘန္တရတို့သည်၊ ဝိနိဗ္ဗေဓေန-ထုတ်ချင်းထွင်းသဖြင့်၊စုဒ္ဒသ-(၁၄)အဗ္ဘန္တရတို့သည်၊ဟောန္တိ ဖြစ်ကုန်၏။တတ္ထ-ထိုသတ္တဗ္ဘန္တရ၌၊ဧကံ-တစ်ခုသော၊အဗ္ဘန္တရံ-အဗ္ဘန္တရ သည်၊အဋ္ဌဝီသတိ ဟတ္ထပ္ပမာဏံ-(၂၈)တောင်ပမာဏရှိသည်၊ဟောတိ- ဖြစ်၏။အယဉ္စသီမာ-ဤသတ္တဗ္ဘန္တရသိမ်သည်လည်း၊ပရိသဝသေန-ပရိ သတ်၏အစွမ်းအားဖြင့်၊ဝဍ္ဎတိ-တိုးပွား၏။တသ္မာ-ထို့ကြောင့်၊ပရိသ ပရိယန္တတော-ပရိသတ်၏အစွန်းမှ၊(ဝါ-အဆုံးမှ)၊ပဋ္ဌာယ-စ၍၊အဗ္ဘန္တရ ပရိစ္ဆေဒေါ-အဗ္ဘန္တရ၏အပိုင်းအခြားကို၊ကာတဗ္ဗော-ပြုအပ်၏။

## သတ္တဗ္ဘန္တရသိမ်ဆိုသည်မှာ

ရှေးအခါက လူသူမနီးတဲ့ ဂါမခေတ်မှ ကင်းလွတ်နေတဲ့တော ကြီးထဲမှာ သီတင်းသုံးဝါကပ်တော်မူကြတဲ့ အရညဝါသီသံဃာတော် များအတွက် ပညတ်တော်မူခြင်းဖြစ်သည်။ တော-အရမှာလည်း-

အရညကင်ဓုတင်ဆောက်တည်တော်မူကြသော ရဟန်းတော်များ၏ တော–အရယူပုံမှာကား– လူတွေနေထိုင်ကြတဲ့ ရွာခြံစည်းရိုးမှ လက်သမားတို့၏ လေးတောင်တာဖြင့် တာခဲ့သော် တာငါးရာအရပ်သည်"တော"ဟုသတ်မှတ်၍"ကုလလေးအတာ,ပြန်ငါးရာ"ရှိလျှင် 'အရညကင်ဓုတင်'တောရဆောက်တည်လို့ရသည်။

ဒီသတ္တအဋ္ဌကထာရသိမ်ပြုလုပ်သော တော–အရက ---

"ဝိဥ္ဈာတဝိသဒိသေ အရညေ"ဆိုသဖြင့် ရှေးအခါက ဝိဥ္ဈာတဝိနှင့်တူတဲ့တောကြီးမျိုး၊ 'အသုကဂါမဿ ကမ္မံ ခေတ္တန္တိ ဂါမဝေါဟာရော နတ္ထိ'–ဂါမခေတ်အပိုင်းအခြားမှလွတ်သော ဂါမဝေါဟာရ မရှိသော အရပ်သည်'တော'ဟုယူရသည်။ 'ယတ္ထ စ န ကသန္တိ န ဝပ္ပန္တိ'–လူတို့ထွန်ယက်စိုက်ပျိုးတဲ့နေရာလည်း မဖြစ်ရ၊ တံငါသည်တို့ ငါးဖမ်း၍ နေချင်းပြန်မရောက်နိုင်သော သမုဒ္ဒ၊ရာ၊,အလယ်ကျွန်းမျိုးကိုလည်း'တော'ဟုယူရကြောင်း'ဝိမဋိ'ဋီကာ၌ဆိုထားပါသည်။ ယခုခေတ်မှာတော့ မြေပိုင်နက်၊ရေပိုင်နက်၊တောတောင်ပိုင်နက်တွေ သက်ဆိုင်ရာ အာဏာပိုင်မင်းများက ပိုင်းခြားအုပ်ချုပ်နေခွင့်ပြုထားကြသဖြင့် ထိုတောမျိုးမရှိတော့ဘဲ ဂါမခေတ်အတွင်းရောက်နေသည်ကို တွေ့ရပေသည်။

## သိမ်ပိုင်းခြားပုံ

တောရဆောက်တည်တော်မူကြတဲ့ ရဟန်းတော်များ ကံကြီးကံငယ်ပြုလုပ်လိုတဲ့အခါမှာ သိမ်ပြုလိုတဲ့ တော၏အလယ် ဗဟိုမှ အရှေ့ဘက်(၇)ဘန္တရ၊အနောက်ဘက်(၇)ဘန္တရ၊တောင်ဘက်(၇)ဘန္တရ၊ မြောက်ဘက်(၇)ဘန္တရရှိရမည်။ ထုတ်ချင်းထွင်းအရှေ့–အနောက်(၁၄) ဘန္တရ၊ တောင်–မြောက်(၁၄)ဘန္တရကျယ်လေသည်။တကယ်လို့သံဃာတွေများလာမယ်ဆိုရင်ပရိသတ်အစွန်မှ လိုသလောက်တိုးချဲ့လို့ရသည်။ ဘုရားရှင်လက်ထက်တော်ကတော့ အရညဝါသီရဟန်းတော်များသာ များကြသဖြင့် လပြည့်+လကွယ်တိုင်းဥပုသ်ကံပြုသောအခါမှာ– –

တစ်ခါတစ်ရံ အလွန်များသောကြောင့်(၈)အဗ္ဗုဒ္ဓရ၊(၉)အဗ္ဗုဒ္ဓရ၊ စသည်တိုးချဲ့ရဟန်ရှိလေသည်။

အဗ္ဗုဒ္ဓရတစ်ခုလျှင်(၂၈)တောင်ရှိသည်ဟုဆိုထားသဖြင့် (၇) ဘန္တရမှာ(၁၉၆)ရှိသောကြောင့် ရဟန်းတို့၏ အလယ်ဗဟိုမှအရှေ့ဘက် (၁၉၆)တောင်၊အနောက်ဘက်(၁၉၆)တောင်၊တောင်ဘက်(၁၉၆)တောင်၊ မြောက်ဘက်(၁၉၆)တောင်ရှိသည်။ ထုတ်ချင်းပေါက်(၃၉၂)တောင်စီ အကျယ်အဝန်းရှိပေသည်။

## ကံပြုခိုက်၌ သာ သိမ်ဖြစ်ပုံ

သစေ ဒွေ သံဃာ ဝိသုံ သံဃကမ္မနိ ကရောန္တိ၊ ဒွိန္နံ သတ္တဗ္ဗန္တရာနံ အန္တရာ အညံ ဧကံ သတ္တဗ္ဗန္တရံ ဥပစာရတ္တာယ ဌပေတဗ္ဗံ။ (မဟာဝါ၊၄)

နှစ်အုပ်စုခွဲ၍ သံဃကံပြုသောအခါမှာ သတ္တဗ္ဗန္တရသိမ်နှစ်ခု တို့၏အကြား၌ သတ္တဗ္ဗန္တရတစ်ခုပမာဏမျှလောက် ဥပစာအလို့ငှာ ထားရသေးသည်။ သိမ်နှစ်ခုမဆက်စပ်စေရန်ဖြစ်သည်။ ဤနေရာ၌ ' သံဃကမ္မနိ ကရောန္တိ '-ဟုဆိုထားသောကြောင့် သမာနသံဝါသ သတ္တဗ္ဗန္တရသိမ်သည် ကံပြုသောအခါ၌သာ သိမ်ဖြစ်သည်။ကံပြု ပြီးလျှင် 'ဥဒကုက္ခေပသိမ်'များနည်းတူ သိမ်မဟုတ်တော့ပေ။သတ္တဗ္ဗန္တရ သိမ်ဆိုသည်မှာ 'အရည'သိမ်ကြီးထဲမှ ကံပြု၍လွယ်ကူစေရန် ပကတိ ဂါမသိမ်ကြီးထဲမှ ဝိသုံဂါမသိမ်ပိုင်းခြားသလို တောကြီးထဲမှ တော ကလေးပိုင်းခြားထားသော သဘောဖြစ်သည်။ ယခုခေတ်မှာတော့ သတ္တဗ္ဗန္တရသိမ်မျိုးအသုံးမရှိတော့ပါ၊ကြားဖူးနားဝ,ဗဟုသုတအလို့ငှာသာ တီးမိခေါက်မိရှိအောင် ပြောပြနေရခြင်းဖြစ်သည်။

## ဥဒကုက္ခေပသိမ်

အထက်ကပြဆိုခဲ့တဲ့ ဝိသုံဂါမသိမ်၊ခဏ္ဍသိမ်၊ဗဒ္ဓသိမ်-ဆိုတာက 'ကုန်းသိမ်'လို့ခေါ်တာပေါ့။ဒီယခုပြဆိုမယ့် ဥဒကုက္ခေပသိမ်ကတော့ 'ရေသိမ်'လို့ခေါ်ကြတယ်။ ဒီရေသိမ်က မြစ်ထဲ၊သမုဒ္ဒရာထဲ၊ ယခုခေတ်

ဆည်တွေလို တကူးတက တူးတာမျိုးမဟုတ်ဘဲ သူ့အလိုလို သဘာဝအတိုင်းဖြစ်နေတဲ့ ဇာတသဿရအိုင်ထဲမှာ ပြုလုပ်ရပါတယ်။ မြစ်နဲ့ဆက်သွယ်နေတဲ့ ချောင်းများကိုလည်း မြစ်ဟုယူရပါတယ်။

## မြစ်၏အင်္ဂါ

ယဿာ ပန ဉာဒိသေ သုဝုဋ္ဌိကာလေ ဝဿနဿ စတုမာသေ သောတံ န ပစ္ဆိဇ္ဇတိ။ (ဝိ၊ဋ္ဌ-၃၂၁၊ ကခါ-၉၀)

ယဿာပန-အကြင်မြစ်၏ကား၊ဤဒိသေ-ဤသို့သဘောရှိသော သုဝုဋ္ဌိကာလေ-မိုးကောင်းသောအခါ၌၊ဝဿနဿ-မိုးဥတု၏၊ စတုမာသေ-လေးလတို့ပတ်လုံး၊သောတံ-ရေအလျှင်သည်၊န ပစ္ဆိဇ္ဇတိ-မပြတ်။

တိမဏ္ဍလံ ပဋိစ္ဆာဒေတွာ အန္တရဝါသကံ အနုက္ခိပိတွာ ဥတ္တရန္တိယာ ဘိက္ခုနိယာ ယေဒွိဂုံလမတ္တမ္ပိ အန္တရဝါသကော တေမိယတိ။ အယံ သမုဒ္ဒံ ဝါ ပဝိသတု တဋ္ဌာကံဝါ၊ပဘဝတော ပဋ္ဌာယ နဒီနာမ။

တိမဏ္ဍလံ-အဝန်းသုံးပါးကို၊ပဋိစ္ဆာဒေတွာ-ဖုံးလွှမ်း၍၊အန္တရဝါသကံ-သင်းပိုင်ကို၊အနုက္ခိပိတွာ-မချီ,မပင့်မူ၍၊ဥတ္တရန္တိယာ-ကူးသော ဘိက္ခုနိယာ-ရဟန်းမိန်းမ၏၊ယေဒွိဂုံလမတ္တမ္ပိ-လက်တစ်သစ်,နှစ်သစ် မျှလည်း၊အန္တရဝါသကော-သင်းပိုင်သည်၊တေမိယတိ-စွတ်စို၏၊အယံ-ဤမြစ်သည်၊သမုဒ္ဒံဝါ-သမုဒ္ဒရာသို့မူလည်း၊ပဝိသတု-ဝင်စေ၏၊တဋ္ဌာကံဝါ-တစ်ဘက်ဆည်ကန်သို့မူလည်း၊ပဝိသတု-ဝင်စေ၏၊ပဘဝတော-စ၍ဖြစ်ရာအရပ်မှ၊ပဋ္ဌာယ-စ၍၊နဒီနာမ-မြစ်မည်၏။

(၁) တရားစောင့်သောမင်းများလက်ထက်မှ လခွဲတစ်ကြိမ်၊ ဆယ်ရက်တစ်ကြိမ်၊ငါးရက်တစ်ကြိမ်-မိုးရွာသည်ဖြစ်၍ မိုးကောင်း သောအခါမှာ မိုးလေးလအတွင်း အလျှင်မပြတ် စီးဆင်းနေသော ရေရှိရခြင်း။

(၂) ထိုမိုးလေးလအမြဲမပြတ် စီးဆင်းနေသောရေသည် ပုဆစ် ဒူးဝန်းနှစ်ဘက်,ချက်ဟုဆိုအပ်သော အဝန်းသုံးပါးတို့ကို ဖုံးလွှမ်းလျှက်

သင်းပိုင်ကို မပင့်,မ-မဘဲ ကူးသွားသောဘိက္ခုနီမ၏ သင်းပိုင်သည် လက်တစ်သစ်,နှစ်သစ်ခန့်စိုစွတ်လောက်အောင် ရေထုအနက်ပမာဏရှိရခြင်း။ ဤအင်္ဂါ(၂)ပါးနှင့်ပြည့်စုံသော မြစ်သာလျှင် "နဒီသိမ်"မည်၏။

## ဥဒကုက္ခေပသိမ်ပြုလုပ်ပုံ

ယံ ဌာနံ မဇ္ဈိမဿ ပုရိသဿ သမန္တတော ဥဒကုက္ခေပေန ပရိစ္ဆိန္နံ ယထာ အက္ခဓုတ္တာ ဒါရုဂုဠံ ခိပန္တိ၊ ဧဝံ ဥဒကံဝါ ဝါလိကံဝါ ဟတ္ထေန ဂဟေတွာ ထာမမဇ္ဈိမေန ပုရိသေန သဗ္ဗထာမေန ခိပိတဗ္ဗံ။ (ဝိ၊၄-၃၃၄)

ယံဌာနံ-အကြင်ဌာနကို၊ထာမမဇ္ဈိမဿ-အားအလယ်အလတ်ရှိသော၊ပုရိသဿ-ယောကျ်ား၏၊သမန္တတော-ထက်ဝန်းကျင်မှ၊ ဥဒကုက္ခေပေန-ရေကိုပစ်ခြင်းဖြင့်၊ပရိစ္ဆိန္နံ-ပိုင်းခြားအပ်၏။အက္ခဓုတ္တာ-အန်စာကစားကုန်သောသူတို့သည်၊ဒါရုဂုဠံ-သစ်သားအန်စာကို၊ခိပန္တိ-ယထာ-ပစ်ကြကုန်သကဲ့သို့၊ဧဝံ-ဤအတူ၊ဥဒကံဝါ-ရေကိုငှင်း၊ဝါလိကံဝါ-သဲကိုငှင်း၊ဟတ္ထေန-လက်ဖြင့်၊ဂဟေတွာ-ယူ၍၊ထာမမဇ္ဈိမေန-အားအလယ်အလတ်ရှိသော၊ပုရိသေန-ယောကျ်ားသည်၊သဗ္ဗထာမေန-အလုံးစုံသောအားအစွမ်းဖြင့်၊ခိပိတဗ္ဗံ-ပစ်အပ်၏။

## ဥဒကုက္ခေပသိမ်ဆိုတာ(ရေသိမ်ဆိုတာ)

မြစ်ထဲ,ချောင်းထဲမှာပြုလုပ်ရဒါဖြစ်လို့ အဲဒီမြစ်၊ချောင်းသည် မိုးလေးလအတွင်း ရေအမြဲအပြတ် စီးဆင်းနေရခြင်း၊ အယုတ်ဆုံးဘိက္ခုနီမ၏ သင်းပိုင်ကို လက်နှစ်သစ်မျှလောက်အထိ ရေရှိနေရခြင်း၊ (ဒူးဆစ်လောက်ပေါ့)အဲဒီအင်္ဂါ(၂)ပါးနှင့်ပြည့်စုံလျှင်'ဥဒကုက္ခေပသိမ်' ပြုလုပ်၍ ကံပြုလို့ရသည်ဟု ဆိုလိုသည်။

## သိမ်ပိုင်းခြားပုံ

မြစ်ထဲ,ချောင်းထဲမှာ ကံကြီးကံငယ်ပြုလုပ်လိုသောအခါ လှေ၊ ဖောင်၊စက်လှေ၊သင်္ဘော၊မော်တော်များကို ရေထဲမှာ ကျောက်ချ၍-

သော်၎င်း၊ ထိုးဝါးများစိုက်၍သော်၎င်း၊ ရွှေ့လျားမသွားအောင် တည်ငြိမ်နေတဲ့အခါမှ သံဃာတော်များအားလုံးစုံတဲ့အခါ လှေ၊ဖောင်၊ သင်္ဘော၏ အစွန်အဖျားမှ အားအလယ်အလတ်ရှိသောယောကျ်ားသည် အန်စာကစားသူများ အန်စာတုံးကို ပစ်သကဲ့သို့ ရေကိုလက်ခုတ်နဲ့ ပစ်လိုက်သောအခါ ရေကျရာအရပ်သည် သိမ်၏အပိုင်းအခြားနိမိတ် ဖြစ်သောကြောင့် အဲဒီရေကျရာအတွင်းသည် "ဥဒကုက္ခေပသိမ်" ဖြစ်သည်


ရေတစ်ကျ၊သဲတစ်ကျအတွင်း 'သိမ်' ဖြစ်သည်ဟုဆိုသောကြောင့် ရေ၊သဲဖြင့် မပစ်သော်လည်း ရေ၊သဲကျလောက်ရာ အကွာအဝေးအရပ် သည် အမှတ်အသားနိမိတ်ဖြစ်၍ သံဃာတော်များနေထိုင်စုဝေးရာ လှေ၊ဖောင်သည် 'သိမ်' ဖြစ်တော့သည်။ တကယ်လို့ သံဃာတွေတဖြေး ဖြေးများလာပါက သံဃာများ၏ အစွန်အဖျားမှ အရှေ့၊အနောက်၊ တောင်၊မြောက်ရေတစ်ကျ တိုးတိုးပြီး နိမိတ်သတ်မှတ်လို့ရသည်။ သံဃာများ၍ လှေနှစ်စင်း၊သုံးစင်းတွဲပြီးကံပြုလုပ်ရာ၌ ဟတ္ထပါသ် စပ်အောင် ထိုင်နေရသည်။ ဟတ္ထပါသ်မစပ်လျှင် ကံပျက်သည်။ မြစ်ထဲ,ချောင်းထဲမှာ ငြမ်းဆင်ပြီး ထိုငြမ်းဆင်ပေါ်၌ ကံပြုလျှင်လည်း ရပါသည်။ ယခုခေတ်မှာတော့ငြမ်းဆင်ခြင်းကိုအတုယူပြီးမြစ်ကမ်း ချောင်းကမ်းမှာ ရေသိမ်အဆောက်အဦကလေးတွေ ဆောက်လုပ်ထား ကြသည်။ ထိုသိမ်၌ ဂါမနှင့် မဆက်စပ်အောင် တံတားအရှင်ထား ရသည်။


## သွားနေသော လှေ,သင်္ဘောတို့၌ ကံမပြုကောင်း

'နာဝါယ ပိ ဠတွာ ကာတဗ္ဗံ၊ဂစ္ဆန္တိယာ ပန နာဝါယ ကာတုံ န ဝဋ္ဋတိ။ ကသ္မာ ဥဒကုက္ခေပမတ္တမေဝ ဟိ သီမာ'။

နာဝါယပိ–လှေ၌သော်လည်း၊ဌတွာ–တည်၍၊ကာတဗ္ဗံ–ပြုအပ် ၏၊ဂစ္ဆန္တိယာ ပန နာဝါယ–သွားနေသောလှေ၌ကား၊ကာတုံ–ပြုခြင်း ငှာ၊နဝဋ္ဋတိ–မအပ်။ကသ္မာ–အဘယ့်ကြောင့်နည်း?၊ဟိယသ္မာ–အကြင့် ကြောင့်၊ဥဒကုက္ခေပမတ္တမေဝ–ရေကျရာအရပ်မျှသည်သာလျှင်၊

✦ သံဃာစုံသောအခါ တံတား(ကုန်းဘောင်)ကို ရေနှင့်လွတ်အောင်ဖြုတ်ထားရမည်။



သီမာ–ဥဒကုက္ခေပသိမ်မည်သည်၊ဟောတိ–ဖြစ်၏။

ရေကျရာအရပ်မျှသည်သာလျှင်'ဥဒကုက္ခေပသိမ်'မည်သောကြောင့် သွားနေသော လှေ၊သင်္ဘောပေါ်၌'ကံမပြုကောင်း'ဟုမှတ်ပါ။

## ဥ_တ်တစ်သိမ်'ကမ္မဝါတစ်သိမ်

'တံ နာဝါ သီဃမေဝ အတိက္ကာမေတိ၊ဧဝံ သတိ အညိဿာ သီမာယ ဥတ္တိ အညိဿာ သီမာယ အနုသာဝနာ ဟောတိ၊တသ္မာ နာဝံ အရိတ္တေနဝါ ဌပေတွာ ပါသာဏေဝါ လမ္ဗိတွာ'။

တံ–ထိုအရပ်ကို၊နာဝါ–လှေသည်၊သီဃမေဝ–လျင်စွာသာလျှင်၊ အတိက္ကာမေတိ–လွန်စေ၏၊ ဧဝံသတိ–ဤသို့လွန်စေသည်ရှိသော်၊ အညိဿာသီမာယ–တစ်ပါးသောသိမ်၌၊ဥ_တ္တိ–ဥ_တ်သည်၊အညိဿာ သီမာယ–တစ်ပါးသောသိမ်၌၊အနုသဝနာ–ကမ္မဝါစာသည်၊ဟောတိ– ဖြစ်၏။တသ္မာ–ထို့ကြောင့်၊နာဝံ–လှေကို၊အရိတ္တေန–ထိုးဝါးဖြင့်၊ဌပေ တွာဝ–ရပ်တန့်ထား၍၎င်း၊ပါသာဏေ–ကျောက်တို့ကို၊လမ္ဗိတွာဝါ– ဆွဲ၍၎င်း၊ကမ္မံ–ကံကို၊ကာတဗ္ဗံ–ပြုအပ်၏။

သွားနေတဲ့လှေ၊သင်္ဘောပေါ်မှာ ရဟန်းခံစသော ကံများပြုခဲ့ မယ်ဆိုလျှင် ရေတစ်ကျ ဥဒကုက္ခေပသိမ်၌ ဥ_တ်ထားပြီး ကမ္မဝါစာ ဖတ်တဲ့အခါ နဒီသိမ်ပေါ်သို့ ရောက်သွားသဖြင့် ဥ_တ်က တစ်သိမ်၊ ကမ္မဝါစာက တစ်သိမ်–ဖြစ်သွားနိုင်သောကြောင့် မရွေ့လျားစေရန် ထိုးဝါးဖြင့်၎င်း၊ကျောက်ချ၍၎င်း၊မြစ်ထဲမှာရှိသော ကျောက်တုံးကို ကြိုးနဲ့ချည်၍၎င်း၊မြစ်ထဲမှာပေါက်နေသော သစ်ပင်ကိုချည်၍၎င်း၊ ထားရမည်ဟုဆိုလိုသည်။

## ငုတ်'သစ်ပင်၌ ကြိုးမချည်ရ

'နဒီတီရေ ပန ခါဏုကံ ကောဋေတွာ တတ္ထ ဗန္ဓနာဝါယ န ဝဋ္ဋတိယေဝ' ။ (ဝိ၊၄–၃၃၅)

ပန–အဖို့တစ်ပါးကိုဆိုဦးအံ့၊နဒီတီရေ–မြစ်ကမ်း၌၊ခါဏုကံ– သစ်ငုတ်ကို၊ကောဋေတွာ–စိုက်၍၊တတ္ထ–ထိုငုတ်၌၊ဗန္ဓနာဝါယ–ဖွဲ့ –

ချည်သောလေ့၌၊နဝဋ္ဋတိယေဝ–မအပ်သည်သာလျှင်တည်း။

ကံပြုဆဲအခါ လေ့+သဘော်ာမသွားအောင် မြစ်ကမ်းနဖူး၌ သစ်သားငုတ်စိုက်၍ငင်း၊ကမ်းပေါ်မှာ ပေါက်နေတဲ့ သစ်ပင်၊သစ်ကိုင်းကိုငင်း၊ကြိုးများဖြင့်ချည်၍ ကံပြုပါက ပကတိဂါမသိမ်နှင့်ဆက်စပ်နေသောကြောင့် မပြုလုပ်ရပါ။ ပြုလုပ်လျှင် ကံပျက်သည်။ဒါကြောင့် ထိုးဝါးဖြင့်ငင်း၊ကျောက်ချ၍ငင်း၊ပြုလုပ်ရပေသည်။

## ဆည်၌ ကံမပြုကောင်း

'နဒိံ ဝိနာသေတွာ တဠာကံ ကရောန္တိ ဟေဋ္ဌာပါဠိ ဗဒ္ဓါ ဥဒကံ အာဂန္ဟာ တဠာကံ ပူရေတွာ တိဋ္ဌတိ ဧတ္ထ ကမ္မံ ကာတုံ န ဝဋ္ဋတိ' (၄–၃၃၅)

နဒိံ–မြစ်ကို၊ ဝိနာသေတွာ–ဖြတ်၍၊(ဝါ–ပိတ်၍)တဠာကံ–တစ်ဖက်ဆည်ကန်ကို၊ကရောန္တိ–ပြုကုန်၏၊ဟေဋ္ဌာ–အောက်၌၊ပါဠိံ.ကန်သင်းဘောင်ကို၊ဗဒ္ဓါ–ဖွဲ့အပ်၏၊ဥဒကံ–ရေသည်၊အာဂန္ဟာ–အထက်မှစီးလာ၍၊ တဠာကံ–တစ်ဖက်ဆည်ကန်ကို၊ပူရေတွာ–ပြည့်စေ၍၊တိဋ္ဌတိ–တည်၏၊ ဧတ္ထ–ဤတစ်ဖက်ဆည်ကန်၌၊ကမ္မံ–ကံကို၊ကာတုံ–ပြုခြင်းငှာ၊နဝဋ္ဋတိ–မအပ်။

ယခုခေတ်တချို့ဆည်တွေမှာ မြစ်,ချောင်းကိုပိတ်၍ ကန်ဘောင်ရိုးတုတ်ခတ်ပြီး ရေလှောင်ကြသည်။ထိုဘောင်ခတ်ထားသော ဆည်အတွင်း၌ ရေသိမ်ပြုလုပ်၍ ကံမပြုကောင်းပေ။

'ဟေဋ္ဌာ စ ဆန္နိတမေဝဒကံ နဒိံ ဩတ္ထရိတွာ' ဟုဆိုသောကြောင့် ဆည်မှဖောက်ထုတ်လိုက်သောရေသည် မြစ်ထဲသို့စီးဆင်းသွားသည်ရှိသော် နဒီအင်္ဂါ (၂)ပါးနှင့်ညီက ကံပြုကောင်းသည်။ လယ်ကွင်း၊ယာကွင်းထဲသို့ သွယ်သောမြောင်း၌ ကံမပြုကောင်းပါ။

## ရေမရှိသောမြစ်၌ ကံပြုကောင်းပုံ

'ဒေဝေ အ ဝဿန္တေ ဟေမန္တဂိမှေသုဝါ သုက္ခနဒိယာပိ ဝဋ္ဋတိ'၊ (၄–၃၃၅) ဒေဝေ–မိုးသည်၊ အ ဝဿန္တေဝါ–မရွာသော်ငင်း၊ –

ဟောမန္တဂိမှေသုဝါ–ဆောင်းလ,နွေလတို့၌၄င်း၊သုက္ခနဒိယာပိ ခြောက်သွေ့သောမြစ်၌လည်း၊ဝဋ္ဋတိ–အပ်၏။

မြစ်၊ဇာတဿရအိုင်တို့၌ နွေအခါ၊ဆောင်းအခါတို့၌ ရေမရှိသော်လည်း မြစ်အတွင်းမြေပြင်၊သဲပြင်၌(သဲတစ်ကျနိမိတ်ထား၍) ဥဒကုက္ခေပသိမ်ပြုလုပ်ပြီးကံပြုကောင်းသည်။

## 'ဇာတဿရအိုင်'ဆိုသည်မှာ

'ဇာတဿရော နာမ ယေန ကေနစိ ခဏိတွာ အကတော သယံဇာတသောဗ္ဘော သမန္တတော အာဂတေန ဥဒကေန ပူရိတော တိဋ္ဌတိ'။ (၄–၃၃၃)

ဇာတဿရောနာမ–ဇာတဿရအိုင်မည်သည်ကား၊ယေနကေနစိ တစ်စုံတစ်ယောက်သောသူသည်၊ခဏိတွာ–တူးဖေါ်၍၊အကတော–ပြုပြုအပ်သော၊အယံသယံဇာတသောဗ္ဘော–ဤအလိုလိုဖြစ်သောထုံးအိုင်သည် သမန္တတော–ထက်ဝန်းကျင်အရပ်မှ၊အာဂတေန–လာသော၊ဥဒကေန–ရေဖြင့်၊ပူရိတော–ပြည့်သည်၊ဟုတွာ–ဖြစ်၍၊တိဋ္ဌတိ–တည်၏။

ဇာတဿရအိုင်ဆိုဒါ တစ်စုံတစ်ယောက်သောသူက တူးဖေါ်ထားသောကန်မျိုးမဟုတ်ဘဲ သူ့အလိုလို ထက်ဝန်းကျင်မှလာသော ရေဖြင့်ပြည့်နေသော အိုင်မျိုးကို“ဇာတဿရအိုင်”ဟုခေါ်ဝေါ်ကြသည်။ (ယခုခေတ် 'အင်းလေးကန်'မျိုး၊ မုံရွာနယ်က'တွင်းတောင်'မျိုးပေါ့)

## ကံပြုနိုင်ပုံ

'တဿ ယတ္ထကေ ပဒေသေ ဝဿာနံ စာတုမာသေ ဥဒကံ တိဋ္ဌတိ၊ တတ္ထ ကမ္မံ ကာတုံ ဝဋ္ဋတိ' ။ (၄–၃၃၆)

တဿ–ထိုအိုင်၏၊ယတ္ထကေ–အကြင်မျှလောက်သော၊ပဒေသေ–အရပ်၌၊ဝဿာနံ–မိုးတို့၏၊စာတုမာသေ–လေးလတို့ပတ်လုံး၊ဥဒကံ–ရေသည်၊တိဋ္ဌတိ–တည်နေ၏၊တတ္ထ–ထိုအိုင်၌၊ကမ္မံ–ကံကို၊ကာတုံ–ပြုခြင်းငှာ၊ဝဋ္ဋတိ–အပ်၏။

ထိုအိုင်၌ မိုးလေးလရေတည်ရှိနေလျှင် ကံပြုကောင်း၏။–

နေ့အခါရေမရှိသော်လည်းပြုကောင်း၏။ မိုးတွင်းမိုးပြတ်သွားသောအခါ လက်,ခြေဆေးလောက်ရုံလောက်မျှ ရေမတင်ရှိဘဲ ခမ်းခြောက်သွားသောအိုင်မျိုး၌ ကံမပြုအပ်။

## ရေတွင်းရေကန်ပြုလုပ်က ကံမပြုရ

'သစေ ပနေတ္ထ ဥဒကတ္ထာယ အာဝါဋ္ဋဝါ ပေါက္ခရဏီအာဒီနိဝါ ခဏန္တိ၊တံ ဌာနံ အဇာတသရော ဟောတိ၊ဂါမသီမာ သျံ ဂစ္ဆတိ။ လာဗုတိပုသကာဒိဝပ္ပေ ကတေပိ ဧသေဝနယော'။ (၄-၃၃၇)

ပန-အဖို့တပါးကိုဆိုအံ့၊ဧတ္ထ-ဤဇာတသရအိုင်၌၊ဥဒကတ္ထာယ ရေအကျိုးငှာ၊အာဝါဋ္ဋဝါ-တွင်းကိုငှင်း၊ပေါက္ခရဏီအာဒီနိဝါ-ရေကန်အစရှိသည်တို့ကိုငှင်း၊ခဏန္တိ-တူးကုန်၏၊တံဌာနံ-ထိုတူးရာအရပ်သည်၊ အဇာတသရော-ဇာတသရအိုင် မ,မည်သည်၊ဟောတိ-ဖြစ်၏။ဂါမသီမာသျံ-ဂါမသိမ်-ဟူသောအရေအတွက်သို့၊ဂစ္ဆတိ-ရောက်၏။ လာဗုတိပုသကာဒိဝပ္ပေ-ဗူး,ဖရုံ,သခွါးစသည်တို့ကိုစိုက်ပျိုးခြင်းကို၊ ကတေပိ-ပြုအပ်သောအရပ်၌လည်း၊ဧသေဝနယော-ဤနည်းအတူသာလျှင်တည်း။

ထိုဇာတသရအိုင် တဖြေးဖြေးရေခန်းသွားသောအခါ၌ လူတို့သည် ရေတွင်း၊ရေကန်တူးခြင်း၊ ဗူး,ဖရုံ,သခွါးစသည်တို့ကိုစိုက်ပျိုးခြင်းပြုလုပ်ကြပါက 'ဂါမ'ထဲအကျုံးဝင်သွားသောကြောင့် ကံကြီးကံငယ်မပြုလုပ်ကောင်းပါ။ရေတွင်း,ရေကန်,ဗူး,ဖရုံ,သခွါးစသည်တို့ကို မစိုက်ပျိုးသောနေရာ၌ လုပ်ကောင်းသည်။

ထိုဇာတသရအိုင်အတူ မြစ်၌လည်းရေတွင်း၊ရေကန်၊ဗူး၊ဖရုံ၊ သခွါးစသည်စိုက်ပျိုးထားပါက မပြုလုပ်ကောင်းဟု ရှေးဆရာတော်ကြီးများ ယူတော်မူကြသည်။

သမုဒ္ဒရာ၌လည်း ပကတိရေတည်ရှိနေသောအရပ်ကိုသာ ယူရမည်။ ဒီရေတက်သောအခါမှ ရေရောက်သောအရပ်၊လှိုင်းတံပိုးထလို့ ရေရောက်သောအရပ်တို့ကို မယူရ။ သမုဒ္ဒရာ၌ ဥဒကုက္ခေပသိမ်-

ပြုလုပ်ရာ၌လည်း မြစ်၌ပြုလုပ်သကဲ့သို့ လုပ်ရမည်။

## ဥဒကုက္ခေပ၏မှီရာ

'နဒိယာဝါ ဘိက္ခဝေ သမုဒ္ဒေဝါ ဇာတဿရေဝါ ယံ မဇ္ဈိမဿ ပုရိသဿ သမန္တာ ဥဒကုက္ခေပါ။ အယံ တတ္ထ သမာနသံဝါသာ ကေူပေါသထာ'။ (ဝိ၊ပါ-၁၅၁)

ဘိက္ခဝေ-ရဟန်းတို့၊နဒိယာဝါ-မြစ်၌၎င်း၊သမုဒ္ဒေဝါ-သမုဒ္ဒရာ၌၎င်း၊ဇာတဿရေဝါ-ဇာတဿရအိုင်၌၎င်း၊ယံ-အကြင်အရပ်ကို၊ မဇ္ဈိမဿ-အားအလယ်အလတ်ရှိသော၊ပုရိသဿ-ယောကျ်ား၏၊သမန္တာ ထက်ဝန်းကျင်မှ၊ဥဒကုက္ခေပါ-ရေကိုမြောက်၍ပစ်ခြင်းဖြင့်၊ပရိစ္ဆိန္န-ပိုင်းခြားအပ်၏။အယံ-ဤအရပ်သည်၊တတ္ထ-ထိုမြစ်,သမုဒ္ဒရာ,ဇာတဿရအိုင်တို့၌၊ကမ္မံ-ကံကို၊ကရောန္တဿ-ပြုလုပ်သော၊သံဃဿ-သံဃာ၏၊ သမာနသံဝါသာ-သမာနသံဝါသသိမ်မည်၏။ကေူပေါသထာ-ကေူပေါသထသိမ်မည်၏။

ဤမဟာဝါပါဠိတော်ကိုထောက်၍ 'ဥဒကုက္ခေပသိမ်'ဆိုဒါမြစ်, သမုဒ္ဒရာ,ဇာတဿရအိုင်တို့ကို အမှီပြုပြီး ရေတစ်ကျ၊ သဲတစ်ကျ ပိုင်းခြားပြီးပြုလုပ်ရသောသိမ်ဖြစ်သည်။ ပကတိဂါမသိမ်မှ ဝိသုံဂါမ သိမ်ပြုလုပ်သလို မြစ်ကြီးထဲမှ မြစ်အကျဉ်းပြုလုပ်ခြင်းဖြစ်သည်။

'ဥဒကံ ဥက္ခိပိတွာ ခိပိယတိ ဧတ္ထာတိ ဥဒကုက္ခေပေါ။ ဥဒကုက္ခေပေန ပရိစ္ဆိန္နာ သီမာ ဥဒကုက္ခေပ သီမာ'-အရရေတစ်ကျ၊ သဲတစ်ကျအတွင်းသည်သိမ်မည်သည်။

## သိမ်ပမာဏ

ဝိသုံဂါမသိမ်၊ခဏ္ဍသိမ်၊ဗဒ္ဓသိမ်-သမုတ်ရာ၌(သာ ဟေဋ္ဌိမ-ပရိစ္ဆေဒေန ဧကဝီသတိယာ ဘိက္ခူ ဂဏှာတိ ဝဋ္ဋတိ တတော ဩရံ န ဝဋ္ဋတိ)-ဟူသော 'မဟာဝါ'အဋ္ဌကထာအရ အယုတ်ဆုံး(၂၁) ပါးနေလောက်မှ သိမ်ဖြစ်သည်ဟုဆိုထားသည်။သတ္တဗ္ဘန္တရသိမ်၌လည်း (၇)ဘန္တရဖြင့်ပိုင်းခြားပြထားသည်။

ဤ ' ဥဒကုက္ခေပသိမ် 'အရာ၌ကား " သံဃကမ္မံ ကာတုံ ပဟောနကော ဓာတသဿရော"ဟု ပါစိတျာဒိယောဇနာ(၃၀၁)၌ဆိုထား သောကြောင့် သံဃာ(၄)ပါး၊စတုဝဂ္ဂသံဃာဥပုသ်ပြုလို့ရသည်မှစ၍ သံဃာများလျှင်များသလောက် သံဃာ၏အစွန်းမှ ရေတစ်ကျ၊သဲတစ် ကျပိုင်းခြားသတ်မှတ်ပြီး(ပရိသပရိယန္တတော ဥဒကုက္ခေပေါယေဝ ပမာဏံ)ဟု အဋ္ဌကထာဆိုသည့်အတိုင်း လိုသလောက်အကျယ်ချဲ့၍ ရသည်ဟုမှတ်ရမည်။

## ကံပြုဆဲမှသာသိမ်ဖြစ်

' ကမ္မကရဏကာလေ သိမပရိစ္ဆေဒ ဒဿနတ္ထံ ဝုတ္တံ 'ဟု (ဝဇိရမုဒ္ဓိဋီကာ)ဆိုသောကြောင့် ကံပြုဆဲအခါ၌သာ'ဥဒကုက္ခေပသိမ်' ဖြစ်သည်ဟု ဆရာအဆက်ဆက်ယူတော်မူကြသည်။ မှန်ပါသည်။ မြစ်ထဲ၌လှေ,သဘော်ဖြင့် ကျောက်ချပြီး ရဟန်းခံကြရာ၌ ရဟန်းခံ ပြီးလျှင် ၄င်းလှေ,သဘော်ဖြင့်ပင် ပြန်လာကြသောကြောင့် မြစ်ထဲမှာ သိမ်မရှိတော့ဘဲ ပျက်သွားတော့သည်။

## သိမ်ဆောက်ထား

ယခုခေတ် မြစ်၊ချောင်း၌ သိမ်အဆောက်အဦများဆောက်ထား ကြသည်။ ထိုအဆောက်အဦသည် အမြဲတမ်းသိမ်ဖြစ်နေသည်တော့ မဟုတ်။ ကံပြုတဲ့အခါ ခဏခဏ လှေ,ဖောင်,သဘော်-မရှာရ၊မပြု လုပ်ရအောင် လွယ်ကူစေခြင်းငှာ ဆောက်လုပ်ထားခြင်းဖြစ်သည်။ ကိစ္စရှိလို့ ကံပြုတဲ့အခါကြမှ ရေတစ်ကျ၊သဲတစ်ကျပိုင်းခြားမှတ်သား ပြီး၊၄င်းသိမ်အဆောက်အဦးပေါ်၌ ကံကြီးကံငယ်ပြုရမည်ဟု အမိန့် ရှိကြသည်။ 'ဂါမ-လာလျှင် နဒီ-နောက်ဆုတ်'ဆိုသည့်အတိုင်း ဂါမနှင့် မဆက်စပ်မိအောင် တံတားအရှင်ထားရသည်။ ကံပြုနေဆဲအခါတံတား ကိုဖြုတ်ပြီးထားရသည်။(ကမ်းနား-ဂါမနှင့်ဆက်စပ်ပြီးနေလျှင် ကံ ပျက်သည်။

## ရေ,သဲ–ပစ်စရာ လို/မလို

၁။ တချို့က ဥဒကေန နိပိတွာ–ဟုဆိုထားသောကြောင့် သံဃအစွန်းမှ ရေ+သဲကိုပစ်မှသာလျှင် ဥဒကုက္ခေပသိမ်ဖြစ်သည်။ရေ+သဲကိုပစ်ရမည်ဟုယူကြသည်။

၂။ ဝိနယလင်္ကာရဋီကာ(၁/၃၂၉)၌ ဤအရပ်အတွင်းသည်'ဥဒကုက္ခေပသိမ်'ဖြစ်၏ဟု စိတ်ဖြင့်ပိုင်းခြား၍ ပြုပြီးမှသာ ကံပြုကောင်း၏။ ထိုသို့မဟုတ်ဘဲ မပြုကောင်းဟု ဆိုတော်မူ၏။

၃။ တချို့က (အတ္တနော သဘာဝေန ဗဒ္ဓသီမာ သဒိသာ သဗ္ဗမေတ္တ သံဃကမ္မံ ဝဋ္ဋတိ)(၄–၃၃၃)ထောက်၍ လှေ,ဖောင်,သင်္ဘောအဆောက် အဦးများအပေါ်၌ ကံပြုလိုသော သံဃာအားလုံး စည်းဝေးရောက်ရှိ ပြည့်စုံပြီဆိုလျှင် သံဃာ၏ ရေတစ်ကျ+သဲတစ်ကျအတွင်းသည် အလိုလို'ဥဒကုက္ခေပသိမ်'ဖြစ်တော့သည်။ လက်ဖြင့်ရေ+သဲကိုပစ်နေစရာမလို၊ စိတ်ဖြင့်လည်းပိုင်းခြားစရာမလို–ဟုယူတော်မူကြသည်။ ယခုခေတ်ဒီနည်းအတိုင်းပြုလုပ်သည်ကို တွေ့ရှိရသည်။

(အပိ စ ဂရုကလဟုကေသု ဂရုကေ ဌာတဗ္ဗန္တိ တော် ဝိနယလက္ခဏာ) (၄–၂၉) 'ဗီဇဂါမ'အဖွင့်အဋ္ဌကထာလာရှိသောအတိုင်း ဝိနယဂရုက ဖြစ်စေရန် ကံပြုသောအခါ လက်ဖြင့်ရေ+သဲကိုယူ၍ပစ်ခြင်းသည် သံသယကင်းစေသောကြောင့် ကောင်းပါသည်။

## သိမ်တစ်လုံးစာ–ခြားရမည်

'သဗ္ဗေ ဟိ အတ္တနော စ အညေသဥ္စ ဥဒကုက္ခေပ ပရိစ္ဆေဒဿ အန္တရာ အညော ဥဒကုက္ခေပေါ သီမန္တရိကတ္ထာယ ဌပေတဗ္ဗော' (၄–၃၃၄) အရ= ယခုခေတ် ရဟန်းခံဒလ္လဘပွဲများပြုလုပ်ကြရာ၌ မြစ်တဲမှာ သံဃာအုပ်စုခွဲ၍'ဥဒကုက္ခေပသိမ်'–နှစ်ခု၊သုံးခုစသည်ဖြင့် ပြုလုပ်ပြီး ရဟန်းခံကြရာတွင် သိမ်နိမိတ်ခြင်းမဆက်စပ်မိအောင်သိမ် တစ်ခုနှင့်တစ်ခုအကြား၌ အနည်းဆုံးသိမ်တစ်ခုစာလောက်ခြားပြီးမှ ဥဒကုက္ခေပသိမ်ပြုလုပ်ရမည်ဟုဆိုလိုသည်။

## ထိုးဝါးမျှောလို့သိမ်ပျက်

၁၃၆၈–ခုနှစ်၊ပြာသိုလထဲက ကွမ်းခြံကုန်းမြို့နယ်၊ သဲကုန်းကျောင်းမှာနေတဲ့ ဦးဇောတ.ကလျှောက်ထားတယ်။ ‘ဘုန်းကြီးဘုရားယခုတပည့်တော် ကော့သောင်ကို ပဋ္ဌာန်းပွဲသွားမလို့ပါဘုရား၊တပည့်တော်သွားမယ့် ကော့သောင်ကျောင်းမှာ ဝါး,ဖောင်ကလေးနဲ့ထိုးဝါးများစိုက်ထားပြီး၊ ရေသိမ်လုပ်ထားပါတယ်ဘုရား၊ ဒီနှစ်မိုးတွင်းကလေမုန်တိုင်းကျဒါနဲ့ ထိုးဝါ့ရော,ဝါးဖောင်ရောကျွတ်ပြီးမျှောသွားသောကြောင့် တခြားဘုန်းကြီးတွေက ဦးဇောတ–ရေ၊ကိုယ့်တော့ရဲ့ရေသိမ်ဟာ နိမိတ်ထိုးဝါးတိုင်တွေပါ ရေထဲမျှောပါသွားလို့ နဂိုနေရာလည်းပျောက်သွားပြီ၊ သိမ်လုပ်လို့မရတော့ဘူး’ဟုပြောနေကြတယ်။ဒီနေရာကိုသိမ်ပြန်ပြီး လုပ်လို့ဖြစ်နိုင်/မဖြစ်နိုင်နားလည်တဲ့ဆရာတော်ကြီးများကိုမေးပေးပါဦးလို့ အကြောင်းကြားလိုက်ပါတယ်ဘုရား။ အေး–ထိုးဝါးတိုင်က နိမိတ်တိုင်မဟုတ်ဘူး၊ဖောင်ရွှေလျားသွားမှာစိုးလို့ စိုက်ထားဒါ၊မြစ်ထဲမှာ ရေအမြဲရှိနေတာမို့ အသစ်ပြန်လုပ်လို့ရပါတယ်လို့ပြောလိုက်ရတယ်။ ကုန်းပေါ်က ဗဒ္ဓသိမ်တွေမှာ ကျောက်နိမိတ်တိုင်ထားသလို ထိုးဝါးတိုင်တွေကို ရေသိမ်နိမိတ်တိုင်ဟုထင်နေပုံရတယ်။

## ပါသာဒသိမ်

‘ဥပရိ ပါသာဒေပိ ဘိတ္တိံ အကိတ္တေတွာ အန္တော ပါသာဒော ဌပေတွာ သီမာ ဗန္ဓိတဗ္ဗာ။ ဧဝံ သမ္မတာ ဥပရိပါသာဒေယေဝ ဟောတိ၊ ဟေဋ္ဌာ န ဩတရတိ’။ (ဋ–၃၂၅)

“ပါသာဒသိမ်”ဆိုသည်မှာ နှစ်ထပ်၊သုံးထပ်ကျောင်းတွေမှာ အပေါ်ထပ်ကိုသာ သမုတ်ထားသောသိမ်မျိုးကိုဆိုလိုသည်။

ဥပရိပါသာဒေပိ–အထက်ပြာသာဒ်ဆောင်၌လည်း၊ဘိတ္တိံ–နံရံကို အကိတ္တေတွာ–အကြားမူ၍၊အန္တော–နံရံ၏အတွင်း၌၊ပါသာဒော–ကျောက်နိမိတ်တို့ကို၊ဌပေတွာ–ထား၍၊သီမာ–သိမ်ကို၊ဗန္ဓိတဗ္ဗာ–ဖွဲ့သမုတ်အပ်၏ ဧဝံ–ဤသို့၊သမ္မတာ–သမုတ်အပ်သည်ရှိသော်၊ဥပရိပါသာဒေယေဝ–

အထက်ပြာသာဒ်၌သာလျှင်၊ဟောတိ–ဖြစ်၏။ဟေဋ္ဌာ–အောက်၌ နသြိတရတိ–မသက်ရောက်။

ကျောင်းတို့၏ အထက်ထပ်၌သာ သိမ်သမုတ်လိုပါလျှင်နံရံနှင့်တစ်ပေလောက်ခွါ၍ ကျောက်နိမိတ်တို့ကိုထားပြီး၊ ဗဒ္ဓသိမ်များ သမုတ်သောအတိုင်း သမုတ်ရသည်။ အပေါ်ထပ်နှင့်အောက်ထပ်မှာ အာကာသခြားနေသောကြောင့် အပေါ်ထပ်သာ သိမ်ဖြစ်သည်။(အောက်ထပ်ခန်းစီးနံရံရှိလို့ အပေါ်ထပ်သို့ထိနေလျှင် အောက်ထပ်ပါသိမ်ဖြစ်သွားသည်။ အောက်ထပ်ကိုနံရံခန်းစီးများ မထားရ။)

## သိမ်နှုတ်ရမည်

ဤပါသာဒသိမ်ခေါ် အထက်ထပ်သိမ်သမုတ်ရာ၌ အဆောက်အဦးမဆောက်သေးခင်က သိမ်နှုတ်ပြီးဆောက်လျှင် ပိုပြီးသံသယကင်းနိုင်သည်။ အဆောက်အဦးဆောက်ထားပြီးဖြစ်လျှင်လည်း အဆောက်အဦး၏ ပတ်ဝန်းကျင် နှုတ်ရဦးမည်။မနှုတ်ခဲ့လျှင်နံရံ၏ အောက်၌ ဗဒ္ဓသိမ်များရှိခဲ့သော် ဆက်စပ်နေသဖြင့် သိမာသင်္ကရ ဒေါသဖြစ်နိုင်သည်။

## ဦးဆောင်သမုတ်ခဲ့

ပါသာဒသိမ်ခေါ် အထက်ထပ်သမုတ်သောသိမ်မျိုးကို တပည့်တော်ဦးဆောင်၍ သိမ်(၃)သိမ်သမုတ်ခဲ့ဖူးပါသည်။ ပထမဆုံးသိမ်မှာ သင်္ဃန်းကျွန်းမြို့နယ်၊င/က–ရပ်ကွက်၊ချမ်းအေးရိပ်သာ'လေးဘွဲ့ရ' ဆရာတော်ဦးနာဂသေန–ကျောင်း၊ တတိယထပ်ကို သမုတ်ခြင်းဖြစ်ပါသည်။ ဖြစ်ပေါ်ပုံမှာ– မြို့နယ်သံဃနာယကဥက္ကဋ္ဌ၊ဦးသာကေတ ဆရာတော်က ဖုန်းဆက်ပြီး 'ဘုန်းကြီး–ချမ်းအေးရိပ်သာ၊ဦးနာဂသေန ကသူ့ကျောင်းအထက် တတိယထပ်ကိုပါသာဒသိမ်သမုတ်လိုပါသဖြင့် သံဃနာယကအဖွဲ့မှ ဦးဆောင်၍ ပြုလုပ်ပေးပါရန် လာပြီးလျှောက်ထားတယ်။တပည့်တော်–ပင့်စာပို့ပေးလိုက်ပါမယ်၊ကြွဖြစ်အောင်ကြွပေးပါ၊ကားကြိုလွှတ်ပါမည်'ဟုဖုန်းဆက်အကြောင်းကြားပြီး၊– –

နောက်တစ်နေ့ပင့်စာရောက်လာပါတယ်။

## စာရှာကြည့်ရ

သူဖုန်းဆက်တဲ့နေ့ကစပြီး တခြားသက်တော်ရှည် ဝိနည်းတော်၌ ကျွမ်းကျင်လိမ်မာတဲ့ ခေါင်းဆောင်ဆရာတော်ကြီးတွေများပါရှိလျှင် တော်ပါရဲ့၊မပါရှိခဲ့လျှင် ကိုယ့်တာဝန်ကျရောက်မှာဘဲဆိုပြီး ပါသာဒ သိမ်သမုတ်နည်းကို လက်လှမ်းမှီသလောက် စာအုပ်တော်တော်များများ ရှာပြီးကြည့်ရပါတယ်။ ရှာပြီးကြည့်သော်လည်း အပေါ်ထပ်မှာသိမ် သမုတ်လျှင် နိမိတ်ကျောက်ထားပြီး သမုတ်ပုံကိုသာ တွေ့ရသည်။ ဗဒ္ဒသိမ်များကဲ့သို့ နှုတ်နည်း၊သမုတ်နည်းများကို တိတိကျကျဖော်ပြ ထားဒါမတွေ့ရပါ။

## သိမ်တော့မကျွတ်,ကြမ်းကျွတ်

သိမ်သမုတ်မည့်ည(၉)နာရီလောက်ကြတော့ လာပြီးပင့်လို့ လိုက်သွားပါသည်၊လိုက်သွားရင်း ကားပေါ်မှာ တကယ်လို့ငါ့ကိုများ ဦးဆောင်ခိုင်းခဲ့လျှင် တစ်ခါမှလည်းအတွေ့အကြုံမရှိဘူး၊ဘယ်လိုလုပ်ရ ပါ့မလဲ?လို့ ကြံစည်တွေးတောနှလုံးသွင်းပြီးသွားရပါတယ်။ ဟိုကို ရောက်တော့ မြို့နယ်ဥက္ကဋ္ဌဦးသာကေတနှင့်သံဃာတော်တော်များများ စုံနေကြပါပြီ၊ခဏနေပြီး၊ ဦးသာကေတကို 'ဘုန်းကြီးတို့-ဒီသိမ်မှာ ဦးဆောင်ပြီးလုပ်မည့်ဆရာတော်များ ပင့်ထားသလား?လို့မေးလိုက် တော့ ဦးသာကေတနှင့်အနားမှာရှိတဲ့သံဃာတွေကရော ဂေါပကတကါ ကြီးတွေကရော၊ အားလုံးဝိုင်းပြီး "အရှင်ဘုရားကို မျှော်နေကြဒါ၊ အရှင်ဘုရားပဲ ဦးဆောင်ပြီး လုပ်ရမှာပါဘုရား"လို့လျှောက်ထားကြ တယ်။ သုဝဏ္ဏသိင်္ဂီဘုန်းကြီးနဲ့အနားမှာရှိတဲ့ဘုန်းကြီးတွေကလည်း ဝမ်းသာအားရနဲ့ 'တပည့်တော်တို့လည်း နှစ်ရက်ရှိပြီဘုရား၊ဒီသိမ်ကို လာပြီး၊ကုသိုလ်ရအောင်သိမ်နှုတ်ပေးကြပါတယ်'လို့လျှောက်ကြတယ်။ ဒါနဲ့-ဘုန်းကြီးတို့က ဘယ်နေရာမှာ သိမ်နှုတ်နေကြဒါလဲ?လို့မေး လိုက်တော့ သိမ်သမုတ်မည့်အပေါ်ထပ်မှာ နှုတ်ကြပါတယ်ဘုရား'လို့

လျှောက်ထားတော့ 'အင်း–ဒီလိုဆိုရင် အရှင်ဘုရားတို့ နှုတ်' တာက "သိမ်တော့မကျွတ်ဘူး၊ကြမ်းတော့ကျွတ်မှာပေါ့"လို့ရယ်မောပြီး ပြောလိုက်တော့ ဘုန်းကြီးတွေကရော၊တကာကြီးတွေကရော အံ့အား သင့်သွားကြပြီး၊ဒီလိုဆိုမဖြစ်ဘူးလား?ဘုရား၊ဘယ်လိုလုပ်ရမှာလည်း ဆိုပြီး ပျာပျာသလဲ လှုပ်လှုပ်ရှရှ တအံ့တသြဖြစ်သွားကြပါတယ်။

## မြေကိုနှုတ်ရသည်

'သိမ်နှုတ်တယ်'--- ဆိုတာ 'မြေပေါ်ကိုနှုတ်ရတယ်၊အဆောက် အဦးပေါ်ကို မနှုတ်ရဘူး၊အဆောက်အဦးက သိမ်သမုတ်ထားတဲ့မြေ ပေါ်ကိုဆောက်ထားလို့ သိမဍ္ဍသိမ်ဖြစ်နေဒါ–လို့ရှင်းပြပြီး၊တကာကြီး တို့–ထုံးရှိသလား၊ထုံးရှာခဲ့ပါ၊အကွက်ချပြီး သံဃာစုံလျှင် နှုတ်ရ အောင်ဆိုပြီး အဆောက်အဦးရဲ့အောက်ဆုံးမြေပေါ်မှာ ထုံးနဲ့နစ်ပေ လောက်စီ အကွက်ရိုက်ခါ နှုတ်ကြလေသည်။ သုံးထပ်ကျောင်း၏ အတွင်း အုဋ္ဌနံရံအထိနှုတ်ကြပြီး၊ အပြင်ဘက် လေးဘက်လေးတန် နှင့်ကုဋီ၊မီးဖိုချောင်ပါမကျန် ဆက်စပ်သမျှအားလုံး သံသယကင်း လောက်အောင်နှုတ်ကြပါသည်။ သာသနာ့အလင်းရောင်ကျောင်းဘုန်း ကြီးဦးနန္ဒောဘာသ ကလည်းအနားသို့ကပ်လာပြီး တိုးတိုး,တိုးတိုးနဲ့ ဘုန်းကြီးလုပ်စရာရှိတာကို အားမနာပါနဲ့လုပ်သာလုပ်ပါ၊ဘုန်းကြီး ညွှန်ကြားတဲ့အတိုင်း တပည့်တော်တို့လုပ်မှာပါ–တဲ့၊ ရတနာ့ဂူဏ်ရည် ကျောင်းဆရာတော်က တစ်ခါတစ်ရံမှာ သူ့စိတ်မဝင်စားလျှင် အလုပ်ပို တွေလုပ်မနေနဲ့၊ဒါလောက်ဆိုတော်ရောပေါ့–ဟုပြောတတ်ပါသည်။ ဒါပေမယ့် ဒီတစ်ခါတော့ တစ်ခါမှအတွေ့အကြုံမရှိကြသေးတော့ ကြီးကြီးငယ်ငယ် ကြွလာကြတဲ့သံဃာအားလုံး တက်တက်ကြွကြွ စိတ်ဝင်စားကြပြီး ညီညီညွတ်ညွတ် အားပါးတရ ပျော်ပျော်ရွှင်ရွှင် မညီးမည။ တစ်နာရီလောက်အထိ ဆောင်ရွက်တော်မူကြပါသည်။ အထူးအဆန်းဖြစ်နေတော့ သံဃာတိုင်းရဲ့စိတ်ထဲမှာ အတွေးကိုယ်စီ ဖြင့်ရှေ့ဆက်ပြီး ဘယ်လိုများလုပ်မှာပါလိမ့်မလဲ–ဆိုတဲ့သိချင်စိတ်,–

မျှော်ကိုးတောင့်တစိတ်တွေကြောင့် ပင်ပန်းသော်လည်းသည်းခံပြီး မမောမပန်း ကမ္ဘာ့ဝါဖတ်ကြသည်ကို တွေ့ရပါသည်။

## မကြုံဖူးလို့ ပျိုဒူးတုံ

သိမ်နှုတ်ကိစ္စပြီးတဲ့အခါ နားနေဆောင်သို့ ခဏခေတ္တအနားယူကြလျက် အဖျော်၊ယမကာ၊ကွမ်း၊ဆေး၊ရေနွေးများဘုဉ်းပေးကြရင်း တစ်ပါးနဲ့တစ်ပါး ရယ်ရယ်မောမော တစ်ယောက်တစ်ခွန်း 'တပည့်တော်တို့ဖြင့် အပေါ်ထပ်ကို သိမ်သမုတ်တယ်ဆိုတာ ကြားသာကြားဖူးဒါ တစ်ခါမှ မကြုံဖူးဘူး၊အခုဟာ ပထမဆုံး အတွေ့အကြုံဘဲ၊ လုပ်ပုံလုပ်နည်းကို အထူးအာရုံစိုက်ပြီး လေ့လာမှတ်သားနည်းယူပါတယ်၊ စစ်ကိုင်းဘုန်းကြီး ယခုလုပ်တဲ့နည်းဟာ လေ့ခါးဆောင် ကုဋ္ဌ၊မီးဖိုချောင်ပါမကျန် စေ့စေ့စပ်စပ်ရှိတာမို့ သံသယလည်းကင်းပါတယ်၊ ဗဟုသုတလည်းရပါတယ်၊ တပည့်တော်တို့ကလည်း သူ့အားကိုးပြီး တာဝန်ယူရတာပါ'စသည်ဖြင့် မြို့နယ်ဥက္ကဋ္ဌဦးသာကျေတကအားရပါးရပြောပြနေသဖြင့် ဝမ်းမြောက်မိပါတယ်၊တကယ်တော့ လုပ်သာလုပ်နေရတယ်၊ ကိုယ့်မှာရင်တခုန်ခုန်နဲ့ 'မကြုံဖူးလို့ ပျိုဒူးတုံ၊ ရှေ့ရင်ခုန်လှ ဘုရားသကြား'ဆိုသလို ဖြစ်နေခဲ့ပါတယ်။

## ချမ်းအေး–ပါသာဒသိမ်

ည(၁၂)နာရီအချိန်မှာတော့ အပေါ်ဆုံးတတိယထပ်မှာ နံရံနှင့်တစ်ပေခွဲလောက်အကွာ ကျောက်နိမိတ်ထားပြီး ရပ်ကွက်အတွင်းရှိကျောင်းလေးကျောင်းမှ ရန်ကုန်ကျောင်းဆရာတော်ကြီးက ဆန္ဒပေးလိုက်ပြီး တခြားကျောင်းသံဃာအားလုံးကြွကာ နယ်သိမ်းသိမ်ပြုလုပ်လျှက်သမုတ်ခဲ့ပါသည်။ ၁၉၉၂–ခု၊ဒီဇင်ဘာလထဲမှာပါ၊ ထိုအချိန်က အစွန်အဖျားရပ်ကွက်ကလေးတွေဟာ တစ်ကျောင်းမှသံဃာ(၃–ပါး၊ ၄–ပါး)လောက်သာရှိတာဆိုတော့ သံဃာသိမ်း၍လွယ်ပါသည်။ယခုအချိန်မှာ နယ်သိမ်း၍ မရနိုင်တော့ပါ။

## ဒုတိယ'တတိယသိမ်

ဒုတိယအကြိမ် (၈)ရပ်ကွက်၊ 'သုဝဏ္ဏသိင်္ဂီ'မိုးကုတ်ရိပ်သာ၊ ဆရာတော်ဦးကစ္စာယန၏ကျောင်းဖြစ်ပါတယ်။ ဒီသုဝဏ္ဏသိင်္ဂီကျောင်းမှာတော့ အဆောက်အဦးမဆောက်မီကတည်းက သိမ်နှုတ်ပြီးအဆောက်အဦးဆောက်ပြီးကာမှ အပေါ်ဆုံးထပ်မှာဘဲ နယ်သိမ်း၍သမုတ်ခဲ့ပါသည်။

တတိယအကြိမ် မြို့နယ်သံဃနာယကဥက္ကဋ္ဌဦးသာကေတ၏ ကျောင်းဖြစ်ပါတယ်။ ဒီကျောင်းမှာလည်း အဆောက်အဦး မဆောက်သေးခင်က ကြိုတင်၍ သိမ်နှုတ်ပြီး ဆောက်ပြီးခါမှ အပေါ်ဆုံး တတိယထပ်ကို ရှေးနည်းအတိုင်း နယ်သိမ်း၍သမုတ်ခဲ့ကြပါသည်။ အခုအချိန်အခါမှာ 'ဝိသုံဂါမသိမ်' အမိန့်ရပြီးမှ သမုတ်ခြင်းသည် အကောင်းဆုံးဖြစ်ပါသည်။ ရှေးက မန္တလေးမြို့၊ပုဂံကျောင်းတိုက်၊ အလယ်တိုက်ကြီးအပေါ်ထပ် ပါသာဒသိမ်သမုတ်ထားဒါတွေ့ရသည်။ ဒါလောက်ဆို သိသင့်သလောက်သိကြပါပြီ။ အဓိက–ကတော့၍ ပါသာဒသိမ်သမုတ်ရာ၌ ဝိသုံဂါမသိမ်ဖြစ်ခဲ့လျှင် ဝိသုံဂါမသိမ်သမုတ်နည်းအတိုင်း သမုတ်၍ ဝိသုံဂါမ–မဟုတ်လျှင် ဂါမခေတ်၊ဂါမသိမ်ဖြစ်နေသောကြောင့် နယ်သိမ်းသမုတ်နည်းအတိုင်း သမုတ်မှ သံသယကင်းနိုင်ပေသည်။

## နိမိတ်အဓိက

အထက်ထပ်နိမိတ်ထားပြီး သိမ်သမုတ်လျှင် အထက်ထပ်သာ သိမ်ဖြစ်သည်။ မြေကြီးနိမိတ်ထား၍ နိမိတ်ကြားပြီး အဆောက်အဦးပေါ်မှာသိမ်သမုတ်ခဲ့လျှင် မြေမှအထက် အဆောက်အဦးအားလုံးသိမ်ဖြစ်တော့သည်။

'သစေ ပန ဟေဋ္ဌာ ပါသာဒဿ (ပ) သဗ္ဗော ပါသာဒေါ သိမဋ္ဌော ဟောတိ'။ (ဋ္ဌ–၃၂၅)

## ဓာတ်မီးကြိုးမအာပ်

'သစေ ပန မူလာနိပိ ဒိဿမာနာနေဝ ပဝိသန္တိ၊သက်ရောဝ'။
(ဝိနယာလင်္ကာရ၊ဋီ-ပ-၃၄၅)

သိမ်မှာ မီးကြိုးများသွယ်တန်းထားလျှင် ကံဆောင်သောအခါ ဖြုတ်ထားရမည်။ မီးကြိုးများသည် တခြားကျောင်းမှ ဗဒ္ဓသိမ်များနှင့်ဆက်စပ်နေသောကြောင့်ဖြစ်သည်။ တချို့က ဓာတ်မီးကြိုးများ မြေထဲမှာမြှုပ်၍ သိမ်ထဲသို့သွယ်လျှင်'ဘူမိဂတိက'ဖြစ်သည်ဟုယူဆ၍ သွယ်ထားကြသည်ဟု ကြားရသည်။ မလုပ်ကောင်းပါ။ အထက်ဋီကာစကားအရ- သူ့သဘာဝအတိုင်း မြေထဲမှာမြှုပ်နေ၍ ပကတိမျက်စိဖြင့် မမြင်နိုင်တဲ့ သစ်မြစ်,သံချောင်း,ကြေးချောင်း-စသည်ကိုသာ 'ဘူမိဂတိက'ဖြစ်၍အပ်ကြောင်းကိုပြသည်။ ယခုတကူးတကထင်ရှား တွေ့မြင်နေရတဲ့ မီးကြိုးကို လူတွေကိုယ်တိုင်သက်သက်ဖန်တီးပြီး ပြုလုပ်မြှုပ်နှံထားတဲ့အတွက်'ဘူမိဂတိက'မဖြစ်၍ မလုပ်ကောင်းဟု မှတ်ပါ။ (အတုမခိုးကြပါနဲ့)

## ဆောင့်ကြောင့်ထိုင်ဖတ်

ကမ္မဝါစာဖတ်တဲ့အခါမှာ ဘယ်လိုထိုင်၍ဖတ်ရမည်ဟု ပါဠိ၊ အဋ္ဌကထာ၊ဋီကာများမှာ မတွေ့ရပါ။ ရှင်ပြု,ရဟန်းခံ,ပဝါရဏာပြု, ဆန္ဒပါရိသုဒ္ဓိပေးခြင်းစသော အရာဌာနတို့၌ "ဘိက္ခူနံ ပါဒေ ဝန္ဒိတွာ ဥက္ကုဋိကံ နိသီဒိတွာ အဉ္ဇလိံ ပဂ္ဂဟေတွာ"-ဟုပါရှိပါသည်။ ထိုထို အရာဌာနများကိုထောက်ဆ၍ ဂရုဂါရဝဖြစ်စေခြင်းငှာ ကမ္မဝါဖတ် သောအခါ ရှေးရှေးဆရာတော်ကြီးများ အစဉ်အဆက် ဆောင့်ကြောင့် ထိုင်၍ ဖတ်တော်မူကြပါသည်။ ဒူးတုပ်၊မတ်တတ်ရပ်၍လည်းဖတ် နိုင်ပါသည်၊ အပြစ်တော့မရှိပါ။

## ဥက္ကုဋိကံ-ယူပုံ

ဥက္ကုဋိကံ နိသီဒိတွာ-အရ ဒူးနှစ်ဘက်ထောင်၍ ထိုင်ခြင်း မျိုးကိုယူသည်၊တချို့နိုင်ငံတွေက ဒူးနှစ်ဘက်ကြမ်းပြင်မှာထောက်ပြီး

ခြေဖနောင့်နှစ်ခုတို့ကို တင်ပါးအောက်၌ထားပြီး ဒူးတုပ်ထိုင်ခြင်းမျိုးကိုယူသည်။

## သုံးပါးဒေသနာကြားပုံ

"တိဏ္ဏံ ဥပရိ သဟ အာပတ္တိံ ဒေသေတုံ န လဗ္ဘန္တိ"

တိဏ္ဏံ–သုံးယောက်သောရဟန်းတို့ထက်၊ဥပရိ–အလွန်၊သဟ–တပေါင်းတည်း၊အာပတ္တိ–အာပတ်ကို၊ဒေသေတုံ–ကြားခြင်းငှာ၊နလဗ္ဘန္တိ မရအပ်ကုန်။ ( ဝဓိရဗုဒ္ဓိ၊ ဋီကာ)

ဒေသနာကြားတဲ့အခါ ယခုခေတ်ကြားသလို အကြီးတစ်ပါးနှင့် အငယ်ကနှစ်ပါးသာကြားရမည်။

"စတ္တာရော ပဉ္စ ဧကတော အာပတ္တိံ ဒေသေန္တိတိ အတ္ထော"။ (ပရိဝါ၊ဌ)–အရ 'လေးပါး၊ငါးပါးဒေသနာမကြားရ'။

## အင်တာနက်ဖြင့်ဒေသနာကြားလို့ရ/ ၊ ၇

တပည့်ဖြစ်သူ သာမဏေလက်ာရ ဦးသုမနႏ–ကလျှောက်ထားတယ်။ "ဆရာတော်ဘုရား–တစ်ခြားနိုင်ငံကနေပြီး အင်တာနက်နဲ့ ဒေသနာကြားလျှင် ဖြစ်နိုင်ပါသလား?တစ်ပါးနဲ့တစ်ပါး ရုပ်ကိုလည်း မြင်၊အသံကိုလည်းကြားနေရပါတယ်ဘုရား"တဲ့။ အေး–အဖြေကတော့ စဉ်းစားစရာဘဲ၊ဒေသနာကြားရခြင်း၏ အကြောင်းဖြစ်ပေါ်လာပုံက 'တစ်နေ့သောအခါ ရဟန်းတစ်ပါး ဥပုသ်နေ့ဥပုသ်ပြုရမည့်အချိန်၌ အာပတ်သင့်သဖြင့် 'ငါ့မှာ အာပတ်သင့်နေတယ်၊အာပတ်သင့်တဲ့ရဟန်း ဥပုသ်မပြုရ–ဟုပညတ်တော်မူတယ်၊ဘယ်လိုလုပ်ရမလဲ'–လို့ဘုရားထံ လျှောက်ထားတော့ ဘုရားရှင်က"တေန ဘိက္ခဝေ ဘိက္ခုနာ ဧကံ ဘိက္ခုံ ဥပသင်္ကမိတွာ ဧကံသံ ဥတ္တရာသင်္ဂံ ကရိတွာ ဥက္ကုဋိကံ နိသီဒိတွာ အဉ္ဇလိံ ပဂ္ဂဟေတွာ ဧဝမဿ ဝစနီယော"ဟု(မဟာဝါ ပါဠိ–၁၆၈)အရ ဥပသင်္ကမိတွာ–ပုဒ်ကိုထောက်လျှင်'ဟတ္ထပါသ်'လို့ မပါသော်လည်း ယခုဒေသနာကြားနေကြသလို တစ်ပါးပါးထံ အနီး အနားကပ်ရောက်ပြီး ဆောင့်ကြောင့်ထိုင်လက်အုပ်ချီ၍ ကြားမှ –

ပညတ်တော်နှင့်ညီမည်ဟု အဖြေပေးလိုက်ရသည်။ အဓိက ကတော့ 'အာယတိံသံဝရ'ရှိဖို့ပါဘဲ။

'ဥပ္ပန္နာနံ အကုသလာနံ ပါပကာနံ ပဟာနာယ ဝါယမော' ပြုလုပ်လွန်ကြူးခဲ့ပြီးသော အကုသိုလ်တရားတို့ကို နောင်မပြစ်မှား မကြူးလွန်မိအောင် စောင့်ရှောက်ထိန်းသိမ်းလိုက်လျှင် ပဟာနာယ- ပယ်ခြင်းဟုဆိုသည်။ အဘိဓမ္မာနည်းအရ-အပြစ်ကတော့ မပျောက်ပါ၊ ဝိနည်းမှာတော့-လောကဝဇ္ဇအာပတ်က အပြစ်ရှိပြီး၊ပဏ္ဏတ္တိဝဇ္ဇ-က တော့ ဒေသနာကြားလျှင် ပျောက်သည်။ သံဃာဒိသိသ်အာပတ်က တော့ဒေသနာကြားလျှင် ညဥ့်မဖုံးလွှမ်းဘဲ ရပ်တန့်နေပြီး ဝတ်၊မာနတ် အဗ္ဘာန်စောင့်မှပျောက်သည်။ ဒေသနာကြားရာ၌ ကာယဒွါရ၊ဝစီဒွါရနှင့် ညီလျှင် ရနိုင်ပေသည်။'သာဓု သုဋ္ဌု ဘန္တေ သံဝရိဿာမိ'-အတိုင်း စောင့်ရှောက်ဖို့က အဓိကပါဘဲ။

## ဥပုသ်ပြုပုံ (နှာ-၁၆၇)

"အနဇာနာမိ ဘိက္ခဝေ စတုန္နံ ပါတိမောက္ခံ ဥဒ္ဒိသိတုံ"ဟု ခွင့်ပြုတော်မူသောအတိုင်း သံဃာ(၄)ပါး၊(၄)ပါးအထက်ရှိလျှင် သံဃ ဥပုသ်ပြုရသည်။ ပါတိမောက်မှာလာရှိသောအတိုင်း 'ပုဗ္ဗကရဏ (၄)ပါး၊ပုဗ္ဗကိစ္စ(၅)ပါး၊ပတ္တကလ္လအင်္ဂါ(၄)ပါး၊ 'ဉတ်'ထားပြီး၊အနည်း ဆုံးပါတိမောက်နှင့်ဥဒ္ဒေသပြ၍ သံဃဥပုသ်ပြုရသည်။ လပြည့်+ လကွယ်တိုင်း နှစ်ပါးတစ်တွဲစီ အမေးအဖြေပြုလုပ်ပြီး ကိုယ်တော်တို့ ကိုယ်တိုင်ပါတိမောက်ပြနေဒါမို့ သိပြီးသားဖြစ်နေကြပြီ။

## သုံးပါးပါရိသုဒ္ဓိပြုပုံ (နှာ-၁၆၇)

"သုဏာတု မေ အာယသ္မန္တာ၊ အဇ္ဇုပေါသထော စာတုဒ္ဒသော (ပန္နရသော)ယဒါယသ္မန္တာနံ ပတ္တကလ္လံ၊ မယံ အညမညံ ပါရိသုဒ္ဓိ ဥပေါသထံ ကရေယျာမ" -ဟု ဗျတ္တပဋိဗလရဟန်းတစ်ပါးက 'ဉတ်' ထားရမည်။ ဉတ်ထားပြီးနောက်-

မထေရ်ကြီးက စောင့်ကြောင့်ထိုင်လက်အုပ်ချီပြီး---

"ပရိသုဒ္ဓေါ အဟံ အာဝုသော ပရိသုဒ္ဓေါတိ မံ ဓာရေထ" ဟု(၃)ခေါက်ဆို၍ ကျန်ရဟန်းအငယ်နှစ်ပါးက'သာဓု'ခေါ်စေပြီး။ အငယ်နှစ်ပါးကလည်း တစ်ပါးချင်း–

"ပရိသုဒ္ဓေါ အဟံ ဘန္တေ ပရိသုဒ္ဓေါတိ မံ ဓာရေထ" ဟု(၃)ခေါက်ဆို၍ 'သာဓု'ခေါ်ပါ။

## နှစ်ပါး'ပါရိသုဒ္ဓိ'ပြုပုံ (နှာ–၁၆၇)

နှစ်ပါးပြုရာ၌ 'ဉတ်'ထားရန်မလိုပါ။ အကြီးက စောင့်ကြောင့်ထိုင်လက်အုပ်ချီပြီး–ရှေးဦးစွာ–––

"ပရိသုဒ္ဓေါ အဟံ အာဝုသော ပရိသုဒ္ဓေါတိ မံ ဓာရေဟိ" ဟု(၃)ခေါက်ဆို၍၊ရဟန်းငယ်ကလည်းစောင့်ကြောင့်ထိုင်လက်အုပ်ချီပြီး–

"ပရိသုဒ္ဓေါ အဟံ ဘန္တေ ပရိသုဒ္ဓေါတိ မံ ဓာရေထ"–ဟု လေးစားသောအားဖြင့်(ထ)ဟု'ဗဟုဝုစ်'နှင့်(၃)ခေါက်ဆိုရမည်။

## 'ဉတ်မထားဘဲပြုနိုင်ပုံ'

ပဝါရဏာပြုပြီးသောအခါ ဝါကျိုးသောရဟန်း၊ဝါမရသေးသော ရဟန်းများရှိပါက ပဝါရဏာ'ဉတ်'ထားပြီးဖြစ်သောကြောင့် တဖန် ဉတ်ထားရန်မလိုတော့ဘဲ ပါရိသုဒ္ဓိဥပုသ်ပြုရသည်။ (အညေသံ သန္တိက အာရောစန ပါရိသုဒ္ဓိ–ဥပုသ်ဟုခေါ်သည်)။ ဝါကျိုး၊ဝါမရ သေးသောရဟန်း(၄၊၅၊၆)ပါးရှိသော်လည်း ပါရိသုဒ္ဓိပြုရသည်။

(က)သံဃာရှိပါလျက် ပါရိသုဒ္ဓိပြုလျှင် ဒုက္ကဋ်အာပတ်သင့်။

(ခ) သုံးပါးရှိပါလျက် ဉတ်မထားဘဲပြုလျှင် ဒုက္ကဋ်အာပတ်သင့်။

(ဂ) ဒေသနာမကြားဘဲ ဥပုသ်ပြုလျှင်ဒုက္ကဋ်အာပတ်သင့်။

## 'အဓိဋ္ဌာန်ဥပုသ်'ပြုပုံ (နှာ–၁၆၈)

တောအရပ်ဒေသမှာ တစ်ပါးထဲရှိသောကျောင်း၌ ဥပုသ်နေ့ ရောက်ခဲ့လျှင် သိမ်ရှိကသိမ်၊ မရှိက–ဇရပ်၊မဏ္ဍပ်၊သစ်ပင်ရင်းတို့၌ ပုဗ္ဗကရဏ(၄)ပါးပြုလုပ်၍ အာဂန္တုရဟန်းများကို စောင့်မျှော်လျှက် ထိုရဟန်းများကြွလာပါက ထိုရဟန်းများနှင့်ဥပုသ်ပြုရမည်။

တစ်ပါးမှမလာပါက အောက်ပါအတိုင်း'အဓိဋ္ဌာန်'ဥပုသ်ပြုရမည်။
"အဇ္ဇ မေ ဥပေါသထော စာတုဒ္ဒသော(ပန္နရသော)အဓိဋ္ဌာမိ"
ဟု(၃)ကြိမ်ဆို၍ ဥပုသ်ပြုရမည်။
(ဃ) ဥပုသ်နေ့ရောက်ပါလျှက် ဥပုသ်မပြုလျှင် ဒုက္ကဋ်အာပတ်သင့်။
(ဤနေရာ၌ အာပတ်သင့်၍ ဒေသနာမကြားဘဲ ဥပုသ်ပြုသော်လည်း
ရဟန်းတွေ့လျှင် ဒေသနာကြားမည်-ဟုနှလုံးသွင်းအဓိဋ္ဌာန်ထားသော
ကြောင့် 'ဒုက္ကဋ်အာပတ်မသင့်ပါ'။) ဂိလာနပုဂ္ဂိုလ်နှင့်ကိစ္စပသုတ
ပုဂ္ဂိုလ်တို့မှာ ဥပုသ်မပြုလည်း အာပတ်မသင့်ပါ။

## ဟတ္ထပါသ်အပြား

"ဟတ္ထပါသော နာမ ဒိယၶုဟတ္ထပမာဏော"ဟု(ဝိနယမဉ္ဇူသာ
ဋီကာ၊ခုဒ္ဒကသိက္ခာဋီကာ-ဖွင့်ပြသောကြောင့်-
(က)ကံကြီးကံငယ်ဆောင်ရာ၌ 'တစ်တောင့်ထွာ'ဟတ္ထပါသ်ယူ။
(ခ) သင်္ကန်းအဓိဋ္ဌာန်တင်သောအခါ၌'နှစ်တောင့်ထွာ'ဟတ္ထပါသ်ယူ။
(ဂ) ရဟန်းလောင်းအပြင်ထုတ်ဆုံးမရာ၌(၁၂)တောင်ဟတ္ထပါသ်ယူ။

## ပဝါရဏာပြုပုံ

ပထမဝါဆိုသောရဟန်းများက သီတင်းကျွတ်လပြည့်နေ့တွင်
ပထမကတ္တိကပဝါရဏာ-ပြုရသည်။ ဒုတိယဝါဆိုသော ရဟန်းများက
တန်ဆောင်မုန်းလပြည့်နေ့ ဒုတိယကတ္တိကပဝါရဏာ-ပြုရသည်။

## ဆန္ဒပေး

ဆန္ဒပေးသောရဟန်းများရှိပါက "ဆန္ဒံ ဒမ္မိ"-စသည်ဖြင့်ပေး၍
'တိဿေန ဘိက္ခုနာ ဆန္ဒော ဒိန္နော'-စသည်ဖြင့်ကြားရသည်။

## ပဝါရဏာပေး (နာ-၂၂၅)

"ဂိလာနေန ဘိက္ခုနာ ပဝါရဏံ ဒါတုံ"အရ ပဝါရဏာပေးပုံ၊
'ပဝါရဏံ ဒမ္မိ ၊ ပဝါရဏံ မေ ဟရ၊ ပဝါရဏံ မေ အာရောစေဟိ၊
မမတ္ထာယ ပဝါရေဟိ'-ဟုပေးရသည်။

## သံဃပဝါရဏာပြုပုံ

"ပဥ္စန္နံ သံဃေ ပဝါရေတုံ"–ငါးပါး၊ငါးပါးထက်သံဃာရှိလျှင် 'သံဃပဝါရဏာ'ပြုရသည်။ ယခုခေတ်မှာ စုပေါင်း၍ သံဃပဝါရဏာ ပြုကြသည်။ အောက်ပါအတိုင်း သံဃညတ်ထား၍ ပဝါရဏာ အမေး+အဖြေ ပြုလုပ်လျက် ပဝါရဏာပြုကြသည်။

## သံဃညတ် (နှ၁–၂၂၃)

"သုဏာတု မေ ဘန္တေ သံဃော၊ အဇ္ဇ ပဝါရဏာ ပန္နရသီ၊ ယဒိ သံဃဿ ပတ္တကလ္လံ၊ သံဃော ပဝါရေယျ"

## မထေရ်ကြီး ပဝါရဏာပြုပုံ

လက်ဝဲဘက်၌ စမ္ပါယ်ရုံတင်၍ စောင့်ကြောင့်ထိုင်လက်အုပ် ချီလျှက်–

" သံဃံ အာဝုသော ပဝါရေမိ၊ ဒိဋ္ဌေန ဝါ သုတေန ဝါ ပရိ သင်္ကာယ ဝါ၊ ဝဒန္တု မံ အာယသ္မန္တော အနုကမ္ပံ ဥပါဒါယ၊ ပဿန္တော ပဋိကရိဿာမိ "–ဟု(၃)ခေါက်ကြားပြီး သံဃာတော်များက 'သာဓု' သုံးကြိမ်ခေါ်ရသည်။

## သမာနဝဿိကပြုပုံ

အချိန်မကြာမြင့်စေရန် မထေရ်ကြီးများပြုပြီးလျှင် ဝါတူရာ သံဃာများပေါင်း၍ ပဝါရဏာပြုရသည်။ ပြုပုံမှာ–––

" သံဃံ ဘန္တေ ပဝါရေမိ၊ ဒိဋ္ဌေန ဝါ သုတေန ဝါ ပရိ–သင်္ကာယ ဝါ၊ ဝဒန္တု မံ အာယသ္မန္တော အနုကမ္ပံ ဥပါဒါယ၊ ပဿန္တော ပဋိကရိဿာမိ "–ဟု(၃)ခေါက်ဆိုပြီး သံဃာတော်များက 'သာဓု' သုံးကြိမ်ခေါ်ရသည်။

ပဝါရဏာပြုတဲ့အခါမှာ ညတ်ထားသည့်အချိန်မှစ၍ မိမိပဝါ ရဏာပြုပြီးသည်တိုင်အောင် လက်ဝဲဘက်၌ ကိုယ်ဝတ်စမ္ပါယ်ရုံတင် လျှက် လက်အုပ်ချီဆောင့်ကြောင့်ထိုင်၍နေရမည်။ ကိုယ့်ပဝါရဏာ ပြုပြီးမှ ဒူးချထိုင်နိုင်သည်။ (သတိပြုပါ)

(၄)ပါး'ဉာတ်'ထားပုံ

"သုဏန္တု မေ အာယသ္မန္တော အဇ္ဇပဝါရဏာ ယဒါယသ္မန္တာနံ ပတ္တကလ္လံ မယံ အညမညံ ပဝါရေယျာမ" (နှာ-၂၂၈)

မထေရ်ကြီးက-'အဟံ အာဝုသော အာယသ္မန္တေ ပဝါရေမိ၊ ဒိဋ္ဌေနဝါ သုတေနဝါ ပရိသင်္ကာယဝါ ဝဒန္တု မံ အာယသ္မန္တော အနုကမ္ပံ ဥပါဒါယ ပဿန္တော ပဋိကရိဿာမိ" (၃)ခေါက်။

ရဟန်းငယ်က- ' အဟံ ဘန္တေ အာယသ္မန္တေ ပဝါရေမိ၊ ဒိဋ္ဌေနဝါ သုတေနဝါ ပရိသင်္ကာယဝါ ဝဒန္တု မံ အာယသ္မန္တော အနုကမ္ပံ ဥပါဒါယ ပဿန္တော ပဋိကရိဿာမိ" (၃)ခေါက်။

(၃)ပါး'ဉာတ်'ထားပုံ (နှာ-၂၂၉)

"သုဏန္တု မေ အာယသ္မန္တာ အဇ္ဇပဝါရဏာ ယဒါယသ္မန္တာနံ ပတ္တကလ္လံ မယံ အညမညံ ပဝါရေယျာမ"

မထေရ်ကြီးက-'အဟံ အာဝုသော အာယသ္မန္တေ ပဝါရေမိ၊ ဒိဋ္ဌေနဝါ သုတေနဝါ ပရိသင်္ကာယဝါ ဝဒန္တု မံ အာယသ္မန္တာ အနုကမ္ပံ ဥပါဒါယ ပဿန္တော ပဋိကရိဿာမိ" (၃)ခေါက်။

ရဟန်းငယ်က- ' အဟံ ဘန္တေ အာယသ္မန္တေ ပဝါရေမိ၊ ဒိဋ္ဌေနဝါ သုတေနဝါ ပရိသင်္ကာယဝါ ဝဒန္တု မံ အာယသ္မန္တာ အနုကမ္ပံ ဥပါဒါယ ပဿန္တော ပဋိကရိဿာမိ" (၃)ခေါက်။

(အမှာ-(၄)ပါးမှာ (န္တော)၊ (၃)ပါးမှာ (န္တာ)ထူးသည်။)

(၂)ပါး'ပဝါရဏာ'ပြုပုံ (နှာ-၂၃၀)

မထေရ်ကြီးက-'အဟံ အာဝုသော အာယသ္မန္တံ ပဝါရေမိ၊ ဒိဋ္ဌေနဝါ သုတေနဝါ ပရိသင်္ကာယဝါ ဝဒန္တု မံ အာယသ္မာ အနုကမ္ပံ ဥပါဒါယ ပဿန္တော ပဋိကရိဿာမိ" (၃)ခေါက်။

ရဟန်းငယ်က- ' အဟံ ဘန္တေ အာယသ္မန္တံ ပဝါရေမိ၊ ဒိဋ္ဌေနဝါ သုတေနဝါ ပရိသင်္ကာယဝါ ဝဒန္တု မံ အာယသ္မာ အနုကမ္ပံ ဥပါဒါယ ပဿန္တော ပဋိကရိဿာမိ" (၃)ခေါက်။

## (၁)ပါး'အဓိဋ္ဌာန်ပဝါရဏာ'ပြုပုံ (နှာ၁-၂၃၀)

အဓိဋ္ဌာန်ဉပုသ်ပြုသကဲ့သို့ ပုဗ္ဗကိစ္စစသည်ပြုလုပ်ရမည်။သံဃာများမလာရှိပါက "အဇ္ဇ မေ ပဝါရဏာ အဓိဋ္ဌာမိ"-ဟုအဓိဋ္ဌာန်ပဝါရဏာပြုရသည်။

## 'ဝါဆိုရပုံ'(ပုရိမဝါ'ပစ္ဆိမဝါ)

"အနုဇာနာမိ ဘိက္ခဝေ ဝဿံ ဥပဂန္တုံ" (နှာ၁-၁၉၂)

ဘုရားရှင်သည် မိုးတွင်းကာလ၌ တစ်ခြားအရပ်ဒေသသို့ခရီးမသွားဘဲ ဝါဆိုဝါကပ်နေရမည်ဟု ပညတ်တော်မူသောကြောင့် မိုး(၄)လ၌ ဝါဆိုကြရသည်။ ဝါဆိုလပြည့်ကျော်(၁)ရက်နေ့ဝါဆို၍ သီတင်းကျွတ်လပြည့်နေ့ ပဝါရဏာပြုသော'ပုရိမဝါ'။

ဝါခေါင်လပြည့်ကျော်(၁)ရက်နေ့ဝါဆို၍ တန်ဆောင်းမုန်းလပြည့်နေ့ ပဝါရဏာပြုသော'ပစ္ဆိမဝါ'။-ဟု (၂)မျိုးရှိသည်။ ဝါဆိုသောအခါ ဆောင့်ကြောင့်ထိုင်လက်အုပ်ချီပြီး "ဣမသ္မိံ ဝိဟာရေ ဣမံ တေမာသံ ဝဿံ ဥပေမိ"-ဟု ထေရ်စဉ်ဝါလိုက်သော်၎င်း၊တပေါင်းတည်းသော်၎င်း၊(၃)ကြိမ်ဆို၍ 'သာဓု'ခေါ်ရသည်။ ဝါဆိုပန်း၊ဝါဆိုဖရောင်းတိုင်များကိုင်ဆောင်၍ ကြည်ညိုဖွယ်ဖြစ်အောင်ဝါဆိုကြသည်။

## 'သစ္စာပန်း'

(အနက်) ဣမသ္မိံဝိဟာရေ-ဤကျောင်းတိုက်၌၊ဣမံတေမာသံ-ဤသုံးလပတ်လုံး၊ဝဿံ-ဝါသို့၊ဥပေမိ-ကပ်ရောက်နေထိုင်ပါ၏။

သံဃာတော်များသည် ပန်းကလေးတွေကိုင်ဆောင်ပြီး ဘုရားရှေ့မှာဆောင့်ကြောင့်ထိုင်လက်အုပ်ချီလျှက် ဤကျောင်းတိုက်၌ ဤဝါတွင်းသုံးလပတ်လုံး ပရိယတ်၊ပဋိပတ်ကြိုးစားအားထုတ်နေထိုင်၍ တခြားအရပ်ဒေသသို့ ညဥ့်အိပ်၊ညဥ့်နေခရီးမသွားပါဘူး-ဟုသစ္စာဓိဋ္ဌာန်ပြုတဲ့ ပန်းလေးတွေမို့ 'ဝါဆိုပန်းကို သစ္စာပန်း'-ဟုဆိုကြသည်။ ဤဝါဆိုသစ္စာပန်းကို ဆောင်ထားလျှင် ဘေးအန္တရာယ်ကင်း၍ စီးပွါးတိုးတက်သည်ဟု ယူဆကြသည်။

## ' ဝါပန်ပုံ '

"အာဂစ္ဆန္တု ဘဒန္တာ ဣစ္ဆာမိ၊ ဒါနဥ ဒါတုံ၊ ဓမ္မဥ သောတုံ၊ ဘိက္ခူစ ပဿိတုံ" (နာ-၁၉၄) အညီ- လှူလို၍၊ တရားနာလို၍၊ ဖူးမျှော်လို၍ ကြွပါဘုရား-ဟု ပင့်လျှောက်လျှင်(၇)ရက် 'ဝါပန်'၍ ကြွကောင်းသည်။ တခြားကိစ္စကြောင့် မသွားကောင်း။တုံ(၃)တုံနှင့် ညီမှ သွားကောင်းသည်။

'အန္တော သတ္တာဟေ ပဋိနိဝတ္တေဿာမိ'

အန္တောသတ္တာဟေ-ခုနစ်ရက်အတွင်း၌၊ပဋိနိဝတ္တေဿာမိ-တဖန်ပြန်လာခဲ့ပါအံ့-ဟုနှလုံးသွင်း ဝါပန်ရသည်။

ဝါမဆိုသောရဟန်း၊ ဝါကျိုးသောရဟန်း၊ အကြောင်းမဲ့ခရီးသွားသောရဟန်း-'ဒုက္ကဋ်'အာပတ်သင့်သည်။

### မဟာဝါ အဋ္ဌကထာ

'ဣမသ္မိံ ဝိဟာရေ ဣမံ တေမာသံ ဝဿံ ဥပေမိတိ သကိံဝါ ဒွတ္တိက္ခတ္တုံဝါ ဝါစံ နိစ္ဆာရေတွာ ဝဿံ ဥပဂန္တဗ္ဗံ'-ဟုဖွင့်ပြသည်။

### ပဝါရဏာဥပုသ်ပြုပုံ

'သစေ ပုရိမိကာယ၊ပဥ္စ ဘိက္ခူ ဝဿံ ဥပဂတာ၊ပစ္ဆိမိကာယပိ ပဥ္စ။ ပုရိမေဟိ ဉတ္တိံ ဌပေတွာ ပဝါရိတေ၊ ပစ္ဆိမေဟိ တေသံ သန္တိကေ ပါရိသုဒ္ဓိဥပေါသထော ကာတဗ္ဗော။န ဧကသ္မိံ ဥပေါသထဂ္ဂေ ဒွေ ဉတ္တိယော ဌပေတဗ္ဗာ'။ (မဟာဝါ၊ဋ္ဌ)

ငါးပါး၊ငါးပါးထက်များသော ပုရိမဝါရဟန်းများက ဉတ်ထား၍ ပဝါရဏာပြုပြီးဖြစ်သောကြောင့် ပစ္ဆိမဝါကပ်သောရဟန်းများ (ဝါကျိုး၊ ဝါမရသေးသောရဟန်းများ)က တဖန်ဉတ်ထားရန်မလို တော့ဘဲ ပါရိသုဒ္ဓိဥပုသ်ပြုရမည်ဟုဆိုလိုသည်။

### ♣။ ဝဒန္တု မံ အာယသ္မန္တော နှင့် ဝဒတု မံ သံဃော ♣

ဝဒန္တု မံ အာယသ္မန္တောတိ၊ ဟိ ဧဝံ ဝဒန္တော အာပတ္တိံပိ ဝုဋ္ဌဟိဿတိ ဝိနယဥ ပုရေက္ခိတွာ ဝိဟရတီတိ ဝုစ္စတိ။ (ဋ္ဌ)

ဟိ–မှန်၏၊ဝဒန္တု မံ အာယသ္မန္တော–ဝဒန္တု မံ အာယသ္မန္တော ဟူ၍၊ဝဒန္တော–ဆိုသည်ရှိသော်၊ အာပတ္တိဟိ–အာပတ်တို့မှ၊ဝုဋ္ဌဟိဿတိ –ထလတ္တံ့၊ဝိနယဥ္စ–ဝိနည်းကိုလည်း၊ပုရေက္ခိတွာ–ရှေးရှု၍၊ဝိဟရတီတိ– နေ၏ဟူ၍၊ဝုစ္စတိ–ဆိုအပ်၏။

'ဝဒတု မံ သံဃော'–ဟုဆိုလျှင် အကျွန်ုပ်ကို သံဃာလေးပါး ပြည့်မှ ဆိုကြပါ–ဟူသောစကားရောက်၍ မရှိသေရာကျသည်။ 'ဝဒန္တု မံ အာယသ္မန္တော'ဆိုမှ သီတင်းကြီး၊သီတင်းလတ်၊သီတင်းငယ် အဘယ်ပုဂ္ဂိုလ်မဆို အကျွန်ုပ်ကိုပြောကြပါ–ဟူသော စကားအရာ ရောက်၍ ရိုသေရာရောက်သည်–ဟူလို။ (ဝဇိရဗုဒ္ဓိ၊ဋီကာ)

## ကထိန်ခင်းပုံအစီအစဉ်

'အနုဇာနာမိ ဘိက္ခဝေ ဝဿံ ဝုဋ္ဌာနံ ဘိက္ခူနံ ကထိနံ အတ္ထရိတုံ'။ (နှာ–၃၅၂) မဟာဝါပါဠိတော်နှင့်အညီ–ပုရိမဝါမှထတော် မူသောသံဃာတော်တို့အား ကထိန်ခင်းရန် ခွင့်ပြုတော်မူသည်။

(၁) ကထိန်သင်္ကန်းအလှူခံရသည်။

(၂) ကထိန်းခင်းထိုက်သော ပုဂ္ဂိုလ်ရွေးချယ်ရသည်။

(၃) ဉတ္တိဒုတိယကမ္မဝါစာဖြင့် သိမ်တွင်းသို့သွား၍ အနည်းဆုံး သံဃာလေးပါးဖြင့် သင်္ကန်းပေးရသည်။

(၄) အဓိဋ္ဌာန်တင်ထားသော သင်္ကန်းဟောင်းကို ပစ္စုဒ္ဓိုရ်ပြု၍၊ အဓိဋ္ဌာန်စွန့်ရသည်။(မရှိလျှင် စွန့်စရာမလို)

(၅) ကထိန်ခင်းမည့်သင်္ကန်းသစ်ကို ကပ္ပဗိန္ဒုထိုးရသည်။

(၆) သင်္ကန်း(၃)ထည်တို့တွင် ခင်းမည့်သင်္ကန်းကို (ဣမံ သင်္ဃာဋိံ အဓိဋ္ဌာမိ၊ ဣမံ ဥတ္တရာသင်္ဂံ အဓိဋ္ဌာမိ၊ ဣမံ အန္တရဝါသကံ အဓိဋ္ဌာမိ)ဟုအဓိဋ္ဌာန်တင်ရသည်။

(၇) ကထိန်ခင်းရသည်။

(၈) အနုမောဒနာတိုက်တွန်း၍ အနုမောဒနာပြုရသည်။

## (၁)သက်န်းအလှူခံ

ကထိန်ခင်းထိုက်သော "ဒုကုဋ်သင်္ကန်း၊ကော်သီ၊သင်းပိုင်" ဤ(၃)ထည်ကို ကထိန်တကာများက သံဃိကမြောက်အောင်- - " ဣမံ ကထိနစီဝရံ သံဃဿ ဒေမ "ဟုဆို၍လှူရသည်။ သံဃာများက သံဃိကအလှူခံရသည်။

## (၂)ပုဂ္ဂိုလ်ရွေးချယ်

ပုရိမဝါကပ်တော်မူသော ကျောင်းတိုက်ရှိသံဃာတော်အများထဲမှ အနည်းဆုံးသင်္ကန်း(၂)စုံလောက်မှ မရှိသော သင်္ကန်းရှားပါးသော လူခစီဝရပုဂ္ဂိုလ်မျိုးရှိပါက ထိုပုဂ္ဂိုလ်မျိုးကို ရွေးချယ်၍ကထိန်သင်္ကန်းပေးရသည်။ ယခုခေတ် သင်္ကန်းရှားပါးသောပုဂ္ဂိုလ်မရှိသဖြင့် 'ဝုဍ္ဎဿ ဒါတဗ္ဗံ'-အရ အကြီးဆုံးမထေရ်ကြီးကို သင်္ကန်းပေး၍ ကထိန်ခင်းကြသည်။ တပည့်တော်တို့ကျောင်းမှာတော့ (၃၆)ကြိမ်ရှိခဲ့ပြီ၊ ပထမ+ဒုတိယအကြိမ်သာ တပည့်တော် ကထိန်ခံခဲ့သည်။ တတိယအကြိမ်ကစပြီး စာချဘုန်းကြီးများကို ချီးမြှောက်ထောက်ပံ့သောအားဖြင့်၄င်း၊လက်တွေ့ကထိန်ခင်းတတ်စေခြင်းငှာ၄င်း၊အလှည့်ကျ ကထိန်ခံခဲ့စေပါသည်။

## (၃)ဉာတ်သက်န်း

သင်္ကန်း(၃)ထည်တို့တွင် ကထိန်ခံသောပုဂ္ဂိုလ်က မိမိခင်းလိုသောသင်္ကန်း(၁)ထည်ကိုသာ ရွေးချယ်၍ ဥပမာ=သင်းပိုင်ကိုခင်းလိုပါက သင်းပိုင်ကိုယူ၍ အနည်းဆုံး သံဃာ(၄)ပါးပင့်ဆောင်လျှက် သိမ်ထဲသို့သွား၍ ဉတ္တိဒုတိယကမ္မဝါစာဖြင့် ပေးရသည်။ (ဒါ့ကြောင့် ကထိန်သင်္ကန်းကို 'ဉာတ်သင်္ကန်း'ဟုခေါ်သည်။)

## (၄)ပစ္စုဒ္ဓိုရ်ပြု

"ဣမံ သံဃာဋိံ အဓိဋ္ဌာမိ"၊"ဣမံ ဥတ္တရာသင်္ဂံ အဓိဋ္ဌာမိ"၊ "ဣမံ အန္တရဝါသကံ အဓိဋ္ဌာမိ"-ဟုအဓိဋ္ဌာန်တင်ထားသော သင်္ကန်းရှိခဲ့လျှင် "ဣမံ သံဃာဋိံ ပစ္စုဒ္ဓရာမိ""ဣမံ ဥတ္တရာသင်္ဂံ ပစ္စုဒ္ဓရာမိ"၊

"ဣမံ အန္တရဝါသကံ ပစ္စုဒ္ဓရာမိ"-ဟုကထိန်ခင်းမည့်'ဉာတ်' သင်္ကန်းကို ပစ္စုဒ္ဒိုရ်ပြု၊ အဓိဋ္ဌာန်စွန့်ရသည်။(အဓိဋ္ဌာန်မတင်ခဲ့လျှင် ပစ္စုဒ္ဒိုရ်ပြုရန်မလို)

## (၅)ဝိကပ္ပနာနှင့်ပရိက္ခာရစောဠ

ယခုခေတ်မှာ အဓိဋ္ဌာန်ဝတင်ဆောက်တည်သူအနည်းငယ်မျှသာ ရှိကြပြီး သင်္ကန်းအပိုရှိလျှင် ဒသာဟတိက္ကန္တ-မဖြစ်စေရန် ဝိကပ္ပနာ နှင့်ပရိက္ခာရစောဠအဓိဋ္ဌာန်တင်၍ သုံးဆောင်ကြသည်။ ဝိကပ္ပနာပြု ပုံမှာ ပိုလျှံသောသင်္ကန်းကို ရဟန်းတစ်ပါးထံသွားပြီး အောက်ပါ အတိုင်း ဝိကပ္ပနာပြုရသည်။

"ဣမံ စီဝရံ တုယှံ ဝိကပ္ပေမိ"-များလျှင်"ဣမာနိ စီဝရာနိ တုယှံ ဝိကပ္ပေမိ"ဟု (၃)ကြိမ်ဆို၍ပြုပါ။ ထိုရဟန်းက ဝိကပ္ပနာ ပြန်ပုံ-"မယှံ သန္တကံ ပရိဘုဉ္ဇ ဝါ ဝိသဇ္ဇေဟိ ဝါ ယထာပစ္စယံ ကရောဟိ"ဟုပြန်ပေးရသည်။

## ပရိက္ခာရစောဠအဓိဋ္ဌာန်တင်ပုံ

"ဣမံ စီဝရံ ပရိက္ခာရစောဠံ အဓိဋ္ဌာမိ" အများတင်လိုပါက "ဣမာနိ စီဝရာနိ ပရိက္ခာရစောဠာနိ အဓိဋ္ဌာမိ"-ဟုမိမိကိုယ်တိုင် သင်္ကန်းကိုကိုင်၍ ပရိက္ခာရစောဠအဓိဋ္ဌာန်တင်ပြီး သုံးဆောင်ရသည်။ ယခုအခါမှာ ပရိက္ခာရစောဠကိုသာ အသုံးပြုကြတော့သည်။ဝိကပ္ပနာ နှင့်ပရိက္ခာရစောဠအဓိဋ္ဌာန်တင်သောသင်္ကန်းကိုလည်းပစ္စုဒ္ဒိုရ်ပြုရန်မလို

## (၆)ကပ္ပဗိန္ဒုထိုး'အဓိဋ္ဌာန်တင်

ကထိန်ခင်းမည့်သင်္ကန်းကို ကပ္ပဗိန္ဒုထိုး၍ အောက်ကပြဆို ခဲ့တဲ့အတိုင်း"ဣမံ သံဃာဋိံ အဓိဋ္ဌာမိ"စသည်ဖြင့် အဓိဋ္ဌာန်တင်ရသည်။

## (၇)ကထိန်ခင်း'တိုက်တွန်း

ဒုကုဋ်သင်္ကန်းဖြစ်အံ့။"ဣမာယ သံဃာဋိယာ ကထိနံ အတ္ထရာမိ"၊ ကောသီသင်္ကန်းဖြစ်အံ့။"ဣမိနာ ဥတ္တရာသင်္ဂေန ကထိနံ အတ္ထရာမိ"၊

ာင်းပိုင်သင်္ကန်းဖြစ်အံ့။ "ဣမိနာ အန္တရဝါသကေန ကထိနံ အတ္ထရာမိ" ဟု(၃)ကြိမ်နှုတ်ဖြင့်ရွတ်ဆို၍ ကျောင်းတိုက်အတွင်းရှိ သံဃာအားလုံးစုဝေး၍ သံဃမျက်မှောက်၌ ကထိန်ခင်းရသည်။ ကထိန်ခင်းပြီးလျှင် ဆောင့်ကြောင့်ထိုင်လက်အုပ်ချီ၍" အတ္ထတံ အာဝုသော သံဃဿ ကထိနံ ဓမ္မိကော ကထိနတ္ထာရော အနုမောဒထ"ဟု(၃) ကြိမ် အနုမောဒနာပြုရန် တိုက်တွန်းရသည်။ သံဃာများက သာဓု ခေါ်ရသည်။ (ရဟန်းငယ်ဖြစ်ပါက 'အာဝုသော'နေရာ၌'ဘန္တေ'ဟုဆို)

## (၈)အနုမောဒနာပြုပုံ

"အတ္ထတံ ဘန္တေ သံဃဿ ကထိနံ ဓမ္မိကော ကထိနတ္ထာရော အနုမောဒါမ"။(တစ်ပါးထဲဖြစ်ပါက "အနုမောဒါမိ")ဟုဆောင့်ကြောင့်ထိုင်လက်အုပ်ချီပြီး အနုမောဒနာပြုရသည်။ အနုမောဒနာပြုသောရဟန်းများသာလျှင် ကထိန်ပစ္စည်းများနှင့်ကထိန်အာနိသင်အကျိုး (၅)ပါးရသည်။ အနုမောဒနာမပြုသောရဟန်းများ ပုရိမဝါဆိုသော်လည်းမရပါ။

## ကထိန်အာနိသင်(၅)ပါး

(၁) အနာမန္တစာရ=ဘောဇဉ်ငါးပါးဖြင့်ပင့်ဖိတ်အပ်သောဆွမ်းရှိလျှက် ထင်ရှားရှိသောရဟန်းကို မပန်ကြားမူ၍ တစ်ပါးသောဒါယကာအိမ်သို့ သွားခြင်းကြောင့် 'စာရိတ္တသိက္ခာပုဒ်'ဖြင့်ပါစိတ်အာပတ် မသင့်ခြင်း။

(၂) အသမာဒါနစာရ=တိစီဝရိတ်အဓိဋ္ဌာန်တင်၍ဆောင်ထားအပ်သောသင်္ကန်းများဖြင့် နစ်တောင့်ထွာဟတ္ထပါသ်မှ အပပြု၍ညဉ့်ကင်း၍နေသော်လည်း 'ဒုတိယကထိန'သိက္ခာပုဒ်ဖြင့် နိဿဂ္ဂိပါစိတ် အာပတ်မသင့်ခြင်း။

(၃) ဂဏဘောဇန=လေးပါးသောရဟန်းတို့အား ထမင်းစား၊မုန့်ဟင်းခါး၊ခေါက်ဆွဲ၊ပလာတာ-ဘုဉ်းပေးကြွပါဟုမအပ်သောပင့်ဖိတ်ခြင်းဖြင့် ပင့်ဖိတ်အပ်သော ဂဏဘောဇဉ်ကိုစားခြင်းကြောင့်

## အဘိဓမ္မာဆောင်ရဟန်းတို့၏မူ

(၁) နမော တဿ-(၃)ကြိမ်၊
(၂) အနေကဇာတိသံသာရံ-စသော ဥဒါန်းဂါထာ(၃)ကြိမ်၊
(၃) ပဋ္ဌိစ္စသမုပ္ပါဒ် 'အနုလုံနှင့်ယဒါ ဟဝေ'(ပထမဂါထာ)၊
(၄) ပဋ္ဌိစ္စသမုပ္ပါဒ် 'ပဋိလုံနှင့်ယဒါ ဟဝေ'(ဒုတိယဂါထာ)၊
(၅) ပဋ္ဌိစ္စသမုပ္ပါဒ် 'အနုလုံ+ပဋိလုံယဒါ ဟဝေ'(တတိယဂါထာ)၊
(၆) ပဌ္ဌာန်းပစ္စယုဒ္ဒေသပါဠိတော်၊
(၇) ဇယန္တော-စသောအောင်ဂါထာများကိုရွတ်။

နိုင်ငံတော်သံဃမဟာနာယကဆရာတော်ကြီးများတော့-အဘိဓမ္မာဆောင်ရဟန်းတို့၏မူအတိုင်း 'အနေကဇာတင်'ကြသည်။

## ဝိနည်းဆောင်မူအတိုင်းတင်

နယ်တွေမှာတော့ " မတူရာပြ၊ တူရာပ၊ ဝါကျကျဉ်းချုံးနည်း' ဟူသော ဝါကျသံခိတ္တပရိဘာသာအတိုင်း---

(၁) နမော တဿ-(၃)ကြိမ်၊
(၂) အနေကဇာတိသံသာရံ-စသော ဥဒါန်းဂါထာ(၃)ကြိမ်၊(၅)ကြိမ်၊(၉)ကြိမ်၊
(၃) ပဋ္ဌိစ္စသမုပ္ပါဒ် 'အနုလုံ+ပဋိလုံ၊တစ်စပ်တည်း(၁)ကြိမ်၊
(၄) ယဒါ ဟဝေ-(၃)ဂါထာတစ်စပ်တည်းရွတ်၊
(၅) ပဌ္ဌာန်းပစ္စယုဒ္ဒေသပါဠိတော်၊
(၆) ဇယန္တော-စသောအောင်ဂါထာများ၊
(၇) ဘုရားဂုဏ်၊တရားဂုဏ်၊သံဃဂုဏ်၊ဇဝံ ဗုဒ္ဓံ ၊ ယံဒုန္နိမိတ္တံ(၃)ဂါထာ၊(ဘဝတု သဗ္ဗမင်္ဂလံ(၃)ဂါထာ)ဤကဲ့သို့အကျဉ်းချုံး၍ တင်ကြသည်။

## ကျောင်းကို တာဝကာလိကအပ်နည်း

"တာဝ ပရိစ္ဆေဒံ ကာလံ အဿအတ္ထီတိ တာဝကာလိကံ" (အနက်) အဿ-ထိုယူခြင်း+ပေးခြင်းအား၊တာဝပရိစ္ဆေဒံ-ပိုင်းခြား-

အပ်သော၊ ကာလံ–တစ်ရက်၊နှစ်ရက်စသောကာလသည်၊အတ္ထိ ရှိ၏၊ဣတိတသ္မာ–ထို့ကြောင့်၊တံဂဟဏာဒါနံ–ထိုယူခြင်းပေးခြင်းသည်၊ တာဝကာလိကံ–တာဝကာလိကမည်၏။

ခုနှစ်၊လ၊နေ့ရက်၌ အောက်ပါသက်သေများရှေ့မှောက်တွင် တောင်ကျောင်းဆရာတော်ဦးဝိသုဒ္ဓ သည် မြောက်ကျောင်းကို တာဝ ကာလိက–စောင့်ရှောက်နေထိုင်ရန် ဦးသာဂရ အားပေးကမ်းလွှဲအပ် ပါ၏ဟုအပ်ခဲ့သော် ဦးသာဂရ ပြန်လွှန်သော်၄င်း၊လူထွက်သော်၄င်း၊ တခြားသို့ထွက်သွားသော်၄င်း၊မူလပိုင်ဆိုင်သူ ဦးဝိသုဒ္ဓ သာပိုင်ဆိုင် သည်။

## ဒွိသန္တကပြုလုပ်နည်း

(၂)ပါးဆိုင် ဒွိသန္တကပြုလုပ်လိုပါက ပစ္စည်းရှင်ရဟန်းသည် ပေးလိုသောရဟန်းအား–"မမ သန္တကံ တဝ စ မမ စ ဟောတု"ဟု နှုတ်မြွက်ဆို၍ ဒွိသန္တကပြုလုပ်ရသည်။
(မြန်မာလို= တပည့်တော်ပိုင်ဆိုင်သောကျောင်း၊ဂရုဘဏ်၊လဟုဘဏ် ပစ္စည်းအားလုံးသည် ငါ့ရှင်အား၄င်း၊ငါ့အား၄င်း၊ဖြစ်စေသတည်း'ဟု နှုတ်မြွက်ဆို၍လှူရသည်။)

## (တနည်း)ဒွိသန္တကပြုလုပ်နည်း

ပိုင်ရှင်ဘုန်းကြီးက မိမိပိုင်ဆိုင်ကျောင်းစသည်ကို သီလဝန္တ ဖြစ်သော ဆရာတော်ကြီးအား ပေးလှူအပ်၏၊ထိုသီလဝန္တဆရာတော် ကြီးမှ ဒွိသန္တကပြုလိုသော ရဟန်း(၂)ပါးအား တဖန်ပြန်၍(၂)ပါးဆိုင် (၂)ပါးပိုင် 'ဒွိသန္တက'အဖြစ်ဖြင့်လှူအပ်၏။

တိသန္တက, စတုသန္တက, ပဥ္စသန္တက–လည်းပြုလုပ်ကြသည်။

## မတသန္တက

"ဘိက္ခုဿ ဘိက္ခုဝေ ကာလင်္ကတေ သံဃော သာမိ"
အသက်ထင်ရှားရှိစဉ် မိမိပိုင်ဆိုင်သောကျောင်း၊သင်္ကန်းစသောပုဂ္ဂလိ ကပစ္စည်းများကို လှူ၊ရှင်ရဟန်း–တစ်ဦးဦးကို စာတမ်းပြုစုသဖြင့်၄င်း၊

နှုတ်ဖြင့်၄င်း၊ပေးစွန့်လှူဒါန်းခြင်းမရှိဘဲ ပြန်လွှန်တော်မူသွားပါက ထိုကျောင်း၊သင်္ကန်းစသော ပစ္စည်းများသည် 'မတသန္တက'သံဃိက ဖြစ်သည်။

## ဝိဿာသဂါဟယူနည်း

(က) သန္ဒိဋ္ဌဇီဝတိ ဂဟိတအတ္တမန၊

(ခ) သံဘတ္တဇီဝတိ ဂဟိတအတ္တမန၊

(ဂ) အာလပိတဇီဝတိ ဂဟိတအတ္တမန။ (ပါရာဇိကဏ်၊ဋ္ဌ)

သန္ဒိဋ္ဌပုဂ္ဂိုလ်၊ သမ္ဘတ္တပုဂ္ဂိုလ်၊ အာလပိတပုဂ္ဂိုလ်-ဖြစ်ခြင်း၊ အသက်ထင်ရှားရှိခြင်း၊ ယူသည်ရှိသော် နှစ်သက်ဝမ်းမြောက်ခြင်း၊ ဤအင်္ဂါနှင့်ပြည့်စုံမှ"ဝိဿာသဂ္ဂ"ယူလို့ရသည်။

(ဤသန္တကများကို အကျယ်သိလိုပါက 'ညောင်ရမ်းဝိနိစ္ဆယပေါင်းချုပ်'ကျမ်းကိုကြည့်ရှုပါ။)

## ပဗ္ဗာဇနီယကမ္မဝါစာဖတ်

ရေစက်ချ၊အမျှအတန်းပေးဝေပြီးမှ ဤကမ္မဝါစာကိုဖတ်ပါ။

### အိမ်သူအိမ်သားများကိုမေးပုံ

အိမ်သူအိမ်သားများကို မေးပါမည်။'အိမ်သူအိမ်သားများက မနှစ်သက်ပါဘုရား'-ဟုဖြေဆိုကြပါ။

"ဤအိမ်၌ နေထိုင်ကြကုန်သော ကလေး၊သူငယ်၊လူသားတို့ အပေါ်၌ မူးအောင်၊ဝေအောင်၊အော့အောင်၊အံအောင်၊နှလုံးတုံ,ရင်ခုံအောင်၊မောအောင်၊ပန်းအောင်၊မျက်စိနာအောင်၊လျှာမလိပ်နိုင်အောင်၊ လည်ချောင်းနာအောင်၊ဂိုက်နာအောင်၊ဒူးနာအောင်၊မအိမသာဖြစ်အောင်၊ စီးပွားဆုတ်ယုတ်အောင်-အစရှိသည်ဖြင့် ညှင်းဆဲနှိပ်စက်တတ်တဲ့ မကောင်းဆိုးဝါး၊အစိမ်းသရဲ၊မြေဘုတ်ဘီလူးများရှိဒါကို အိမ်သူအိမ်သားများက နှစ်သက်သလား?မနှစ်သက်ဘူးလား?ဟု(၃)ကြိမ်မေး၊

'မနှစ်သက်ပါဘုရား'-ဟုဖြေဆိုပါ။

## အရှည်မေးပုံ=

"ဤအိမ်၏ အမိုး၊အကာ၊ဒိုင်းများ၊ထုပ်၊လျှောက်၊သီတိုင်၊ကြမ်းဆင့်၊ယက္ခ၊တံခါးဘောင်၊တံခါးရွက်၊တိုင်း၊ဝါး၊သစ်ပင်၊မြေ၊ဥယျာဉ်၊ခြံ၊ အစရှိသည်တို့၌ မှီခိုကပ်ရောက်၍ နေတတ်ကုန်သော ကလေး၊သူငယ်၊ လူသားတို့အပေါ်၌ မူးအောင်၊ဝေအောင်၊အော့အောင်၊အံအောင်၊နှလုံးတုံ၊ ရင်ခုံအောင်၊မောအောင်၊ပန်းအောင်၊မျက်စိနာအောင်၊လျှာမလိပ်နိုင်အောင်၊ လည်ချောင်းနာအောင်၊ဗိုက်နာအောင်၊ဒူးနာအောင်၊မအိမသာဖြစ်အောင်၊ စီးပွားဆုတ်ယုတ်အောင်-အစရှိသည်ဖြင့် ညှင်းဆဲနှိပ်စက်တတ်တဲ့ မကောင်းဆိုးဝါး၊အစိမ်းသရဲ၊မြေဘုတ်ဘီလူးများရှိဒါကို အိမ်သူအိမ်သားများက နှစ်သက်သလား?မနှစ်သက်ဘူးလား?ဟု(၃)ကြိမ်မေး။

'မနှစ်သက်ပါဘုရား'-ဟုဖြေဆိုပါ။

### "အမိန့်ပြန်"-

"ဤကဲ့သို့ အိမ်ရှင်များကလည်း မနှစ်သက်၊သံဃာတော်များကလည်း မနှစ်သက်သောကြောင့် အကယ်၍ ဤအိမ်နှင့်အိမ်ဝင်း၊ ခြံအတွင်း၌ ကလေး၊သူငယ်၊လူသားတို့ကို ညှင်းဆဲနှိပ်စက်တတ်တဲ့ မကောင်းဆိုးဝါး၊အစိမ်းသရဲ၊မြေဘုတ်ဘီလူးများရှိနေသည်ဖြစ်ငြားအံ့၊ ဤအိမ်သည် လူသားတို့နေထိုင်သောအိမ်ဖြစ်ပေသည်၊အသင်တို့သည် လူသားတို့နှင့်အတူတကွ မနေသင့်၊မနေကောင်း၊မနေအပ်၊ ထိုသို့ မနေအပ်သောကြောင့် သင်တို့ကို အုပ်ချုပ်ရာဖြစ်သော ဓတရဋ္ဌ, ဝိရူဠှက,ဝိရူပက္ခ,ကုဝေရ,ဝေဿဝဏ်-စသော နတ်မင်းကြီးများထံ နေရာတောင်း၍ တော၊တောင်၊ရေမြေ၊သမုဒ္ဒရာသို့ လျင်မြန်ဆောစွာ ထွက်ခွါသွားကြပေကုန်ဦးလော့"

### ပဗ္ဗာဇနီယကမ္မဝါစာပါဠိ

"သုဏာတု မေ ဘန္တေ သံဃော၊ ဣမေ အမနုဿာ ယက္ခ ဂန္ဓဗ္ဗ ကုမ္ဘဏ္ဍာ နာဂါ၊စဏ္ဍာ ရုဒ္ဒါ ရဘသာ အဒယာလုကာ ဝိဟေသကာ၊ ဣမေသံ စဏ္ဍတာ ရုဒ္ဒတာ ရာဘသံ အဒယာလုကတာ ဝိဟေသကတာ

ဒိဿန္တိစေဝ သုယျန္တိစ ၊ ကုလာနိ စ ဣမေဟိ ဝိဟေသိတာနိ ဒိဿန္တိစေဝ သုယျန္တိစ၊ ယဒိ သံဃဿ ပတ္တကလ္လံ၊ သံဃော ဣမေသံ အမနုဿာနံ ယက္ခ ဂန္ဓဗ္ဗ ကုမ္ဘဏ္ဍ နာဂါနံ ၊ ဣမသ္မာ ဂေဟာ (မဂ္ဂါ) ဣမသ္မာ အာရာမာ ပဗ္ဗာဇနီယကမ္မံ ကရေယျ၊ န ဣမေဟိ အမနုဿေဟိ ယက္ခ ဂန္ဓဗ္ဗ ကုမ္ဘဏ္ဍ နာဂေဟိ၊ ဣမသ္မိံ ဂေဟေ (မဂ္ဂေ) ဣမသ္မိံ အာရာမေ ဝတ္ထဗ္ဗန္တိ၊ ဧသာ ဉတ္တိ။

♣“သုဏာတု မေ ဘန္တေ သံဃော၊ ဣမေ အမနုဿာ ယက္ခ ဂန္ဓဗ္ဗ ကုမ္ဘဏ္ဍ နာဂါ၊စဏ္ဍာ ရုဒ္ဒါ ရဘသာ အဒယာလုကာဝိဟေသကာ၊ ဣမေသံ စဏ္ဍတာ ရုဒ္ဒတာ ရာဘဿံ အဒယာလုကတာ ဝိဟေသကတာ ဒိဿန္တိစေဝ သုယျန္တိစ ၊ ကုလာနိ စ ဣမေဟိ ဝိဟေသိတာနိ ဒိဿန္တိစေဝ သုယျန္တိစ၊ သံဃော ဣမေသံ အမနုဿာနံ ယက္ခ ဂန္ဓဗ္ဗ ကုမ္ဘဏ္ဍ နာဂါနံ၊ ဣမသ္မာ ဂေဟာ (မဂ္ဂါ) ဣမသ္မာ အာရာမာ ပဗ္ဗာဇနီယကမ္မံ ကရောတိ၊န ဣမေဟိ အမနုဿေဟိ ယက္ခ ဂန္ဓဗ္ဗ ကုမ္ဘဏ္ဍ နာဂေဟိ၊ ဣမသ္မိံ ဂေဟေ (မဂ္ဂေ) ဣမသ္မိံ အာရာမေ ဝတ္ထဗ္ဗန္တိ၊ ယဿာယသ္မတော ခမတိ၊ ဣမေသံ အမနုဿာနံ ယက္ခ ဂန္ဓဗ္ဗ ကုမ္ဘဏ္ဍ နာဂါနံ၊ ဣမသ္မာ ဂေဟာ (မဂ္ဂါ) ဣမသ္မာ အာရာမာ ပဗ္ဗာဇနီယကမ္မဿ ကရဏံ၊န ဣမေဟိ အမနုဿေဟိ ယက္ခ ဂန္ဓဗ္ဗ ကုမ္ဘဏ္ဍ နာဂေဟိ၊ ဣမသ္မိံ ဂေဟေ (မဂ္ဂေ) ဣမသ္မိံ အာရာမေ ဝတ္ထဗ္ဗန္တိ၊ သော တုဏှဿ ယဿ နက္ခမတိ၊ သော ဘာသေယျ။

♣ ဒုတိယမ္ပိ ဧတမတ္ထံ ဝဒါမိ ။ သုဏာတု မေ . . .။

♣ တတိယမ္ပိ ဧတမတ္ထံ ဝဒါမိ ။ သုဏာတု မေ . . .။

ကတံ သံဃေန ဣမေသံ အမနုဿာနံ ယက္ခ ဂန္ဓဗ္ဗ ကုမ္ဘဏ္ဍ နာဂါနံ၊ ဣမသ္မာ ဂေဟာ (မဂ္ဂါ) ဣမသ္မာ အာရာမာ ပဗ္ဗာဇနီယကမ္မဿ ကရဏံ၊န ဣမေဟိ အမနုဿေဟိ ယက္ခ ဂန္ဓဗ္ဗ ကုမ္ဘဏ္ဍ နာဂေဟိ၊ ဣမသ္မိံ ဂေဟေ (မဂ္ဂေ) ဣမသ္မိံ အာရာမေ ဝတ္ထဗ္ဗန္တိ၊ ခမတိ သံဃဿ၊ တသ္မာ တုဏှီ၊ ဧဝမေတံ ဓာရယာမိ။

ပဗ္ဗာဇနီယကမ္မဝါစာပြီး၏

# အနန္တရာယိကကမ္မဝါစာ

“သုဏာတု မေ ဘန္တေ သံဃော၊ သံဃော ဣမံ အာရာမံ သတ္တန္နံ ဗုဒ္ဓါနံ အန္တရာယိကဇီဝိတာနံ သဗ္ဗဝေရဇိတာနံ သဗ္ဗဝေရာဘိဘဝတံ အာနုဘာဝေန အနန္တရာယိကံ ပရိတ္တံ တာဏံ လေဏံ ပရာယဏံ ကရေယျ၊ ဣမသ္မိံ အာရာမေ ဝသတံ ဘယဝိနာသာယ သဗ္ဗပရိဿယဝိနောဒနာယ ဖာသုဝိဟာရာယ ဧသာ ဉတ္တိ ။

♣“သုဏာတု မေ ဘန္တေ သံဃော၊ သံဃော ဣမံ အာရာမံ သတ္တန္နံ ဗုဒ္ဓါနံ အန္တရာယိကဇီဝိတာနံ သဗ္ဗဝေရဇိတာနံ သဗ္ဗဝေရာဘိဘဝတံ အာနုဘာဝေန အနန္တရာယိကံ ပရိတ္တံ တာဏံ လေဏံ ပရာယဏံ ကရောတိ၊ ဣမသ္မိံ အာရာမေ ဝသတံ ဘယဝိနာသာယ သဗ္ဗပရိဿယဝိနောဒနာယ ဖာသုဝိဟာရာယ၊ ယဿာ ယသ္မတော ခမတိ၊ ဣမဿ အာရာမဿ သတ္တန္နံ ဗုဒ္ဓါနံ အန္တရာယိကဇီဝိတာနံ သဗ္ဗဝေရဇိတာနံ သဗ္ဗဝေရာဘိဘဝတံ အာနုဘာဝေန အနန္တရာယိကဿ ပရိတ္တဿ တာဏဿ လေဏဿ ပရာယဏဿ ကရဏံ၊ သော တုဏှဿ၊ ယဿ နက္ခမတိ၊ သော ဘာသေယျ။

♣ ဒုတိယမ္ပိ ဧတမတ္ထံ ဝဒါမိ။ သုဏာတု မေ . . . ။
♣ တတိယမ္ပိ ဧတမတ္ထံ ဝဒါမိ။ သုဏာတု မေ . . . ။

ကတော သံဃေန အယံ အာရာမော သတ္တန္နံ ဗုဒ္ဓါနံ အာနုဘာဝေန အနန္တရာယိကော ပရိတ္တော တာဏော လေဏော ပရာယဏော၊ ခမတိ သံဃဿ၊ တသ္မာ တုဏှီ၊ ဧဝမေတံ ဓာရယာမိ။

အနန္တရာယိကကမ္မဝါစာပြီး၏

စစ်ကိုင်းစာသင်တိုက်

# အစိဋ္ဌာန်ချက်

ငါသည် ဘာသာရေးခေါင်းဆောင်

တစ်ယောက် ဖြစ်သည် ။

အပြစ်ရှိသော

ကိုယ်, နှုတ်, စိတ်-သုံးပါးကို

ရှောင်ကြဉ်ပါမည် ။

အမှတ် ........
ရက်စွဲ........

[illegible]တိုင်းစာသင်တိုက်

# ကျေးဇူးတင်လွှာ

ဤ 'ကမ္မာကမ္မသင်တန်း' စာအုပ်ဖြစ်ပေါ်လာရန် အကြိမ်ကြိမ်စီစစ်၍ "ကွန်ပျူတာ"စာစီရိုက်နှိပ်ပေးသော–

၁။ အရှင်ဥတ္တရ (စာချ+ဓမ္မာစရိယ၊'ရွှေစင်အရှင်' မြို့နယ်နှင့်တိုင်းဝိနည်းဓိုရ်)

၂။ အရှင်သီရိပဝရ (သာသနဓဇဓမ္မာစရိယ+စာချ)

၃။ အရှင်ဝိမလ (ဓမ္မာစရိယ'ပါ+သိ'ပြီး+စာချ)

၄။ အရှင်ကဝိန္ဒ (ဇလွန်–ကျုံရှု)တို့အားငင်း၊

**ပုံနှိပ်တိုက်**

ကိုအောင်နိုင်နိုင်(ကလျာပုံနှိပ်တိုက်)တိုက်(၁၅၂)၊ ကျွန်းရွှေမြို့င်လမ်း၊စုပေါင်း၊သုဝဏ္ဏ၊အားငင်း၊

အထူးကျေးဇူးတင် ဂုဏ်ပြုမှတ်တမ်းတင်ပါသည်။

## ဓမ္မဒါန ကုသိုလ်ရှင်

ဦးဝင်းကျော် + ဒေါက်တာတင်တင်လှ

ကိုဖေသက် + မချိုချိုကျော်

သား - မောင်စိုးထက် + မောင်ရဲထက်

မိသားတစ်စု

B-2 - သံလွင်လမ်း၊ မေခအိမ်ယာ

သဃ်န်းကျွန်းမြို့နယ်၊ ရန်ကုန်မြို့။

